၇ ရက် သတင်းဂျာနယ်

# 7 DAY NEWS JOURNAL

http://www.7daynewsjournal.com

အတွဲ(၁၁)၊ အမှတ်(၃၄) ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် ၁၃၇၄ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက် ၊ ကြာသပတေး၊ (နိုဝင်ဘာ ၁ ၊ ၂၀၁၂)







ပေါက်တောမြို့ရပ်ကွက်တစ်ခုတွင် မီးလောင်ပြင်အတွင်းဖြတ်လျှောက်သွားသော ကလေးငယ်တစ်ဦးကို အောက်တိုဘာ ၂၇ရက်က တွေ့ရစဉ် ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

# ရခိုင်ပြည်နယ်ပဋိပက္ခ အထူးသတင်းပေးပို့ချက်များ

**စစ်တွေ၊ အောက်တိုဘာ- ၂၉**

ရခိုင်ပြည်နယ်အတွင်း တစ်ကျော့ပြန် ဖြစ်ပွားခဲ့သည့် ပဋိပက္ခများကို လက်ရှိအချိန်တွင် ပြန်လည်တည်ငြိမ်မှုရရှိအောင် ထိန်းသိမ်းထားနိုင်ပြီဖြစ်ကြောင်း ရခိုင်ပြည်နယ် အစိုးရပြန်ကြားရေးအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူက ပြောသည်။ ရခိုင်ပြည်နယ်တွင် အခြေအနေများ တည်ငြိမ်စေရန်အတွက် လုံခြုံရေးအင်အားများကိုလည်း တိုးမြှင့်ချထားခဲ့ပြီး တပ်မတော်တပ်ရင်း ၅၁ ရင်း၊ ရဲတပ်ဖွဲ့အင်အား ၅၀၀၀ကျော်နှင့် နစကတပ်ဖွဲ့ဝင်အင်အား ၁၀၀၀ ကျော် တိုးမြှင့်ချထားခဲ့သည်။

**သတင်းအပြည့်အစုံ စာ ၂၈၊ ၂၉တွင်ရှု**

# အသင်းအဖွဲ့များမှ အာဏာရှင်များ

**သတင်းအဖွဲ့**

စစ်အုပ်ချုပ်ရေးမှ ဒီမိုကရေစီစနစ်သို့ ပြောင်းလဲလာသော်လည်း အရပ်ဘက်အဖွဲ့အစည်းများတွင်မူ အာဏာရှင်ဆန်ဆန် လုပ်ကိုင်မှုများရှိနေသေးကြောင်း အသင်းပေါင်းစုံတွင် လုပ်ကိုင်နေသူများက ပြောသည်။

"ဒီအလုပ်ဟာ အာဏာရှင်ဆန်လို့မရဘူး။ ဒါပေမဲ့ အာဏာရှင်ဆန်ဆန် လုပ်ကိုင်နေတဲ့ အသင်းအဖွဲ့တချို့ ရှိနေဆဲပဲ"ဟု မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ က ဦးနှင်းဦးကပြောသည်။

အသင်းအဖွဲ့အချို့တွင် အရေးကြီးသောရာထူးများကို လူပုဂ္ဂိုလ်အချို့က ကာလရှည် ရယူထားခြင်း၊ အသင်းအဖွဲ့များမှ အရေးကြီးသူအချို့က အာဏာရှင်ဆန်စွာ ကြိုးနီစနစ်ဖြင့် အုပ်ချုပ်လုပ်ကိုင်မှုများ ရှိနေဆဲဖြစ်သည်။

အသင်းအဖွဲ့များတွင် ဆောင်ရွက်ရာ၌ အာဏာပြရသော လုပ်ငန်းမဟုတ်ဘဲ ကိုယ်ကျိုးစွန့်ဆောင်ရွက်ရသော လုပ်ငန်းဖြစ်သည်။ အာဏာရှင်ဆန်ဆန် ဆောင်ရွက်လုပ်ကိုင်မှုများကြောင့် အသင်းအဖွဲ့များအတွင်း စွမ်းဆောင်ရည်ကျဆင်းလာခြင်း၊ စည်းလုံးမှု အားနည်းခြင်းများကို ကြုံတွေ့လာရကြောင်း ၎င်းက ပြောသည်။

**စာ(၁၂)သို့**

# မှောင်ခိုကုန်သွယ်မှုပပျောက်စေရန် ရွေ့လျားစစ်ဆေးရေးအဖွဲ့ဖွဲ့စည်းမည်

**ညီညီဇော်**

**မန္တလေး၊ အောက်တိုဘာ- ၂၈**

မြန်မာနိုင်ငံရှိ ကုန်သွယ်မှုပြုရာ လမ်းကြောင်းများတစ်လျှောက်တွင် တရားမဝင် ကုန်သွယ်မှုအား တားဆီးထိန်းချုပ်သွားမည့် ရွေ့လျားစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းဆောင်ရွက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါအဖွဲ့ ဖွဲ့စည်းရခြင်းမှာ စားသုံးသူကို အကာအကွယ်ပေးရေး၊ တရားဝင်ကုန်သွယ်မှုမြင့်မားတိုးတက်စေရေး၊ တရားမဝင် ကုန်သွယ်မှုတားဆီးထိန်းချုပ်သွားရန်နှင့်တရားဝင် ကုန်သွယ်မှုလမ်းကြောင်းပေါ် ရောက်ရှိစေရန် ရည်ရွယ်သည်ဟုဆိုသည်။

အောက်တိုဘာ ၂၈ ရက်က မန္တလေး ပွဲစားကုန်သည် စက်ပိုင်များ မဟာကထိန်တော်အသင်းကြီး (မန်းကုန်စည်ဒိုင်)တွင် ရွေ့လျားစစ်ဆေးရေးအဖွဲ့(Mobile Team)၏ ဆောင်ရွက်မည့်ကိစ္စများနှင့်ပတ်သက်၍ မန္တလေးမြို့ရှိကုန်သည်များ၊ ကုန်တင်ယာဉ်ပိုင်ရှင်များနှင့် တွေ့ဆုံကာ ရှင်းလင်းပြောကြားခဲ့သည်။

**စာ(၃၀)သို့**



## မြန်မာနိုင်ငံမှ သစ်အလုံးလိုက် ပြည်ပတင်ပို့မှု ၂၀၁၄ တွင် ရပ်ဆိုင်းမည်

စာမျက်နှာ ၇

## ရန်ကုန်တွင် မင်းမဲ့စရိုက်ဆန်ဆန် လူသတ်မှုပိုများလာ

စာမျက်နှာ ၃

## ၂၀၁၃ ဆီးဂိမ်းဖွင့် ပိတ်ပွဲ ဖျော်ဖြေမှု လူ၁၆,၀၀၀ကျော်ပါဝင်မည်

စာမျက်နှာ ၅၀




7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.11, No.34 • NOVEMBER 1 , 2012

# ပြည်ပမှ တင်သွင်းသော ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများကို စစ်ဆေးတော့မည်ဟုဆို

**အောင်သူရ၊ ပြည်သိမ်း**

**ရန်ကုန်၊**

**အောက်တိုဘာ-၂၇**

ပြည်တွင်းသို့တင်သွင်းနေသော ဓာတ်မြေဩဇာများနှင့် ပိုးသတ်ဆေးများကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ပူးပေါင်း၍ စစ်ဆေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံတောင်သူလယ်သမားအသင်း(ယာယီ) ဥက္ကဋ္ဌ ဒေါက်တာစိုးထွန်းက ပြောသည်။

"စိုက်ပျိုးရေးမှာ စက်တွေရှိတယ်။ ဒါပေမဲ့ စစ်တဲ့နေရာမှာလိုအပ်တဲ့ဆေးတွေ မရှိဘူး။ ဒါတွေကို ဖြည့်ပြီး ကျွန်တော်တို့လူတွေနဲ့ မူဆယ်မှာ နိုဝင်ဘာလလောက်မှာ စစစ်ဖို့ စီစဉ်ထားပါတယ်"ဟု ဒေါက်တာထွန်းဝင်းက ပြောသည်။

မြန်မာနိုင်ငံသို့ တင်သွင်းနေသော ဓာတ်မြေဩဇာနှင့်ပိုးသတ်ဈေးတို့မှာ တရုတ်နိုင်ငံမှ အများဆုံးဖြစ်ပြီး အများစုမှာ အရည်အသွေးညံ့ခြင်း၊ အတုများ ထုတ်လုပ်နေခြင်းကြောင့် တောင်သူများ အသုံးပြုရာတွင် များစွာနစ်နာလျက်ရှိသည်။

ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများကို တောင်သူများ ဝယ်ယူသုံးစွဲရာတွင် ဈေးကြီးသည့်အပြင် အရည်အသွေးညံ့၍ စိုက်ပျိုးရေး မဖြစ်ထွန်းဘဲ နှစ်ခါနာအဖြစ်မျိုး အများဆုံး ကြုံတွေ့နေကြရသည်။

"အခု မြေဆီ(ဓာတ်မြေဩဇာ)တွေ သုံးရတာ အဆင်မပြေဘူး။ ဈေးက များပြီး အထွက်ကတိုးမလာဘူး။ ပြီးတော့ မြေဆီသုံးတဲ့မြေက မြေခံလည်း ပျက်တယ်။ လယ်သမားတွေက ကုမ္ပဏီတွေ လိမ်သမျှ ခံနေရတာ" ဟု ဘိုကလေးမြို့မှတောင်သူကြီးဦးတင်ဦးက ပြောသည်။

ပြီးခဲ့သည့် နှစ်က စိုက်ပျိုးသော ပဲခင်းများ စိုက်ပျိုးရာတွင် ပိုးကျခဲ့သော်လည်း ပြည်တွင်းတွင် ရောင်းချနေသော ပိုးသတ်ဆေးများ အသုံးပြုရာ၌ ပိုးမသေ၍ ထိုင်းနိုင်ငံမှ ဝယ်ယူသုံးစွဲခဲ့ရကြောင်း ပဲခူးတိုင်း အရှေ့ပိုင်းမှ တောင်သူများက ပြောသည်။

ပြည်ပမှတင်သွင်းလာသော ဓာတ်မြေဩဇာများမှာ အတုရှိနေသကဲ့သို့ ပြည်တွင်းမှ ထုတ်လုပ်ရောင်းချနေသောဓာတ်မြေဩဇာများမှာလည်း အရည်အသွေး မပြည့်မီကြောင်း တောင်သူအများစုက ပြောဆိုကြသည်။



**မြန်မာ့လယ်ယာလုပ်ငန်းခွင်တစ်နေရာ**

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

# မြို့နယ်တိုင်းတွင် စိုက်ပျိုးရေးအထူးပြုကုမ္ပဏီတစ်ခု ဖွဲ့စည်းရန် စီးပွားကူးသန်းညွှန်ကြား

**မောင်တာ**

**မန္တလေး၊အောက်တိုဘာ-၂၇**

အထူးပြုကုမ္ပဏီများဖွဲ့စည်းနိုင်မှု အားနည်းနေသေးသည့်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် တစ်မြို့နယ်လျှင် အနည်းဆုံးအထူးပြုကုမ္ပဏီတစ်ခုမဖြစ်မနေဖွဲ့စည်းဆောင်ရွက်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးက အောက်တိုဘာလဆန်းမှစ၍ ညွှန်ကြားစာများ ပေးပို့ထားကြောင်း သတင်းရရှိသည်။

AFTA (အာဆီယံလွတ်လပ်သောကုန်သွယ်မှုနယ်မြေ) အသက်ဝင်လာပါက အာဆီယံနိုင်ငံများအကြား စိုက်ပျိုးကုန်အပါအဝင် ကုန်ပစ္စည်းများကိုအကောက်အခွန်မဲ့တင်သွင်းရောင်းချမှုများ ရှိလာမည်ဖြစ်ပြီး အခြားအာဆီယံနိုင်ငံများမှ စိုက်ပျိုးထုတ်လုပ်သည့် ကုန်ပစ္စည်းများမှာ ပြည်တွင်းထုတ်များထက် သာလွန်ကောင်းမွန်ပြီး ချိုသာသောဈေးနှုန်းဖြစ်နေပါက ပြည်တွင်းဈေးကွက်တွင် အဆိုပါပစ္စည်းများ၏ လွှမ်းမိုးခြင်းခံရမည်ဖြစ်သည်။ ထိုသို့ မဖြစ်ပေါ်စေရန် အရည်အသွေးကောင်းမွန်ပြီး အာဆီယံစံချိန်စံညွှန်းထက် မနိမ့်ကျသောပစ္စည်းများ စိုက်ပျိုးထုတ်လုပ်နိုင်ရေး အထူးပြုကုမ္ပဏီများနှင့် စိုက်ပျိုးထုတ်လုပ်သူများ၏ ပူးပေါင်းဆောင်ရွက်ရမည့် အလေ့အကျင့်ကောင်းများရရှိစေရန် တစ်မြို့နယ်လျှင် အနည်းဆုံး အထူးပြုကုမ္ပဏီတစ်ခု မဖြစ်မနေ ဖွဲ့စည်းဆောင်ရွက်ရန် စီးပွားကူးသန်းဝန်ကြီးဌာန မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးမှ ပေးပို့ထားသော ညွှန်ကြားစာတွင် ဖော်ပြထားသည်။

"ညွှန်ကြားစာရောက်တယ်။ လောလောဆယ်ဆယ်အခြေအနေက အထူးပြုကုမ္ပဏီဖွဲ့ဖို့ မလွယ်သေးဘူး။ ၂၀၁၅ ခုနှစ် မရောက်ခင်တော့ ဖြစ်အောင်ဖွဲ့ရမယ်"ဟု မန္တလေးတိုင်းဒေသကြီး သစ်သီးဝလံ ပန်းမန်နှင့်ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဒုဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေကပြောသည်။

**စာ(၁၂)သို့**



7DAY NEWS JOURNAL
Vol.11, No.34 • NOVEMBER 1 , 2012

# မင်းမဲ့စရိုက်ဆန်ဆန် လူသတ်မှုပိုများလာ

**အိဖြူလွင်၊အေးမြတ်သူ၊မိုးညို**
**ရန်ကုန်၊**
**အောက်တိုဘာ-၂၉**

ရန်ကုန်မြို့တွင် လူအများရှေ့၌ပင် အုပ်စုဖွဲ့၍ လူသတ်မှု၊ ရိုက်နှက်မှုများ မကြာခဏဖြစ်ပွားလာခြင်းကို တွေ့ရကြောင်း မြို့နေပြည်သူများနှင့် ဥပဒေနယ်ပယ်မှပုဂ္ဂိုလ်များက ပြောကြားသည်။

၂၀၁၁ ခုနှစ် နိုဝင်ဘာလက ပုဇွန်တောင်မြို့နယ်တွင် ဖြစ်ပွားခဲ့သော မြို့လယ်ခေါင်၌ ရုပ်ရှင်ဆန်ဆန် လူသတ်မှုမှစ၍ နာမည်ကြီးပြီး ဆန်းပြားသော လူသတ်မှုများ၊ ရိုက်နှက်မှုများထပ်မံဖြစ်ပွားလာခြင်းဖြစ်သည်။ ပုဇွန်တောင်မြို့နယ်တွင် ကားပေါ်မှလူက ကားအပြင်မှလူကိုလည်ပင်းညှစ်လျက်သား အနေအထားဖြင့် ကတ္တရာလမ်းတစ်လျှောက် ကားနှင့်တရွတ်တိုက်ပါသွားကာ သေစေခဲ့သော ရုပ်ရှင် ဒါရိုက်တာတစ်ဦး၏ အမှုနှင့်မရှေးမနှောင်းပင် မြောက်ဥက္ကလာပမြို့နယ်အတွင်း၌ လူအများထိုင်နေသော စားသောက်ဆိုင်အတွင်းသို့ ကားသုံးစီးဖြင့် ရောက်ရှိလာသူများက ဆိုင်အတွင်း ထိုင်နေသူကို ဓားများဖြင့် ခုတ်ကာ သတ်ဖြတ်မှုဖြစ်ပွားခဲ့သည်။

အင်းလျားကန်ပေါင်ပေါ်ရှိ တာဝန်ကျ လုံခြုံရေးဝန်ထမ်းနှင့် ဆိုင်ခန်းများကို ဆိုင်ကယ်များနှင့် ရောက်လာသူ ၁၄ ဦးက ဓားဖြင့် ထိုး၊တုတ်များဖြင့်ရိုက်နှက်ဖျက်ဆီးမှုများ ပြုလုပ်ခဲ့သည်။ ယခုနောက်ဆုံး အောက်တိုဘာ၂၃ရက်ညတွင် လမ်းလျှောက် သီချင်းဆိုလာသူအားပြိုင်ကားပေါ်မှ လူများက ၎င်းတို့ကို စောင်းမြောင်းဆိုသည်ဟု ဆိုကာ ရေအိုးဖြင့် ခေါင်းကိုရိုက်ခဲ့သတ်မှုသည်လည်း လူများသွားလာနေရာ ကမ္ဘာအေးဘုရားလမ်းပေါ်ရှိနှင်းဆီကုန်းဘိုးဘွားရိပ်သာရှေ့တွင် ဖြစ်ပွားခဲ့သည်။

ယခုကဲ့သို့လူအများရှေ့တွင် ရက်စက်စွာပြစ်မှုကျူးလွန်မှုများ မကြာခဏ ခပ်စိပ်စိပ်ဖြစ်ပွားလာခြင်းသည် ငြိမ်ဝပ်ပိပြားမှုမရှိခြင်းနှင့် တရားဥပဒေစိုးမိုးမှု မရှိခြင်းတို့၏ အကျိုးဆက်ဖြစ်သည်ဟု တရားလွှတ်တော်ရှေ့နေဦးကိုနီက ဆိုသည်။

**စာ(၃၀)သို့**



**ရန်ကုန်မြို့ လူစည်ကားရာတစ်နေရာဖြစ်သော ရွှေဂုံတိုင်လမ်းဆုံကို ညပိုင်း၌တွေ့ရစဉ်** ဓာတ်ပုံ-ထက်ပိုင်ဖြိုး(ဇဝန)

# ငြိမ်းချမ်းရေးဆွေးနွေးပွဲသတင်း နိုင်ငံပိုင်မီဒီယာများမှ မထုတ်ပြန်ရန် တရုတ်အစိုးရတောင်းဆို

**အောင်သူရ မူဆယ်၊အောက်တိုဘာ-၂၈**

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးအောင်မင်းခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ကချင်လွတ်မြောက်ရေးအဖွဲ့(KIO)ကိုယ်စားလှယ်တို့ တရုတ်နိုင်ငံ ရွှေလီမြို့၌ အောက်တိုဘာ ၃၀-၃၁ ရက်တွင် ပြုလုပ်မည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲနှင့် ပတ်သက်၍ မြန်မာအစိုးရ မီဒီယာများမှ သတင်းမထုတ်ပြန်ရန် တရုတ်အစိုးရက တောင်းဆိုထားကြောင်း သမ္မတရုံးပြည်ထောင်စုဝန်ကြီးဦးအောင်မင်းက အောက်တိုဘာ ၂၈ရက်နံနက်တွင် ပြောကြားသည်။

ထို့ကြောင့် ဦးအောင်မင်းက ယခုအကြိမ် ငြိမ်းချမ်းရေးဆွေးနွေးမှုသို့ပြည်တွင်းမီဒီယာများကို ကျယ်ကျယ်ပြန့်ပြန့် အသိပေးရန်ခေါ် ဆောင်မလာခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ရန်ကုန်-လားရှိုး မြန်မာ့လေကြောင်း လေယာဉ်ပေါ်တွင် သတင်းထောက်များကို ရှင်းပြသည်။

ထိုငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ပြည်တွင်းသတင်းဂျာနယ်အချို့မှ သတင်းထောက်အချို့ ကိုယ်ပိုင်အစီအစဉ်ဖြင့် သွားရောက်သတင်းယူနေသူများလည်းရှိသည်။ ဦးအောင်မင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် KIO မှ ကိုယ်စားလှယ်တို့သည် ငြိမ်းချမ်းရေးအတွက် ကချင်ပြည်နယ်ရှိ KIA ထိန်းချုပ်နယ်မြေဖြစ်သော မိုင်ဂျာယန်နှင့် ချင်းမိုင်မြို့တွင်အလွတ်သဘော သုံးကြိမ်တွေ့ဆုံဆွေးနွေးခဲ့ဖူးပြီး ယခု ရွှေလီမြို့တွင်တွေ့ဆုံဆွေးနွေးမှုမှာ ပထမဆုံးအကြိမ် တရားဝင်တွေ့ဆုံဆွေးနွေးမှုဖြစ်လာမည်ဖြစ်သည်။ အစိုးရငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့တွင်ပြည်ထောင်စုဝန်ကြီးများဖြစ်သောဦးအုန်းမြင့်၊ ဦးဝင်းထွန်းနှင့် ကာကွယ်ရေးဝန်ကြီးဌာန စစ်ဆင်ရေးအထူးအဖွဲ့မှူး ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုး၊ ကချင်နှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ်များ စသည့်ပုဂ္ဂိုလ်များ ပါဝင်သည်။



7DAY NEWS JOURNAL
Vol.11, No.34 • NOVEMBER 1 , 2012

## CRIME မှုခင်းသတင်း CORNER

### ရဲစခန်းအနီးဆွဲကြိုးလုယက်သူ ဖမ်းမမိသေး

**သန်းဌေး**

**ရန်ကုန်၊ အောက်တိုဘာ-၂၅**

ကမာရွတ်ရဲစခန်းအနီး၌ နေ့ခင်းကြောင်တောင် ကျပ် ၁၂ သိန်းတန် ရွှေဆွဲကြိုးတစ်ကုံးဖြတ်သွား သူအား ဆယ်ရက်ကြာသည့်တိုင် ဖမ်းဆီးမိခြင်း မရှိနိုင်သေးကြောင်း သတင်းရရှိသည်။

"အခုထက်ထိမသင်္ကာတဲ့သူတွေကိုပဲစစ်ဆေးနေတုန်း မို့တရားခံကိုမမိသေးပါဘူး"ဟုကမာရွတ်ရဲစခန်းမှနယ်ထိန်းတာဝန်ခံ အမှုစစ်ဒုရဲအုပ်မောင်မောင်စိုးကပြောသည်။

အမှုဖြစ်စဉ်မှာ အောက်တိုဘာ ၁၆ရက် နံနက် ၁၀ နာရီ ၁၀ မိနစ်အချိန်က ကမာရွတ်မြို့နယ် အမှတ်(၇)ရပ်ကွက်ရှိ မြန်မာ့အသံဝန်ထမ်းအိမ်ရာတွင်နေထိုင်သော အသက်(၇၆) နှစ်အရွယ်ဒေါ်တင်တင်သန်းသည်အမှတ်(၆)ရပ်ကွက်အတွင်းရှိ ယာယီဆင်မလိုက်ဈေးသို့ ဈေးဝယ်ရန်တစ်ဦးတည်းသွားခဲ့သည်။ ကမာရွတ်ရဲစခန်းအနီး နာနတ်တော ခုံးကျော်တံတားရောက်ချိန်တွင် မျက်နှာချင်းဆိုင်မှ လမ်းလျှောက်လာသော ဦးထုပ်ဆောင်းထားသည့် အသားလတ်၊ ခန္ဓာကိုယ်တောင့်တင်းကာ အရပ်ငါးပေလေးလက်မခန့်ရှိအသက် ၃၀ နှစ်ခန့်အရွယ် အမျိုးသားတစ်ဦးက ဒေါ်တင်တင်သန်းအနီးရောက်ချိန်တွင် လည်ပင်းမှ ဆွဲထားသော အလေးချိန်တစ်ကျပ်ခွဲသားခန့်ရှိကာလပေါက်ဈေး ကျပ်၁၂သိန်းတန် ရွှေဆွဲကြိုးအား ဆွဲဖြတ်ယူပြေးသွားသော အမှုဖြစ်ပေါ်ခဲ့သည်။

အထက်ပါတရားခံအား ဖမ်းဆီးရမိရေးအတွက် ကမာရွတ် ရဲစခန်းမှ ပုဒ်မ ၃၈၂(ပ)၄၂၆/၁၂ဖြင့် အမှုဖွင့်ကာ နယ်ထိန်းတာဝန်ခံ အမှုစစ်ဒုရဲအုပ်မောင်မောင်စိုးက ဆက်လက်အရေးယူဆောင်ရွက်နေကြောင်း သတင်းရရှိသည်။

အလားတူ စက်တင်ဘာ ၁၆ရက် ညနေ ၆ နာရီခွဲခန့်ကလည်း ကမာရွတ်မြို့နယ် လှည်းတန်းကား မှတ်တိုင်ဂိတ်တွင် ကားစောင့်နေစဉ် အလေးချိန်တစ်ကျပ်သားရှိ ရွှေဆွဲကြိုးနှင့် ကျပ်သိန်းနှစ်ဆယ်ကျော်တန် စိန်လော့ကတ်သီးအား မျက်နှာချင်းဆိုင်မှလမ်းလျှောက်လာသော အမျိုးသားတစ်ဦးကဖြတ်ယူထွက်ပြေးသွားခြင်းဖြစ်သည်။ လုယက်သူကို မှတ်မိလိုက်သောကြောင့် ခြောက်ရက်အကြာတွင် ရောဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် ကမ်းပြိုထိပ်ရွာနေ အသက် ၁၉နှစ်အရွယ် တရားခံအား လှိုင်သာယာမြို့နယ်တွင် အမျိုးသားအဖော်တစ်ဦးနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း ကမာရွတ်ရဲစခန်းမှ သိရှိရသည်။

## ထိုင်းဘုရင့်သမီးတော် ချီးမြှင့်သော သူနာပြုစွမ်းဆောင်ရှင်ဆု မြန်မာသူနာပြုဆရာမကြီးရရှိ

**ဝတ်ရည်အောင်**

**ရန်ကုန်၊ အောက်တိုဘာ-၂၅**

ထိုင်းဘုရင့်သမီးတော် မဟာချက်ကရီသီရိဒုံက ချီးမြှင့်သည့် "Princess Srinagarindra Award" ဆုအား ယခုနှစ်အတွက် မြန်မာနိုင်ငံမှ အသက် ၈၃ နှစ်အရွယ်ရှိ သူနာပြုဆရာမကြီး ဒေါ်အီလင်းဘာဘရိုက ရရှိသွားကြောင်း သတင်းရရှိသည်။

နှစ်စဉ် ထိုင်းဘုရင့်မယ်တော်၏ မွေးနေ့တွင် ချီးမြှင့်လေ့ရှိသည့် အဆိုပါဆုသည် ကျေးလက်ဒေသများရှိ ငွေကြေးချို့တဲ့သူများအား ကျန်းမာရေး/လူမှုရေးဆိုင်ရာစွမ်းဆောင်ဆုရှင်များအား ပေးအပ်ခြင်းဖြစ်ပြီး နိုင်ငံပေါင်း ၂၇ နိုင်ငံမှ ၂၇ယောက် ဝင်ရောက်ယှဉ်ပြိုင်ရာတွင် မြန်မာနိုင်ငံမှ ရရှိသွားခြင်း ဖြစ်သည်။

"အရင်က လျှောက်ခဲ့ဖူးတာတွေရှိပေမယ့် အခုကတော့ပထမဆုံးရရှိခြင်း ဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီဥက္ကဋ္ဌ ဒေါ်ဖြူဖြူက ပြောသည်။

"တောမှာ ဆင်းရဲပြီး ဒုက္ခရောက်တဲ့ သူတွေကို ကူညီခဲ့တဲ့အတွက် ဒီဆုရတာလို့ပြောတယ်။ သီရိဒုံမင်းသမီးကိုယ်တိုင်လည်း အဲလိုတွေ လုပ်နေတယ်"ဟု ဆရာမကြီး ဒေါ်အီလင်းဘာဘရိုက ပြောသည်။

သူနာပြုသားဖွားလုပ်ငန်းများတွင် ထူးထူးချွန်ချွန်ဆောင်ရွက်ခဲ့သူ (သို့မဟုတ်) အဖွဲ့များအားပေးအပ်ခြင်းဖြစ်ပြီး ထိုဆုနှစ်စဉ်ပေးအပ်ခဲ့သည်မှာ ၁၃ နှစ်ရှိပြီ ဖြစ်သည်။



သူနာပြုဆရာမကြီး ဒေါ်အီလင်းဘာဘရိုသည်ကလေးသူငယ်ပြုစုစောင့်ရှောက်ရေးလုပ်ငန်းများတွင် နှစ်ပေါင်း(၄၀)ကျော်ဆောင်ရွက်ခဲ့ပြီး ရန်ကုန်ကလေးဆေးရုံကြီး တည်ဆောက်မှုဖြစ်ပေါ်လာစေရန် ဆောင်ရွက်မှုများအပါအဝင် သူနာပြုဆိုင်ရာလုပ်ငန်းများ၊ သင်တန်းများဖြစ်ပေါ်လာစေရန် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သူတစ်ဦးဖြစ်ကြောင်း သိရသည်။

"ကျွန်မကလေးတွေ ဆရာမလေးတွေလည်း ရဖို့အခွင့်အရေးရှိတယ်ဆိုတာ အခုနားလည်သွားပြီ။ ဒီဆုက လူမှုရေးလုပ်ငန်းလုပ်တဲ့သူတွေနဲ့ ချို့တဲ့တဲ့သူတွေကို ကူညီတဲ့သူတွေကို ပေးတာဖြစ်တဲ့အတွက် အခုပြည်တွင်းမှာလည်း အဲလိုလုပ်နေတဲ့ဆရာမတွေလည်း အများကြီးပဲလေ"ဟု ဒေါ်အီလင်းဘာဘရိုက ပြောသည်။

## မြန်မာအစိုးရပြည်ပဘဏ်များတွင် ဒေါ်လာ ခြောက်ဘီလီယံအပ်နှံထားဟုဆို

**ပြည့်သိမ်း**

**ရန်ကုန်၊ အောက်တိုဘာ-၂၇**

ပြည်ပဘဏ်များတွင် မြန်မာနိုင်ငံ အစိုးရအနေဖြင့် အနည်းဆုံးဘဏ် စာရင်းငါးခုဖြင့် အမေရိကန်ဒေါ်လာခြောက်ဘီလီယံအပ်နှံထားကြောင်း ဝါရှင်တန်အခြေစိုက် နိုင်ငံတကာငွေကြေးအဖွဲ့အစည်းများ စောင့်ကြည့်နေသည့်အဖွဲ့ (BIC)မှ မန်နေဂျာ Jelson Garcia ကပြောကြားသည်။

"စာရင်းဖွင့်ထားတာတော့ အမှန်ပဲ။ ဘယ်လောက်ဆိုတာ တိတိကျကျပြောဖို့မလွယ်ဘူး။ ဒီထက်တော့မကနိုင်ဘူး"ဟု ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ဝင်းကပြောသည်။

ပြည်ပ၌ ငွေစာရင်းဖွင့်လှစ်ရခြင်းမှာ ပြည်တွင်းမှ ပို့ကုန်သွင်းကုန်လုပ်ငန်းများ၊ အစိုးရ၏ ပို့ကုန်သွင်းကုန်လုပ်ငန်းများလုပ်ကိုင်ရန်အတွက် ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ဦးမောင်မောင်ဝင်းကဆိုသည်။

မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုများပြုလုပ်နေသည့် ထိုင်း၊ မလေးရှား၊ ကိုရီးယား၊ ဂျပန်၊ စင်ကာပူ စသည့်နိုင်ငံများရှိဘဏ်များတွင် ဖွင့်လှစ်ထားခြင်းဖြစ်ကြောင်း ဦးမောင်မောင်ဝင်းက ပြောကြားသည်။

## ကေအင်န်ယူခေါင်းဆောင်ပိုင်းအတွင်း ပြေလည်မှုရ

**အောင်သူရ**

**ရန်ကုန်၊ အောက်တိုဘာ-၂၇**

ကရင်အမျိုးသားအစည်းအရုံး (KNU) ထိပ်ပိုင်းခေါင်းဆောင်များအတွင်း ဖြစ်ပွားခဲ့သော သဘောထားကွဲလွဲမှုများကို သင်ပုန်းချေကာ ရာထူးမှထုတ်ပယ်ခဲ့သော စစ်ဦးချုပ်အပါအဝင် ခေါင်းဆောင် သုံးဦးအား မူလတာဝန်များပြန်လည်ထမ်းဆောင်ရန် သဘောတူလိုက်ကြောင်း ကရင်အမျိုးသားအစည်းအရုံးဗဟိုက အောက်တိုဘာ ၂၇ ရက်တွင် ကြေညာချက်ထုတ်ပြန်ခဲ့သည်။

အဆိုပါထုတ်ပြန်ချက်တွင် အဖွဲ့အစည်းအတွင်းဖြစ်ပျက်ခဲ့သော အားနည်းချက်များကို သင်ပုန်းချေကြပြီး (၁၄)ကြိမ်မြောက် ကွန်ကရက်က ယခင်မူလပေးထားသော တာဝန်များကို ၁၅ ကြိမ်မြောက် ကွန်ဂရက်အထိ တာဝန်များကို ဆက်လက်တာဝန်ယူဆောင်ရွက်သွားရန် အားလုံး သဘောတူကြောင်း ဆုံးဖြတ်လိုက်သည်ဟု ဖော်ပြထားသည်။

"စစ်ဦးစီးချုပ်သဘောထားကိုက သင်ပုန်းချေချင်တယ်။ ပြည်သူတွေရဲ့စိတ်ဓာတ်ကလည်း အဲဒီလိုပဲရှိတဲ့အတွက် အခုလိုဖြစ်သွားတာပါ"ဟုကရင်အမျိုးသားအစည်းအရုံးဗဟိုအလုပ်အမှုဆောင်ဖဒိုမန်းငြိမ်းမောင်က ပြောသည်။

**စာ(၁၂)သို့**



# မြန်မာ-ထိုင်းနယ်စပ်တွင် နယ်စပ်ကုန်သွယ်ရေးစခန်းသုံးခု ထပ်ဖွင့်မည်

**ညီညီဇော်**

**မန္တလေး၊ အောက်တိုဘာ-၂၈**

မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံ နယ်စပ်တစ်လျှောက်တွင် နယ်စပ်ကုန်သွယ်ရေးစခန်းအသစ် သုံးခု ထပ်မံဖွင့်လှစ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

ဖွင့်လှစ်မည့်ဒေသများမှာ ထိုင်းနယ်စပ်တွင်တည်ရှိနေသော တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်၊ တနင်္သာရီမြို့နယ်အတွင်းရှိ မောတောင်ဒေသ၊ ထားဝယ်ခရိုင် မေတ္တာမြို့နယ်ခွဲအတွင်းရှိ ထီးခီးဒေသ၊ ကယားပြည်နယ် မယ်စဲ့မြို့နယ်ရှိ မယ်စဲ့ဒေသတို့ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာနမှ ဒုညွှန်ကြားရေးမှူးချုပ် ဦးညွန့်အောင်က မန္တလေးမြို့ရှိ ကုန်သည်များ၊ လုပ်ငန်းရှင်များ၊ ကုန်စည်ပို့ဆောင်သူများနှင့် အောက်တိုဘာ ၂၈ ရက်က မန်းကုန်စည်ဒိုင်တွင် တွေ့ဆုံရာ၌ ပြောကြားခဲ့သည်။ မောတောင်ဒေသတွင် စခန်းသစ်ဖွင့်လှစ်ရန် နိုင်ငံတော်သမ္မတရုံး၏ ခွင့်ပြုချက်ရရှိပြီးဖြစ်ပြီး ၂၀၁၂ ခုနှစ် ဒီဇင်ဘာနောက်ဆုံးပတ်တွင် ဖွင့်လှစ်နိုင်ရန် စီစဉ်နေသည်ဟုဆိုသည်။ ထီးခီးဒေသတွင်ထားဝယ်ရေနက်ဆိပ်ကမ်းအတွက် ကုန်စစ်ဆေးရေးစခန်းတစ်ခုထားရှိပြီး နယ်စပ်ကုန်သွယ်ရေးစခန်းအသစ်ဖွင့်လှစ်နိုင်ရန် တင်ပြထားသည်ဟု ဆိုသည်။ မယ်စဲ့ဒေသအတွက်မူ လက်တလော လမ်းပန်းဆက်သွယ်ရေး မကောင်းခြင်းကြောင့်သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်နေဆဲဟုဆိုသည်။ ထိုင်းနိုင်ငံနယ်စပ်တွင် နယ်စပ်ကုန်သွယ်ရေးစခန်းများထပ်မံဖွင့်လှစ်ရခြင်းအကြောင်းရင်းမှာ ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံနယ်စပ်တစ်လျှောက် ကုန်သွယ်မှုများတိုးတက်စေရန်ရည်ရွယ်သည်ဟု ဦးညွန့်အောင်ကပြောသည်။

ယခုလက်ရှိမြန်မာနိုင်ငံတွင် နယ်စပ်ကုန်သွယ်ရေးစခန်း ၁၃ ခုရှိပြီး ထိုင်းနိုင်ငံနယ်စပ်တစ်လျှောက်၌ တာချီလိတ်၊ မြဝတီ၊ မြိတ်၊ ကော့သောင်းမြို့များတွင် လေးခုဖွင့်လှစ်ထားပြီးဖြစ်သည်။



**မြဝတီနယ်စပ်ဂိတ်ကိုတွေ့ရစဉ်** ဓာတ်ပုံ-ဥက္ကာကိုကို

# နေပြည်တော်တွင် တရုတ်စပ်မျိုးစပါးများ ထုတ်လုပ်ဖြန့်ဖြူးမည်ဟုဆို

**သန်းထူး**

**နေပြည်တော်၊ အောက်တိုဘာ-၂၈**

နေပြည်တော် ဒက္ခိဏသီရိမြို့နယ်တွင် တရုတ်နိုင်ငံမှ စပ်မျိုးစပါးများအား စမ်းသပ်စိုက်ပျိုးလျက်ရှိပြီး အထွက်ကောင်းကာ ဒေသနှင့် သင့်လျော်သည့်မျိုးများကိုသာ ထုတ်လုပ်ဖြန့်ဖြူးသွားမည်ဖြစ်ကြောင်း ဆည်မြောင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးဦးစိုးတင့်က ပြောကြားသည်။

တိုင်းရင်းသား ကုမ္ပဏီဖြစ်သော ရွှေသံလွင်ကုမ္ပဏီနှင့် တရုတ်ကုမ္ပဏီတို့ အကျိုးတူဆောင်ရွက်ကာ "မြန်မာ-တရုတ် စပ်မျိုးစပါးမျိုးစေ့ထုတ်သုတေသနစိုက်ကွင်း"ကို ဒက္ခိဏသီရိမြို့နယ်တွင် ဧက၁၀၀ဖြင့်စမ်းသပ်ထုတ်လုပ်လျက်ရှိသည်။ အထွက်ကောင်းပြီး သင့်လျော်သည့်မျိုးအား တောင်သူများထံ ဖြန့်ဖြူးသွားမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။

**စာ(၁၂)သို့**

# ခရီးသည်တင်ယာဉ်နှင့် တိုက်မိသော ဘုရားဖူးယာဉ်ပေါ်ပါ လူ၁၀ဦး ပွဲချင်းပြီးသေဆုံး

**ဝတ်ရည်အောင်**

**ရန်ကုန်၊ အောက်တိုဘာ-၂၉**

ဇလွန်မြို့တွင် ခရီးသည်တင်မှန်လုံအမြန်ယာဉ်နှင့် လိုက်ထရပ်ဘုရားဖူးယာဉ်တို့ မျက်နှာချင်းဆိုင် တိုက်မိရာမှ ဘုရားဖူးယာဉ်ပေါ်မှ လူ ဆယ်ဦး နေရာတွင်ပင် ပွဲချင်းပြီး သေဆုံးသွားကြောင်း သတင်းရရှိသည်။

ရန်ကုန်မှ လေးမျက်နှာသို့ မောင်းလာသည့် မိဘမေတ္တာ ဟင်္သာတ-ရန်ကုန် မှန်လုံအမြန်ယာဉ်နှင့် ဟင်္သာတမှ ရန်ကုန်သို့ မောင်းလာသည့် လိုက်ထရပ်ဘုရားဖူးယာဉ်တို့ အောက်တိုဘာ ၂၇ ရက်မွန်းတည့်ချိန်တွင် ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် ကျုံးတုံးရွာအနီး ကားလမ်းမပေါ်၌ တိုက်မိခဲ့ခြင်းဖြစ်သည်။

ယာဉ်တိုက်မှုကြောင့် ဘုရား ဖူးယာဉ်ပေါ်မှ အသက်၈ နှစ်နှင့် ၃ နှစ်အရွယ် ကလေးနှစ်ဦး အပါအဝင် အမျိုးသားလေးဦးနှင့် အမျိုးသမီးခြောက်ဦးတို့ သေဆုံးသွားခြင်းဖြစ်ကြောင်း ဇလွန်ရဲစခန်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

အခင်းဖြစ်ပွားသည့်နေ့တွင် ဇလွန်ရဲစခန်းသို့ ဆက်သွယ်မေးမြန်းရာ၌ အမြန်ယာဉ်မှ ယာဉ်မောင်းထွက်ပြေးနေသည့်အတွက် လိုက်လံဖမ်းဆီးလျက်ရှိကြောင်း ဖြေကြားသည်။ သို့သော်လည်း အောက်တိုဘာ ၂၉ရက်တွင် အဆိုပါအမှုနှင့် ပတ်သက်ပြီး မည်သည့်ယာဉ်ဘက်မှ မှားယွင်းကြောင်းနှင့် ထွက်ပြေးနေသည့် ယာဉ်မောင်းဖမ်းမိ၊ မမိအပေါ် မေးမြန်းချက်အား အမှုတည်ဆောက်စုံစမ်းနေချိန်ဖြစ်၍ မဖြေနိုင်သေးကြောင်း ဇလွန်ရဲစခန်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ဒဏ်ရာရရှိသူများအား ဟင်္သာတဆေးရုံမှ ရန်ကုန်သို့ ပို့ဆောင်ဆေးကုသနေပြီး မှန်လုံအမြန်ယာဉ်ပေါ်မှ ယာဉ်နောက်လိုက်တစ်ဦး ဒဏ်ရာရရှိသော်လည်း ခရီးသည်များမှာ ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သတင်းရရှိသည်။



7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.11, No.34 • NOVEMBER 1 , 2012

# ဒီချုပ်က ပညာရေးကော်မတီ စတင်ဖွဲ့စည်း

**အိဖြူလွင်**

**ရန်ကုန်၊ အောက်တိုဘာ-၂၅**

မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍတွင် ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်နိုင်ရန်အတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီက ပြင်ပပညာရှင်များ ပါဝင်သော ပညာရေးကော်မတီကို ယခုလ ၂၄ ရက်က ဖွဲ့စည်းလိုက်ကြောင်း ပါတီဗဟိုဌာနချုပ်က သတင်းထုတ်ပြန်သည်။

နိုင်ငံ၏ ပညာရေးကဏ္ဍသည် ပြုပြင်ပြောင်းလဲမှုများ လိုအပ်နေသည့်အတွက် ပြင်ပမှ ပညာရှင်များ၏ ကျွမ်းကျင်မှု၊ အကြံဉာဏ်များကို ပါတီနှင့် ချိတ်ဆက်ရယူနိုင်ရန်၊ လွှတ်တော်တွင်း လုပ်ငန်းစဉ်များကို ကူညီထောက်ပံ့ပေးနိုင်ရန်နှင့် ပါတီက လုပ်ဆောင်နေသော ပညာရေးကဏ္ဍများအတွက် အဆိုပါ ကော်မတီကိုဖွဲ့စည်းရခြင်းဖြစ်သည်ဟု ဗဟိုအလုပ်အမှုဆောင် ဦးဟံသာမြင့်က ပြောသည်။

ယခု ဖွဲ့စည်းလိုက်သည့် ပညာရေးရာကော်မတီတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီဝင်မဟုတ်သူ ပညာရှင်များလည်း ပါရှိသည်။



ဒေါ်အောင်ဆန်းစုကြည် ကော့မှူးမြို့နယ်မှ ဆရာ၊ဆရာမများနှင့်တွေ့ဆုံစဉ် ဓာတ်ပုံ-NLD

ပါတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်က နိုင်ငံ၏ ပညာရေးစနစ်သည် ပြုပြင်ပြောင်းလဲရန် လိုအပ်ပြီး အခြေခံပညာရေး၊ အဆင့်မြင့်ပညာရေးအပြင် အသက်မွေးဝမ်းကျောင်း ပညာရေးနှင့် ကျောင်းပြင်ပ ပညာရေးများကို လုပ်ရမည်ဟု ပြောကြားသည်။

ဒေါ်အောင်ဆန်းစုကြည် နယူးယောက်မြို့သို့ ရောက်ရှိစဉ် ကလေးတိုင်းကျောင်းသွားနိုင်ရေးအတွက် ဆွေးနွေးခဲ့ပြီး အစီအစဉ်များလုပ်ငန်းများကိုမကြာမီဆောင်ရွက်နိုင်မည်ဟု မျှော်လင့်ကြောင်း အမေရိကန်ခရီးစဉ် သတင်းစာရှင်းလင်းပွဲတွင် သတင်းထောက်များအား ပြောကြားခဲ့သည်။

ပညာရေးရာကော်မတီတွင် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးဟံသာမြင့်နှင့် ဒေါက်တာသိန်းလွင်၊ ဒေါက်တာသန့်လွင်မောင် (ကိုတာ)၊ ဒေါက်တာတင်လှိုင် (ဘိုးလှိုင်)၊ ဦးမိုးဇော်တို့ပါဝင်ကြောင်း သိရသည်။

ပညာရေးနှင့်ပတ်သက်၍ အဆင့်မြင့်ပညာရေး ဥပဒေကြမ်းကို ဒေါ်အောင်ဆန်းစုကြည်အပါအဝင် လွှတ်တော်ကိုယ်စားလှယ်များက ရေးဆွဲနေပြီး အမျိုးသားအဆင့်ပညာရေးဥပဒေကိုအသစ်ရေးဆွဲပြီး နိုင်ငံအတွက် ပြည့်စုံသော ပညာရေးစနစ်ဖြစ်ရန် ဌာနတာဝန်ရှိသူများနှင့် လွှတ်တော်ကိုယ်စားလှယ်များက စီစဉ်ရေးဆွဲမည်ဟုလည်း သတင်းရရှိသည်။

# တရားရုံးအဆင့်ဆင့်တွင် လာဘ်ပေး၊ လာဘ်ယူလုပ်နေကြောင်း သတင်းများ တထစ်ချမမှန်ဟုဆို

**ပြည်သိမ်း၊ အေးသူစံ**

**ရန်ကုန်၊ အောက်တိုဘာ-၂၆**

**တရားရုံးအဆင့်ဆင့်တွင် မရိုးသားမှုများ ရှိနေသည်ဟု သတင်းများမှာ တထစ်ချမှန်ကန်သော သတင်းများ မဟုတ်ကြောင်း အောက်တိုဘာ ၂၅ရက်တွင် ကျင်းပသော ပြည်သူ့လွှတ်တော်အစည်းအဝေး၌ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးဦးစိုးညွန့်ကပြောကြားသည်။**

တရားရုံးအဆင့်ဆင့်၏လာဘ်ပေး၊လာဘ်ယူ အကျင့်ဆိုးများဖြစ်ပေါ်နေသည်ကိုမပျောက်ရန် မည်ကဲ့သို့ အရေးယူဆောင်ရွက်ရန် စီမံထားသည်ကို သိရှိလိုကြောင်း ဒီပဲရင်းမဲဆန္ဒနယ်မှ ဦးသန်းထွန်း၏ မေးမြန်းချက်ကို အထက်ပါအတိုင်း ဖြေကြားခဲ့ခြင်းဖြစ်သည်။

"မြေပြင် သတင်းတော့ မသိဘူး။ တရားသူကြီးတွေ လာဘ်စားတာ ကော်မတီကို တိုင်ထားတာတော့ ထောင်ချီနေပြီ။ ကျွန်တော့်ဆီမှာလည်း တိုင်စာတွေက ရာနဲ့ချီနေပြီ"ဟု တရားဥပဒေ စိုးမိုးရေးနှင့်တည်ငြိမ်အေးချမ်းရေး ကော်မတီမှ အဖွဲ့ဝင်ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဦးသိန်းညွန့်က ဆိုသည်။

ပြည်ထောင်စု တရားလွှတ်တော်ချုပ်အနေဖြင့် တရားရုံး အဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်နေကြသော တရားသူကြီးများ၊ဝန်ထမ်းများ လာဘ်ပေး၊ လာဘ်ယူမှု အဂတိလိုက်စားမှု၊ အကျင့်ပျက်မှု လုပ်ငန်းတာဝန်ပေါ့လျော့စွာ ဆောင်ရွက်ခြင်းတို့ မဖြစ်ပွားစေရန် ညွှန်ကြားချက်များ ထုတ်ပြန်ထားကြောင်း ဦးစိုးညွန့်က ရှင်းပြသည်။

"တရားသူကြီးကတော်က အမှုသည်အိမ်မှာကျပ်သိန်း၁၅၀၀ လာတောင်းတာ စီစီတီဗီနဲ့ရိုက်ပြီး ဒီပုံနဲ့တိုင်လို့ အဲဒီတရားသူကြီး အလုပ်ထုတ်ပစ်လိုက်တယ်လို့ ကြားတယ်" ဟု ဦးသိန်းညွန့်က ဆက်လက်ပြောကြားသည်။

တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီအနေဖြင့် တာဝန်ယူနေစဉ်ကာလအတွင်း လာဘ်ပေး၊ လာဘ်ယူမှု လုံးဝပပျောက်အောင် မဆောင်ရွက်နိုင်သော်လည်း လျော့ပါးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးသိန်းညွန့်က ဆိုသည်။

နိုင်ငံတော် သမ္မတသို့တိုင်ကြားစာများတွင်လည်း တရားသူကြီးအား တိုင်ကြားမှု ၁၆၇ မှု၊ တရားစီရင်မှုတိုင်ကြားမှု ၃၆၇ မှု၊ ရှေ့နေများတိုင်ကြားမှု ၆၁ မှုရှိကြောင်း အထက်တန်းရှေ့နေ ဦးခင်ဇော်(မရမ်းကုန်း) က "ပြည်သူတွေဆီက ကြားနေရတာကလည်း တရားသူကြီးအားလုံးလို့ ပြောနေတာမဟုတ်ဘူး။ တရားစီရင်ရေး၊ တရားဥပဒေစိုးမိုးရေးမှာ အားနည်းချက်ရှိတာကို ခြုံပြောနေကြတာ။ မြေပြင်သတင်းကို မမှန်ဘူးလို့ပြောတယ်။ ခုလတ်တလော ဖြစ်သွားတဲ့ အနောက်ပိုင်းခရိုင် တရားသူကြီးတာဝန်ကရပ်နားပြီး အငြိမ်းစားပေးခံရတာလည်း ဒါတစ်ဆင့်ကြားသတင်းနဲ့ဖြစ်ပေမယ့် လက်တွေ့အရေးယူတာပဲမဟုတ်လား" ဟု ထောက်ပြပြောကြားသည်။

**စာ(၁၂)သို့**



7 DAY NEWS JOURNAL
Vol.11, No.34 • NOVEMBER 1 , 2012

# မြန်မာနိုင်ငံမှ သစ်အလုံးလိုက်ပြည်ပတင်ပို့ခြင်း ၂၀၁၄ တွင် ရပ်ဆိုင်းမည်

**အေးမြကျော်**

**ရန်ကုန်၊အောက်တိုဘာ-၂၇**

မြန်မာနိုင်ငံမှ သစ်လုံးများကိုပြည်ပသို့အလုံးလိုက်တင်ပို့ခြင်းကိုလာမည့် ၂၀၁၄ ခုနှစ်ဧပြီလတွင် ပိတ်ပင်သွားတော့မည်ဟု ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနက ကြေညာချက်ထုတ်ပြန်လိုက်ကြောင်း မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်းမှ သိရသည်။

အောက်တိုဘာလ တတိယပတ်ကနေပြည်တော်တွင် ကျင်းပခဲ့သော သစ်တောရေရှည်တည်တံ့ရေးနှင့်ပတ်သက်သောအစည်းအဝေးတစ်ခုတွင်လည်း ဝန်ကြီးက အတည်ပြုပြောကြားခဲ့ကြောင်း မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များ အသင်းမှ သတင်းရရှိသည်။



**ပြည်ပတင်ပို့မည့်သစ်လုံးများကို ကားပေါ်သို့တင်နေစဉ်** ဓာတ်ပုံ-ထက်ပိုင်ဖြိုး(ဇဝန)

ကမ္ဘာပေါ်တွင်နာမည်ကျော်သော ကျွန်းသစ်များထွက်ရှိရာ မြန်မာနိုင်ငံမှ အိမ်နီးချင်း တရုတ်နှင့် အိန္ဒိယနိုင်ငံများသို့ သစ်လုံးများ အများဆုံးတင်ပို့နေပြီး မြန်မာနိုင်ငံမှ သစ်လုံးတင်ပို့မှုမှာ ပျမ်းမျှအားဖြင့် တစ်နှစ်လျှင် မက်ထရစ်တန်ပေါင်း ၁ ဒသမ ၆ သန်းရှိပြီး ထိုသို့တင်ပို့ခြင်းဖြင့် အမေရိကန်ဒေါ်လာ ၅၂၂ သန်း ရရှိကြောင်း လန်ဒန်အခြေစိုက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအေဂျင်စီ(EIA)က ထုတ်ပြန်လိုက်သည်။

၂၀၀၀ ပြည့်နှစ်မှ ၂၀၁၀ပြည့်နှစ်အထိ ဆယ်နှစ်တာကာလအတွင်း မြန်မာနိုင်ငံမှ ပြည်ပသို့တင်ပို့သော သစ်လုံးပမာဏမှာ ကုဗမီတာ ၁၈ သန်းရှိပြီး ထိုပမာဏ အတွက်အမေရိကန်ဒေါ်လာ၅ဒသမ ၇ဘီလီယံရရှိကြောင်းထိုအေဂျင်စီကပင် ထုတ်ပြန်သည်။

မြန်မာနိုင်ငံအနေဖြင့်တရားမဝင် သစ်ခိုးထုတ်နေမှုများ ပပျောက်ရန်မှာမူ သစ်အလုံးလိုက်တင်ပို့ခြင်းကို ချက်ချင်းရပ်တန့်ပစ်လိုက်သင့်ကြောင်း EIA မှ ပညာရှင်များက ထောက်ပြပြောဆိုထားသည်။ထိုသို့သစ်အလုံးလိုက်တင်ပို့ခြင်းမှာ နိုင်ငံတွင်းမှ သစ်တောများ ရေရှည်တည်တံ့ရေးအတွက် ထိန်းသိမ်းရာလည်းရောက်ကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာရှင်များက ပြောသည်။

မြန်မာနိုင်ငံတွင်းမှ သစ်အချောထည်ထုတ်လုပ်သော လုပ်ငန်းရှင်များက တရုတ်နိုင်ငံနယ်စပ်မှ နယ်စပ်ဖြတ်ကျော်ကာ တရားမဝင်ခုတ်လှဲထားသော သစ်လုံးများ ရောင်းဝယ်ဖောက်ကားနေခြင်းကိုလည်း အစိုးရအနေဖြင့် ထိထိမိမိ ကိုင်တွယ်သင့်ကြောင်း ပြောကြားကြသည်။

မြန်မာနိုင်ငံတွင် တစ်နိုင်ငံလုံး သစ်တောဖုံးလွှမ်းမှုဧရိယာမှာ နိုင်ငံ၏ ၄၅ ရာခိုင်နှုန်းရှိကြောင်း အစိုးရကထုတ်ပြန်ထားပြီး သစ်တောပညာရှင်များက သစ်တောဖုံးလွှမ်းမှုမှာ ထိုပမာဏထက် လျော့နည်းနိုင်ဖွယ်ရှိကြောင်း ခန့်မှန်းထားသည်။

# တစ်ဦးချင်း ကုန်သွယ်နိုင်မည့် ကတ်များ ပြုလုပ်ပေးမည်

**ညီညီဇော်**

**မန္တလေး၊ အောက်တိုဘာ-၂၈**

မြန်မာနိုင်ငံသား မည်သူမဆိုပြည်ပနိုင်ငံများနှင့် တစ်ဦးချင်းကုန်သွယ်မှုလုပ်ငန်း ဆောင်ရွက်ရန်အတွက် တစ်ဦးချင်းကုန်သွယ်နိုင်မည့်ကတ် (Individual Trading Card)များ ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

"ကုန်သွယ်မှုပြုတဲ့အခါမှာ ကုမ္ပဏီလုပ်ငန်းရှင်တွေ၊ ကုမ္ပဏီမှတ်ပုံတင်ရှိတဲ့လူတွေ၊ ပို့ကုန်သွင်းကုန်မှတ်ပုံတင်ရှိတဲ့လူတွေပဲ ပို့ကုန်သွင်းကုန်ဆောင်ရွက်လို့ရပါတယ်။ အဲဒီတော့ မြန်မာငွေသိန်းတစ်ရာလက်ထဲမှာရှိရင် ပို့ကုန်သွင်းကုန်ဆောင်ရွက်လို့ ရ၊ မရ အခုနောက်ပိုင်း ကျွန်တော်တို့ရအောင်လုပ်ပေးတော့မှာဖြစ်ပါတယ်။ မည်သူမဆို ကုန်သွယ်မှုဆောင်ရွက်နိုင်ဖို့အတွက် လုပ်ပေးတော့မှာပါ"ဟု နယ်စပ်ကုန်သွယ်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးညွန့်အောင်က ပြောသည်။

တစ်ဦးချင်းကုန်သွယ်နိုင်မည့်ကတ်များဖြင့် ကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်ခြင်းသည် ယခင်ကလည်း ရှိခဲ့ဖူးသည်ဟု ဒုညွှန်ချုပ်ကဆိုသည်။ အသေးစားလုပ်ငန်းရှင်များ၊ တစ်ပိုင်တစ်နိုင်လုပ်ကိုင်နေသော အဖွဲ့များအတွက် ရည်ရွယ်ဆောင်ရွက်ပေးသွားမည်ဟု သိရသည်။

အမရပူရမြို့နယ်မှ အသေးစားရက်ကန်းလုပ်ငန်းရှင် အမျိုးသားတစ်ဦးက "ကောင်းပါတယ်။ ကိုယ့်စျေးကွက်ကိုယ့်ဟာကိုရှာပြီး တစ်ဦးချင်းလုပ်လို့ ရလာတာပေ့ါ"ဟု သူ၏အမြင်ကိုပြောသည်။ ထိုကတ်များကို နယ်စပ်ကုန်သွယ်ရေးစခန်းပေါင်း ၁၃ ခုရှိသည့်အနက် တမူးနယ်စပ်ကုန်သွယ်ရေးစခန်းမှစတင်စမ်းသပ်ဆောင်ရွက်စေမည်ဟုဆိုသည်။ တမူးစခန်းပြီးလျှင် ကျန်ရှိသည့်စခန်းများသို့ စမ်းသပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။



7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.11, No.34 • NOVEMBER 1 , 2012

## ၂၀၁၂ အောက်တိုဘာ ၃၁ မှ နိုဝင်ဘာ ၆ ရက်ထိ မိုးလေဝသနှင့် ဇလဗေဒ ခန့်မှန်းချက်

### ဘင်္ဂလားပင်လယ်အော် အခြေအနေ

တောင်တရုတ်ပင်လယ်အတွင်းရှိ အပူပိုင်းမုန်တိုင်းတစ်လုံးဟာ ဗီယက်နမ်ကမ်းခြေကို ဖြတ်ကျော် ပြီးနောက် အနောက်ဘက်ကို ရွေ့လျားလာရာမှ မြန်မာနိုင်ငံ တောင်ပိုင်းကို ဖြတ်ကျော်နိုင်ပါတယ်။ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းမှာ လေဖိအားနည်း ရပ်ဝန်းတစ်ခုဖြစ်လာပြီး ပိုမို အားကောင်းလာနိုင်ကာ မုန်တိုင်းငယ်တစ်ခုဖြစ်လာနိုင်ပါတယ်။ ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းမှာ တိမ်အသင့်အတင့်မှ တိမ်ထူထပ်စွာ ဖြစ်ထွန်းနိုင်ပါတယ်။ ကျန်ဘင်္ဂလားပင်လယ်အော်မှာ အများအားဖြင့် တိမ်အနည်းသာ ဖြစ်ထွန်းနိုင်ပါတယ်။ ဘင်္ဂလား ပင်လယ်အော်မှာ မုန်တိုင်းအန္တရာယ် သတိထားရန် လိုအပ်ပါမယ်။

### မြန်မာ့ပင်လယ်ပြင်အခြေအနေ

မြစ်ဝကျွန်းပေါ် ကမ်းရိုးတန်းနဲ့ ကမ်းလွန်ပင်လယ်ပြင်တို့မှာ လှိုင်း အသင့်အတင့် ရှိနိုင်ပါတယ်။ လှိုင်းအမြင့် ၃ ပေ မှ ၄ ပေ အထိ ရှိနိုင်ပါတယ်။ ကိုကိုးကျွန်းစုအနီးတွင် လှိုင်းကြီးနိုင်ပြီး လှိုင်း အမြင့် ငါးပေခန့် ရှိနိုင်ပါတယ်။ ကျန်မြန်မာ့ကမ်းရိုးတန်းနဲ့ ကမ်းလွန်ဒေသတွေမှာ လှိုင်းအနည်းငယ်သာ ရှိနိုင်၊ လှိုင်းအမြင့် (၂) ပေခန့်ရှိနိုင်ပါတယ်။

### မိုးရွာသွန်းနိုင်မှု ခန့်မှန်းချက်

တရုတ်ပြည်မကြီးဘက်မှအရှေ့မြောက်လေအေးများကချင်ပြည်နယ်အရှေ့မြောက် နယ်စပ်ဒေသကို စတင်ချဉ်းကပ်လာနိုင်ပါတယ်။ မြန်မာနိုင်ငံမြောက်ပိုင်းနဲ့ အလယ်ပိုင်းဒေသများမှာ မိုးရွာသွန်းမှု လျော့နည်းနိုင်ပြီး အောက်ပိုင်းနဲ့ တောင်ပိုင်း ဒေသများ မိုးရွာနိုင်ပါတယ်။ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ ရန်ကုန်တိုင်း၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နဲ့ မွန်ပြည်နယ်တို့မှာ နေရာစိပ်စိပ်မှ အနှံ့အပြား၊ ရှမ်းပြည်နယ်တောင်ပိုင်းနဲ့ အရှေ့ပိုင်း၊ ရခိုင်ပြည်နယ်တို့မှာ နေရာကျဲကျဲ၊ ချင်းပြည်နယ်နဲ့ မန္တလေးတိုင်းတို့မှာ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ ရှမ်းပြည်နယ်မြောက်ပိုင်းနဲ့ တနင်္သာရီတိုင်းတို့မှာ တိမ်အနည်းငယ် ဖြစ်ထွန်းနိုင်ပါတယ်။

### မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်မှု အခြေအနေ

ရှမ်းပြည်နယ်တောင်ပိုင်းနဲ့ အရှေ့ပိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနဲ့ပဲခူးတိုင်းတို့မှာ မိုးတိမ်တောင်များဖြစ်ပေါ်နိုင်မှု အလားအလာ အများဆုံးရှိပြီး သေချာမှု ၄၅ ရာခိုင်နှုန်းအထိ ရှိပါတယ်။ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်း၊ ရန်ကုန် တိုင်း၊ ဧရာဝတီတိုင်းအရှေ့ပိုင်းတို့မှာ မိုးတိမ်တောင်ဖြစ်ဖို့ ၂၅ ရာခိုင်နှုန်းခန့်ရှိနိုင်ပါတယ်။ မြန်မာနိုင်ငံ အရှေ့ပိုင်းနဲ့ မြေလတ်ပိုင်း၊ မြစ်ဝကျွန်းပေါ် ဒေသများတွင် ထစ်ချုန်းမယ့် အခြေအနေများ ဆက်လက် ဖြစ်ပေါ်နိုင်ပါတယ်။

### နေ့အပူချိန်များအခြေအနေ

မြန်မာနိုင်ငံအရှေ့မြောက် ပိုင်းဒေသများမှာ အပူချိန်လျော့နည်းနိုင်သည်မှအပ တစ်ပြည်လုံးမှာ အပူချိန်များ ပုံမှန်ထက် မြင့်မားနိုင်ပါတယ်။ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ ရှမ်းပြည်နယ် မြောက်ပိုင်း၊ မန္တလေးတိုင်းမြောက်ပိုင်းနဲ့ တနင်္သာရီတိုင်းတို့မှာ အပူချိန်များအမြင့်မားဆုံး ဖြစ်နိုင်ပါတယ်။ ရှမ်းပြည်နယ် အရှေ့ပိုင်းမှာ အပူချိန်များ ပုံမှန်ခန့်ရှိနိုင်ပြီး ကျန် တစ်ပြည်လုံးမှာ အပူချိန်များ ပုံမှန် ထက်ပိုနိုင်ပါတယ်။

### မြစ်ရေအခြေအနေနဲ့ ရေကြီးမှု အလားအလာ

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ရေလွှမ်းမိုးမှုအလားအလာများ ဖြစ်နိုင်ဖွယ်မရှိတော့ပါ။

### တောင်တရုတ်ပင်လယ်ပြင် အခြေအနေ

တောင်တရုတ် ပင်လယ်ပြင်မှာ အခုလာမယ့် ရက်သတ္တတစ်ပတ်အတွင်းမှာ မုန်တိုင်းများ ပိုမိုဖြစ်လာနိုင်ပြီး မိုးရာသွန်းမှုလည်း ရွာသွန်းမြဲထက် ပိုလာနိုင်ပါတယ်။ ထို့အပြင် ဖြစ်ပေါ်လာသော မုန်တိုင်းများအနေဖြင့် အနောက်ဘက်ကိုဦးတည် ရွေ့လျားနိုင်တဲ့အတွက် မြန်မာနိုင်ငံဘက်ကို အရှေ့ဘက်မှ မုန်တိုင်းအကြွင်းအကျန်နဲ့ လေပွေလှိုင်းများအဖြစ် ရောက်ရှိလာနိုင်ပြီး မိုးရွာသွန်းမှုနှင့် ကပ္ပလီ ပင်လယ်ပြင်တွင် မုန်တိုင်းအဖြစ် ပြန်လည်အားပျိုးလာနိုင်ပါတယ်။

**ဒေါက်တာထွန်းလွင်**

# ရန်ကုန်၊ မန္တလေးလေဆိပ် လုပ်ကိုင်ခွင့် ပြည်တွင်းလုပ်ငန်းရှင်များကို ဦးစားပေးမည်

**အိဖြူလွင်၊ မိုးညို**
**ရန်ကုန်၊ အောက်တိုဘာ-၂၅**

ရန်ကုန်လေဆိပ်နှင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်များကို ပုဂ္ဂလိကလုပ်ငန်းရှင်များပါဝင်လုပ်ကိုင်ခွင့်ပြုရာတွင် ပြည်တွင်းလုပ်ငန်းရှင်များကို ဦးစားပေးခွင့်ပြုသွားမည်ဟုလေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးတင်နိုင်ထွန်းကပြောသည်။

လေဆိပ်များကို ပုဂ္ဂလိကအနေဖြင့် ပါဝင်ဆောင်ရွက်လိုသူ လုပ်ငန်းရှင်များကို အကြိုအရည်အချင်းစစ်ရာတွင် ဂျပန်ပညာရှင်များပါသည့် အကြံပေးအဖွဲ့နှင့် စစ်ဆေးမည်ဖြစ်ပြီး အဓိကအနေဖြင့် ငွေကြေးခိုင်မာတောင့်တင်းမှု၊ လုပ်ငန်းအတွေ့အကြုံရှိမှု၊ လုပ်ဆောင်သူများ၏ အရည်အချင်းနှင့် စက်ပစ္စည်းကိရိယာသုံးစွဲမှု စသည်တို့ကိုအဆင့်လိုက်စစ်ဆေးမည်ဟု ဦးတင်နိုင်ထွန်းက ပြောကြားသည်။

လုပ်ငန်းအတွေ့အကြုံရှိရမည်ဆိုသည့် အချက်ကြောင့်ပြည်တွင်းလုပ်ငန်းရှင်များသည်ပြည်ပမှ လေဆိပ်စီမံခန့်ခွဲရေးအတွေ့အကြုံရှိကုမ္ပဏီများနှင့် ပူးပေါင်းလုပ်ဆောင်ရမည် ဖြစ်သည်။

"ကျွန်တော်တို့ကို လေဆိပ် Operation လုပ်ချင်ပါတယ်။ သင်ပေးပါဆိုတာမျိုးတော့ မပြောပါနဲ့ မလုပ်ပေးနိုင်ပါဘူး။ အစကတည်းက အတွေ့အကြုံရှိကုမ္ပဏီနဲ့ ပေါင်းလုပ်ဖို့ လိုမယ်"ဟု ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းဆွေထွန်းက ပြောသည်။

ရန်ကုန်လေဆိပ်၏ လက်ရှိလုပ်ငန်းများဆောင်ရွက်နိုင်စွမ်းသည် တစ်နှစ်လျှင် ခရီးသည် ၂ဒသမ၇ သန်းခန့်သာ ကိုင်တွယ်ဆောင်ရွက်နိုင်သည့်အတွက် ယခုနှစ်တွင်ပင် ခရီးသည် ဦးရေသည် ၂ဒသမ၈ သန်းခန့်ထိ ရောက်ရှိနိုင်မည်ဖြစ်ရာ လေဆိပ်တိုးချဲ့မှုသည်အလျင်အမြန်ဆောင်ရွက်ရမည်ဖြစ်ကြောင်း လက်ထောက်ညွှန်ကြားရေးမှူးဒေါ်နွယ်နီဝင်းကျော်ကလည်းပြောသည်။

ရန်ကုန်လေဆိပ်တိုးချဲ့လုပ်ငန်းဆောင်ရွက်မှုကို ၂၀၁၃ ခုနှစ် မေလတွင် လုပ်ငန်းဆောင်ရွက်နိုင်ရန် လျာထားပြီး တစ်နှစ်လျှင် ခရီးသည် ၅ဒသမ၈ သန်းထိ လက်ခံကိုင်တွယ်နိုင်ရန်ဆောင်ရွက်ရမည်ဖြစ်သည်။

အကြိုအရည်အချင်းစစ်ခြင်း၊ တင်ဒါခေါ်ယူခြင်းအဆင့်များနောက် ပုဂ္ဂလိကလုပ်ငန်းရှင်က လုပ်ငန်းစတင်လည်ပတ်ရာတွင်အဆောက်အအုံတည်ဆောက်ခြင်း၊ ထို့နောက် လုပ်ငန်းဆောင်ရွက်ခြင်း၊စီမံခန့်ခွဲခြင်း၊ပြုပြင်ထိန်းသိမ်းခြင်းစသည့်လုပ်ငန်းများအားလုံးကို ရာနှုန်းပြည့်တာဝန်ယူရမည်ဖြစ်ကြောင်း ဦးတင်နိုင်ထွန်းက ပြောသည်။

နိုင်ငံတော်ကပါဝင်ပတ်သက်မှုသည် လေကြောင်းလုံခြုံရေးအတွက်သာပါဝင်မည်ဖြစ်ပြီး ပုဂ္ဂလိက၏ စီမံခန့်ခွဲမှုကို ထိခိုက်စေနိုင်ခြင်းမျိုးမဖြစ်နိုင်ဟုလည်း ဦးတင်နိုင်ထွန်းက ဆိုသည်။ နိုင်ငံတွင်းရှိ လေဆိပ်များအားလုံးကို ပုဂ္ဂလိကလုပ်ပိုင်ခွင့်ပေးရာတွင် ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုကောင်းမွန်စေရန်နှင့် နိုင်ငံတော်အတွက် အကျိုးရှိစေရန်အတွက် အစိုးရနှင့်ပုဂ္ဂလိကပိုင်းပူးပေါင်းဆောင်ရွက်မှု P.P.P (Public Private Partnership) စနစ်ဖြင့် လုပ်ကိုင်ခွင့်ပေးမည်ဟုဆိုသည်။

လက်ရှိတွင် ရန်ကုန်လေဆိပ်ဝန်ဆောင်မှုလုပ်ငန်းကို အေးရှားဝေါလ်ကုမ္ပဏီပိုင် လုပ်ငန်းခွဲတစ်ခုဖြစ်သော Pioneer Aerodrome ကုမ္ပဏီက တာဝန်ယူဆောင်ရွက်နေရာ အဆိုပါကုမ္ပဏီနှင့်လေကြောင်းပို့ဆောင်ရေးညွှန်ကြားရေးမှူးဦးစီးဌာနတို့ ချုပ်ဆိုထားသော စာချုပ်ကို ဖျက်သိမ်းမည်ဖြစ်ပြီး အဆိုပါကုမ္ပဏီကိုလည်း တင်ဒါခေါ်ယူရာတွင် တရားဝင်ပါဝင်ဆောင်ရွက်စေမည် ဟု သတင်းရရှိသည်။

ရန်ကုန်လေဆိပ်သည် ဧကတစ်ထောင်ကျော်ကျယ်ဝန်းပြီး ပြည်တွင်းလေကြောင်းလိုင်း ခြောက်ခုနှင့် ပြည်ပလေကြောင်းလိုင်း၁၉ခုမှ လေယာဉ်များဆင်းသက်နေသည့် ၁၉၅၇ ခုနှစ်ကပင် တည်ဆောက်ခဲ့သော အပြည်ပြည်ဆိုင်ရာလေဆိပ်တစ်ခုဖြစ်သည်။

တစ်နှစ်လျှင်ခရီးသည်၂ဒသမ၇သန်းဝင်ထွက်မှုကို တာဝန်ယူဆောင်ရွက်ပေးနေရာမှ ခရီးသည်ဝင်ထွက်မှုသည် နေ့စဉ် မြင့်တက်လာသောကြောင့် ခရီးသည် ၅ဒသမ၇သန်းကို တာဝန်ယူဆောင်ရွက်ပေးနိုင်ရန် အဆင့်မြှင့်တင်ဆောင်ရွက်ရာမှ ပုဂ္ဂလိကလုပ်ငန်းရှင်များပါဝင်ဆောင်ရွက်စေခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

ကျော်ကျော်နိုင်မိသားစု နည်းပညာဝန်ဆောင်မှုများ ကုမ္ပဏီလီမိတက်ပိုင်
ဆေးဆိုင်အများအပြားနှင့် သူနာပြုအကူမြောက်မြားစွာကို မွေးထုတ်ပေးခဲ့သည့်

**အောင်ချမ်းမြေ့**

**ဆေးဝါးကျွမ်းကျင်၊ သူနာပြုအကူသင်တန်း**
**အမှတ်(၂၄၉)၊ 2B,5B,6B,7B ထပ်၊ ဗားဂရာလမ်းမကြီး၊**
**အမှတ်(၂၅၁)၊ (6B,7Bထပ်)၊ ဗားဂရာလမ်းမကြီး၊** ]ထပ်ချပ်ကိုက်
**မြေနီကုန်း(တောင်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊**
**(မြေနီကုန်း-ဂမုန်းပွင့်ကုန်တိုက်အနီး) ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၁-၅၀၄၇၅၀၊ ၀၁-၅၀၄၀၇၉**
(Open 7:00 am To 7:00 pm) **ပိတ်ရက်မရှိပါ။**

- ဝါရင့်ဆေးဝါးကျွမ်းကျင်ပညာရှင်များ၊ ဝါရင့်ဆရာဝန်များ၊ ဝါရင့်သူနာပြုဆရာမကြီးများ ဦးစီးသည်။
- နိုင်ငံခြားဆေးပစ္စည်းဆိုင် ဖွင့်နိုင်ရန်နှင့်ကျွမ်းကျင်သော သူနာပြုအကူဖြစ်စေရန် သီအိုရီနှင့် လက်တွေ့တွဲ၍ သင်ကြားမည်။ စီးပွားရေးသက်သက်ကို ရှေ့မရှုပါ။
- ဝန်ဆောင်ခပေးစရာမလိုဘဲ အလုပ်ရရန် ကူညီမည်။ နိုင်ငံတကာ အသိအမှတ်ပြု အောင်လက်မှတ်ထုတ်ပေးမည်။
- နိုင်ငံတကာအဆင့်မီ Air-Con အခန်းများတွင် တစ်ယောက်ထိုင်ခုံများဖြင့် သင်ကြားသည်။ ဘော်ဒါဆောင်ရှိပါသည်။
- တယ်လီဖုန်းဖြင့် နာမည်စာရင်းကြိုတင်သွင်းထားပြီး တက်ရောက်မည့်နေ့မှ ငွေသွင်းလျှင်လည်း ဖြစ်ပါသည်။
- ဓါတ်လှေခါးဖြင့် အဆင်းအတက်ပြုလုပ်နိုင်ပြီး၊ အမှတ်(၂၄၉)2B အထပ်တွင် စုံစမ်းစာရင်းသွင်းနိုင်သည်။ တန်းခွဲတစ်ခုလျှင် (၂၀)ဦး ကန့်သတ်ထားပါသည်၊

**"အောင်"** ပြီး **"ချမ်းမြေ့"** မှုတွေရရှိရန် **"အောင်ချမ်းမြေ့"** ကိုလာခဲ့ပါ။

**(I)**

**တစ်လပြတ်အထူး (တစ်ပတ်ငါးရက်)**
**ဆေးဆိုင်ဖွင့်ရန်နှင့် သူနာပြုအကူ( တနင်္လာ မှ သောကြာနေ့အထိ)**

| | | |
|---|---|---|
| စဉ် (၂၃၉၂) | ၅. ၁၁. ၁၂ | စဉ် (၂၃၉၆) ၁၂. ၁၁. ၁၂ |
| စဉ် (၂၃၉၃) | ၆. ၁၁. ၁၂ | စဉ် (၂၃၉၇) ၁၃. ၁၁. ၁၂ |
| စဉ် (၂၃၉၄) | ၇. ၁၁. ၁၂ | စဉ် (၂၃၉၈) ၁၄. ၁၁. ၁၂ |
| စဉ် (၂၃၉၅) | ၈. ၁၁. ၁၂ | စဉ် (၂၃၉၉) ၁၅. ၁၁. ၁၂ |

**နှစ်လပြတ်အထူး (တစ်ပတ်နှစ်ရက်)**
**ဆေးဆိုင်ဖွင့်ရန်နှင့် သူနာပြုအကူ**

| | |
|---|---|
| စဉ်(၂၄၀၀) ၃. ၁၁. ၁၂ (Sat & Sun) | စဉ်(၂၄၀၃) ၁၀. ၁၁. ၁၂ (Sat & Sun) |
| စဉ်(၂၄၀၁) ၆. ၁၁. ၁၂ (Tue & Wed) | စဉ်(၂၄၀၄) ၁၃. ၁၁. ၁၂ (Tue & Wed) |
| စဉ်(၂၄၀၂) ၈. ၁၁. ၁၂ (Thur & Fri) | စဉ်(၂၄၀၅) ၁၅. ၁၁. ၁၂ (Thur&Fri) |

**သုံးလပြတ်အထူး(တစ်ပတ်တစ်ရက်) ဆေးဆိုင်ဖွင့်ရန်နှင့် သူနာပြုအကူ**

| | |
|---|---|
| စဉ်(၂၄၀၆) ၃. ၁၁. ၁၂ (Sat Only) | စဉ်(၂၄၀၈) ၁၀. ၁၁. ၁၂ (Sat Only) |
| စဉ်(၂၄၀၇) ၄. ၁၁. ၁၂ (Sun Only) | စဉ်(၂၄၀၉) ၁၁. ၁၁. ၁၂ (Sun Only) |

**(II) နိုင်ငံတကာအဆင့်မီ ဒီပလိုမာ သင်တန်းများ**
**(တနင်္လာ မှ သောကြာနေ့အထိ)**
(I) သုံးလ၊ (II) ခြောက်လ၊ (III) တစ်နှစ် (IV) နှစ်နှစ်၊ (V) သုံးနှစ်၊

| | | |
|---|---|---|
| စဉ် (၂၄၁၀) | ၅. ၁၁. ၁၂ | စဉ် (၂၄၁၄) ၁၂. ၁၁. ၁၂ |
| စဉ် (၂၄၁၁) | ၆. ၁၁. ၁၂ | စဉ် (၂၄၁၅) ၁၃. ၁၁. ၁၂ |
| စဉ် (၂၄၁၂) | ၇. ၁၁. ၁၂ | စဉ် (၂၄၁၆) ၁၄. ၁၁. ၁၂ |
| စဉ် (၂၄၁၃) | ၈. ၁၁. ၁၂ | စဉ် (၂၄၁၇) ၁၅. ၁၁. ၁၂ |

**(III)သားဖွားမီးယပ် (၃)လ ဒီပလိုမာ** (Fri, Sat, Sun, Mon, Tue)

| | | |
|---|---|---|
| စဉ် (၂၄၁၈) | ၉. ၁၁. ၁၂ | စဉ် (၂၄၁၉) ၁၆. ၁၁. ၁၂ |

**သင်တန်းအားလုံးအတွက် သင်ကြားနိုင်သည့် အချိန်များ**

| | |
|---|---|
| (I) 07:00 am to 09:00 am | (IV) 11:00 am to 02:00 pm |
| (II) 08:00 am to 11:00 am | (V) 01:00 pm to 04:00 pm |
| (III) 09:00 am to 12:00 pm | (VI) 05:30 pm to 07:30 pm |

# ပုသိမ်မြို့နယ်တွင် ဒီချုပ်ပါတီဝင် ၁၃၄ ဦးနုတ်ထွက်ပြီး အမျိုးသားဒီမိုကရေစီ ကွန်ရက်ဖွဲ့ဟုဆို

**မင်းဟိန်းကျော်**
**ရန်ကုန်၊ အောက်တိုဘာ-၂၇**

ပုသိမ်မြို့နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီရုံးအား ဖျက်သိမ်းရန် ညွှန်ကြားမှုကြောင့်ပါတီဝင်၁၃၄ဦးနုတ်ထွက်ပြီး အမျိုးသားဒီမိုကရေစီကွန်ရက်အဖြစ်ဖွဲ့စည်းခဲ့ကြောင်း ပါတီဝင်အဖြစ်မှ နုတ်ထွက်ခဲ့သူဒေါက်တာသန်းထိုက်က ပြောသည်။

"ပါတီက နုတ်ထွက်တဲ့သူတွေပြန့်ကျဲပြီး တခြားပါတီတွေအောက်ရောက်သွားမှာစိုးလို့ ဒီလိုထူထောင်လိုက်ရတာပါ။ ဒီကွန်ရက်က ပညာရေး၊ ကျန်းမာရေးလုပ်ငန်းတွေကို အဓိကထားပြီးလုပ်ဆောင်သွားမယ်။ လိုအပ်ရင် NLD ကိုလည်း ဝန်းရံသွားမယ်" ဟု ဒေါက်တာသန်းထိုက်က ပြော သည်။

အောက်တိုဘာ ၂၇ ရက်တွင် ဗဟိုညွှန်ကြားချက်အရမြို့နယ်ပါတီရုံးအား ဖျက်သိမ်းခြင်းနှင့် ပါတီအလံချခြင်း၊ ပါတီဝင်များနုတ် ထွက်ခြင်းအခမ်းအနားကိုပြုလုပ်ခဲ့ရာ ပါတီဝင် ၁၃၄ဦးနုတ်ထွက်ခဲ့ကြောင်း၊ ကွန်ရက်ဖွဲ့စည်းရန် ယခင်က ကြိုတင်စီစဉ်ထားခြင်း မရှိသော်လည်း ပြည်သူ့အကျိုးပြုလုပ်ငန်းများနှင့် ပါတီဝင်အင်အားများပြန့်ကျဲမသွားစေရန် ရည်ရွယ်ထူထောင်လိုက်ခြင်းဖြစ်ကြောင်း ၎င်းကဆိုသည်။

"ဒီကိစ္စက တစ်ဦးတစ်ယောက်တည်းရဲ့ ပုဂ္ဂိုလ်ရေးရှေ့တန်းတင်လုပ်ဆောင်မှုကြောင့် ဖြစ်ရတာ။ သူက ဒေါ် အောင်ဆန်းစုကြည်အထိန်းသိမ်းခံရတဲ့နောက်ပိုင်းကတည်းက ဘာမှမလုပ်တော့ဘူး။ နောက်ပိုင်းပြန်လုပ်ပါဆိုတော့လည်း မလုပ်ဘူး။ အခုမှ လူငယ်တွေကို စည်းရုံးပြီး ဒီလိုလုပ်တာတော့ ဘယ်ကောင်းပါ့မလဲဗျာ။ ဒါပေမဲ့ သူတို့ကိုလည်း ပစ်ပယ်မထားပါဘူး။ ညီလာခံတွေမှာပြောနိုင်ဆိုနိုင်ပါတယ်။ တင်ပြနိုင်ပါတယ်။ ဒီလေးလလောက်မှာ ညီညီညွတ်ညွတ် လုပ်ကြပါလို့ ပြောထားတာကိုမရဘူး" ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယကအဖွဲ့ဝင် ဦးတင်ဦးကပြောသည်။

ယခုကဲ့သို့ ပါတီဝင်များနုတ်ထွက်ခြင်းသည် ပါတီအကျိုးအတွက်ဆောင်ရွက်နေသောသူများအား နောက်ပိုင်းမှဝင်ရောက်လာသောအခွင့်အရေးလိုချင်သူများကတိုက်ထုတ်သည့်ကိစ္စရပ်များပင်ဖြစ်ကြောင်း၊ ၎င်းကိစ္စရပ်များသည် မိမိတို့တစ်နေရာတည်း ဖြစ်ပွားသည်မဟုတ်ဘဲ မြောင်းမြ၊ ကန်ကြီးထောင့်၊ ဒါးက၊ တောင်ငူ အစရှိသည့်နေရာများတွင်ပါ ဖြစ်ပွားနေကြောင်း ဒေါက်တာသန်းထိုက်ကဆိုသည်။

Life
7Day News Journal
Vol.11, No.34 • NOVEMBER 1 , 2012



ဆူးလေစေတီတော်အနီး မဟာဗန္ဓုလပန်းခြံရှေ့တွင်တွေ့ရသော ကလေးငယ်နှစ်ဦး

ဓာတ်ပုံ-ကျော်ဇင်သန်း

# လမ်းပျော်ကလေးငယ်များ ပုစ္ဆာ ဘယ်လိုဖြေရှင်းမလဲ

**မြတ်စုမွန်**

**ညစ်ပတ်နောက်ကျိနေသော ရေဆိုးမြောင်းပုပ်ထဲတွင် အသက်ခုနစ်နှစ်အရွယ် ကလေးငယ်လေးတစ်ဦးက သူ့လက်ခုပ်သေးသေးလေးဖြင့် ငါးလိုက်ဖမ်းနေသည်။ သူ့ထက်အနည်းငယ် အသက်ကြီးပုံရသည့် မိန်းကလေးနှစ်ယောက်ကလည်း သူ့လိုပင် ထိုမြောင်းထဲတွင် ပလတ်စတစ်ခွက်တိုခွက်စများကို လက်ဖြင့် လိုက်စမ်းနေသည်။ မည်းနက်ပုပ်အဲ့နေသော ရေဆိုးမြောင်းထဲက မသတီစရာ အနံ့အသက်များကြားတွင် သူတို့ပျော်ရွှင် ရယ်မောနေကြသည်။ သူတို့နဲ့အတူ အမြဲတမ်းပါလာတတ်သည့် မွေ့ရေခွံအိတ်စုတ်ကလေးများက ရေမြောင်းဘေးတွင် ပုံလျက်သား။**

နောက်မြင်ကွင်းတစ်ခုကား မြို့ပတ်ရထားဘူတာတစ်ခုမှ အရွယ်စုံကလေးငယ်တစ်စုနှင့် ဆယ်ကျော်သက် ကိုယ်ဝန်ဆောင် မိန်းကလေးတစ်ဦး။ အချိန်က မနက် ၉ နာရီခွဲ။

အသက်ခြောက်နှစ် အရွယ်ကလေးငယ်မှစ၍ ၁၅ နှစ်အရွယ်ခန့်ရှိသည့် ဆယ်ကျော်သက်လူငယ်လေးများ။ သူတို့တစ်ဦးနှင့်တစ်ဦး တွန်းလိုက် တိုးလိုက်၊ ရယ်မောလိုက်ဖြင့် စကားတွေ ပြောနေသည်။ သူတို့အထဲမှ တစ်ဦးက ပုလင်းတစ်လုံးကို ဟန်ပါပါကိုင်ထားသည်။ ခဏအကြာတွင် ဖန်ခွက်ငယ်တစ်ခွက်ထဲသို့ပုလင်းကို ငှဲ့လိုက်သည်။ ထို့နောက် တစ်ကျိုက်တည်းမော့ချလိုက်တော့သည်။

ရထားသံလမ်း ဘေးပလက်ဖောင်းပေါ်တွင်သူတို့လမ်းလျှောက်လာကြသည်။ သူတို့အားလုံး၏ ခြေလှမ်းများက ယိမ်းထိုးနေသည်။ သူတို့ထဲမှ တစ်ယောက်က ပလက်ဖောင်းဘေးရှိ ခြုံထဲသို့ ခွေလဲကျသွားသည်။ ကျန်ကလေးတချို့က တစ်ယောက်ကို တစ်ယောက် တွဲထားသည်။ ကလေးငယ်တစ်ယောက်ကဲ့သို့ မျက်နှာကလေး နုဖတ်ဖြူဖွေးနေသည့် ကိုယ်ဝန်ဆောင် မိန်းကလေးက အမူးလွန်နေသော ဆယ်ကျော်သက်ကောင်လေး နှစ်ယောက်ကို တစ်ဖက်တစ်ချက်စီ တွဲထိန်းပေးနေရသည်။ မြို့ပတ်ရထားစောင့်နေသူများက သူတို့ကိုငေးကြည့်လျက်။

အရောင်ပြယ်နေသော သူတို့ အဝတ်အစားများပေါ်တွင် အခြားသော အရောင်မျိုးစုံတို့က ထပ်၍ထပ်၍ ပေရေနေသည်။ တိတိကျကျ စာရင်းကောက်ယူမထားကြ၍ အရေအတွက် မသိရသော်လည်း သူတို့သည် မြန်မာနိုင်ငံရှိ လမ်းပေါ်နေ လမ်းပျော်ကလေးများစွာအနက်မှ အချို့ဖြစ်သည်။

လမ်းပေါ်ရှိ ကလေးများအနက် အချို့က ပြန်လည်အသုံးပြု၍ ရသော စွန့်ပစ်အမှိုက်များ ကောက်ယူရောင်းချကာ မိသားစုဝင်ငွေအတွက် အလုပ်လုပ်နေသူများ ဖြစ်သည်။ အချို့မှာ အိမ်ပြေးကလေးများဖြစ်သည်။ အချို့က မိဘမဲ့လေလွင့်ကလေးငယ်များဖြစ်ပြီး လူတစ်ဦးတစ်ယောက်၏ ကြိုးကိုင်ခိုင်းစေမှုဖြင့် တောင်းရမ်းနေရသည်။ ထိုသို့လမ်းပေါ်တွင်ရောက်နေသောကလေးအမျိုးမျိုးတွင် နောက်ခံဘဝ အမျိုးမျိုးရှိနေသော်လည်း တူညီသည့်အရာတစ်ခုမှာ ကျောင်းနေအရွယ် တွင် ကျောင်းမနေတော့သော ကလေးငယ်များဖြစ်သည်ဆိုသည့်အချက်ပင်ဖြစ်သည်။


"ဒီလို ကလေးတွေက လူတွေရဲ့ စီးပွားရေး၊ လူမှုရေး အခြေအနေတွေ အရ လျော့မသွားဘဲ တိုးလာတယ်။ ဒီတိုင်းပစ်ထားမယ်ဆိုရင် သိပ်စိုးရိမ်စရာ ကောင်းတယ်။ သူတို့အတွက် ကျောင်းပြင်ပ ပညာရေးသင်ကြားမှုတွေ ပေးဖို့လိုအပ်ပါတယ်" ဟု Myanmar NGO Network ဥက္ကဋ္ဌ ဦးမြင့်ဆွေက ပြောသည်။

မြန်မာနိုင်ငံတွင် အန္တရာယ်ကျရောက်လွယ်သော လမ်းပေါ်နေ ကလေးငယ်များအား ထိန်းသိမ်းစောင့်ရှောက်ထားသည့် သင်တန်းကျောင်းများ၊ ယာယီနားခိုစရာနေရာများကို လူမှုဝန်ထမ်း ဦးစီးဌာန၊ ပြည်တွင်းလူမှုရေးအဖွဲ့အစည်းအချို့နှင့် နိုင်ငံတကာ အေဂျင်စီအချို့က ပြုလုပ်လျက်ရှိသော်လည်း ခြုံငုံ၍ သုံးသပ်ရလျှင် ထိရောက်မှုအားနည်းနေဆဲဖြစ်ကြောင်း လက်တွေ့လုပ်ကိုင်နေသူများက တညီတညွတ်တည်း မှတ်ချက်ပြုကြသည်။

**စာ(၄၀)သို့**



## ပန်းဂေါ်ဖီသနပ်သုပ်



ဒီတစ်ပတ်ဝိုက်ဖီက အသုပ်တစ်ပွဲစီစဉ်ထားပါတယ်။ ချဉ်စပ်လေးဖြစ်လို့ ထမင်းဝိုင်းမှာ ခံတွင်းမြိန်မယ့် ဟင်းတစ်ခွက်ပဲဖြစ်ပါတယ်။

ပန်းဂေါ်ဖီ၊ မုန်လာဥနီ၊ ဂျူးမြစ်တွေကို တစ်ပန်းကန်စာ အနေတော်လှီး၊ ဆားနည်းနည်းထည့်၊ ရေနွေးဖျောပြီး ၃ မိနစ်လောက်ရေနွေးစိမ်ထားပါမယ်။

ပြီးရင် ဆယ်လိုက်ပါ။ သကြား၊ ဆားနဲ့ သံပရာရည်ညှစ်ပြီး ၁၀ မိနစ်လောက်နှပ်ထားပါ။ အဲဒီအချိန်မှာ နှမ်းကို အဆင်သင့်လှော်ထား၊ မြေပဲလေးစိတ်ကွဲထောင်းထားပါ။ ကြက်သွန်ဖြူကိုလည်း အကြွပ်ကြော်ထားပါမယ်။ ငရုတ်သီးအတောင့်ကြီးကိုလည်း အကွင်းလိုက်လှီးထားပါ။ ၁၀ မိနစ်လောက်နှပ်ပြီးသွားရင် ခုနကပြင်ထားတဲ့ နှမ်း၊ မြေပဲ၊ ကြက်သွန်ဖြူ၊ ငရုတ်သီးစိမ်းတွေထည့်နယ်သုပ်လိုက်ရုံပါပဲ။

ပန်းဂေါ်ဖီသနပ်သုပ်နဲ့တွဲဖက်စားစုံးဖို့ငရုတ်သီးမှည့်အနေတော်လေးတွေကို ရဲနေအောင် ကြော်ထားသင့်ပါတယ်။

ဝိုက်ဖီပရိသတ်ကြီး ခံတွင်းမြိန်မယ့်ပန်းဂေါ်ဖီသနပ်သုပ်ကိုမြည်းစမ်းကြည့်ကြပါဦး။

## ပွဲလမ်းသဘင်တွေအတွက် အသင့်ချုပ်ပြီး မြန်မာဝတ်စုံများ

**အိဖြူလွင်**

ဝါလကင်းလွတ်သီတင်းကျွတ်မှာ မင်္ဂလာဆောင်တွေ၊ အလှူတွေ ဆက်နေသလို များပြားလှတဲ့ပွဲတွေကို သွားရမယ့် ပျိုပျိုအိုအို အမျိုးသမီးတွေအတွက်ဒီတစ်ပတ်မှာ မြန်မာဝတ်စုံတွေကို ရနိုင်တဲ့နေရာကို ဈေးဝယ်ထွက်ကြည့်ရအောင်ပါ။ မြန်မာဝတ်စုံအသင့်ချုပ်ပြီးသားတွေ အမျိုးအစားစုံ၊ အဆင်မျိုးစုံ၊ ဒီဇိုင်းမျိုးစုံကို လုံချည်ရောအင်္ကျီပါ ဒီဆိုင်မှာ ရနိုင်တာပါ။



ဓာတ်ပုံ-ထက်ပိုင်ဖြိုး(ဇဝန)

ချင်းရိုးရာအဆင်၊ ကချင်လုံချည်တွေ ဆေးရေး၊ စက်ထိုးစတဲ့ အဆင်လုံချည်တွေ ပိုး၊ ချည်စတဲ့ ပိတ်စအသားမျိုးစုံနဲ့ ပွဲတင့်တဲ့ ရိုးရာလုံချည်တွေက ရွေးချယ်စရာလည်း မျိုးစုံရှိလို့ အကြိုက်တွေ့နိုင်မှာ အသေအချာပါ။ အင်္ကျီတွေထဲမှာဆိုရင် အသင့်ချုပ်ပြီးသားကို ပိုးထည်၊ ဂျော်ဂျက်၊ ဇာစသဖြင့် အသားမျိုးစုံကို ဘယ်ဖုံး၊ ညာဖုံးစသဖြင့် ရင်ဖုံး၊ ရင်စေ့စတဲ့ ရိုးရာပုံစံကို ပြန်လည်သစ်ဆန်းထားတဲ့ အင်္ကျီပုံစံမျိုးစုံကို လက်တို၊ လက်ရှည်စသဖြင့် အရောင်မျိုးစုံနဲ့ ရနိုင်တယ်လို့လည်း သိရပါတယ်။

အင်္ကျီတွေရဲ့ ဈေးနှုန်းက ကျပ်၆,၅၀၀ လောက်ကနေ၁၅,၀၀၀ ခန့်ထိ ရှိသလို ပွဲတက်လုံချည်တွေရဲ့ ဈေးနှုန်းကလည်း ၁၂,၀၀၀ လောက်ကနေ ၃၀,၀၀၀ လောက်ထိရှိတာပါ။ လုံချည်ဝယ်ပြီးရင် အင်္ကျီချုပ်ဖို့ ပိတ်စရှာရ၊ ချုပ်ရတဲ့ ကိစ္စတွေအားလုံးမရှိတော့အောင် မိမိခန္ဓာကိုယ်နဲ့ အဆင်ပြေနိုင်မယ့် အရွယ်အစားကိုပါ တစ်ခါတည်း အသင့်ဝတ်နိုင်အောင် စီစဉ်ပေးသလို၊ စိတ်တိုင်းကျရွေးချယ်နိုင်တဲ့ ဒီဆိုင်က စိတ်ကြိုက်မတွေ့လို့ ဆိုင်နှံ့အောင်လိုက်ရှာရတဲ့ ဒုက္ခကလည်း ကင်းဝေးစေမှာပါ။ ဒါကြောင့် မြန်မာဆန်ဆန်ဝတ်စုံလေးတွေနဲ့ အခမ်းအနားတွေ တက်မယ်စိတ်ကူးရင်ဖြင့် လုံချည်အင်္ကျီတစ်ခါတည်းရနိုင်မယ့်ဒီဆိုင်က အဆင်ပြေနိုင်မှာပါ။ ဆိုင်ရဲ့ လိပ်စာကတော့ အင်းစိန်လမ်းမ၊ စံရိပ်ငြိမ်ကားမှတ်တိုင်အနီးက မျိုးမျိုးဖက်ရှင်ဆိုင်မှာပါလို့ဈေးဝယ်ထွက်မယ်ကဏ္ဍကနေ လမ်းညွှန်လိုက်ပါတယ်။

7 DAY NEWS JOURNAL
Vol.11, No.34 • NOVEMBER 1 , 2012





# ပုပ္ပားတောင်ကြီး မြင်ပြီလားဟေ့

မယ်ငွေဥ

ကျွန်မ သည်ဇာတိရပ်ရွာအညာမြေမှအကြေအောက်ရှာရန်ကုန်မြို့ကြီးဆီသို့ပြောင်းရွှေ့နေထိုင်လာခဲ့သည်မှာ နှစ်ပေါင်းလေးဆယ်ရှိချေပြီ။ အနှစ်လေးဆယ်ဆိုသည်မှာ လူ့ဘဝတစ်ဝက်ဟုပင် တင်စားပြောနိုင်မည် ဖြစ်သော်လည်း ကျွန်မအတွက်မူ အညာမြေကို မမေ့နိုင်သေးဘဲ တမ်းတမ်းတတ လွမ်းနေရဆဲဖြစ်သည်။ အထူးသဖြင့်တော့ပုပ္ပားတောင်မကြီး အရှေ့ဘက်မှ လက်ပန်ပြားဆိုသော ရွာကြီးကို လွမ်းစိတ်တွေ တဝေဝေဖြစ်ရသည်။

ကျွန်မတို့ရွာသည် ပုပ္ပားတောင်မကြီးနှင့် ဆယ်မိုင်အကွာမှာ ရှိသည်ဆိုသော်လည်း ပုပ္ပားတောင်မကြီးကိုအဝေးကထင်ထင်ရှားရှားမြင်ရသည်။ ဂန္ဓဝင်မြောက်တောင်အုပ်စုကြီးဖြစ်သလိုတောင်မကြီးမှ ဖြာထွက်ဆင်းသက်လာသော တောင်တန်းတောင်စဉ်တို့ကလည်း ရှုမျှော်မဆုံးသွယ်တန်းနေသည်။ ပုပ္ပားတောင်ကြီးကို အရပ်ရှစ်မျက်နှာမှ အသွင်သဏ္ဌာန်မျိုးစုံဖြင့် တွေ့မြင်နိုင်သည်။ ထိုအထဲတွင် ကျွန်မတို့ အရှေ့အရပ်ဘက်မှ မြင်ရသော ပုပ္ပားတောင်သည်ယက်ကန်းလက်ခတ်သဏ္ဌာန်ရှိလေ၏။

ကျွန်မငယ်စဉ်ကလေးဘဝလေးငါးခြောက်နှစ်သမီးအရွယ်တွင် ဖခင်က ကျွန်မ၏ ဦးခေါင်းကို သူ၏သန်မာထွားကျိုင်းလှသော လက်နှစ်ဖက်ဖြင့် ကိုင်ညှပ်လျက် အထက်သို့ပင့်မြှောက်ကာ "ပုပ္ပားတောင်ကြီးမြင်ပြီလားဟေ့" ဟု မေးလျက် ပြသလေ့ရှိသည်။ တစ်ကြိမ်မြှောက်လိုက် "ပုပ္ပားတောင်ကြီး မြင်ပြီလားဟေ့"ဟု မေးလိုက်နှင့် အကြိမ်ကြိမ်အခါအခါ နေ့စဉ်လိုလို လုပ်လေ့ရှိသည်။ ခါးကိုဆန့်လျက် မခြင်းဖြင့် အရပ်မြင့်စေရန် ရည်ရွယ်ခြင်းဖြစ်သကဲ့သို့ ပုပ္ပားတောင်ကြီးကို သူချစ်ခင်သလို ချစ်ခင်တွယ်တာစေရန်လည်း ဖြစ်နိုင်၏။

အမှန်စင်စစ် ကျွန်မတို့သားအဖသာမက ရွာမှဖခင်တိုင်းက

တစ်ဖက်သို့

Global Link
Computer Training School
Microsoft Office Specialist Trainings
Access Specialist Training
Excel Specialist Training
Like us on : www.facebook.com/globallinkmm
Register Now ➡ Hotline - 09 430 68415









## ပုပ္ပားတောင်ကြီး မြင်ပြီလားဟော့ မှ

သားသမီးများကိုပုပ္ပားတောင်ဘက်ဆီသို့ မျိုးဆက်သစ် ကလေးသူငယ်တိုင်းကို ပြသလေ့ရှိကြသည်မှာ ထုံးတမ်းစဉ်လာဖြစ်သည်။ မိမိသားသမီးများကို တောင်တော်ရွှေပုပ္ပားကိုမြောက်ကာပြသသည့် ဓလေ့ မည်သည့်အချိန်က စတင်ခဲ့သည် မသိနိုင်သော်လည်း ကျွန်မ၏ ဇာတိမြေက ရွာသူရွာသားတို့သည် နောက်ပိုင်းမှာ ပုပ္ပားတောင်ကြီး မြင်ပြီလားဆိုသည့် မေးခွန်းကို ပြောရလွန်းသဖြင့် ပီပီသသပင် အသံမထွက်တော့ဘဲ "ပုပ်ဗတောင်ဂျီးမြင်ဘလားဟော့" ဟုပင် ခပ်ဝဲဝဲဖြစ်ခဲ့လေပြီ။

ကျွန်မတို့ ဒေသကား ပုပ္ပားတောင်ကို အစပြုလျက် သွယ်တန်းလာသော ပဲခူးရိုးမ၏ ခရီးဦးအစ တောင်စဉ်တောင်တန်းများ အကြား ကြီးပြင်းခဲ့ သူဖြစ်၍ တောင်တန်းတောင်စွယ်တို့ကိုမြင်လျှင်ကို မြတ်နိုးတွယ်တာတတ်လေ၏။ ရွာကိုဝိုင်းပတ်ထားသော တောင်နီတောင်၊ တောင်ဖိုးအိုတောင်၊ မျက်လှတောင်၊ တောင်လှ၊ ဘုရားလေးကုန်း အစရှိသော တောင်များစွာကိုလည်း နက်နက်ရှိုင်းရှိုင်း ချစ်မြတ်နိုးလေသည်။

တောထဲ တောင်ထဲမှာ ပျော်မွေ့သူမို့ တောတွေ တောင်တွေ၏ တန်ဖိုးကိုလည်း သိပါ၏။ နားလည်ပါ၏။ ငယ်စဉ်ကပင် မှတ်သားခဲ့သောစကားများတွင်တောင်တစ်လုံး၏ အရေးပါပုံ၊ ခိုင်မြဲပုံကိုလည်း စွဲစွဲမြဲမြဲမှတ်သားခဲ့သည်။ အမေက အဖေကွယ်လွန်ဆုံးပါးသောအခါ (ရွှေတောင်ကြီးပြိုတာပါပဲ)ဟု ဆိုခဲ့သည်။ အမေ၏ ဘဝအတွက် အဓိကအားကိုးအားထားပြုရာ အဖေမရှိတော့ခြင်းကို တောင်ပြိုခြင်းနှင့် ခိုင်းနှိုင်း တင်စားပြောဆိုခဲ့သည်။ သားအမိများအပေါ် ထားရှိသော မိဘမေတ္တာကိုတော့ (မြင့်မိုရ်တောင်ဦး မကကျူးသား ကျေးဇူးအရှင် မွေးမိခင်နှင့် ဖခင်)ဟု တင်စားပြောဆိုကြပြန်သည်။ လက်ခံပါသည်။ ပြောထိုက်ပါသည်။ တကယ်ပင် ကြီးမားသောအရာ ခိုင်မြဲသောအရာ မိဘမေတ္တာတရားကို တောင်များ၏ ခိုင်မာမှု ကြီးမားခန့်ထည်မှုနှင့် နှိုင်းယှဉ်နိုင်ကြပါသည်။

ကျွန်မ၏ဘဝတွင် ဤမျှကြီးမားခိုင်ခန့်သော အားထားရာ၊ အမှီအခိုပြုရာ၊ မေတ္တာတရားနှင့် ခိုင်းနှိုင်းရာသော တောင်ကြီးများ ပြိုသည်ကို ငယ်စဉ်တောင်ကျေး ကလေးဘဝက လုံးဝမမြင်ဘူးခဲ့။ လူကတော့ သေနိုင်ဆုံးနိုင်သည်။ လူ သေဆုံးသလို တောင်ဆိုတာကော ပျက်တတ်သလား။ ပြိုတတ်သလား။ တောင်တစ်လုံးလုံး ပြိုလောက်အောင် အဘယ်အရာက စွမ်းဆောင်နိုင်သည်ကို မသိခဲ့။ ခိုင်မာခန့်ညားကြီးမားမြင့်မောက်သော တောင်ကြီးတွေ မြေသားကြမ်းပြင်အထိ ပြိုမည်ဟုလည်း မထင်မှတ်ခဲ့မိချေ။

ကျွန်မမှားပါသည်။ အသက်ကြီးလာမှ တောင်ပြိုသွားသည်ကို မြင်ဖူးတော့သည်။

ကျွန်မ အလုပ်တာဝန်ဖြင့် ကချင်ပြည်နယ် ဖားကန့်မြို့သို့ ရောက်သွားချိန်တွင်မှ မြင့်မောက်လှသော တောင်ကြီးတွေ အလဲလဲအပြိုပြိုဖြစ်ကြရသည်ကို မြင်ဖူးတော့သည်။ ဖားကန့်မှာ အခြေချ၍ အမြဲနေထိုင်ရသည် တော့မဟုတ်။ မြစ်ကြီးနားမှ ဖားကန့်သို့နှစ်လတစ်ကြိမ်၊ သုံးလတစ်ကြိမ် သွားရသည်။ ထိုသို့ သွားရသည့်အခါတိုင်း ပထမတစ်ကြိမ်သွားစဉ်က မော်၍မျှော်၍ ကြည့်ရသော ပေသုံး၊ လေးထောင်မြင့်မားသောတောင်ထွတ်ကြီးတစ်လုံးသည် နောက်တစ်ကြိမ်ရောက်လျှင် ကွင်းပြင်ကြီးဖြစ်သွားတတ်သည်ကို စတင်မြင်ဖူးသည်။ စက်ယန္တရားကြီးတွေနှင့် ကျောက်စိမ်းတွေ တူးကြဖော်ကြသည်ကိုး။ တချို့သော တောင်များမှာမူ ဟိုဘက်ခြမ်း၊ ဒီဘက်ခြမ်း နှစ်ဘက်သုံးဘက်ညှပ်၍ တူးဖော်ကြရင်း တောင်ပဲ့တောင်ရွဲ့ကြီးများ ဖြစ်နေတတ်သည်။ မယ်ဝှေ့ဥတစ်ယောက် ကချင်ပြည်နယ် ဖားကန့်ဒေသသို့ မကြာခဏ ရောက်လေမှ တောင်တို့မည်သည် ပြိုကျသွားရုံမက လောကထဲမှ အမည်နာမကလေးမျှ မကျန်နိုင်တော့ဘဲ ပျောက်ကွယ်၍ပင် သွားတတ်ပါကလားဟု သိရှိလေတော့သည်။

ထိုအခါ ကျွန်မ စဉ်းစားကြည့်မိသည်။ တောင်တို့မည်သည် သူ့သဘောလောက် အလိုလိုပြိုရန် ခက်ခဲသော်လည်း လူတို့၏ လောဘဖြင့်ဖြိုလျှင် လပိုင်းအတွင်း ပြိုတတ်ပါကလားဟု အသိတွေတိုးလာ၏။ တောင်တစ်လုံး အသစ်ဖြစ်ရန် ကပ်ကမ္ဘာတစ်ခုမျှ ဖြစ်တောင့်ဖြစ်ခဲ ဖြစ်ပေါ်ရန် လွန်စွာခဲရင်းသော်လည်း လောဘသားတို့ ဖြိုလေသော် တစ်လ၊ နှစ်လ ဖြိုရုံမျှဖြင့် ပြိုရုံမက ပျောက်ကွယ်တတ်ပါကလားဟု သခ်ိန်းစာသစ်တွေ တိုးလာ၏။ သခ်ိန်းစာသစ်တွေ တိုးလာသလို အတွေးပေါင်းများစွာလည်း ဝင်မိ၏။ လူမည်သော သတ္တဝါသည် သဘာဝတရားတို့ကို မချစ်မခင်။ ရွှေကို ငွေကိုချစ်၍ သဘာဝကို ပြစ်ပယ်ကာ တောကိုသတ်၊ တောင်ကို သတ်တတ်ပေတကားဟုလည်း ကောက်ချက်ဆွဲမိပြန်၏။ အရင်းစစ်သော် လောဘတည်း။ လောဘကား လူနှင့်လူချင်းလည်း သတ်နိုင်၏။ တောတွေ၊ တောင်တွေကိုလည်း သတ်နိုင်လေ၏။

ကျွန်မကား ဖားကန့်မြို့သို့ ရောက်လေတိုင်း တောင်လွမ်းမျက်ရည်ကျလေသည်။ လုပ်ဖော်ကိုင်ဖက် သူငယ်ချင်းများက ဖြိုနေဆဲတောင်တန်းများမှ ဝင်းဝါနေသော မြေသားတချို့နှင့် အကောင်းပကတိ ကျန်နေသေးသော အစိမ်းရောင်တချို့ ကွက်ကြားတွေ့လျှင် မျက်စိပသာဒ အလွန်လှသဖြင့် "လှလိုက်တာ"ဟု ပြောတတ်ကြသည်။ ကျွန်မကား မပျော်နိုင်။ ပါးစပ်ကလည်း "ဘယ်ကလာလှရမှာလဲ။ အဲဒါ သဘာဝပတ်ဝန်းကျင်တွေ ပျက်စီးနေတာ။ နောက်ဆက်တွဲ ပြဿနာတွေ အများကြီးဟု ပြောမိတတ်၏။ အဆိုးဆုံးမှာ တောင်ပြိုသွားသော မြေသားများနုန်းတင်သဖြင့် မြစ်ချောင်းများပါ ကောခြင်းဖြစ်သည်။

ယခုတော့ မယ်ဝှေ့ဥတစ်ယောက် ကချင်ပြည်နယ် ဖားကန့်မြို့သို့ မရောက်သည်မှာ ဆယ်စုနှစ်တစ်ခုနီးပါး ကြာမြင့်ခဲ့ပြီ။ တစ်ရံတစ်ခါတော့ ဖားကန့်ဒေသမှာ ကချင်တောင်တန်းကြီးတွေ ရှိမှရှိပါသေးရဲ့လားဟု လွမ်းမောတသစွာ တွေးမိတတ်သည်။

ယခုတလောတွင်မူ မကြာမီသီတင်းပတ်များက စတင်၍ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဆားလင်းကြီးမြို့နယ် လက်ပန်းတောင်းတောင်၊ ကြေးစင်တောင်၊ စံပယ်တောင် ကြေးနီစီမံကိန်းအကြောင်း မီဒီယာများမှတစ်ဆင့် ကြားသိရပြန်လေသော် မယ်ဝှေ့ဥတစ်ယောက် စိတ်မချမ်းမြေ့ဖြစ်ရပြန်သည်။ တောင်-တောင်-တောင်။ တောင်ဟူသည်ကား ဒေသခံတို့အတွက်မူ အမည်နာမကိုကြားရုံမျှနှင့် ရင်ခုန်စရာ၊ တွယ်တာစရာ ဘဝသံယောဇဉ်တွေ ရှိနေတတ်ကြသည်။

သို့သော် တောင်ရှိရာအရပ်တို့ကား ရွှေ၊ ငွေ၊ ကျောက်၊ သံ၊ ပတ္တမြား၊ ကြေးနီ စသောရတနာတွေလည်း ကိန်းအောင်းတည်ရှိနေတတ်သည်။ အဖိုးထိုက်တန်သော ရတနာများရှိမှန်းသိလျှင် လောဘသားတွေ ရောက်ရှိလာကာ စက်ယန္တရားကြီးများဖြင့် အတိုင်းအတာမဲ့ တူးယူကြတော့သည်။ နောက်ဆုံးတော့ ပေသုံး၊ လေး၊ ငါးထောင် အရွယ်အစားရှိသော တောင်ကြီးများပင် တစ်လုံးပြီးတစ်လုံးလည်း ပျောက်ကွယ်သွားကြရလေတော့သည်။

ကချင်ပြည်နယ် ဖားကန့်ဒေသမှာ တောင်တွေပြိုဆင်း ပျောက်ကွယ် သွားကြရသော်လည်း ဒေသခံများ အထိုက်အလျောက် အကျိုးကျေးဇူးရှိနေသဖြင့် ပြဿနာကြီးကြီးကျယ်ကျယ်ဖြစ်သံ မကြားခဲ့ရ။ မုံရွာခရိုင် ဆားလင်းကြီးမြို့နယ်ရှိ လက်ပန်းတောင်းတောင်၊ စံပယ်တောင်၊ ကြေးစင်တောင်များမှာမူ ကြေးနီထုတ်လုပ်သော ကုမ္ပဏီများက တာဝန်ခံတာဝန်ယူမှု မရှိကြသဖြင့် ဒေသခံပြည်သူများ အကျိုးကျေးဇူးမပါ။ လက်ဗလာဖြစ်ကြရပြီး ကြေးနီစီမံကိန်းရပ်တန့်ရန် နည်းလမ်းပေါင်းစုံဖြင့် ဆန္ဒပြနေကြသည်။ မိမိတို့ဒေသမှာ သတ္တုသိုက်ရှိသည်။ ထိုသတ္တုသိုက်ကား ဒေသခံများအကျိုးမရှိဖြစ်လျှင်ပြဿနာတွေဖြစ်မည်မှာ သဘာဝသာတည်း။ ဒေသခံများ အကျိုးရှိစေဦးတော့။ တောင်စဉ်တောင်တန်းများ၏ မူလအမည်နာမပင် မကျန်ရှိအောင် ဖြိုဖျက်၍ ပြိုပျက်ပျောက်ကွယ်သည်အထိတော့ မည်သူကမှ သဘောတူနိုင်မည် မဟုတ်ပါချေ။

ပြောသာပြောရပါသည်။ ကျွန်မတို့ဒေသ မြန်မာပြည်အလယ်ပိုင်း ပုပ္ပားတောင်ကြီး၏ မြောက်ဘက်ခြမ်းရှိ တောင်ပေါ်၊ ကျောက်တံခါး၊ ငရုံ့ကုန်းစသော ကျေးရွာများမှ ပိုဇိုလန်ဟုခေါ်သော မီးတောင်ချော်မြေများကို တူးဖော်နေကြသဖြင့် တောင်သားနံရံတွေ အတော်ပျက်စီးပြိုကျနေပြီဖြစ်သလို လယ်ယာသိမ်းမှုများလည်း ဖြစ်ပေါ်နေသည်ဟု သိရသည်။ အထူးသဖြင့် ငရုံ့ကုန်းရွာအနီးမှာ အလွန်ဆိုးရွားသော သဘာဝပတ်ဝန်းကျင် ပျက်စီးနေသည်ကို တွေ့ရသည်။ ကျွန်မကတော့ ပုပ္ပားတောင်ဒေသမှာ မည်သည့် ရတနာသတ္တုပစ္စည်းမှ မထွက်စေချင်မိပါ။ ရတနာသတ္တုသိုက်တွေရှိခြင်းက လှပသောမိန်းမပျိုကလေးကဲ့သို့ အန္တရာယ်များလွန်းလှသည်။


ကျွန်မ၏ဖခင်က ကျွန်မကို ပုပ္ပားတောင်ကြီးမြင်ပြီလားဟု ပြသခဲ့ခြင်းက မိမိမွေးဖွားရှင်သန်ရာဒေသက တောင်တန်းကြီးတွေကို ချစ်ခင်မြတ်နိုးတတ်ဖို့သာ ရည်ရွယ်ခဲ့လေသည်။ ပြည်တွင်း၊ ပြည်ပ လောဘသားတို့ကား တောင်တန်းကြီးများအတွင်းမှ ရတနာသိုက်ကို မြေကျော၊ ရေကျော အားလုံးတက်တက်ပြောင်အောင် ဖောက်ယူစားရန် အဓိက မဟုတ်ပါလား။

ဖြစ်နိုင်လျှင်တော့ မယ်ဝှေ့ဥသည် ပုပ္ပားတောင်နှင့်တကွ မြန်မာပြည်က အနောက်ရိုးမ၊ အလယ်ရိုးမ၊ အရှေ့ရိုးမ အစရှိသော တောင်တန်းများကို မည်သူမှ မမြင်မတွေ့အောင် နှလုံးသားထဲမှာ သိမ်းဝှက်၍သာ ထားလိုက်ချင်ပါသည်။ ။



ဓမ္မ

အသိတစ်လုံးအမြတ်ဆုံး
တစ်လုံးအသိအကျိုးရှိ၏



### အမှန်တရားမြင်လာရင် ...

အမှန်သဘာဝတွေကို အမှန်အတိုင်းမြင်လာအောင် ကြည့်ပေးတဲ့ အလေ့အကျင့် လုပ်ခြင်းအားဖြင့် အမှန်မြင်လာရင် ချစ်ခင်တွယ် တာမှု တဏှာနည်းပါးသွားပါတယ်။ ခန္ဓာပေါ် မှာ တွယ်တာတပ်မက်မှု လျော့နည်းသွားပါတယ်။ ရုပ်နမ်ခန္ဓာမှာ တပ်မက်စရာ၊ စွဲလမ်းစရာ၊ နှစ်သက်စရာ၊ ချစ်ခင်စရာဆိုလို့ ဘာတစ်ခုမှာ ရှာလို့မတွေ့တော့ပါဘူး။ ဘယ်နေရာမှာမှ ရှာလို့ မတွေ့တော့တဲ့အခါ မမြဲတာရယ်၊ ဆင်းရဲတာရယ်၊ အစိုးမရတာရယ်ပဲရှိတယ်လို့ တဖြည်းဖြည်းနဲ့ သိမြင်လာမှာဖြစ်တယ်။ ရုပ်တရား၊ နာမ်တရားတွေကို မတည်မြဲဘူး၊ ဆင်းရဲတယ်၊ အစိုးမရဘူးလို့ သိသွား၊ မြင်သွားတာက အမှန်ကို သိမြင်တဲ့ အသိဉာဏ်ဝိဇ္ဇာ၊ အမှန်မသိတဲ့ အဝိဇ္ဇာရဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ ဉာဏ်အမြင်ဖြစ်တယ်။

အဝိဇ္ဇာကို ပယ်ချင်တယ်ဆိုရင် တဏှာကိုလည်း ပယ်ရပါတယ်။ တဏှာကိုပယ်ချင်တယ်ဆို ရင် အဝိဇ္ဇာကိုလည်း ပယ်မှ ရပါမယ်။ နှစ်မျိုးစလုံးကို ပယ်ရမှာပါ။ မသိတော့ လိုချင်တယ်။ လိုချင် တော့ အမှန်မမြင်နိုင်တော့ပါဘူး။ မသိမှုနဲ့ လိုချင်မှုတွေ ရစ်ပတ်ပြီး ဘယ်နှဘဝကျင်လည်ခဲ့တဲ့ သံသ ရာတွေလဲဆိုတာ မပြောနိုင်အောင်လောက်အောင်ပင် သံသရာတွေ ကျင်လည်ခဲ့ကြပါတယ်။ သံသရာရဲ့ ဒုက္ခကိုလည်း မမြင်ကြဘူး။ ခန္ဓာဒုက္ခကိုလည်း သဘော မပေါက်နားမလည်ကြပါဘူး။ ဘဝဒုက္ခကိုလည်း မသိကြဘူး။ မသိတဲ့အတွက်ကြောင့် ခန္ဓာကို ခင်တွယ်တယ်။ သံသရာကို ခင်တွယ်တယ်။ ခင်တွယ်မှုနဲ့ မသိမမြင် နားမလည်မှုတွေကြောင့် နိဗ္ဗာန်နဲ့ အဝေးကြီးဝေးသွားကြတာပဲဖြစ်ပါတယ်။

ရည်ညွှန်း-ဓမ္မဒူတဒေါက်တာ အရှင်ပညိဿရ၏ 'ဓမ္မလမ်းပေါ် မှာ'

## စာပေနှင့် ဓာတ်ပုံဆောင်းပါးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပမည်

**နေလင်းထွန်း**

**ရန်ကုန်၊ အောက်တိုဘာ-၂၆**

မြန်မာ့ရုပ်ပုံလွှာ စာပေနှင့် ဓာတ်ပုံ ဆောင်းပါးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (Create a Portrait of Your Myanmar Writing and Photojournalism Workshop) ကို ၂၀၁၃ ဇန်နဝါရီလ ၁၄ ရက်မှ ၃၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း ဗြိတိသျှကောင်စီ (မြန်မာ)မှ သတင်းရရှိသည်။

ဗြိတိန်နိုင်ငံမှ ဓာတ်ပုံသတင်းထောက် Nick Danziger နှင့် စာရေးဆရာ Rory MacLeanတို့က ဦးဆောင်ဆွေးနွေးမည်ဖြစ်သော အလုပ်ရုံဆွေးနွေးပွဲကို သုံးပတ်ကြာ ပြုလုပ်မည်ဖြစ်ပြီး စိတ်ကူးဉာဏ်ကွန့်မြူးတတ်သူများ၊ အနုပညာဖန်တီးရန် စိတ်အားထက်သန်သူများနှင့် မိမိဖော်ပြ လိုသော အကြောင်းအရာရှိသော်လည်း ထုတ်ဖော်ခွင့် မရရှိသေးသူများအတွက် အခွင့်အလမ်းများ ရရှိမည်ဖြစ်သည်။

အလုပ်ရုံဆွေးနွေးပွဲ ပါဝင် ခွင့်ရရှိခဲ့သူများအနေဖြင့် မိမိကိုယ်တွေ့ဖြစ်စေ၊ အခြားသူတစ်ဦး၏ ဖြစ်ရပ်ကိုဖြစ်စေ စာသားဖြင့် လည်းကောင်း၊ ဓာတ်ပုံဖြင့်လည်းကောင်း ရေးသား၊ ရိုက်ကူး၍ ယင်းလက်ရာများကို ၂၀၁၃ ဖေဖော်ဝါရီလတွင် ကျင်းပမည့် ရွှေဝတီစာပေပွဲတော်၌ ပြသသွားမည်ဖြစ်သည်။

အခမဲ့တက်ရောက်ရမည့် အလုပ်ရုံဆွေးနွေးပွဲသို့ စာရေးခြင်းနှင့် ဓာတ်ပုံရိုက်ခြင်းတို့ ဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသူများ တက်ရောက်သင့်ပြီး လုပ်ငန်းအတွေ့အကြုံ မရှိသေးသူများလည်း မိမိစိတ်အားထက်သန်မှုအရ တက်ရောက်လေ့လာနိုင်သည်။

ထိုအလုပ်ရုံ ဆွေးနွေးပွဲအတွက် လူဦးရေ ၁၆ ဦး တက်ရောက်ရန် သတ်မှတ်ထားပြီး လျှောက်လွှာတင်သွင်းသူများ၏ လက်ရာနှင့် အချက်အလက်များနှင့် ၎င်းတို့၏ စိတ်အားထက်သန်မှုအပေါ် အခြေခံ၍ ရွေးချယ်သွားမည်ဖြစ်သည်။ အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်လိုသူများအနေဖြင့် သတ်မှတ်လျှောက်လွှာများကို ဖြည့်သွင်းပြီး နိုဝင်ဘာလ ၃၀ ရက် နောက်ဆုံးထား၍ ဗြိတိသျှကောင်စီ (မြန်မာ)သို့ ဆက်သွယ်လျှောက်ထားရမည်ဖြစ်သည်။

7DAY NEWS JOURNAL
Vol.11, No.34 • NOVEMBER 1 , 2012

## မျက်နှာဖုံး-အသင်းအဖွဲ့များမှ အာဏာရှင်များ မှ

“လူတစ်ယောက်ဟာ နေရာတစ်ခုတည်းမှာအကြာကြီးထိုင်နေမယ်ဆိုရင်အဲဒီလူရဲ့အိုင်ဒီယာတွေဟာကြာလာရင်အဆင်မပြေတော့ဘူး။ တကယ်တော်တဲ့ အရည်အချင်းပြည့်ဝတဲ့ လူငယ်တွေကိုနေရာပေးဖို့လိုတယ်”ဟု မန္တလေးမြို့မှ ကွန်ပျူတာ ပညာရှင် ဦးရဲမြတ်သူက အသင်းအဖွဲ့များ၏ အရေးကြီးသော ရာထူးနှင့်ပတ်သက်၍ပြောသည်။

အစိုးရသစ်လက်ထက်တွင် ဒီမိုကရေစီစနစ်ဖြင့် ဆောင်ရွက်နေသောအသင်းများရှိသော်လည်း ယခုအချိန်ထိ ဗဟိုဦးစီးစနစ် ကျင့်သုံးကာမိမိနှင့်အဆင်မပြေသူများကို အရွေးချယ်မခံရနိုင်စေရန် ဥပဒေများပြဋ္ဌာန်းပြီး ထိန်းချုပ်ထားသော အသင်းအချို့ရှိကြောင်း လည်းမြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဗဟိုအလုပ်မှုဆောင် ဒေါက်တာစိုးထွန်းက သုံးသပ်သည်။

“အနားမှ ရှိတဲ့လူတချို့က မြှောက်ပေးတာလည်း ရှိတယ်။ ဥက္ကဋ္ဌကြီး မရှိရင် မဖြစ်ပါဘူး။ ဘယ်သူမရှိရင် မဖြစ်ပါဘူးဆိုတော့ အဟုတ်ထင်တယ်။ ဒီလိုပြောတာက တစ်ယောက်၊ နှစ်ယောက်ပဲ” ဟုဒေါက်တာစိုးထွန်းက ပြောသည်။

လက်ရှိ အသင်းများတွင် ဥက္ကဋ္ဌ အပါအဝင် ဗဟိုအလုပ်အမှုဆောင် တာဝန်ယူထားသူများမှာ လုပ်ငန်းရှင်ကြီးများဖြစ်ကြပြီးအလုပ်များကြသည့်အတွက် ဗဟိုအလုပ်အမှုဆောင် အစည်းအဝေးလုပ်ရန်ပင် ခဲယဉ်းပြီး ဆုံးဖြတ်ချက်များ ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရန်စသည့် လုပ်ငန်းများ မလုပ်နိုင်ကြကြောင်း မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များ အသင်းဝင် Nature Dream ခရီးသွားကုမ္ပဏီမှ အုပ်ချုပ်မှု ဒါရိုက်တာ ဒေါ်စပယ်အောင်က ဆိုသည်။

မြန်မာနိုင်ငံ ကုန်သည်စက်မှု အသင်းချုပ်အောက်တွင် စုစုပေါင်းအသင်း ၆၁ သင်းရှိပြီး ထိုအသင်းများမှာ စစ်အစိုးရလက်ထက်က ဖွဲ့စည်းပေးခဲ့သော အသင်းများ ဖြစ်သည်။

ထိုအသင်းများထဲမှ အချို့တွင်ဥက္ကဋ္ဌ အတွင်းရေးမှူး စသော အရေးပါသော နေရာများကို ယခင်က ရွေးချယ်ရာတွင် သက်ဆိုင်ရာဝန်ကြီးများနှင့် ရင်းနှီးသူများကို တိုက်ရိုက်ခန့်ထားခံရသူများသည်။ သို့သော် ယခုနောက်ပိုင်းတွင်မူ မဲစနစ်ဖြင့် ရွေးချယ်လာသည်ကို တွေ့ရသည်။

အသင်းအဖွဲ့များ၌ တာဝန်ယူထားသူ အချို့မှာ အသင်းအဖွဲ့ကောင်းကျိုးထက် မိမိကိုယ်ကျိုးအတွက်သာ လုပ်ဆောင်နေသူများကြောင်း ကုန်သည်စက်မှုအသင်းချုပ်မှ ဒုတိယဥက္ကဋ္ဌတစ်ဦးက ပြောသည်။

“အသင်းအဖွဲ့တွေမှာ ပါတဲ့သူတချို့က ကိုယ့်အကျိုးစီးပွား၊ ကိုယ့်ကုမ္ပဏီ အကျိုးစီးပွားကိုပဲကြည့်ကြတယ်။ အသင်းအဖွဲ့တွေနဲ့ပူးပေါင်းဆောင်ရွက်တာ မရှိဘူး” ဟု အဆိုပါပုဂ္ဂိုလ်က ပြောသည်။

ဒီမိုကရေစီစနစ်တွင်အသင်းအဖွဲ့များအားကောင်းရန် အလွန်ပင် အရေးကြီးသည်။ အရပ်ဘက်လူ့အဖွဲ့အစည်းများ အားကောင်းလာစေရန် အတွက် တင်းကျပ်သော ဥပဒေများကို ပြင်ဆင်ရန်လိုအပ်ပြီး၊ အသင်းအဖွဲ့တွင် ပါဝင်သူတိုင်း ပြဋ္ဌာန်းထားသော အသင်းအဖွဲ့စည်းမျဉ်းများနှင့်အညီ လုပ်ကိုင်၍ အသင်းအဖွဲ့များအတွင်း စီမံခန့်ခွဲမှု အားကောင်းရန်လိုကြောင်း ကျွမ်းကျင်သူပညာရှင်အချို့က သုံးသပ်သည်။

“အသင်းအဖွဲ့တွေ ဖွံ့ဖြိုးဖို့အတွက် လွတ်လပ်စွာ ပြောဆိုစည်းရုံးခွင့်ရှိရမယ်။ အသင်းအဖွဲ့တွေအားကောင်းမှ ခေတ်မီဖွံ့ဖြိုးတိုးတက်ဖို့ကို လုပ်လို့ရမယ်” ဟု MDRI (Myanmar Development Resource Institute) မှ Senior Research Fellow ဦးတင်မောင်သန်းက ပြောသည်။

ဒီမိုကရေစီစနစ်တွင် အရပ်ဖက်လူ့အဖွဲ့အစည်းများနှင့် လွှတ်တော်သည် အင်အားကောင်းရမည်ဖြစ်ပြီး၊ အဆိုပါ နှစ်ခုအား မကောင်းပါက ဒီမိုကရေစီစနစ် အင်အားချည့်နဲ့သွားနိုင်ကြောင်း အသင်းအဖွဲ့များအားကောင်းနိုင်စေရန် အစိုးရနှင့် ဥပဒေပြုရေးအဖွဲ့အစည်းများက အားပေးရမည်ဖြစ်ကြောင်း ၈၈ မျိုးဆက်ကျောင်းသားအဖွဲ့မှ ကိုဂျင်မီကပြောသည်။

သို့သော် အသင်းအဖွဲ့အချို့မှာယခင်အခြေအနေထက်စာလျှင် ပိုမိုအားကောင်းလာကြောင်း အသင်းအဖွဲ့များတွင်လုပ်ကိုင်သူများက ဆိုသည်။ အစိုးရသစ်လက်ထက်တွင် ပိုမိုပွင့်လင်းလာပြီး ယခင်ကထက် အသင်းအဖွဲ့များ ပိုမိုပေါ်ထွက်လာပြီဖြစ်ကြောင်း ပညာရှင်အချို့က သုံးသပ်သည်။

ထို့ပြင် အချို့အသင်းအဖွဲ့များ၌ တာဝန်ယူလုပ်ကိုင်မည့်သူများ မရှိသဖြင့် တစ်ဦးတည်းကပင် သက်တမ်းနှစ်ဆက်၊ သုံးဆက်လုပ်ကိုင်နေရခြင်းများရှိကြောင်း အသင်းအဖွဲ့မှ ပုဂ္ဂိုလ်အချို့ ပြောသည်။ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ တာဝန်ကို ၂၀၀၅မှစတင်တာဝန်ယူပြီး၊ ၂၀၀၉ ပြန်ရွေးရာတွင် ဝင်ရောက်အရွေးခံမည့်သူမရှိ၍ ဥက္ကဋ္ဌတာဝန်ဆက်လက်ယူသောဦးဇော်ဇော်ကလည်း အောက်ပါအတိုင်းပြောသည်။

“မနက်ဖြန်မှာ ကျွန်တော့်ထက်ပိုကောင်းအောင်လုပ်နိုင်မယ့် တာဝန်ယူနိုင်မယ့်သူရှိရင် အချိန်မရွေး ကျွန်တော်ထွက်ပေးမယ်။ အချိန်မရွေး လာလုပ်ပါ။ ဒါပေမဲ့ တစ်ခုတော့ရှိတယ်။ ယူပြီးဖျက်ပစ်လို့တော့မရဘူး။ ရှိနေတဲ့အဆင့်ထက် ပိုကောင်းအောင် လုပ်နိုင်တဲ့ အရည်အချင်းမျိုးရှိ ဖို့လိုတယ်”

အသင်းအဖွဲ့များတွင်ဥက္ကဋ္ဌ လုပ်သူများမှာနှစ်ရှည်ဆက်တိုက် တာဝန်ယူသဖြင့် ခါးဆက်ပြတ်သွားသော ပြဿနာများဖြစ်နေကြောင်းအသင်းအချို့မှလူငယ်အသင်းဝင်များက ပြောဆိုကြသည်။

“နိုင်ငံခြားမှာ လုပ်သလို ဖွဲ့စည်းပုံလေး သတ်မှတ်ပြီးတော့ နှစ်ကြိမ် ရွေးပြီးရင် ဖယ်ပေးရမယ်ဆိုတာမျိုးပေါ့။ နောက်တစ်ခုက သူများပြောတာ မစောင့်ဘဲနဲ့ ဦးဆောင်တဲ့လူက မည်သို့ပင်ဆိုစေကာမူ ကျွန်တော်ထွက်ပါတယ်ဆိုတာ ပိုကောင်းပါတယ်” ဟုမြန်မာနိုင်ငံ တောင်သူလယ်သမားအသင်းဥက္ကဋ္ဌက ပြောသည်။

အချို့အသင်းအဖွဲ့များတွင် လက်ရှိ တည်ရှိနေသော အမှုဆောင်အဖွဲ့ကို ကြိုက်နှစ်သက်ခြင်း မရှိသဖြင့် ပြန်လည်ရွေးချယ်ရခြင်းမျိုးလည်း ရှိနေသည်။

“အရင် အလုပ်အမှုဆောင်တွေပဲ ဆက်လုပ်ကြတယ်။ အသစ်ဝင်လို့ မရအောင် အလုပ်အမှုဆောင်လုပ်ချင်ရင် ကိုယ်ကိုယ်တိုင် အဆိုပြုရမယ်လို့ ကန့်သတ်ထားတယ်။ အဲဒါကြောင့် ရွေးကောက်ပွဲ ပြန်လုပ်ပေးဖို့ တောင်းဆိုထားတယ်” ဟုဒေါ်စပယ်အောင်ကဆိုသည်။

အသင်းအဖွဲ့များ အားကောင်းလာစေရေးသည် အဆိုပါအဖွဲ့များအတွင်း လုပ်ကိုင်သည့်သူများ၏ တွေးခေါ်မြော်မြင်မှုများ အားကောင်းရန်လိုကြောင်း၊ အမှန်ကို အမှန်အတိုင်း မြင်တတ်ပြီး ဆုံးဖြတ်ချက်များ ပြတ်သားမှသာ အဆိုပါအဖွဲ့အစည်းအတွင်း ရေရှည်တည်တံ့မှုအားကောင်းနိုင်မည်ဖြစ်ကြောင်း ဦးနှင်းဦးက ပြောသည်။

ကျင်းပဆဲ လွှတ်တော်များတွင် အင်န်ဂျီအိုဆိုင်ရာ ဥပဒေများ ထွက်ပေါ်လာပါက အသင်းအဖွဲ့များ ပိုမိုအားကောင်းလာနိုင်ပြီး အသင်းအဖွဲ့များအတွင်း စီမံခန့်ခွဲမှု အားကောင်းရန် လိုကြောင်း၊ ထို့ပြင် ဘဏ္ဍာရေးနှင့်ပတ်သက်၍ တာဝန်ခံမှုများ ရှိရန်လည်းလိုကြောင်း ဒေါက်တာအောင်ထွန်းသက်က ပြောသည်။

အသင်းအဖွဲ့များ အားကောင်းလာခြင်းသည် ဆိုးကျိုးထက် ကောင်းကျိုးကိုသာ ပိုမိုဖြစ်ထွန်းစေကြောင်း၊ အသင်းအဖွဲ့များ များပြားလာခြင်းသည် ဒီမိုကရေစီစနစ်ကို ပိုမိုအထောက်အကူ ပြုကြောင်း ဦးတင်မောင်သန်းက ပြောသည်။

## စာ-၄၊ ကေအင်န်ယူခေါင်းဆောင်ပိုင်းအတွင်း ပြေလည်မှုရမှ

ထို့ကြောင့် ကရင်အမျိုးသား အစည်းအရုံးအနေဖြင့် အစိုးရနှင့် သဘောတူထားသော ဆက်ဆံရေးရုံးများ ဆက်လက်ဖွင့်သွားမည်ဖြစ်ပြီး ငြိမ်းချမ်းရေးရရှိရန် ဆက်လက်ဆောင်ရွက်သွားမည်ဟု ဖဒိုမန်းငြိမ်းမောင်က ပြောသည်။

စက်တင်ဘာလ ၂၉ ရက်က ကရင်ပြည်နယ်ဘားအံမြို့တွင် နှစ်ဖက်တပ်များဆက်သွယ်ရန် ဆက်ဆံရေးရုံးဖွင့်လှစ်ခြင်းနှင့် ပတ်သက်၍ KNU ဗဟိုက စစ်ဦးစီးချုပ်အပါအဝင်ခေါင်းဆောင် ၃ ဦးကို ထုတ်ပယ်ခဲ့သည်။

ထုတ်ပယ်ခံရသူများက မြဝတီမြို့တွင် သတင်းစာရှင်းလင်းပွဲ ပြုလုပ်ရန် စီစဉ်ခဲ့သော်လည်း ထိပ်ပိုင်းခေါင်းဆောင်များအတွင်း ပြန်လည်ညှိနှိုင်းကြမည်ဖြစ်၍ ရှင်းလင်းပွဲကို ရွှေ့ဆိုင်းခဲ့သည်။

ကရင်အမျိုးသားအစည်းအရုံး၏(၁၅)ကြိမ်မြောက်ကွန်ဂရက်ကို ၂၀၁၂ နှစ်ကုန်ပိုင်း (သို့မဟုတ်) ၂၀၁၃နှစ်ဆန်းပိုင်းတွင် ပြုလုပ်ရန်ရှိပြီး ကွန်ဂရက်တွင်ဗဟိုအလုပ်မှုဆောင်များကိုပြန်လည်ရွေးချယ်ကြမည်ဖြစ်ကြောင်း သိရသည်။

**စေတနာတိုင်းရင်းဆေးကုခန်း**

**နှာခေါင်းရောဂါအမျိုးမျိုး**

နှာခေါင်းရောဂါအမျိုးမျိုးတို့တွင် နှာခေါင်းယားယံခြင်း၊ နှာပိတ်ခြင်း၊ မကြာခဏ နှာချေခြင်း၊ ပြည်/နှပ်ရည်ထွက်ခြင်း၊ ခေါင်းကိုက်ခြင်း၊ မှတ်ဉာဏ်စွမ်းပကား လျော့နည်းလာခြင်း စသောရောဂါလက္ခဏာရှိသည်။ နှာခေါင်းရောဂါတွင် ရှုတ်တရက် နာတာရှည်နှာမှုးရောင်ရောဂါ အလာဂျီနှာမှုးရောင်ရောဂါ၊ နှာခေါင်းတွင် လှိုက်စားခြင်းကြောင့် ပြည်နံ့ရခြင်း၊ နှာခေါင်းရှိထားသော အခေါင်းရောင်ရမ်းနာ၊ နှာခေါင်းအနီးပတ်ဝန်းရှိ အခန်းအတွင်း အမြှေးပါးရောင်ခြင်းနှင့် အသားပိုထွက်ခြင်း၊ အနံ့အသက်မရခြင်းတို့ရှိသည်။ တိုင်းရင်းဆေးသမားတော်များသည် လိမ်းဆေးနှင့်သောက်ဆေးကိုသုံးပြီး တစ်ပြိုင်နက် ကုသမှုပြုခြင်းကြောင့် ဝေဒနာခံစားမှုလျှင်မြန်စွာသက်သာစေပြီး ပျောက်ကင်းမှုမြန်ဆန်သည်။ အလွယ်တကူထပ်မံမဖြစ်တော့ပါ။

(ကြာသပတေးနေ့တိုင်း ဆေးခန်းပိတ်သည်။)

အမှတ်(၁၇၀/၁)၊ ပထမသီရိ ရိပ်သာ၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၂၂၈၆၀၆၊ ၀၉-၄၃၁၇၃၁၈၈

ကုသချိန်-နံနက် ၈း၃၀ မှ ၁၁း၃၀ထိ၊နေ့လည် ၁း၀၀ မှ ၄း၃၀ ထိ

## စာ-၅၊ နေပြည်တော်တွင် တရုတ်စပ်မျိုးစပါးများ ထုတ်လုပ်ဖြန့်ဖြူးမည်ဟုဆို မှ

“မျိုးတွေကတော့ ၁၀ မျိုး၊ ၁၅မျိုးလောက် စမ်းသပ်နေတာ။ ဒီမှာ စမ်းသပ်မှုအရအထွက်ကောင်းတယ်။ ဒေသရဲ့ ရာသီဥတုနဲ့ သင့်တော်တယ်ဆိုရင် ဒီမျိုးကို ထုတ်လုပ်ပြီး ဖြန့်ဖြူးသွားမှာပါ”ဟူ၍ ဒေသခံသတင်းထောက်အချို့အား ရှင်းလင်းပြောကြားခဲ့ခြင်းဖြစ်သည်။ ၎င်းမျိုးများအား ခေတ်ခွဲခန်းတွင် စမ်းသပ်သွားမည်ဖြစ်သည်။

လက်ရှိ စမ်းသပ်လျက်ရှိသော မျိုးများအနက် သက်တမ်းရက် ၁၀၀ သာရှိသော သက်လျှင်မျိုးသည် လယ်သမားများငွေဖြစ်လွယ်ရုံသာမက သွင်းအားစုသက်သာစေခြင်း၊ အခြားသီးနှံ အတွက် ပြင်ဆင်ချိန် ပိုမိုရရှိခြင်းအပြင် မြေကြီးလည်း နားချိန်ရသည့်အတွက် အဓိကဖြန့်ဖြူးမည့်မျိုးဖြစ်ဖွယ်ရှိကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၏ ပြောကြားချက်အရ သိရသည်။

၎င်းအပြင် ရွှေသံလွင်က လုပ်ကိုင်လျက်ရှိသော ဧက ၁၀၀၊ ဧက ၄၀ အကွက်များနှင့်ပတ်သက်၍ ကုမ္ပဏီအနေဖြင့် မူလ လယ်ပိုင်ရှင်များက ရောင်းသည့်ပေါက်ဈေးဖြင့်သာ ဝယ်ယူလုပ်ကိုင်နေခြင်းဖြစ်ကြောင်း၊ ဝယ်ယူခဲ့သည့် အချိန်က တစ်ဧကလျှင် ၃၅ သိန်းခန့် ပေါက်ဈေးရှိခဲ့ကြောင်း ယခုအချိန်တွင်မူ သိန်း ၅၀ ခန့်ရှိမည်ထင်ကြောင်းလည်း ဦးစိုးတင့်က ရှင်းလင်းပြောကြားခဲ့သည်။

## စာ-၂၊ မြို့နယ်တိုင်းတွင် စိုက်ပျိုးရေးအထူးပြုကုမ္ပဏီ တစ်ခုစီ ဖွဲ့စည်းရန် စီးပွားကူးသန်းညွှန်ကြား မှ

အထူးပြုကုမ္ပဏီ ဖွဲ့စည်းလုပ်ကိုင်ရန် ငွေကြေးအရင်းအနှီး ညီညွတ်မှုစသည့်အခက်အခဲများ ရှိနေသေးသဖြင့် လတ်တလော လွယ်ကူမည်မဟုတ်သေးကြောင်း မန္တလေးမြို့ပွဲစားကုန်သည် စက်ပိုင်များ မဟာကထိန်တော်အသင်းဝင်ဖြစ်ပြီး မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီစက်လုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးသန်းထွန်းကပြောသည်။ ဦးသန်းထွန်းက “လုပ်တာတော့ လုပ်ရမယ်။ မလုပ်ရင် အကုန်မြုပ်သွားမယ်”ဟု မှတ်ချက်ပြုသည်။

မြို့နယ်အလိုက် အထူးပြုကုမ္ပဏီဖွဲ့စည်းရန် ညွှန်ကြားထားသကဲ့သို့ လိုအပ်သည့် အကူအညီများလည်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ၎င်းဝန်ကြီးဌာန မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး မန္တလေးတိုင်းဒေသကြီး တိုင်းမန်နေဂျာရုံးမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

လက်ရှိ ပြည်တွင်းအခြေအနေတွင် မြို့နယ်အလိုက် အထူးပြုကုမ္ပဏီဖွဲ့စည်းခြင်းထက် လယ်ယာထွက်ကုန်နှင့် စားသောက်ကုန်များ နိုင်ငံတကာသို့ လွယ်ကူချောမွေ့စွာ တင်ပို့ရောင်းချနိုင်ရေး GAP နှင့် FDA စစ်ဆေးထောက်ခံချက် စသည်များ လုပ်ဆောင်ပေးရန် လိုအပ်ကြောင်း မန္တလေးမြို့ခံကုန်သည်များကဆို သည်။

## စာ-၆၊ တရားရုံးအဆင့်ဆင့်တွင် လာဘ်ပေး လာဘ်ယူ လုပ်နေကြောင်း သတင်းများ တထစ်ချမမှန်ဟုဆို မှ

ထို့ပြင် တရားလွှတ်တော်ရှေ့နေဒေါ်ခိုင်ခိုင်လဲ့က “ခု အနောက်ပိုင်းခရိုင်က တရားသူကြီးကိစ္စမှာ လာဘ်ပေးလာဘ်ယူမှုကို စီစီတီဗီနဲ့ ရိုက်ပြီး အထက်ကိုရောက်သွားတာ။ ဒါလည်း မြေပြင်သတင်းကနေ တစ်ဆင့် သိရတာပဲလေ။ မြေပြင်သတင်းဆိုတိုင်းမမှန်ဘူးလို့ မပြောနိုင်ပါဘူး။ ဒါပေမဲ့ လာဘ်ပေး လာဘ်ယူကိစ္စက တရားသူကြီးမှာတင် တာဝန်ရှိတာမဟုတ်ဘူး။ ရဲ ဥပဒေအရာရှိ ပြည်သူအားလုံးမှာတာဝန်ရှိတယ်” ဟု ပြောကြားသည်။

ထို့ပြင် မြို့နယ်တရားရုံးတစ်ရုံးရှိ တရားခွင်စာရေးအမျိုးသမီးမှာ အမှုသည်ထံမှ လာဘ်ငွေတောင်းခံသည်ဟု သတင်းထွက်လာသည့်အတွက် ယခုအခါ အနောက်ပိုင်းခရိုင် တရားရုံးတွင် ခေါ်ယူစစ်ဆေးမေးမြန်းခံနေရကြောင်း အဆိုပါ မြို့နယ်တရားရုံးတွင် အမှုတစ်ခု လိုက်ပါဆောင်ရွက်နေသော အထက်တန်းရှေ့နေတစ်ဦးက ပြောသည်။ “မြေပြင်သတင်းတွေဟာ လက်တွေ့နဲ့ကိုက်ညီနေတဲ့အတွက် မြေပြင်သတင်းမို့ဆိုပြီး ဥပေက္ခာမပြုသင့်ပါဘူး။ တရားသူကြီးအားလုံးလိုလိုကို မကောင်းဘူးလို့ ပြောနေ တာတော့မဟုတ်ဘူး။ မကောင်းတဲ့ တရားသူကြီးတွေကြောင့် မှန်ကန်တဲ့ တချို့သတင်းတွေကို အချိန်မီသိပြီး ပြုပြင်နိုင်တာပဲလေ” ဟု ၎င်းကပြောသည်။

ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်၍ အဖွဲ့ဝင် ၁၅ ဦး ပါဝင်သည့် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီ ဖွဲ့စည်း ပေါ်ပေါက်ပြီးနောက်ပိုင်း တရားသူကြီးနှင့် တရားခွင်စာရေးများ နေရာပြောင်းရွှေ့ခြင်း၊ လာဘ်ယူသည့်တရားရေး ဝန်ထမ်းအချို့အား အရေးယူခြင်းများ ယခုလပိုင်းအတွင်း ဆက်တိုက် ပေါ်ပေါက်ခဲ့ကြောင်း သတင်းရရှိသည်။

Vol.11, No.34 • NOVEMBER 1 , 2012

## လေ့ကျင့်ခန်းအမြဲလုပ်သောသက်ကြီးရွယ်အိုများ မှတ်ဉာဏ်ဆုံးရှုံးမှု နည်းပါး

**အီဒင်ဘာရာ၊ အောက်တိုဘာ-၂၅**

အသက် ၇၀ နှင့်အထက် သက်ကြီးရွယ်အိုများသည် လေ့ကျင့်ခန်းပုံမှန်လုပ်ပါက ဦးနှောက်ကျုံ့ခြင်းနှင့်အတူ ဖြစ်ပေါ်သည့် မှတ်ဉာဏ်ဆုံးရှုံးမှု နည်းပါးကြောင်း စကော့တလန်မှ သုတေသီများက ပြောကြားသည်။

အီဒင်ဘာရာတက္ကသိုလ်မှ ဒေါက်တာအလန်ဂေါင်းနှင့်စိတ်ပညာရှင်များ၊ ဦးနှောက်ဓာတ်မှန်ပညာရှင်များသည် သက်ကြီးရွယ်အို ၇၀၀ ကျော်အား လေ့လာခဲ့ပြီး ၎င်းတို့အား စိတ်ပိုင်းဆိုင်ရာ လှုံ့ဆော်မှုပေးနိုင်သော စာဖတ်ခြင်း၊ လူမှုရေးအဖွဲ့များတွင် ပါဝင်ခြင်းနှင့် လေ့ကျင့်ခန်းလုပ်ခြင်း စသော လှုပ်ရှားမှုများကို လုပ်ဆောင်စေခဲ့သည်။

ယင်းမှ ထွက်ပေါ်လာသော ရလဒ်များကို ကြည့်ရှုရာတွင် ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းလုပ်ခြင်းသည် အခြားလှုပ်ရှားမှုများထက် ဦးနှောက်ကျန်းမာရေး ပိုမိုကောင်းမွန်စေကြောင်း သုတေသီများက တွေ့ရှိခဲ့သည်။

သုတေသီများက ဦးနှောက်တစ်ရှူးပမာဏနှင့် အဖြူရောင်ပစ္စည်းများ ပမာဏကို သံလိုက်လှိုင်းတန်ပြန်မှု ပုံရိပ်ဖမ်းယူခြင်း (MRI Scan) စက်များဖြင့် စနစ်တကျတိုင်းတာခဲ့ကြသည်။ ထို့ကြောင့် အသက် ၇၀ နှင့်အထက် သက်ကြီးရွယ်အိုများအနေဖြင့် ကိုယ်လက်လှုပ်ရှားမှုလုပ်ဆောင်ပါက မှတ်ဉာဏ်လျော့နည်းမှုကို ဖြစ်ပေါ်စေသည့် ဦးနှောက်ကျုံ့ခြင်းနည်းပါးသည်ကို သုတေသီများကတွေ့ရှိခဲ့ပြီး ယင်းတွေ့ရှိချက်များကို Neurology ဂျာနယ်တွင် ဖော်ပြထားသည်။

—Ref: UPI



ဓာတ်ခွဲခန်းတွင် စမ်းသပ်စစ်ဆေးနေသော စားအုန်းဆီနမူနာများ

ဓာတ်ပုံ-ကျော်ဇင်သန်း

# စားအုန်းဆီနှင့် ကျန်းမာရေး

**ဝတ်ရည်အောင်**

ပြည့်ဝဆီဖြစ်သော စားအုန်းဆီသည် ကျန်းမာရေးအတွက်မသင့်တော်ကြောင်း လူတိုင်းသိရှိကြသည်။ သို့သော် ထိုမသင့်တော်သော စားအုန်းဆီကိုသာ လူအများစု စားသုံးနေကြရပြီး လိုအပ်သည်ထက် ပို၍ကျန်းမာရေး မထိခိုက်စေရန်သာ မိမိကိုယ်မိမိဂရုပြုကြရမည်ဖြစ်သည်။

ပြည်တွင်းအတွက် တစ်လလျှင် စားအုန်းဆီ တန်ချိန် နှစ်သောင်းခွဲမှ သုံးသောင်းခွဲအထိ တင်သွင်းရပြီး အခြားနိုင်ငံများနည်းတူ ကမ္ဘာ့စားအုန်း စိုက်ပျိုးရောင်းချမှု အများဆုံးဖြစ်သည့် မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံများမှ တင်သွင်းနေသည်။ ထို့ပြင် စားအုန်းဆီနှင့် အခြားအဆီများကို အိန္ဒိယ၊ တရုတ်၊ အီးယူအပါအဝင် နိုင်ငံ တော်တော်များများကလည်း တင်သွင်းအသုံးပြုနေကြရသည်။

စားအုန်းဆီသည် မြန်မာလူထုတိုင်း မဖြစ်မနေ အသုံးပြုနေသည့် အရာဖြစ်ပြီး ယခင်အစိုးရလက်ထက်က စားအုန်းဆီတင်သွင်းမှုအား ကုမ္ပဏီတစ်ခုတည်းကသာ လုပ်ကိုင်ပြီး ထိုကုမ္ပဏီမှသာ ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချခဲ့သည်။

စားအုန်းဆီသည် အဆင့်ဆင့် သန့်စင်သည့် အခြေအနေပေါ်မူတည်ပြီး အတန်းအစားနှင့် ဈေးနှုန်းသတ်မှတ်ချက်များရှိရာ အစိုးရလက်ထက်တွင် ပိုမိုအရည်အသွေးကောင်းမွန်သည့် ဆီများတင်သွင်းနိုင်ရန် စားအုန်းဆီတွင် ပါဝင်သည့် ပစ္စည်းများ၏ သတ်မှတ်ချက်များ ပိုမိုတိုးမြှင့်လိုက်ကြောင်း ဆီတင်သွင်းသည့် ကုမ္ပဏီများက ပြောသည်။

**စာ(၁၄)သို့**

## အားဖြည့်အချိုရည်များ သောက်ပြီးနောက် လူသေဆုံးမှုများရှိခဲ့ကြောင်း အမေရိကန် FDA အဖွဲ့ပြောကြား

**ဝါရှင်တန်၊ အောက်တိုဘာ-၂၅**

အမေရိကန်နိုင်ငံတွင် လူကြိုက်များသော Monster Energy အားဖြည့်အချိုရည်များအား သောက်သုံးပြီးနောက် လွန်ခဲ့သော သုံးနှစ်အတွင်း လူငါးဦး သေဆုံးခဲ့ကြောင်း အမေရိကန်အစားအစာနှင့် ဆေးဝါး (FDA)အေဂျင်စီက ပြောကြားသည်။

နယူးယောက်တိုင်းမ်စ် သတင်းစာကမူ ယင်းအားဖြည့်အချိုရည်နှင့် လူသေဆုံးမှုများမှာ ဆက်စပ်မှုမရှိဟု သတင်းဖော်ပြသည်။

၂၀၁၁ ဒီဇင်ဘာလအတွင်း Monster Energy အားဖြည့်အချိုရည်ဘူးကြီးများ နှစ်ရက်ဆက်တိုက် သောက်သုံးပြီး သေဆုံးသွားသူ ၁၄ နှစ်အရွယ် ကျောင်းသူတစ်ဦး၏မိခင်က သတင်းလွတ်လပ်ခွင့် ဥပဒေအရ FDA ၏ မှတ်တမ်းများကို ရယူခဲ့ကြောင်း သတင်းစာတွင်ဖော်ပြပြီး မိခင်ဖြစ်သူက Monster အချိုရည်ထုတ်လုပ်သည့်ကုမ္ပဏီကို တရားစွဲဆိုထားသည်ဟု သတင်းစာတွင် ရေးသားသည်။

Monster အချိုရည်၏ အန္တရာယ်ဖြစ်နိုင်ခြေ အကြောင်းကို ကုမ္ပဏီက စားသုံးသူများအား အသိမပေးထားဟု မိခင်ဖြစ်သူက စွပ်စွဲထားသည်။ ကုမ္ပဏီပြောခွင့်ရ အမျိုးသမီးကမူ ဖျော်ရည်များကြောင့် နှလုံးရပ်သွားသည်ဆိုခြင်းကို ငြင်းဆိုထားသည်။



FDA ပြောခွင့်ရ အမျိုးသမီး ရှယ်လီဘာဂက်စ်က အခြားသေဆုံးမှုငါးခုမှာလည်း Monster အချိုရည်နှင့် ဆက်စပ်နေဖွယ်ရှိကြောင်း ပြောကြားပြီး ယင်းအချိုရည်ကြောင့် နှလုံးရောဂါဖြစ်သည့် သတင်းတစ်ခုလည်းကြားသိထားရကြောင်း၊ ကုမ္ပဏီအနေဖြင့် ယင်းသေဆုံးမှုများကို စုံစမ်းစစ်ဆေးသင့်ကြောင်းနှင့် FDA ကလည်း ကြည့်ရှုလေ့လာနေသည်ဟု ပြောကြားသည်။

—Ref: UPI







**TRADEMARK CAUTION**

Orion Corporation., a Company incorporated in Republic of Korea, at 30-10 Munbae-Dong, Yongsan-Gu, Seoul, Republic of Korea is the Owner and Sole Proprietor of the following Trade marks:-


ORION
Reg:No.4/7192/2006
Reg:No.4/8080/2009

Reg:No.4/7191/2006
Reg:No.4/8078/2009

ORION
Reg:No.4/7190/2006
Reg:No. 4/8081/2009


Reg:No.4/7185/2006
Reg:No. 4/8079/2009


Reg:No.4/7188/2006
Reg:No. 4/8073/2009


Reg:No.4/7189/2006
Reg:No. 4/8074/2009

Zangle
Reg:No.4/7200/2006
Reg:No. 4/8075/2009

Tiramisu
Reg:No.4/7203/2006
Reg:No.4/8077/2009

ChocoDiva
Reg:No.4/7202/2006
Reg:No. 4/8082/2009

Xylitol
Reg:No.4/7193/2006
Reg:No. 4/8069/2009

Custas
Reg:No.4/7204/2006
Reg:No. 4/8072/2009

POCA
Reg:No.4/7194/2006
Reg:No. 4/8068/2009

Custard
Reg:No.4/7205/2006
Reg:No. 4/8070/2009

TaBon
Reg:No.4/7195/2006
Reg:No. 4/8067/2009

FreshPie
Reg:No.4/7206/2006
Reg:No. 4/8071/2009

O' Karto
Reg:No.4/7196/2006
Reg:No. 4/8066/2009

ChocoBoy
Reg:No.4/7201/2006
Reg:No. 4/8076/2009

Bio-chew
Reg:No.4/7197/2006
Reg:No. 4/8064/2009

Goute
Reg:No.4/7198/2006
Reg:No. 4/8065/2009

Tonk
Reg:No.4/7199/2006
Reg:No. 4/8063/2009

In respect of : "Int'l Class 30 :"Chocolates, biscuits, cookies, crackers, wafers, confectionery, Corn chips, bread, pastries, cakes, pies, puddings, sherbets, ice creams, candy, caramels, chewing gum (not for medical purposes), chocolate-based beverages, coffee-based beverages, cocoa-based beverages"

Reg:No.4/7616/2006
Reg:No 4/8339/2009

ORION
Reg:No.4/7618/2006
Reg:No.4/8342/2009

Cup Cake
Reg:No.4/7619/2006
Reg:No. 4/8341/2009

O'STAR
Reg:No.4/7617/2006
Reg:No. 4/8340/2009

In respect of : "Int'l Class 30 :"Chocolates, biscuits, cookies, crackers, wafers, confectionery, Corn chips, bread, pastries, cakes, pies, puddings, sherbets, ice creams, candy, caramels, chewing gum (not for medical purposes).

Fraudulent imitation or unauthorized use of the said Trademark shall be dealt with according to law.

U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph : 371990

1.Nov.2012

# Health

7 DAY NEWS JOURNAL
Vol.11, No.34 • NOVEMBER 1 , 2012

## ကရင်နှင့် မွန်ပြည်နယ်တွင် နယ်လှည့်ကွင်းဆင်း ဆေးကုပေးမည်

**ဝတ်ရည်အောင်**

**ရန်ကုန်၊ အောက်တိုဘာ-၂၄**

လူမျိုးစုများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်အတွင်း နယ်လှည့်ကွင်းဆင်းဆေးကုသမှုပေးသည့် ဝန်ဆောင်မှုကို နိုဝင်ဘာ ၁ ရက်နေ့တွင်စတင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

"ဒီပရောဂျက်က လူမျိုးစုပေါင်းစုံစုနေတဲ့နေရာတွေကို ဦးတည်ထားတယ်။ နောက်ထပ်လည်း ရှမ်းပြည်နယ်ကို ထပ်တိုးချဲ့ဖို့စီစဉ်ထားတယ်"ဟု မြန်မာနိုင်ငံဆရာဝန်အသင်းဥက္ကဋ္ဌ ဒေါက်တာကျော်မြင့်နိုင်က ပြောသည်။

မြန်မာနိုင်ငံ ဆရာဝန်အသင်းနှင့် ဂျပန်နိုင်ငံ Nippon ဖောင်ဒေးရှင်းတို့ပူးပေါင်းဆောင်ရွက်မည့် စီမံကိန်းကာလ ငါးနှစ်အတွင်း တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ တစ်သန်းအသုံးပြု၍ ကရင်ပြည်နယ်ရှိလှိုင်းဘွဲ့မြို့နယ်၊ ကော့ကရိတ်မြို့နယ်၊ မွန်ပြည်နယ်အတွင်းရှိ ကျိုက်ထိုမြို့နယ်၊ သံဖြူဇရပ်မြို့နယ်များအတွင်းရှိ ကျေးလက်ဒေသများအထိသွားရောက်၍ အခမဲ့ဆေးကုသဝန်ဆောင်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ဒေါက်တာ ကျော်မြင့်နိုင်က ပြောသည်။

ထိုပြည်နယ်နှစ်ခုတွင်အခြေစိုက်၍ ကျေးရွာများသို့ နေ့စဉ်လှည့်လည်ဆေးကုသပေးမည်ဖြစ်ပြီး ဆေးရုံသို့ သွားရောက်ကုသရမည့် ရောဂါများရှိပါက သက်ဆိုင်ရာဆေးရုံများသို့ ပို့ဆောင်ကာ ဆေးရုံကုန်ကျငွေများအတွက်ပါ ကျခံဆောင်ရွက်ပေးမည်ဖြစ်ကြောင်းစီမံကိန်းမန်နေဂျာဒေါက်တာတင်ဝင်းကျော်က ပြောသည်။

မြို့နယ်တစ်ခုချင်းစီတွင် ဆရာဝန် နှစ်ဦးအပါအဝင် လူနာတင်ယာဉ်ပါစီစဉ်ထားပေးထားပြီး ပဏာမကျန်းမာရေးစောင့်ရှောက်မှုနှင့်အတူ မိခင်နှင့် ကလေးသေဆုံးနှုန်းအားလျှော့ချနိုင်ရန် အဓိကရည်ရွယ်ကြောင်း သတင်းရရှိသည်။

## စာ-၁၃၊ စားအုန်းဆီနှင့် ကျန်းမာရေးမှ

လွန်ခဲ့သည့် တစ်နှစ်ကျော်ခန့်မှစ၍ တစ်ဦးတည်းတင်သွင်းခွင့်မပြုတော့ဘဲ စားအုန်းဆီတင်သွင်းချင်သည့် ကုမ္ပဏီများအား အများပိုင် ခွင့်ပြုပေးခဲ့ရာ ယခုအချိန်တွင်ကုမ္ပဏီ၁၅ခုခန့်ကတင်သွင်းရောင်းချနေပြီး ယခင်က စားအုန်းဆီထက် အရည်အသွေးပိုင်းဆိုင်ရာများ တိုးတက်လာကြောင်း ဆီလုပ်ငန်းဆိုင်ရာ လုပ်ငန်းရှင်များက ပြောကြားကြသည်။

"အရင်တုန်းက ဆီကတော့ ရိုးရိုးကြည့်လိုက်တာနဲ့ကို အရောင်ကသိသာတယ်။ စစ်စရာမလိုဘူး။ အညံ့တွေများနေတယ်။ အခုကတော့ မတွေ့တော့ဘူး။ အများတင်သွင်းခွင့်လည်း ပေးထားတော့ပိုကောင်းလာတယ်"ဟုဈေးကွက်အတွင်း ရောင်းချနေသည့် စားအုန်းဆီများအား လစဉ်ဓာတ်ခွဲစစ်ဆေးနေသည့် ဆီလုပ်ငန်းရှင် ဦးခင်စိုးက ပြောသည်။

ယခုဈေးကွက်အတွင်း တင်သွင်းဖြန့်ချိနေသည့် စားအုန်းဆီတွင် ယခင်က မှုန်ဝါးနှုန်း(Cloud Point) ၁၀ ဒီဂရီစင်တီဂရိတ်မှ ယခု ၈ ဒီဂရီစင်တီဂရိတ်အထိ သတ်မှတ်ထားသည့်အတွက် ပိုမိုကြည်လင်လာသည့်အပြင် ခဲသည့်အပူချိန်သတ်မှတ်ချက်ကိုလည်း မြင့်ထားသည့်အတွက် ယခင်ခဲသည့် အပူချိန်တွင် အလွယ်တကူမခဲနိုင်ကြောင်း သိရသည်။

"အရင်က သွင်းခဲ့တဲ့ စားအုန်းဆီထက် အခုသွင်းနေတဲ့စားအုန်းဆီက တစ်တန်ကို ဒေါ်လာ ၂၀ ကနေ ၂၅ လောက်အထိ ကွာတယ်။ ဈေးကွာတဲ့အတွက် ပိုအဆင့်ဆင့် သန့်စင်ထားတဲ့ဆီတော့ဖြစ်တာပေါ့" ဟု စားအုန်းဆီတင်သွင်းနေသည့် Wilmar Trading Pte Ltd. မှ ဦးထွန်းမြင့်ကပြောသည်။

"ဒါပေမဲ့ အဲဒါက အမြင်တစ်ခုပါပဲ။ အရင်ထက် ပိုကြည်တယ်။ လွယ်လွယ်နဲ့ မခဲတော့ဘူးပေါ့။ အထဲမှာပါတဲ့ အရာတွေကတော့မပြောင်းလဲပါဘူး"ဟုဦးထွန်းမြင့်က ဆက်လက်ပြောသည်။

စားအုန်းဆီသည် ခန္ဓာကိုယ်အတွင်း ပမာဏများစွာ ရောက်ရှိသွားသည့်အခါ နှလုံးသွေးကြောပိတ်ခြင်း၊ လေဖြတ်ခြင်း ဖြစ်ပွားမှုကို များစေကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်းများကဆိုပြီး ကိုလက်စထရောလ်များခြင်း စသည့်ရောဂါများလည်း ဖြစ်ပွားစေနိုင်ကြောင်း သိရသည်။

သင့်တော်အောင် စနစ်တကျ သန့်စင်ထုတ်လုပ်ထားသော စံချိန်မီစားအုန်းဆီများတွင်ပင် ပြည့်ဝဆီပါဝင်မှုအတွက်အန္တရာယ်ရှိသော အခြေအနေတွင် အရောအနှောမကင်း၊ စံချိန်မမီစားအုန်းဆီများက နဂိုအခြေအနေထက် ပိုမိုဆိုးဝါးစေမည်ဖြစ်ကြောင်း ပါမောက္ခဒေါက်တာနေဝင်းက ပြောသည်။ အဆီသည် ခန္ဓာကိုယ်ဇီဝကမ္မ ဖြစ်စဉ်များအတွက် လိုအပ်သော အဓိကအာဟာရကြီး သုံးခုအနက် တစ်ခုဖြစ်သည်။ အဆီသည်ခန္ဓာကိုယ်အတွက် အားအင်(ကယ်လိုရီ)ကိုပေးပြီး မရှိမဖြစ်ဟော်မုန်းများ ထုတ်လုပ်ရန်နှင့် ဆဲလ်နံရံများတည်ဆောက်ရာတွင် မရှိမဖြစ် လိုအပ်သည်။

ထိုသို့မဖြစ်မနေ အသုံးပြုရသည့် ဆီသည် ပုံမှန်ထက် များပြားခြင်း၊ ခန္ဓာကိုယ်အတွက် အန္တရာယ်ဖြစ်စေသည့် အရာများပါဝင်မှုများပြားခြင်းမှတစ်ဆင့် နောက်ဆက်တွဲရောဂါများ ဖြစ်ပွားစေသည့်အတွက် ဂရုပြုစားသုံးကြရန် သတိပေးခြင်းများ ဆောင်ရွက်နေခြင်းဖြစ်သည်။

နောက်ဆက်တွဲ ကျန်းမာရေးပြဿနာများ ဖြစ်ပေါ်လာခြင်းသည် ကိုလက်စထရောလ်နှင့် ပြည့်ဝဆီတို့သည် သွေးတွင်းရှိ မကောင်းသော အဆီပမာဏကို မြင့်တက်စေပြီး မပြည့်ဝဆီ အမျိုးအစားသည် ထိုအဆီပမာဏကို လျှော့နည်းစေခြင်းဖြစ်၍ ပြည့်ဝဆီသည် ကျန်းမာရေးအတွက် မကောင်းဘဲမပြည့်ဝဆီသည်ကျန်းမာရေးအတွက် ကောင်းမွန်သည်ဟု ဆိုခြင်းဖြစ်ကြောင်း ဒေါက်တာနေဝင်းကပြောသည်။

စားသုံးဆီတွင် ဓာတုဗေဒဖွဲ့စည်းပုံပေါ်မူတည်ပြီး အပူချိန်တစ်ခုတွင် ခဲလွယ်သည့် ပြည့်ဝဆီနှင့် အခန်းအပူချိန်တွင် ခဲလေ့မရှိသည့် မပြည့်ဝဆီတို့ရှိပြီး ကျန်းမာရေးအတွက် သင့်တော်သည့် မပြည့်ဝဆီအမျိုးအစားထဲတွင်ပါဝင်သည့် ပဲဆီသည် ပြည်တွင်းတွင် ထုတ်လုပ်ရောင်းချနိုင်သော်လည်း ဈေးနှုန်းချိုသာသည့် စားအုန်းဆီဈေးကွက်အား လုံးဝမတိုးနိုင်သည့်အတွက် ပြည်တွင်းရှိ ဆီစက်လုပ်ငန်းများမှာ ရပ်ဆိုင်းလုနီးပါးအထိ ဖြစ်နေသည်မှာ နှစ်ကြာမြင့်နေပြီဖြစ်ကြောင်း သိရသည်။

စားအုန်းဆီဈေးသက်သာခြင်းသည် ဝယ်လိုအားမြင့်စေရန်အတွက် အဓိကဆွဲဆောင်မှုတစ်ရပ်လည်းဖြစ်ပြီးပြည်ပမှတင်သွင်းသည့် စားအုန်းဆီနှင့် ပြည်တွင်းရှိ ပဲဆီဈေးနှုန်းသည် နှစ်ဆမှသုံးဆအထိကွာခြားနေသည့်အပြင် စားအုန်းဆီသည် အကြော်ခံခြင်း၊ ရေရှည်အသုံးခံခြင်းများကြောင့် ပိုမိုလူကြိုက်များသည်။

ပြည်တွင်းရှိပဲဆီနှုန်းမြင့်မားနေသည့်အတွက် လက်လှမ်းမီသည့်သူ အလွန်နည်းပါးပြီး ပဲဆီအား ပိုမိုလက်လှမ်းနိုင်ရန် ဈေးနှုန်းကွာဟချက်နည်းပါးအောင်ဆောင်ရွက်ခြင်းသည်လည်း နည်းလမ်းတစ်ခုဖြစ်နိုင်ကြောင်း ရောဝတီမြေပဲဆီမှ ဦးခင်စိုးက ပြောသည်။

"အခုအချိန်မှာ ဈေးနှုန်းချရောင်းတယ်ဆိုရင်တောင် ကုန်ကြမ်းဝယ်ရတဲ့အနေအထားအရဘယ်လိုမှ ကွာခြားချက် ငါးရာ၊ တစ်ထောင်အထိတောင် ချလို့မရဘူးဖြစ်နေတယ်။ အဲဒီတော့ပဲဆီကိုဈေးလည်းသက်သာ ကိုယ့်အတွက်လည်းကျန်အောင်ပဲဆီနဲ့စားအုန်းဆီနဲ့ ရောရောင်းရတာတွေလည်းရှိတယ်"ဟု မြေပဲဆီရောင်းချသူတစ်ဦးက သူ၏အခက်အခဲကို ပြောသည်။

နိုင်ငံအများအပြားတွင် စားအုန်းဆီ သုံးစွဲနေကြသော်လည်း ပြည်တွင်းတွင် တရားမဝင် လမ်းကြောင်းများမှ ဝင်ရောက်လာသည့် မည်သည့်ဆီအမျိုးအစားနှင့်မျှ ကိုက်ညီမှုမရှိသည့် ဆီအရောများအား ပြန်လည်ပြုပြင်ထားသော ဆီများဝင်ရောက်နေခြင်းများကြောင့်ယခင်ကတည်းက ကျန်းမာရေးအတွက် အန္တရာယ်ရှိသည့်အခြေအနေတွင်ပိုမိုဆိုးရွားသော ကျန်းမာရေး ပြဿနာများ တိုးပွားလာနိုင်သည့်အတွက်တိကျသော စစ်ဆေးအရေးယူမှုများဖြင့် ကာကွယ်တားဆီးရမည့်အခြေအနေဖြစ်သည်။

ပုံမှန်ဝင်ငွေရှိသူများအတွက် ဈေးသက်သက်သာသာဖြင့် ရနိုင်သော၊ တွက်ခြေကိုက်စေသော၊ ဈေးသက်သာသည့် အရာများအား သဘောကျသော်လည်း သတိရှိရှိ၊ ဆင်ဆင်ခြင်ခြင်ဖြင့် စားသုံးကြရန် ဒေါက်တာနေဝင်းကပြောသည်။

**ရွှေနန်းတော်**
အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး
"လုံခြုံမှုက ပထမ ဝန်ဆောင်မှုက အဓိက"
" ဖုန်းတစ်ချက်ဆက်လိုက်ရုံနှင့် လက်မှတ်များကို အိမ်တိုင်ရာရောက် လိုက်ပို့ပေးနေပါသည် "
ရန်ကုန် ၀၁ - ၆၃၇၆၆၆၊ ၂၁၄၁၄၈၊ ၀၉ ၇၃၀ ၅၈၀၂၂၊ ၀၉ ၄၂၀၀ ၁၁၁၂၄၊ ၂၅၊ ၂၆
မန္တလေး ၀၉ ၄၀၂၅၄၅၆၇၇၊ ၀၉ ၄၄၄၀ ၁၁၁၈၂၊ ၈၃၊ ၈၄၊ ၀၉ ၄၀၂၅၄၅၆၉၉




"VIP ကားများကို (နံနက်/ည) နေ့စဉ် ပြေးဆွဲပေးနေပါပြီ။"



ရွှေနန်းတော်အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး၏ ဝန်ဆောင်မှုများ

Regional

7Day News Journal

Vol.11, No.34 • NOVEMBER 1 , 2012

# နှစ်ရက်တစ်ယောက်နှုန်း လူသေစေသော ယာဉ်တိုက်မှုလျော့နည်းစေရန် လုပ်ဆောင်နေဟုဆို

**မောင်တာ**

**မန္တလေး၊ အောက်တိုဘာ-၂၇**

မန္တလေးခရိုင် ခုနစ်မြို့နယ်တွင် နေ့စဉ်ဖြစ်ပွားလျက်ရှိသော ယာဉ်တိုက်မှုများကြောင့်ပြင်းထန်သော ထိခိုက်ဒဏ်ရာရမှုများနှင့် ပုံမှန် နှစ်ရက်တစ်ယောက်နှုန်း လူသေဆုံးမှုများရှိနေ၍ ယာဉ်တိုက်မှုများ လျော့နည်းကျဆင်းစေရန် အထူးအလေးထား၍ နည်းမျိုးစုံသုံး ဆောင်ရွက်လျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီဝင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (မန္တလေးတိုင်း) ဦးစီးမှူး ဦးသိန်းဦးက ပြောသည်။

ယာဉ်တိုက်မှုများ လျော့နည်းကျဆင်းစေရန် လမ်းနှင့်မော်တော်ယာဉ်စီးနင်းအသုံးပြုသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးခြင်း၊ လမ်းဆုံလမ်းခွနှင့် ယာဉ်တိုက်မှုအဖြစ်များသော နေရာများတွင် မီးပွိုင့်နှင့် လမ်းညွှန်အမှတ်အသားများ တိုးချဲ့တပ်ဆင်ခြင်း၊ စည်းကမ်းမဲ့ မော်တော်ယာဉ်စီးနင်းမောင်းနှင်သူများအား ကြပ်မတ်စွာ စိစစ်အရေးယူခြင်းများ လုပ်ဆောင်နေကြောင်း ဦးသိန်းဦးကပြောသည်။

မန္တလေးခရိုင်အတွင်း ၂၀၁၂ ဇန်နဝါရီလမှ စက်တင်ဘာလအထိ ယာဉ်တိုက်မှု ၄၁၁ မှုဖြစ်ပွားခဲ့ပြီး ၁၄၂ ဦးသေဆုံးကာ ၅၅၁ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

၂၀၁၁ ခုနှစ် အလားတူ ကာလနှင့် နှိုင်းယှဉ်လျှင် နှစ်ဆနီးပါး မြင့်တက်လာခြင်းဖြစ်ပြီး ယာဉ်တိုက်မှုကြောင့်နှစ်ရက်တစ်ယောက်နှုန်း လူသေနေပြီး တစ်ရက်နှစ်ယောက်နှုန်း ထိခိုက်ဒဏ်ရာရနေကြောင်း မန္တလေးတိုင်းဒေသကြီး ယာဉ်ထိန်းရဲတပ်ဖွဲ့မှူးရုံး၏ စာရင်းဇယားများအရ သိရသည်။

ယာဉ်တိုက်မှု အများဆုံးဖြစ်ပွားနေသော မြို့နယ်များမှာ မန္တလေးမြို့လယ်အဖြစ် သတ်မှတ်ထားသည့် မဟာအောင်မြေမြို့နယ်နှင့် ယာဉ်ထိန်းရဲများက စည်းကမ်းကြပ်မတ်နိုင်မှု အားနည်းသည့် အမရပူရမြို့နယ်များဖြစ်ကြောင်း၊ ယာဉ်တိုက်မှုများတွင် အသက် ၁၈ နှစ်မှ ၄၀ ကြား ယာဉ်အသုံးပြုသူများ အများဆုံးဖြစ်ပွားပြီး ညနေ ၆ နာရီမှ ည ၁၂ နာရီကြားအချိန်တွင် ယာဉ်တိုက်မှုအများဆုံးဖြစ်ပွားကြောင်း မန္တလေးတိုင်းယာဉ်ထိန်းရဲတပ်ဖွဲ့၏ စာရင်းဇယားများအရ သိရသည်။



**ဆိုင်ကယ်မြို့တော် မန္တလေးမြို့တစ်နေရာ**

ယခုနှစ် ၁၀ လအတွင်း ဖြစ်ပွားသော ယာဉ်တိုက်မှု ၄၄၁ မှုတွင် ဆိုင်ကယ်ပါဝင်သော ယာဉ်တိုက်မှုမှာ အများဆုံးဖြစ်ပြီး ၂၆၇ မှုအထိ ရှိခဲ့ကြောင်း ယာဉ်ထိန်းရဲရုံးမှသိရသည်။

ယာဉ်တိုက်မှုများ ပိုမိုဖြစ်ပွားနေရခြင်းမှာ ယာဉ်စီးရေတိုးပွားများပြားလာခြင်းနှင့်စည်းကမ်းမဲ့မော်တော်ယာဉ် စီးနင်းအသုံးပြုခြင်း၊ တစ်ဖက်ပိတ်၊ တစ်လမ်းမောင်းများသည့် မန္တလေးမြို့၏ လမ်းကြောရှုပ်ထွေးမှုများကြောင့်ဖြစ်ကြောင်း မန္တလေးမြို့ခံများက ဆိုသည်။

"မန္တလေးမှာ လမ်းသွားရတာ အရမ်းအန္တရာယ်များတယ်။ ယာဉ်တိုက်မှုဖြစ်တာတွေကလည်း နေ့စဉ်နီးပါးကို မြင်တွေ့နေရတယ်။ ဆိုင်ကယ်စီးရင်းလမ်းသွားရင် အသက်ကို ဖက်နဲ့ထုပ်ထားရသလို ခံစားရတယ်" ဟု ရန်ကုန်မြို့မှမန္တလေးမြို့သို့ခေတ္တလာရောက်နေထိုင်သည့် အသက် ၃၀ အရွယ် အမျိုးသားတစ်ဦးက ပြောကြားသည်။

က. ည. န၊ ယာဉ်ထိန်းရဲ၊ ပို့/ဆက်၊ မန္တလေးတိုင်းလမ်းပန်းဝန်ကြီးဌာန၊ မန္တလေးစည်ပင်၊ စည်ပင်ရဲ၊ ယ. က. က စသည့်ဌာနခုနစ်ခုပူးပေါင်းကာ မန္တလေးတိုင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှု ကော်မတီဖွဲ့စည်းကာ မန္တလေးမြို့ ယာဉ်အန္တရာယ် ကင်းရှင်းရေး လုပ်ဆောင်နေကြောင်း ၎င်းကော်မတီဝင်များက ပြောသည်။

"ကျွန်တော်တို့ လုပ်နေပါတယ်။ ဒီလကစပြီး မန္တလေးမြို့ ၁၉ လမ်းနဲ့ သိပ္ပံလမ်းကြား၊ ၆၂ လမ်းနဲ့ ကမ်းနားလမ်းကြား အဲဒီမှာ အဖွဲ့လေးဖွဲ့ခဲ့ပြီး ယာဉ်တိုက်မှုလျော့ကျဖို့ စစ်ဆေးအရေးယူတာ၊ ပညာပေးတာတွေ လုပ်နေပါတယ်" ဟု ဦးသိန်းဦးက ပြောသည်။

ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင် အင်အား နည်းပါးသောကြောင့် စည်းကမ်းကြပ်မတ်မှုကို စနစ်တကျမလုပ်နိုင်ကြောင်း ယာဉ်ထိန်းရဲအရာရှိတစ်ဦးက ၎င်း၏အခက်အခဲကို ပြောသည်။

မန္တလေးခရိုင်အတွင်း ၂၀၀၉ မှ ၂၀၁၂ ခုနှစ် စက်တင်ဘာလအထိ ဖြစ်ပွားခဲ့သော ယာဉ်တိုက်မှုများကြောင့် လူ ၄၅၇ ဦး သေဆုံးခဲ့ပြီး လူ ၁၆၄၅ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ယာဉ်ထိန်းရဲရုံး၏ စာရင်းများအရသိရသည်။

## တာတာနာနိုကားများ ပြည်တွင်းဈေးကွက်တွင် ရောင်းချနိုင်ရန် စီစဉ်

**စိုင်းသာအောင်**

**မန္တလေး၊ အောက်တိုဘာ-၂၆**

အိန္ဒိယနိုင်ငံ TATA Motor Group မှထုတ်လုပ်သည့်တာတာနာနိုကားများမြန်မာနိုင်ငံဈေးကွက်တွင် တင်သွင်းရောင်းချနိုင်ရန် မန္တလေးအခြေစိုက်ကုမ္ပဏီတစ်ခုမှ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တာတာနာနိုကားများမြန်မာနိုင်ငံဈေးကွက်တွင် တင်သွင်းရောင်းချနိုင်ရန်အတွက် တာတာအုပ်စုမှ အရှေ့တောင်အာရှ တာဝန်ခံနှင့် မြန်မာနိုင်ငံ ဈေးကွက်တာဝန်ခံအစရှိသူများနှင့် ဆွေးနွေးပြီးဖြစ်ကြောင်း အောင်ကောင်းကျော်ကုမ္ပဏီမှ ဥက္ကဋ္ဌဦးကျော်ဝေက ပြောသည်။

ကားများတင်သွင်းရောင်းချပါက ဆိပ်ကမ်းအရောက် CIF တန်ဖိုးနည်းပါက တစ်စီးလျှင် ကျပ် ၆၅ သိန်းခန့်နှင့် ရောင်းချနိုင်မည်ဖြစ်ပြီး CIF တန်ဖိုး တန်းတူအခွင့်အရေးမရပါက ကားတစ်စီးလျှင် ကျပ်သိန်း ၁၀၀ ခန့်ရှိသွားမည်ဖြစ်ကြောင်း ဦးကျော်ဝေက ဆက်လက်ပြောသည်။

## ကြေးနီသတ္တုတူးဖော်ရေး စီမံကိန်းတွင် သုံးသပ်ချက်စစ်တမ်း ကောက်ယူရန်လို

**ရန်နိုင်ကျော်**

**မုံရွာ၊**


**အောက်တိုဘာ-၂၆**

မုံရွာမြို့၊ ကြေးနီသတ္တုတွင်း စီမံကိန်းနှင့် ပတ်သက်၍ ပထမအကြိမ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲအားအောက်တိုဘာ ၂၃ရက်တွင် ကျင်းပခဲ့ရာ ကြေးနီသတ္တုတွင်း တူးဖော်ရေးလုပ်ငန်းများတွင်သဘာဝပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်မှု သုံးသပ်တင်ပြချက် (Environmemtal Impact Assessment E.I.A) စစ်တမ်းကောက်ယူခြင်းသည် လူမှု ဆက်ဆံရေးအပေါ် အကျိုးသက်ရောက်မှုသုံးသပ်တင်ပြချက် (Social Impact Assessment S.I.A) အတွက် များစွာအထောက်အကူပြုစေသဖြင့် ကုမ္ပဏီနှင့် ကျေးရွာဒေသခံလူထုအကြားဖြစ်ပေါ်နေသော ပြဿနာများအား ဖြေရှင်းပေးနိုင်မည်ဖြစ်ကြောင်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆွေးနွေးပွဲ တက်ရောက်လာသော ပညာရှင်များက ပြောကြားသည်။

"ကြေးနီစီမံကိန်း အနေနဲ့ နိုင်ငံတကာသဘာဝပတ်ဝန်းကျင်အဖွဲ့အစည်းတွေပါဝင်တဲ့ (E.I.A) စစ်တမ်းကောက်ယူဖို့လိုပါတယ်။ အဲဒီ (E.I.A) စစ်တမ်းကို ပြည်သူကိုချပြဖို့ အထောက်အကူပြုစေမှာဖြစ်ပါတယ်" ဟု ပထမအကြိမ် မုံရွာမြို့၊ ကြေးနီသတ္တုတွင်း စီမံကိန်းနှင့် ပတ်သက်၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်လာသော ပညာရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။

စံပယ်တောင်၊ကြေးစင်တောင်နှင့်လက်ပန်းတောင်းတောင်ကြေးနီ စီမံကိန်းများအတွက် နိုင်ငံတကာသဘာဝပတ်ဝန်းကျင်ဆိုင်ရာ အဖွဲ့အစည်းများနှင့် (E.I.A) စစ်တမ်းတစ်ခုကို ၁၉၉၇ ခုနှစ်တွင် အိုင်ဗင်ဟိုး ကုမ္ပဏီလက်ထက်၌ MINPROP ကုမ္ပဏီနှင့် စစ်ဆေးခဲ့ပြီး ၂၀၀၄ ခုနှစ်တွင် စင်ကာပူနိုင်ငံ တက္ကသိုလ်တစ်ခုက ပညာရှင်များနှင့်စစ်ဆေးခဲ့ကာ ၂၀၁၂ ခုနှစ်တွင် လက်ပန်းတောင်းနှင့် ပတ်သက်သည့် (E.I.A) အသေးစိတ်စစ်ဆေးရန် ဩစတြေးလျနိုင်ငံက ကုမ္ပဏီနှစ်ခုနှင့် မြန်မာကုမ္ပဏီတစ်ခု ကမ်းလှမ်းထားကြောင်း မြန်မာဝမ်ပေါင် ကုမ္ပဏီမှ ဦးအောင်ဇော်လင်းက ပြောကြားသည်။

*စာ(၁၈) သို့*



7DAY NEWS JOURNAL
Vol.11, No.34 • NOVEMBER 1 , 2012

# မန္တလေးတိုင်းဒေသကြီးအတွင်း ရွာသွန်းသည့်မိုးရေချိန် ယခင်နှစ်ထက် ထက်ဝက်လျော့နည်း

**မောင်တာ**

**မန္တလေး၊ အောက်တိုဘာ-၂၇**

မန္တလေးတိုင်းဒေသကြီးအတွင်း ယခုနှစ်တွင် မိုးရွာသွန်းမှုနည်းပါးခဲ့ပြီး ၂၀၁၂ ခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာ ၂၃ ရက်အထိ မိုးရေချိန် ၂၂ ဒသမ ၇၁ လက်မ ရွာသွန်းခဲ့ရာ ယခင်နှစ်အလားတူကာလ ရွာသွန်းမှုထက် ထက်ဝက်နီးပါး လျော့နည်းခဲ့ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း မိုးဆက်လက်ရွာသွန်းနိုင်ဖွယ် အခြေအနေများ ရှိနေသေးသော်လည်း ပြီးခဲ့သော ဇန်နဝါရီလမှ သြဂုတ်လအထိ ရွာသွန်းခဲ့သော မိုးရေချိန်မှာ အလွန်နည်းပါးခဲ့ကြောင်း၊ ယခုရွာသွန်းခဲ့သော မိုးရေချိန် ၂၂ ဒသမ ၇၁ လက်မတွင် မိုးပုံမှန်ရွာသွန်းမြဲအတိုင်း ရွာသွန်းခဲ့ခြင်းမဟုတ်ဘဲ တစ်ရက်တည်း၊ တစ်နေရာတည်းတွင် မိုးရေချိန်လက်မများစွာ ရွာသွန်းခဲ့မှုများ ရှိခဲ့၍သာ ယခုလောက်အထိ မိုးရေချိန် လက်မများပြားခဲ့ခြင်းဖြစ်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန မန္တလေးတိုင်းဒေသကြီးမှ ညွှန်ကြားရေးမှူးက ပြောသည်။

ရွာသွန်းသည့် မိုးရေချိန် လက်မနည်းပါးခြင်း၊ ပုံမှန်မိုးရွာသွန်းခြင်း မရှိသောကြောင့် မန္တလေးတိုင်းအတွင်းမိုးကောင်းလယ်ယာမြေများတွင် စိုက်ပျိုးသော ပဲ၊ နှမ်းများ ပျက်စီးပြီးအထွက်နှုန်း လျော့ခဲ့ကြောင်း မန္တလေးတိုင်းအတွင်းမှတောင်သူများနှင့်ကုန်သည်များက ပြောသည်။

"နှမ်းရိတ်ပြီးပြီ။ မိုးမကောင်းတော့ နှမ်းတွေက အပိန်များပြီး အထွက်နှုန်းလျော့တယ်"ဟုမန္တလေးတိုင်း ကျောက်ဆည်မြို့နယ် နောင်ခန်းရွာမှ တောင်သူဒေါ်တင်ရွှေကပြောသည်။

မိုးဦးသီးနှံများ အောင်မြင်ဖြစ်ထွန်းရမည့် အချိန်တွင် မိုးရွာသွန်းမှုနည်းခဲ့၍ နှမ်းအထွက်နှုန်း ၅၀ ရာခိုင်နှုန်းခန့် လျော့နည်းခဲ့ကြောင်း ကျောက်ပန်းတောင်းဒေသအပါအဝင်ညောင်ဦးဒေသတွင်ပါအထွက်လျော့ခဲ့ကြောင်းကျောက်ပန်းတောင်းမြို့မှ ဆီစက်လုပ်ငန်းရှင်နှင့်ကုန်သည်ဦးဆန်းဝင်းအောင်က ပြောသည်။

မိုးသီးနှံအထွက်လျော့ခဲ့၍ ဆောင်းသီးနှံအထွက်နှုန်းကောင်းရန် တောင်သူများ မျှော်လင့်နေကြကြောင်း မြင်းခြံမြို့မှ ကုန်သည်နှင့်ဆီစက်ပိုင်ရှင် ကိုအောင်ကျော်ကျော်က ဆိုသည်။

မြန်မာနိုင်ငံ အလယ်ပိုင်းဒေသရှိပဲ၊ နှမ်းစိုက် လယ်ယာမြေများမှာ ဆည်ရေသောက် ရေသွင်းစိုက်ပျိုးသည့် လယ်ယာမြေနည်းပါးပြီး မိုးရွာသွန်းမှု ရာသီဥတုအခြေအနေပေါ်ကို အဓိကမှီခိုစိုက်ပျိုးနေရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ရွာသွန်းသော ပျမ်းမျှမိုးရေချိန်မှာ ၃၀ ဒသမ ၃၇ လက်မဖြစ်ကာပြီးခဲ့သည့်နှစ်က မန္တလေးတိုင်းအတွင်း မိုးရေချိန် ၄၃ ဒသမ ၃၅ လက်မ ရွာသွန်းခဲ့ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

# သစ်ပင်ပေါ် ပျားတက်ဖွပ်သူတစ်ဦး ကေဗွီလျှပ်စစ်ကြိုးပေါ် ပြုတ်ကျသေဆုံး

**မျိုးမင်းဦး**

**မုံရွာ၊ အောက်တိုဘာ-၂၆**

မုံရွာမြို့ သလ္လာမြို့သစ်ရပ်ကွက် တိုင်းရင်းဆေးရုံလမ်းမကြီး (ဘုရင့်နောင်လမ်း)ပေါ်ရှိစမိုင်းလ်မိတ္တူဆိုင်အနီး လမ်းဘေးသစ်ပင်ကြီးများပေါ် ပျားတက်ဖွပ်သူတစ်ဦးသည် ပျားဖွပ်နေရာမှ သစ်ပင်အောက်ရှိ 11 KV လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး လျှပ်စစ်ကြိုးပေါ်သို့ ပြုတ်ကျသေဆုံးမှုတစ်ခု အောက်တိုဘာ ၂၅ ရက် နေ့လယ်နှစ်နာရီခွဲအချိန်ခန့်တွင် ဖြစ်ပွားခဲ့သည်။

"နေ့လယ် နှစ်နာရီလောက်က မယ်ဇလီပင်ပေါ်က ပျားအုံကို အပင်ပေါ်တက် မီးခိုးတိုက်နေတာတွေ့တယ်။ ခဏနေတော့ သစ်ပင်ပေါ်ကနေ ပြုတ်ကျပြီး သေနေတာတွေ့တယ်။ ပျားအုံကို ဖွပ်ချင်တဲ့ဇောနဲ့ မီးခိုးတိုက်တာ လက်ပူပြီးအရှိန်မထိန်းနိုင်လို့ ပြုတ်ကျတာဖြစ်နိုင်တယ်" ဟု အခင်းဖြစ်ပွားရာ နေရာအနီး မျက်မြင်ကြုံတွေ့ခဲ့ရသူတစ်ဦးက ပြောသည်။

"ဒီလူတွေက ရပ်ကွက်တွေထဲမှာ ပျားဖွပ်တဲ့လူတွေပါ။ ဘယ်ကလာတယ်။ ဘယ်သူဘယ်ဝါဆိုတာတော့ စုံစမ်းနေဆဲပါ။ လျှပ်စစ်ဓာတ်အားလိုင်းတွေ ပြတ်တောက်သွားတာ အခုသက်ဆိုင်ရာက အမြန်ဆုံးပြုပြင်နေပါပြီ။ အလောင်းကိုတော့ ဆေးရုံမှာ ဆေးစစ်ချက်တွေယူဖို့ သယ်သွားပါပြီ"ဟု အဆိုပါအမှုကို လာရောက်စစ်ဆေးသော မုံရွာမြို့ အမှတ်(၂) ရဲတပ်ဖွဲ့စခန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။










# အစိုးရဝန်ထမ်း သင်တန်းသား ၅၀၀ ကို နှစ်စဉ် အိန္ဒိယခေါ်ယူမည်

**သန်းထူး**

**နေပြည်တော်၊ အောက်တိုဘာ-၁၉**

မြန်မာနိုင်ငံ၏ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် အိန္ဒိယ စီးပွားရေးနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်အရ မြန်မာနိုင်ငံမှ သင်တန်းသား ၂၅၀ ဦး လက်ခံခေါ်ယူခဲ့ပြီး ယခုနှစ်မှစ၍ ၅၀၀ ဦးအထိ တိုးမြှင့်ခေါ်ယူသွားမည်ဖြစ်ကြောင်း အိန္ဒိယသံရုံးက သတင်းထုတ်ပြန်သည်။

အစိုးရချင်း ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရမြန်မာနိုင်ငံမှ ဌာနဆိုင်ရာ ဝန်ထမ်းသင်တန်းသားများကို ၁၉၉၆ ကတည်းက စတင်ခေါ်ယူခဲ့ကြောင်း၊ ၂၀၀၀ မှ ၂၀၁၂ ခုနှစ်အတွင်း ပညာသင်ဆု ၁၂၃၈ ခု ပေးအပ်ခဲ့ပြီး ဖြစ်ကြောင်း မြန်မာနိုင်ငံအပြင် အာရှ၊ အာဖရိက၊ လက်တင်အမေရိကန် ဒေသမှ ဖွံ့ဖြိုးဆဲနိုင်ငံများလည်း ပါဝင်ကြောင်း သံရုံး၏ ထုတ်ပြန်ချက်အရ သိရသည်။

"ဒီအစီအစဉ်ကို အိန္ဒိယဝန်ကြီးချုပ်ဒေါက်တာ မန်မိုဟန်ဆင်းရဲ့ ဒီနှစ်မေလ သမိုင်းဝင်ခရီးစဉ်မှာကတည်းက ကြေညာခဲ့တာပါ" ဟူ၍ သံရုံးမှတာဝန်ရှိသူက ပြောကြားသည်။

အစိုးရချင်း ပူးပေါင်းဆောင်ရွက်မှုဖြစ်သော်လည်း ပညာသင်ဆုကဲ့သို့ လေယာဉ်စရိတ်၊ နေထိုင်စားသောက်စရိတ်၊ ကျောင်းစရိတ်အားလုံး အိန္ဒိယအစိုးရက တာဝန်ယူကြောင်းလည်း ယင်းက ဆက်လက်ပြောကြားသည်။

ယခုကဲ့သို့ ပညာသင်ဆုမျိုး ပုဂ္ဂလိကကဏ္ဍကိုပေးရန် အခြေအနေနှင့်ပတ်သက်၍ အိန္ဒိယသံရုံးမှ ဒုတိယအကြီးအကဲ မစ္စတာဆိုင်းလပ်စ်သန်ဂဲလ်က "ကျွန်တော်တို့မှာရော၊ အိန္ဒိယအစိုးရမှာပါ ပြဿနာမရှိပါဘူး။ မြန်မာနိုင်ငံဘက်က ပုဂ္ဂလိက အဖွဲ့တွေ၊ ကုမ္ပဏီတွေက လာမယ်ဆို ကြိုဆိုပါတယ်" ဟူ၍ ရှင်းလင်းပြောကြားသည်။

အထက်ပါ အစီအစဉ်အရ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ စီမံအုပ်ချုပ်မှုမှုခင်းမှတ်တမ်း၊ လွှတ်တော်ရေးရာ၊ ပညာရေး အစီအစဉ်နှင့် စီမံခန့်ခွဲမှု၊ ဘဏ်လုပ်ငန်း၊ စာရင်းစစ်၊ ဘဏ္ဍာရေးနှင့် စာရင်းအင်း၊ ဆက်သွယ်ရေးနည်းပညာနှင့် အင်္ဂလိပ်စာစသည့် ဘာသာရပ်များအား သင်ယူခွင့်ရမည်ဖြစ်သည်။

၎င်းအပြင် မြန်မာသုတေသီများအား ကမ္ဘာ့လေထုနှင့် ကမ္ဘာမြေဆိုင်ရာ သိပ္ပံ၊ ဓာတုသိပ္ပံ၊ အင်ဂျင်နီယာသိပ္ပံ၊ ဇီဝသိပ္ပံ၊ ဆေးသိပ္ပံ၊ သင်္ချာနှင့် တွက်ချက်ရေးဆိုင်ရာ သိပ္ပံစသည်ဖြင့် သင်ကြားနိုင်သည့် ပညာသင်ဆု ၁၀ ဆု ပေးအပ်သွားမည်ဖြစ်ကြောင်း အိန္ဒိယဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

# ပြည်မြို့တွင် ခွင့်ပြုချက်မတောင်းဘဲ တစ်ကိုယ်တော် ဆန္ဒပြသော ရှေ့နေအား တရားစွဲ

**အေးသူစံ**

**ရန်ကုန်၊ အောက်တိုဘာ-၂၇**

ပြည်မြို့တွင် ခွင့်ပြုချက်တင်ပြရယူခြင်းမရှိဘဲ တစ်ကိုယ်တော်လှည့်လည်ဆန္ဒပြခဲ့ခြင်းကြောင့် တရားလွှတ်တော်ရှေ့နေတစ်ဦးအား ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၈ ဖြင့် အောက်တိုဘာ ၂၄ ရက်က တရားစွဲဆိုထားကြောင်း ပြည်မြို့ အမှတ်(၂)ရဲစခန်းမှ စခန်းမှူး ရဲအုပ်လှထွန်းက ပြောသည်။

"ကျွန်တော်တို့စခန်းကအောက်တိုဘာ ၂၄ ရက်မှာ ပြည်မြို့တရားရုံးမှာ ဦးမြင့်အေးကို ပုဒ်မ ၁၈ နဲ့ တရားစွဲတင်ပို့လိုက်ပါတယ်။ ခွင့်ပြုချက်မရှိဘဲ ဆိုင်းဘုတ်ကိုင်ပြီး တရားရုံး၊ အခွန်ရုံးနဲ့ ကမ်းနားလမ်းမှာရှိတဲ့ ပြည်ခိုင်ဖြိုးပါတီရုံးရှေ့မှာ ကျွန်တော်တို့ တားမြစ်နေတဲ့ကြားက ဆန္ဒပြလို့ ခုလိုတရားစွဲရတာပါ" ဟု ရဲအုပ်လှထွန်းက ပြောသည်။

"ကျွန်မတို့ အမှုစစ်နေတုန်း သူရောက်လာပြီး ဆန္ဒပြဖို့ ရှေ့နေတွေကိုခေါ်တယ်။ ပြည်မြို့တရားရုံးက ရှေ့နေတစ်ယောက်မှတော့ မလိုက်ခဲ့ပါဘူး။ နောက်တော့ သူ့ဘာသာထွက်သွားပြီး တရားရုံးအပေါက်ဝမှာ ရုံးခွန်တွေလျှော့ဖို့ ထင်တယ်။ အဲဒီဆိုင်းဘုတ်ကိုင်ပြီး တစ်ကိုယ်တော်ဆန္ဒပြတာ။ နောက်နေ့ ဖမ်းခံရတယ်ကြားပါတယ်" ဟု ပြည်မြို့ခံ တရားလွှတ်တော်ရှေ့နေတစ်ဦးက ပြောသည်။

ရန်ကုန်တွင် ပြုလုပ်သော ရှေ့နေများ ကွန်ရက်ဦးဆောင်မှုဖြင့် ရန်ကုန်တိုင်း တရားလွှတ်တော်ရုံးနှင့် ရန်ကုန်တိုင်း စုပေါင်းရုံးတို့ကို ပုဂ္ဂလိကပိုင်မပြုလုပ်ရေး အတွက် စီတန်းလှည့်လည်ဆန္ဒပြသော အောက်တိုဘာ ၁၇ ရက်တွင် ပြည်မြို့မှ တရားလွှတ်တော်ရှေ့နေ ဦးမြင့်အေးကလည်း တစ်ကိုယ်တော်ဆန္ဒပြခဲ့ခြင်းဖြစ်သည်။

ရန်ကုန်ရှေ့နေကွန်ရက်မှ တရား လွှတ်တော်ရှေ့နေ ဦးကိုနီက "ကျွန်တော်တို့ ဆန္ဒပြတဲ့ရက်မှာပဲ ပြည်မှာ ဦးမြင့်အေး ဆန္ဒပြတယ်လို့ သတင်းကြားပါတယ်။ တရားစွဲခံရတာကိုတော့ အခုမှ သိရတာပါ။ သူကတော့ ကျွန်တော်တို့လုပ်ရပ်ကို ထောက်ခံတဲ့အနေနဲ့ လုပ်တာပါ" ဟု ပြောကြားသည်။


# ရေနံချောင်းမြို့ရှိ သုသာန်သုံးခု ဖျက်သိမ်းမည်

**မိုးဇော်**

**မကွေး၊ အောက်တိုဘာ-၂၆**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့ မြို့ပေါ်ရပ်ကွက်ရှိသုသာန်သုံးခုအား ဖျက်သိမ်းမည်ဖြစ်ကြောင်း သတင်းရရှိသည်။

"ကျွန်တော်တို့ ရေနံချောင်းမြို့မှာ အရင်ကတည်းက ရပ်ကွက်တိုင်းမှာရှိတဲ့သုသာန်မှာ နာရေးကိစ္စ ဆောင်ရွက်ကြတယ်။ ရပ်ကွက်အုပ်စု ၁၄ အုပ်စုမှာ သုသာန် ၁၈ ခုရှိတယ်။ အဲဒီသုသာန်တွေထဲက တွင်းကုန်းသုသာန်၊ သစ်တဖွေသုသာန်နဲ့ ခရစ်ယာန်သင်္ချိုင်း (သုသာန်) တို့ကို ဖယ်ရှားမှာဖြစ်တယ်"ဟု မြို့နယ်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။



*ဖျက်သိမ်းမည့်သုသာန်တစ်ခုကို တွေ့ရစဉ်*

ဓာတ်ပုံ-မိုးဇော်

အဆိုပါ သုသာန်များမှာ ရန်ကုန်-မန္တလေး အဝေးပြေးကားလမ်း၏ လက်ယာဘက်ခြမ်းတွင် တည်ရှိပြီး လွန်ခဲ့သော ငါးနှစ်ခန့်ကလည်း အဆိုပါ သုသာန်များအား မြို့အင်္ဂါရပ်နှင့် ညီညွတ်စေရန်အတွက် ဝါးကတ်များ ကာရံပေးထားသော်လည်း ယခုအခါ ဖယ်ရှားဖျက်သိမ်းမည်ဖြစ်ကြောင်း သိရသည်။

"ရက်ကတော့ အတိအကျ မသိရသေးပါဘူး။ သုသာန်သုံးခုထဲက တစ်ခုကို မဖျက်ဖို့တော့ တွေ့ဆုံညှိနှိုင်းဖို့ ရှိသေးတယ်" ဟု အဆိုပါတာဝန်ရှိသူက ပြောကြားသည်။

# ပဲခူးခရိုင်တွင် ကျပ်နှစ်သိန်းတန် ဂျီအက်စ်အမ်ဖုန်းများကို အရစ်ကျစနစ်ဖြင့်ရောင်း

**ဖိုးကျော်မြင့်(ရွှေလယ်ဝေး)**

**ပဲခူး၊ အောက်တိုဘာ-၁၈**

အရစ်ကျစနစ်ဖြင့် ဂျီအက်စ်အမ်မိုဘိုင်း ဖုန်း ရောင်းချမှုကို ပဲခူးတိုင်းဒေသကြီးပဲခူးခရိုင်အတွင်းရှိမြို့နယ်ပေါင်းရှစ်မြို့နယ်တွင် အရစ်ကျစနစ်ဖြင့် အောက်တိုဘာ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ ရောင်းချပေးသွားမည်ဖြစ်သည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများနှင့် ပဲခူးခရိုင်အတွင်းရှိမြို့နယ်အုပ်ချုပ်ရေးမှူးများ ညှိနှိုင်း၍ သက်ဆိုင်ရာမြို့နယ်များရှိ ကျေးရွာအုပ်စု/ရပ်ကွက်များရှိ အုပ်ချုပ်ရေးမှူးများက ဝယ်ယူလိုသူများကို စုစည်း၍ ရောင်းချခြင်းဖြစ်သည်။

ကျပ်နှစ်သိန်းတန် ဂျီအက်စ်အမ် (GSM)မိုဘိုင်းဖုန်းတစ်လုံး အတွက် ကနဦးပေးသွင်းငွေအဖြစ် ကျပ်လေးသောင်းတိတိ ပေးသွင်းရမည်ဖြစ်ပြီး ကျန်ငွေ ၁၆၀,၀၀၀ ကျပ်အား တစ်လလျှင် ကျပ်တစ်သောင်းဖြင့်အရစ်ကျပေးသွင်းရမည်ဖြစ်သည်။ ပထမအရစ် ငွေပေးသွင်းပြီးချိန်တွင် မိုဘိုင်းဖုန်းဆင်းကတ်ကို ထုတ်ယူ၍ စတင်အသုံးပြုနိုင်ကြောင်း သိရသည်။ အကြေပေးသွင်းပြီးချိန်တွင် မိုဘိုင်းဖုန်းသုံးစွဲခြင်းဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများအား ဝယ်ယူသူသို့ လွှဲပြောင်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မိုဘိုင်းဖုန်းရောင်းရငွေ၏ နှစ်ရာခိုင်နှုန်းကို ကြီးကြပ်မှုစရိတ်အဖြစ်ကျေးလက်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေသတ်မှတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ သတ်မှတ်ထားသော ဂျီအက်စ်အမ်မိုဘိုင်းဖုန်းကနဦးတပ်ဆင်ခနှုန်းထားများ ပြောင်းလဲလျှော့ချသတ်မှတ်ခဲ့ပါက ပြောင်းလဲလျှော့ချသတ်မှတ်ထားသောနှုန်းထားအသစ်ကို ခံစားခွင့်ရှိမည်ဖြစ်ကြောင်းလည်း သိရသည်။

ပဲခူးခရိုင်အတွင်း မြို့နယ်များအသီးသီးရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများက အာမခံနိုင်သော ကျေးရွာသူ၊ ကျေး ရွာသားများကို အသိသက်သေနှစ်ဦး၊ မိုဘိုင်းဖုန်းဝယ်ယူသုံးစွဲသူနှင့် အုပ်ချုပ်ရေးမှူးတို့က မိုဘိုင်းတယ်လီဖုန်း ဝယ်ယူမှုစာချုပ်ကို လက်မှတ်ရေးထိုးပြီး စည်းကမ်းချက်များနှင့်အညီ စနစ်တကျဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

One More

၂၀၁၂ ၊ စက်တင်ဘာ

၁၄,၄၃၀ ဦး
၁၄,၄၃၀,၀၀၀ ကျပ်

၁။ ပဲခူးတိုင်းဒေသကြီး၊ သံတောင်မြို့နယ်၊ ကော်ပတ်ခြံကျေးရွာရှိ နာဇရတ်(Nazareth) မိဘမဲ့ဂေဟာသို့ ကျပ် သိန်း(၂၀)။
၂။ မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်၊ ရှမ်းကုန်းကျေးရွာ သောက်သုံးရေ ရရှိရေးအတွက် ရေတွင်း/ရေကန် တူးဖော်ရန် ကျပ် (၂၅) သိန်း။
၃။ မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊ ရွာသစ်ဘုန်းတော်ကြီးသင် ပညာရေးကျောင်းသို့ ကျပ် သိန်း (၃၀)။
၄။ HIV/ AIDS အထူးကုဆေးရုံ(မင်္ဂလာဒုံ)သို့ ကျပ် သိန်း (၃၀) တန်ဖိုးရှိ Easylyte Machine (သွေးဓာတ်ခွဲစမ်းသပ်စက်) တစ်လုံး။
၅။ ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဖါးရုံဆိပ်ရွာ သဒ္ဓိသုခ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းသို့ ကျပ် (၁၀) သိန်း။
၆။ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မေယုဝံသ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းသို့ ကျပ် သိန်း (၂၀)။
၇။ ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ အမှတ် ( ၇ )ရပ်ကွက်ရှိ ပြည်လုံးချမ်းသာဘုန်းတော်ကြီးသင်ပညာရေးကျောင်းသို့ ၉၃၀,၀၀၀ ကျပ် အသီးသီးလှူဒါန်းသည်။

MJ Mark Enterprise
Japanese IT Business

(1) Programmer, System Engineer
(2) ဂျပန်စကားပြော (သို့) တရုတ်စကားပြောကျွမ်းကျင်သူ Programmer
(3) IT အတွေ့အကြုံမရှိသော်လည်း ဂျပန်စကား Level-2 အောင်မြင်၍ IT ပညာလေ့လာရန် စိတ်အားထက်သန်သူ

**အရည်အချင်းပေါ်မူတည်၍ လစာကောင်းကောင်းပေးမည်။**

**Email: japaneseitbusiness@gmail.com**

**CV Form များပေးပို့လျှောက်ထားနိုင်ပါသည်။**

**Phone: 09 91031972**

# ကျေးရွာတစ်သောင်းကျော် လျှပ်စစ်မီးရရှိရေး ၃ နှစ်အတွင်း ဆောင်ရွက်မည်ဟုဆို

**သန်းထူး**

**နေပြည်တော်၊ အောက်တိုဘာ-၂၇**

မြို့ပြထက် ဆင်းရဲနွမ်းပါးမှုနှုန်း နှစ်ဆခန့်မြင့်မားလျက်ရှိသော ကျေးလက်ဒေသမှ ကျေးရွာပေါင်း တစ်သောင်းကျော်အား လျှပ်စစ်ဓာတ်အား သုံးစွဲခွင့်ရရှိရန် လာမည့် သုံးနှစ်အတွင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလျှပ်စစ်စွမ်းအား ဝန်ကြီးဌာနမှ သတင်းရရှိသည်။

ကျေးရွာစုစုပေါင်း ၁၁၇၃ ရွာအား ယခုဘဏ္ဍာရေးနှစ်မှ လာမည့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း လျှပ်စစ်ဓာတ်အား ရရှိစေရန် အစီအစဉ်အလိုက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယင်းဝန်ကြီးဌာနမှ တာဝန်ရှိသူက စီမံ/စီးပွားဝန်ကြီးဌာနတွင် ယခုလ ဒုတိယပတ်အတွင်း ၃ ရက်ကြာ ပြုလုပ်ခဲ့သော ဆွေးနွေးပွဲ၌ ရှင်းလင်းပြောကြားသွားခဲ့ခြင်းဖြစ်သည်။ လက်ရှိ အခြေအနေအရ ကျေးရွာစုစုပေါင်း ၆၄၃၄၆ ရွာရှိပြီး ၁၉၆၆၇ ရွာတွင် လျှပ်စစ်မီး ရရှိနေသော်လည်း ၄၆၆၇၉ ရွာတွင်မူ မီးမရရှိသေးကြောင်း ၎င်း၏ ရှင်းလင်းချက်တွင် ဖော်ပြပါရှိသည်။ မီးရရှိထားသော ကျေးရွာများအား မည်သည့်နည်းလမ်းဖြင့် ဆောင်ရွက်ပေးထားကြောင်းကိုမူ ဖော်ပြထားခြင်း မရှိပေ။

ကျေးရွာမီးလင်းရန် ကိုယ်ထူကိုယ်ထ ဆောင်ရွက်ခဲ့သော ပျဉ်းမနားမြို့နယ်၊ နတ်သူရဲကျေးရွာမှ ရွာခံတစ်ဦးကမူ "မီးလေရပြီး လူလို သူလိုနေဖို့ သိန်းရာချီကုန်တယ်။ ဓာတ်တိုင်ရော၊ ကြိုးရော၊ မီတာရောအားလုံးကိုယ်ထူကိုယ်ထပဲ" ဟူ၍ ပြောဆိုသည်။ ဒီဇယ်အင်ဂျင်ဖြင့် ကျေးရွာမီးလင်းလျက်ရှိသော အောင်ချမ်းသာကျေးရွာမှ ကိုမျိုးဝင်းကလည်း "အစကတော့ ဟုတ်သလိုလိုပဲ။ နောက်တော့လည်း သူတစ်မျိုး၊ ငါတစ်မျိုးလည်း မရတာလှည့်၊ ရတစ်လှည့်ပါပဲ" ဟု ဆိုသည်။

အထက်ပါ ကျေးရွာများအပြင် ၂၀၁၅-၂၀၁၆ နောက်ပိုင်းတွင်လည်း ကျေးရွာပေါင်း ၈၅၀၀ ကျော်အား လျှပ်စစ်ဓာတ်အား ရရှိရန် အစီအစဉ်ရှိကြောင်း ထပ်မံသိရှိရသည်။

# ရမ်းဗြဲမြို့နယ်တွင် လေယာဉ်ကွင်း တည်ဆောက်မည်

**နိဘယ်လ်**

**ရန်ကုန်၊ အောက်တိုဘာ-၂၅**

ကျောက်ဖြူအထူးစီးပွားရေးဇုန် တည်ဆောက်လုပ်ငန်း၏ တစ်စိတ်တစ်ပိုင်းအဖြစ် လေယာဉ်ကွင်းတစ်ခုတည်ဆောက်ခြင်းကို ရမ်းဗြဲမြို့နယ်အတွင်း အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

လေယာဉ်ကွင်း တည်ဆောက်ရေးအတွက် ဂျပန်နိုင်ငံမှ Nippon Koei Co.,Ltd အား လုပ်ငန်းတာဝန်ပေးထားကြောင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာ စီးပွားရေး စင်တာ (IBC) တွင် ကျင်းပသော "ကျောက်ဖြူ အထူးစီးပွားရေးစီမံကိန်း (SEZ) နှင့် ပတ်သက်သော အစကနဦး ဆွေးနွေးတိုင်ပင်ခြင်း" အခမ်းအနားတွင် စက်မှုကြီးကြပ်နှင့်စစ်ဆေးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဦးသန်းအောင်က ပြောကြားသည်။

SEZ အတွက် မြေနေရာရှာဖွေခြင်းနှင့် လေယာဉ်ကွင်းအတွက် မြေနေရာရှာဖွေခြင်းကို ဂျပန် ကုမ္ပဏီနှင့် ဆောင်ရွက်ခဲ့ရာ ရမ်းဗြဲမြို့နယ်၊ ကင်းနှင့် ဇင်ချောင်းဒေသတွင်လည်းကောင်း၊ ကျောက်ချောင်းတိုက်နယ်အောင်လှပြင်ရွာနှင့် ကျောက်နဂါးရွာအနီးတွင်လည်းကောင်း ဧက ၃,၀၀၀ မှ ဧက ၅,၀၀၀ ခန့်စီရရှိနိုင်မည်ဖြစ်ကြောင်း ဦးဦးသန်းအောင်က ဆက်လက်ပြောကြားသည်။

ရခိုင်ပြည်နယ်သည် လုပ်သားအင်အား အလုံအလောက်ရှိခြင်း၊ ရာသီဥတု ကောင်းမွန်ခြင်း၊ သဘာဝအနေအထား ကောင်းမွန်ခြင်းတို့အပြင် ဒေသထွက် သဘာဝဓာတ်ငွေ့ဖြင့် လျှပ်စစ်စွမ်းအင် ရရှိမည်ဖြစ်၍ ကျောက်ဖြူ SEZ ကို သီလဝါ SEZ ထားဝယ် SEZ တို့ထက် ပိုမိုကောင်းမွန်စွာ ထူထောင်သွားမည်ဖြစ်ပြီး သဘာဝပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြင့် ဆောင်ရွက်သွားမည်ဟု ဆိုသည်။

ရမ်းဗြဲကျွန်းသည် မြန်မာနိုင်ငံတွင် အကြီးဆုံးကျွန်းကြီးဖြစ်ကာ ကျွန်းပြင်ရှိ ကျောက်ဖြူမြို့တွင် ပြည်တွင်းသုံးလေယာဉ်ကွင်း တစ်ခုရှိပြီး ရမ်းဗြဲကျွန်း၏ တောင်ဘက်ရှိမာန်အောင်ကျွန်းတွင် လေယာဉ်ကွင်းဟောင်းတစ်ခုရှိကြောင်း သိရသည်။

# စာ(၁၅) ကြေးနီသတ္တုတူးဖော်ရေး စီမံကိန်းတွင် သုံးသပ်ချက်စစ်တမ်း ကောက်ယူရန်လို မှ

မုံရွာခရိုင်၊ ဆားလင်းကြီးမြို့နယ်၊ စံပယ်တောင်နှင့် ကြေးစင်တောင် ကြေးနီသတ္တုတူးဖော်ရေးလုပ်ငန်း စီမံကိန်းနှင့် လက်ပန်းတောင်းတောင် ကြေးနီသတ္တုတူးဖော်ရေးစီမံကိန်းလုပ်ငန်းများကြောင့်ပတ်ဝန်းကျင်ကျေးရွာများနှင့် အနီးပတ်ဝန်းကျင် မြစ်ချောင်းများတွင် သဘာဝပတ်ဝန်းကျင် ထိခိုက်နစ်နာမှုများရှိခဲ့သဖြင့် မလိုလားအပ်သော ဆိုးကျိုးများ ခံစားရဖွယ်ရှိကြောင်း သတင်းများထွက်ပေါ်လာသည့်နောက်ပိုင်း ပထမအကြိမ် မုံရွာမြို့၊ ကြေးနီသတ္တုတွင်း စီမံကိန်းနှင့်ပတ်သက်၍ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာ ၂၃ ရက်တွင် ပြည်တွင်း၊ ပြည်ပသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ပညာရှင်များအား ဖိတ်ကြားကျင်းပခဲ့ကြောင်း သိရသည်။

# ရွှေတောင်ဒေသကောလိပ်၊ ပြည်ဒေသကောလိပ်၊ ပြည်ကောလိပ်အာစရိယပူဇော်ပွဲကျင်းပမည်

ရွှေတောင်ဒေသကောလိပ်၊ပြည်ဒေသကောလိပ်၊ပြည်ကောလိပ် ၁၉၇၆-၇၇ မှ၁၉၈၇-၈၈ ထိ ကျောင်းသားကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် နေ့လယ်စာမိတ်ဆုံစားပွဲကို နိုဝင်ဘာ ၂၅ ရက်တွင် မဟာသုခဇောတိကကျောင်းတော်ကြီး(အလယ်ထပ်ခန်းမ)၊ ဇောတိကာရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ဘုန်းကြီးလမ်း၊ ပြည်မြို့၌ ကျင်းပမည်ဖြစ်သည်။

# နေပြည်တော်တွင် တရုတ်ပစ္စည်းနှင့် နည်းပညာသုံး သီးနှံဓာတ်ခွဲခန်း တည်ဆောက်

**သန်းထူး**

**နေပြည်တော်၊ အောက်တိုဘာ-၂၈**

တရုတ်နိုင်ငံမှ ပစ္စည်းနှင့် နည်းပညာများအသုံးပြုမည့် စပါးသီးနှံဓာတ်ခွဲခန်းကို နေပြည်တော်ဒက္ခိဏသီရိမြို့နယ် ရန်ကုန်၊ မန္တလေးလမ်းဟောင်းဘေးတွင် တည်ဆောက်လျက်ရှိကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သတင်းရရှိသည်။

ဓာတ်ခွဲခန်းအဆောက်အအုံကို ရွှေသံလွင်ကုမ္ပဏီက တည်ဆောက်ထားပြီး ဓာတ်ခွဲခန်းပစ္စည်းနှင့် နည်းပညာများကိုလည်း တရုတ်နိုင်ငံက ပါဝင်မည်ဖြစ်ကြောင်း ဆည်မြောင်းဦးစီး ဌာနမှ ညွှန်ကြားရေးမှူးဦးစိုးတင့်က ပြောကြားသည်။ "နောက်ပိုင်းမှာတော့ G to G (အစိုးရချင်း ပူးပေါင်းဆောင်ရွက်မှု) အဆင့်ထိ ကျယ်ကျယ်ပြန့်ပြန့်လုပ်သွားဖို့ရှိပါတယ်" ဟု ၎င်းက ပြောသည်။

ဓာတ်ခွဲခန်း အဆောက်အအုံကို လာမည့်ဒီဇင်ဘာလတွင် အပြီးတည်ဆောက်သွားမည်ဖြစ်ပြီး ၂၀၁၃ ဇန်နဝါရီလတွင် ဓာတ်ခွဲခန်းပစ္စည်းများ ရောက်ရှိမည်ဟု ဆိုသည်။ စပါးသီးနှံတွင်ပါဝင်သော အာဟာရဓာတ်များအား စမ်းသပ်ဖော်ထုတ်နိုင်မည်ဖြစ်သလို မြေဩဇာနှင့် ပိုးသတ်ဆေးများကိုပါ ပါဝင်သည့်ပစ္စည်းအမျိုးအစားပမာဏစသည်များ တိုင်းတာစမ်းသပ်သွားမည်ဖြစ်ကြောင်းလည်း ၎င်းက ဆက်လက်ပြောသည်။ အဆိုပါ ဓာတ်ခွဲခန်းကို နားလည်မှုစာချုပ်ဖြင့် လုပ်ဆောင်ဖွယ်ရှိကြောင်းလည်း သတင်းရရှိသည်။


## JOB VACANCY

**Web Developer** **M/F (5) posts**

**Responsibilities**

- Create web applications/portals using primarily PHP
- Participate in each activity of development life cycle

**Requirements**

- B.S. or M.S. Computer Science or related field
- Experience working with web technologies (HTML, CSS, PHP, JavaScript)
- Knowledge of relational databases and SQL, mainly MySQL
- Minimum 1-2 years of relevant working experience.
- Experience working with PHP & MySQL based CMS would be an advantage
- Experience developing for mobile interface website would be an advantage
- Self-starter with strong self-management skills
- Excellent problem solving, critical thinking, and communication skills
- Able to work under pressure

**Please submit your CV to:**
Information Matrix
Room No. G-12, Ground Floor, Building (B), Diamond Centre,
Pyay Road, Kamaryut Township, Yangon.
Tel:+95-1 512887, 513515~519 Fax: +95-1 513519





အောင်ဇေယျာမင်း(တိုင်းရင်းအထူးကုဆေးခန်း)

ကြော်ငြာခွင့်ပြုချက်အမှတ် - တဆဝက(စာနယ်ဇင်း)၀၃၄/၀၈၀၉

မနာမကျင် မခွဲစိတ် လိပ်ခေါင်းအထူးကု

အထူးဆိုင်းရှင်းဆေး များကိုလည်း ရောဂါရှင်များအတွက် နေ့စဉ်ရောင်းချပေးနေပါသည်။

အောင်ဇေယျာမင်းအထူးကုဆေးခန်းတွင် ဒေါက်တာအောင်ဇေယျာမင်း C.T.M.P, M.A.R.P, Ph.D Kolkata(India) ကိုယ်တိုင်ဦးစီး၍ ပညာရှင်များနှင့် မနာမကျင်၊ မခွဲမစိတ်ဘဲ ခေတ်မှီလိပ်ခေါင်းအထူးကု ကွန်ပျူတာစက်ကို အသုံးပြု၍ Turell နာကျင်မှုမရှိသော ကုသနည်းဖြင့် လိပ်ခေါင်းရောဂါများ၊ သွေးစုနာ၊ ဂရင်ဂျီနာ၊ သွေးဝမ်းပါခြင်း၊ စအိုကွဲ၊ စအိုယားယံ စသော စအိုနှင့် အူလမ်းကြောင်းဆိုင်ရာ ရောဂါဝေဒနာများကို အထူးကုသပေးနေပါသည်။

၁။ ခေတ်မီစက်ဖြင့် ကုသပေးခြင်းကြောင့် စိတ်ကျေနပ်မှု ရရှိစေခြင်း။

၂။ နာကျင်မှုနည်းခြင်း၊ ကုသချိန်တိုတောင်းခြင်း၊ အနာကျက်မြန်ခြင်းတို့ကြောင့် အချိန်ကုန်သက်သာစေခြင်း။

**အရိုးကျိုးပေါင်းတက်ရောဂါ၊ လည်ပင်း၊ ပခုံး၊ ခါးနာ၊ ပေါင်ရိုး၊ ဒူးဆစ်နာရောဂါ၊ အထူးကု**

လည်ပင်းကျိုးပေါင်းတက်ရောဂါသည် အာရုံကြောနှင့် သွေးကြောများကို ဖိမိပြီး ခေါင်းမူးခြင်း၊ ခေါင်းကိုက်ခြင်း၊ နားအူ ခြင်း၊ မျက်စိမှုန်ခြင်း၊ အိပ်မပျော်ခြင်း၊ သွေးတိုးခြင်း သို့မဟုတ် လည်ပင်း၊ ကျောနှင့် ပခုံးများ နာကျင်ခြင်း၊ လက်ချောင်းများ ထုံကျဉ်ခြင်း စသည့်ရောဂါများဖြစ်စေပါသည်။ ခါးဆစ်ကျိုးပေါင်းတက်ရောဂါသည် ခါးများ၊ ပေါင်များ ထုံကျဉ်သောရောဂါ၊ လေငန်းရောဂါဖြစ်သော ခြေလက်အဆစ်အမြစ် ရောင်ရမ်းနာကျင်ရောဂါများ ဖြစ်စေသည်။ အထက်ပါ ရောဂါများကို ပျောက် ကင်းစေရန်အတွက် အပ်စိုက်နည်းသစ်ကို ရောဂါဖြစ်နေသည့် နေရာသို့ တိုက်ရိုက်ရောက်ရှိခြင်း၊ ရောဂါကိုသက်သာစေခြင်း၊ အရိုးကျိုးပေါင်းကို ဖယ်ရှားပေးခြင်း၊ ဖိနှိပ်ခံရသော အာရုံကြောများ၊ သွေးကြောများ ပုံမှန်ဖြစ်စေပြီး သွေးလည်ပတ်မှုသည် လည်း ပုံမှန်ကောင်းမွန်လာစေသည်။ ပေါင်ရိုးပျက်စီးခြင်း၊ ကျောဆစ်ရိုးရောင်ရမ်းနာ၊ ဒူးဆစ်နာ၊ လေဖြတ်အဆစ်အမြစ်နာ၊ သုံးလဖျားအာရုံကြောနာ စသည့်ရောဂါများကို အထူးကုသပေးနေပါသည်။

No.68,၁၂လမ်း(အလယ်ဘလောက်)၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၂၂၄၄၂၈၊ ၀၉-၅၀၀၀၈၈၇၊ ၀၉-၄၂၅၂၉၇၆၈၈

7DAY NEWS JOURNAL
Vol.11, No.34 • NOVEMBER 1 , 2012

# ပြည်ပသွား အလုပ် လုပ်သူနည်းလာ

**အေးမြတ်သူ**

**ရန်ကုန်၊**

**အောက်တိုဘာ-၂၉**

မြန်မာအလုပ်သမားများအနေဖြင့် ယခုနှစ်အတွင်း ပြည်ပသို့ ရွှေ့ပြောင်းလုပ်ကိုင်မှုထက်ပြည်တွင်း၌ အလုပ်ရှာဖွေလုပ်ကိုင်မှု ပိုများလာကြောင်း ပြည်တွင်းပြည်ပ အလုပ်အကိုင် အေဂျင်စီများထံမှ သတင်းရရှိသည်။

အစိုးရသစ် လက်ထက်တွင် နိုင်ငံရေး၊ စီးပွားရေး ပြုပြင်ပြောင်းလဲလာမှုတို့ကြောင့် ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းများ ယခင်ထက် များပြားလာလျက်ရှိရာ မလေးရှားနှင့် စင်ကာပူနိုင်ငံတို့တွင် သွားရောက်လုပ်ကိုင်သူများ ယခင်နှစ်များကထက် လျော့ကျသွားသည်။ ထို့အပြင် အလုပ်ကြမ်းလုပ်ကိုင်ရန် မြန်မာများ အများဆုံးသွားသော မလေးရှားနိုင်ငံမှ အလုပ်ခေါ်စာရရှိရန် ခြောက်လခန့် စောင့်ဆိုင်းရခြင်းသည်ပြည်ပသို့ သွားရောက်အလုပ်လုပ်သူ လျော့နည်းရခြင်း၏ အကြောင်းရင်းများတွင် ပါဝင်သည်။

"ဒီနှစ်ထဲမှာ မလေးရှားနိုင်ငံနဲ့ စင်ကာပူနိုင်ငံသွားတာ မရှိသလောက်နည်းနေတာ။ အရင်က တစ်လဆိုရာဂဏန်း၊ ဆယ်ဂဏန်းလောက်ပို့လို့ရတာ အခု ဆယ်ယောက်လောက်တောင် မသေချာဘူး။ စင်ကာပူနိုင်ငံဆိုသွားတဲ့သူကို မရှိတော့တာ"ဟု ကျောက်တံတားမြို့နယ်ရှိပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီမှ မန်နေဂျာတစ်ဦးက ပြောသည်။

Best select ပြည်တွင်း အလုပ်အကိုင်ရှာဖွေရေး အေဂျင်စီမှ အုပ်ချုပ်မှုဒါရိုက်တာဒေါ်ကြည်ပြုံးမြင့်က "အခုနောက်ပိုင်း ပြည်တွင်းမှာ အလုပ်လျှောက်တဲ့သူတွေပိုများလာတယ်။ Oversea ကနေ ပြန်လာပြီး ဒီမှာအလုပ်လုပ်ဖို့အတွက် လာလျှောက်တာတွေတောင်ရှိတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေလာရင် ဒီမှာအလုပ်အကိုင်အခွင့်အလမ်းတွေ များလာမယ့်အတွက် ပြည်တွင်းအလုပ်လျှောက်သူ ပိုများလာတယ်" ဟု ဆိုသည်။



*ရန်ကုန်မြို့လယ်တစ်နေရာ ရုံးဆင်း၊ ရုံးတက်ချိန်မြင်ကွင်း*

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

ပြည်တွင်းကုမ္ပဏီများအနေဖြင့် ယခုလပိုင်းအတွင်း Office Staff (ရုံးအကူ) ဝန်ထမ်းများထက် အုပ်ချုပ်မှုအဆင့် ဝန်ထမ်းများအား ဦးစားပေး အလုပ်ခေါ်လာသည်။ ထို့အပြင် ကုမ္ပဏီများ၏ အလုပ်ခေါ်မှုများရှိသော်လည်း ကျွမ်းကျင်ဝန်ထမ်းရရှိရန်အခက်အခဲများရှိကြောင်း သတင်းရရှိသည်။

"လောလောဆယ် အောက်ခြေဝန်ထမ်းထက် မန်နေဂျာအဆင့်၊ Supervisor အဆင့်တွေ ခေါ်လာတာတွေ့ရတယ်။ ကုမ္ပဏီတွေက ခပ်မြန်မြန်တန်းသုံးချင်တယ်။ အခုက ကျွမ်းကျင်ဝန်ထမ်းရဖို့ရှားနေတာပဲရှိတယ်။ အခုအလုပ်ခေါ်တဲ့ ကုမ္ပဏီတွေမှာ ကုမ္ပဏီအသစ်တွေလည်းပါတယ်" ဟု Market Care ပြည်တွင်းအေဂျင်စီမှ ဒါရိုက်တာဦးအောင်မြင့်ကပြောသည်။ လက်ရှိ မြန်မာနိုင်ငံတွင် လူဦးရေ သန်း ၆၀ ခန့်ရှိသည့်အနက် အမှန်တကယ် အလုပ်လုပ်နိုင်သော လူဦးရေ ၃၂ သန်းခန့်ရှိပြီး အလုပ်လက်မဲ့ ၁၀ သန်းနီးပါးခန့်ရှိကြောင်း သိရသည်။ ထို့အပြင် နိုင်ငံခြားသို့ သွားရောက်လုပ်ကိုင်သူသုံးသန်းခန့်ရှိကြောင်း သိရသည်။

ထို့အပြင် အလုပ်သမားဝန်ကြီးဌာနအနေဖြင့် မလေးရှားနိုင်ငံနှင့် စင်ကာပူနိုင်ငံရှိ မြန်မာသံရုံးများတွင် အလုပ်သမားသံအရာရှိ ထားရှိမည်ဖြစ်ပြီး လက်ရှိပြည်ပသို့ သွားရောက်လုပ်ကိုင်သော မြန်မာလုပ်သားများအနေဖြင့် ပြည်ပတွင် အလုပ်သမားအခွင့်အရေးများ ဆုံးရှုံးလျက်ရှိရာ အခက်အခဲတို့ကို ဖြေရှင်းပေးရန်အလုပ်သမား သံအရာရှိများထားရှိသည်ဟုဆိုသည်။

## Free Classified

## ဝန်ထမ်းအလိုရှိသည်

## အခမဲ့ကြော်ငြာကဏ္ဍာ

ဝန်ထမ်းအလိုရှိသည်
ယာဉ်မောင်း-ကျား(၂)ဦး၊
စာရင်းကိုင်-ကျား(၂)ဦး-LCCI Level II(or)III, Computer Word, Excel-ကျွမ်းကျင်၊
အထွေထွေဝန်ထမ်း-ကျား(၅)ဦး၊
အမှတ်-၄၃၊သမ္မဓိဠ္ဌလမ်း၊တာမွေ၊
**ဖုန်း-၀၉-၇၃၀၂၇၇၃၃**

------------------------------

ဝန်ထမ်းအလိုရှိသည်
စာဝေ၊ စာသိမ်း -Male (5)Posts,
အထက်တန်းပညာအဆင့်ဖြစ်ရမည်။
UCS တရားဝင်ပြည်တွင်း အမြန်ချောစာပို့၊ ဇ-၃၄၊ သပြေကုန်း ဇီဝက ဆိုင် ခန်းများ၊ နေပြည်တော်၊
**ဖုန်း-၀၉-၅၀၆၀၀၅၄၊ ၀၉-၇၃၀၇၃၀၉၉**

------------------------------

ဝန်ထမ်းအလိုရှိသည်
တရုတ်စကားပြန် -မ(၂)ဦး၊ တရုတ်စကားကို ကျွမ်းကျင်ပိုင်နိုင်စွာ ပြောဆိုနိုင်ရမည်။ ကျွမ်းကျင်စွာ ဘာသာပြန်နိုင်သူ မည်သူမဆို လျှောက်ထားနိုင်သည်။ ၃၃၀၊ ကမ်းနားလမ်း၊ ၄ လွှာ၊ လသာမြို့နယ်၊ စီဘီဘဏ်နှင့် တစ်တိုက်ကျော်။
**ဖုန်း-၂၄၁ ၂၅၅၊ ၀၉၄၃ ၀၉၃၄၆၂**

------------------------------

ဝန်ထမ်းအလိုရှိသည်
ဖြန့်ချိရေးတာဝန်ခံ -မ(၁)ဦး၊ ဘွဲ့ရ၊ စာအုပ်ထုတ်ဝေဖြန့်ချိရေး လုပ်ငန်းအတွေ့အကြုံရှိသူ။
**ဖုန်း-၀၉-၄၉၂၃၇၇၁၅**

------------------------------

Management Employment-M/F(10),
Chinese-Myanmar-English Translator- M/F(10),
Admin Officer-F(5),
Accountant-M/F (3),
Security - M(5),
**Ph: 09-73166383**

------------------------------

ဝန်ထမ်းအလိုရှိသည်
လက်သည်းပန်းချီကျွမ်းကျင် အမျိုးသမီး (၁)ဦး၊ ပြင်ဦးလွင်မြို့၊
**ဖုန်း-၀၉-၄၀၂၆၁၈၄၄၄**

------------------------------

Marketing -မ (၅)ဦး၊
Data Collector -ကျား (၅)ဦး၊
**ဖုန်း-၀၉ ၄၂၀၀ ၇၃၇၄၃၊ ၀၁ ၃၈၈၀၉၂**

------------------------------

အလိုရှိသည်
ရေသန့်အရောင်းစပ်ရန် Marketing ကျား/မ(၃)ဦး အလိုရှိသည်။ အမှတ်(၇၉၀)၊ မြေညီခေါင်းရင်း၊ ကမ္ဘာအေးလမ်း မေတ္တာညွှန့်ရပ်ကွက်၊ တာမွေ၊ မေတ္တာမိတ္တူဆိုင်တွင် စုံစမ်းနိုင်သည်။
**ဖုန်း-၀၉ ၄၂၈၁၆၉၃၅၇**
(ကော်မရှင်ကောင်းကောင်းပေးမည်)

------------------------------

ဝန်ထမ်းအလိုရှိသည်
**Travel & Tour** တွင် တာဝန်ထမ်းဆောင်ရန် Sales -(2)POsts
ကွန်ပျူတာ၊ အင်္ဂလိပ်စာ အခြေခံတတ်ကျွမ်းရမည်။ 573-A, Pyay Rd, Kamayut Tsp.

------------------------------

ဝန်ထမ်းအလိုရှိသည်
သံရုံး Head of Mission ၏ နေအိမ်တွင် တာဝန်ထမ်းဆောင်ရန် ဝန်ထမ်း မ(၁)ဦး၊ သပ်ရပ်မှုရှိပြီး Presentable ဖြစ်ရမည်။ ကရင်လူမျိုး (မြောင်းမြမှ ကရင်လူမျိုး ဦးစားပေးမည်) ဖြစ်ပြီး အသက် (၂၁)နှစ်မှ (၂၈) နှစ်အတွင်း၊ ဖုန်း-၀၉-၅၀၃-၃၇၃၉ (between 9am to 4 pm-Monday to Friday) (or) Email: tztztz78@gmail.com.

------------------------------

ဝန်ထမ်းအလိုရှိသည်
Secretary -မ(၂)ဦး
Site Engineer - ကျား/မ(၂)ဦး၊
Auto CAD Design Drawer -ကျား/မ(၂)ဦး၊
Sale Executive -ကျား/မ(၅)ဦး၊
Sale & Marketing - ကျား/မ(၅)ဦး၊
English စကားပြန် -ကျား/မ(၂)ဦး၊
ရုံးဝန်ထမ်းအကူ -ကျား(၂)ဦး၊
QA, QC (Electrical) -ကျား(၅)ဦး၊
EMC Estate Myanmar Construction Co.,Ltd.
အမှတ်-၁၈၃၊ ဗဟိုလမ်းမ(ခိုင်ရွှေဝါလမ်းမ)၊ ကမာရွတ်မြို့နယ်၊
**ဖုန်း-၀၁-၅၁၂၀ ၂၉၊ ၀၁-၇၀၁၀၆၂**

------------------------------

ဝန်ထမ်းအလိုရှိသည်
Media & Advertising
လုပ်ငန်းအတွက်
Markeing -F(3)Posts,
Graphic Designer -M(2)Posts,
Office Staff -M (2)Posts,
**Ph: 01-202825, 09-49214619**

------------------------------

အလိုရှိသည်
တေးရေး၊ တေးဆို၊ သရုပ်ဆောင် အားလုံးအသစ်ဖြစ်ရမည်။ တေးသီချင်း ဗီစီဒီ အသစ်ရိုက်ကူးမည်။ စိတ်ဝင်စားပါက
**ဖုန်း-၂၂၇၁၉၉**

------------------------------

ဝန်ထမ်းအလိုရှိသည်
မ(၁)ဦး၊ ဘွဲ့ရ၊ ရုပ်လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။
Office Staff -ကျား(၂)ဦး၊ မ(၂)ဦး၊
**ဖုန်း-၀၉-၇၃၀၂၂၈၈၂**

------------------------------

ဝန်ထမ်းအလိုရှိသည်
Waiter - ကျား(၅)ဦး၊
Kitchen Helper - ကျား(၂)ဦး၊
Zawgyi House Cafe, အမှတ်-၃၇၂၊ ဗိုလ်ချုပ်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ (FMI Center ဘေး)၊
**ဖုန်း-၃၈၀၃၉၈၊ ၀၉- ၅၀၈၉၄၄၁**

------------------------------

ဝန်ထမ်းအလိုရှိသည်
Cashier - မ(၃)ဦး၊
Waiter -(၅)ဦး၊
ဂိတ်ကြေးကောက်ဝန်ထမ်း-ကျား(၅)ဦး၊
ညစောင့် -ကျား(၁)ဦး၊
အသက်(၄၀) နှစ်မှ (၅၀) နှစ်အတွင်း
အမှတ်-၆၄၇၊ ကုန်သည်လမ်းနှင့် ရွှေဘုံသာလမ်းထောင့်၊ ပန်းဘဲတန်းမြို့နယ်၊
**ဖုန်း-၀၉-၅၀၉၃၈၇၀**

------------------------------

ဝန်ထမ်းအလိုရှိသည်
Aircon.service -ကျား(၅)ဦး၊
**ဖုန်း-၀၉ ၅၀ ၇၉၇၄၃၊ ၂၅၂၂၇၅**

------------------------------

ဝန်ထမ်းအလိုရှိသည်
ယာဉ်မောင်း-(၁)ဦး၊ အသက် (၄၅) အောက်၊ ကမာရွတ် လှည်းတန်းနား နေထိုင်သူ၊
**ဖုန်း-၆၅၂၅၇၀၊ ၀၉၇၃၂၃၅၆၉၅**

------------------------------

ဝန်ထမ်းအလိုရှိသည်
စက်ချုပ်ကျွမ်းကျင်-မ(၂)ဦး၊
စီးကွင့်ထိုး-မ(၂)ဦး
**ဖုန်း-၀၁ ၅၇၃၀၁၈၊ ၀၉ ၅၀ ၀၉၃၃၂၊ ၀၉ ၅၁ ၈၅၂၅၂**

------------------------------

ဝန်ထမ်းအလိုရှိသည်
Photoshop, Editing ကျွမ်းကျင် -မ(၅)ဦး၊
ပညာသင် ဝန်ထမ်း -မ(၁၀)ဦး၊
ဓာတ်ပုံပညာသင်ကြားပေးမည်။
သင်တန်းပြီး ထူးချွန်သူများကို အလုပ်ခန့်ထားမည်။
အနုပညာ လှုပ်ရှားမှုများတွင် ပါဝင်ရမည်။
တက္ကသိုလ်ဟန်မင်းဦး အနုပညာသင်တန်းကျောင်း၊ အမှတ်(၂၀)၊ ရွှေတောင်တန်းလမ်း၊ လမ်းမတော်မြို့နယ်။
**ဖုန်း-၂၂၇၁၉၉၊**

------------------------------

Elegant Myanmar Tours Co.,Ltd.
Operation Staff -M/F (1)
Korean Speaking Guide -M(6),
Diamond Centre No.20, Bldg(E), Mya Yeik Nyo Royal Hotel Compund, Pa-le Road, Bahan Tsp.

------------------------------

**Eden Saloon**
ဘာသာစုံ ကျွမ်းကျင်သူ ကျား/မ အလိုရှိသည်။ လစာကောင်းမည်။ လျှော်၊ ညှပ် ကျွမ်းကျင် -ကျား/မ (၁)ဦး၊
**ဖုန်း- ၀၉ ၄၂၀၀၅၅၅၀၂၊ ၀၉ ၄၅၀၀၆၂၀၈၈**

------------------------------

ဝန်ထမ်းအလိုရှိသည်
ရုံးအဖွဲ့မှူး- ကျား(၁)ဦး၊
Resceptionist - ကျား/မ(၂)ဦး၊
Bell Boy - ကျား(၂)ဦး၊
Waiter / Waitress -ကျား/မ(၃)ဦး၊
ပြုပြင်ထိန်းသိမ်းရေးဝန်ထမ်း-ကျား(၂)ဦး၊
Housekeeping - ကျား/မ(၂)ဦး၊
Linen (အဝတ်စတို)-မ(၂)ဦး၊
Laundry (လျှော်ဖွပ်ရေး)- ကျား/မ(၂)ဦး၊
Security (လုံခြုံရေး)-ကျား(၂)ဦး၊
Cleaner (သန့်ရှင်းရေး)-ကျား/မ(၂)ဦး၊
**Panda Hotel**
အမှတ်-၂၀၅၊ ဝါးတန်းလမ်းနှင့် မင်းရဲကျော်စွာလမ်းဒေါင့်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

------------------------------

ဝန်ထမ်းအလိုရှိသည်
Mans Security Agency တွင် တာဝန်ထမ်းဆောင်ရန်
Security Guard - ကျား(၂၀)ဦး၊
အမှတ်-၇၃၊ ၄ လွှာ၊ ၁၆၆ လမ်းတို၊ တာမွေမြို့နယ်၊
**ဖုန်း-၀၉ ၇၃၀ ၆၄၂၉၈၊ ၀၉ ၄၂၀၀၀၄၅၀၆၊ ၀၉၄၂၀၀၄၈၈၁၃**

------------------------------

ဝန်ထမ်းအလိုရှိသည်
Media & Advertising လုပ်ငန်းအတွက်
Marketing -F(3)Posts,
Graphic Designer -M(2)Posts,
Office Staff -M(2)Posts,
ကလေးထိန်း -မ(၁)ဦး၊
အိမ်ဖော်-မ(၁)ဦး၊
အမှတ်-၁၂၉၊ ၃ လွှာ(ဘယ်)၊ ၄၇ လမ်း၊ ၄၈ လမ်းကြား၊ ဗိုလ်ချုပ်လမ်းမပေါ်၊ ဗိုလ်တထောင်။
**ဖုန်း-၀၁ ၂၀၂၈၂၅၊ ၀၉-၅၁၃ ၈၃၀၀**

------------------------------

ဝန်ထမ်းအလိုရှိသည်
ဆေးခန်းအုပ်ချုပ်ရန် Nurse I/C (၂)ဦး၊ Day (7Am-7Pm) အသက် (၄၀) နှစ်အထက်၊
သန့်ရှင်းရေး - ကျား (၂) ဦး၊ Night (5:30pm-7am),
အတန်းပညာမလို၊ ရွှေပုပ္ပားအထူးကုဆေးခန်း၊ မ W1, ရန်ကင်းပန်းခြံအိမ်ရာ၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။
**ဖုန်း-၅၅၆၃၁၆၊ ၅၅၆၀၀၁**

------------------------------

ဝန်ထမ်းအလိုရှိသည်
ဖွဲဖိုဖြင့် မီးအပူပေးသည့် ကြက်ဥခေါက်မုန့်ကို ကျွမ်းကျင်စွာ မုန့်ရိုက်တတ်သူ -မ(၁)ဦး၊
**ဖုန်း-၀၉-၄၂၀၀၇၄၂၀၂**

------------------------------

ဝန်ထမ်းအလိုရှိသည်
အဲကွန်း၊ ရေခဲသေတ္တာ၊ အဝတ်လျှော်စက်နှင့် ဂြိုလ်တုစလောင်း ပညာရပ်များကို စိတ်ဝင်စားသော သင်တန်းသားအလုပ်သမား Naing Lin-Aircon, No.178, ဗဟိုလမ်း၊ ၁ ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊
**ဖုန်း-၀၉-၅၀၉ ၅၉၁၆**

------------------------------

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ် ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ် ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။


• OVER 100 YEARS • OVER 100 COUNTRIES • MILLIONS OF USERS
နာချင်ရာ နာစမ်း . . .
TIGER BALM
PLASTER
I NEVER GO ANYWHERE WITHOUT MY TIGER.
TIGER BALM PLASTER
TIGER BALM PLASTER-RD
TIGER BALM®
Marketed & Distributed by: THUKHA DANA
Head Office - No.84, 12th Street, Lanmadaw Township, Yangon. Ph : 01- 215151, 215252, 215454.
Mandalay - No.141, 34th Street, Between (78th & 79th) Street, Mandalay. Ph : 02-69377, 69388, 69363.


TERUMO® JAPAN
THUKHA DANA
Digital Blood Pressure Monitor
လက်မောင်းပတ် ဒစ်ဂျစ်တယ်
သွေးပေါင်ချိန်တိုင်း ကိရိယာ
ES*P311
၃ နှစ် အာမခံ
မှန်ကန်တိကျသော တိုင်းတာချက်
ရိုးရှင်းလွယ်ကူသော အသုံးပြုနည်း
ခေတ်မီဆန်းသစ်သော နည်းပညာ
TERUMO ACTIVITY MONITOR
Check Total Calorie Consumption to Control Meals & Exercise
ကိုယ်အလေးချိန် လျှော့ချလိုသူများ နှင့် ကျန်းမာရေးစောင့်ရှောက်လိုသူများအတွက်
နေ့စဉ် ကိုယ်လက်လှုပ်ရှားမှုအခြေအနေနှင့် ကယ်လိုရီ သုံးစွဲမှု ပမာဏကို တိုင်းတာပေးမည့် ကိရိယာ
Lightweight 22 grams
MEDISAFE™ MINI
Blood Glucose Reader
သွေးချိုတိုင်း ကိရိယာ
• သွေးဖောက်ရာတွင် နာကျင်မှုမရှိခြင်း။
• မှန်ကန်တိကျသောအဖြေကို အချိန် (၁၀) စက္ကန့်အတွင်း သိရှိနိုင်ခြင်း။
• သွေးချိုတိုင်းတာမှုရလဒ်ကို mg/dl (သို့) mmol/L ဖြင့် ဖော်ပြပေးနိုင်ခြင်း။
• Memory အရေအတွက် အကြိမ် (၁၅၀) အထိ သိမ်းဆည်းထားနိုင်ခြင်း။
ခန္ဓာကိုယ် အပူချိန်ကို နားမှတစ်ဆင့် တိကျလျင်မြန်စွာ တစ်စက္ကန့်အတွင်း တိုင်းတာနိုင်သည်
TERUMO Ear Thermometer
EM-30CP LB/R
Just 1 second
အသက်အရွယ်မရွေး အသုံးပြုနိုင်သည်။
MARKETED & DISTRIBUTED BY THUKHA DANA CO., LTD.
1. Head Office : No.84, 12th Street, Lanmadaw Township, Yangon. Tel : 01-215151, 215252, 215454,2301250, 2301260
2. Mandalay : No.141, 34th Street, Between 78th & 79th Street, Chanayetharzan Township, Mandalay. Tel : 02-69377, 69388, 69363
3. Mawlamyaing : No.(381-A), Lower Main Road, Mayangone Quarter, Mawlamyaing. Tel : 057 - 23207, 09 - 8702954
4. Taunggyi : No.273, Zawtika Street, Thit Taw Quarter, Taunggyi. Tel : 081-22503
5. Pathein : No.12 (A), Mahabandoola Street, Pathein. Tel : 042 - 22889
6. Pyay : No.1/2, Kan Street, In front of Tun Thiri Cinema, Pyay. Tel : 053 - 25139
7. Myitkyina : No.B/2, Nawarat Constructional Building, Sumparabum Street, Myitkyina. Tel : 074 - 21299
8. Myeik : No.92 (B), Bogyoke Street, Seitngae Block, Myeik. Tel : 059 - 41468
9. Lashio : No.69, Theinni Street, Quarter-2, Lashio. Tel : 082 - 22005
10. Pyinmana : No.6/3, Bogyoke Street, Mingalar Quarter, Pyinmana. Tel : 067-21110
11. Taunggyi : No.2/307, Bo Hmu Phoe Kum Street, In front of Kan Taw Gyi, Taunggyi. Tel : 054-25678
12. Magway : No.44, Myo Ma 6th Street, Myo Ma Oh Bo Quarter, Magway. Tel : 063-26165

Education

7DAY NEWS JOURNAL

Vol.11, No.34 • NOVEMBER 1 , 2012

# မြန်မာကျောင်းသားများအတွက် အမေရိကန်ပညာသင်ဆု နှစ်ခုထပ်တိုး

**နေလင်းထွန်း**

**ရန်ကုန်၊ အောက်တိုဘာ-၂၆**

မြန်မာကျောင်းသားများအတွက် အမေရိကန်သံရုံးက ပေးအပ်နေသော ပညာသင်ဆုအစီအစဉ်များတွင် ယခုလအတွင်း ပညာသင်ဆု အခွင့်အလမ်းနှစ်ခု တိုးမြှင့်လျှောက်ထားနိုင်ကြောင်း ကြေညာလိုက်သည်။

ပြည်တွင်း၌ တက္ကသိုလ် ပထမနှစ် အောင်မြင်ထားသော ကျောင်းသားများအတွက် နိုင်ငံတကာ ဘွဲ့ကြိုကျောင်းသားဖလှယ်ရေး အစီအစဉ်နှင့် ဒီဂရီဘွဲ့နှင့်အထက် ရရှိထားသူများအတွက် အာဆီယံပညာတော်သင်ဖိတ်ခေါ်မှု အစီအစဉ်တို့ဖြစ်ပြီး ပညာသင် အခွင့်အလမ်းများအတွက် သံရုံးမှ လျှောက်လွှာများခေါ်ယူလျက်ရှိသည်။

နိုင်ငံတကာဘွဲ့ကြိုကျောင်းသားဖလှယ်မှု အစီအစဉ်အတွက် အသက် ၁၈ နှစ်မှ ၂၄ နှစ်ကြား ကြွယ်ဝချမ်းသာသော မိသားစုဝင် မဟုတ်သည့် လူငယ်များ လျှောက်ထားနိုင်မည်ဖြစ်ပြီး အမေရိကန်နိုင်ငံတွင် ပညာသင်နှစ်ဝက် (ငါးလခန့်)နှင့် ပညာသင်နှစ်အပြည့် (ဆယ်လခန့်)တို့အတွက် သွားရောက်ပညာသင်ယူခွင့်ရမည်ဖြစ်သည်။

ပညာသင်ဆုအတွက် ဘာသာရပ်နယ်ပယ်စုံမှ လူငယ်များ နိုဝင်ဘာလ ၆ ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်မည်ဖြစ်ပြီး ဆေးပညာ၊ သူနာပြု၊ ဆေးဝါးနှင့် ရောဂါကာကွယ်ရေးပညာ၊ ဥပဒေနှင့် အင်္ဂလိပ်ဘာသာလေ့လာမှုကဲ့သို့ ဘာသာရပ်လေ့လာသူများ လျှောက်ထားရန် အားပေးမည်မဟုတ်ကြောင်း သံရုံးက ကြေညာထားသည်။

အာဆီယံပညာတော်သင်ဖိတ်ခေါ်မှုအစီအစဉ်အတွက် အသက် ၅၅ နှစ်ထက် မကျော်လွန်သူများအနေဖြင့် တက္ကသိုလ်ဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့်အစိုးရဌာနများ၊ အင်န်ဂျီအိုနှင့် အခြားအသက်မွေးဝမ်းကျောင်းနယ်ပယ်တွင်အမေရိကန်နှင့်အာဆီယံကိစ္စရပ်များကို စိတ်ဝင်စားလုပ်ကိုင်နေသူများ လျှောက်ထားနိုင်မည်ဖြစ်သည်။

အမေရိကန်နိုင်ငံတွင်သုတေသနနှင့် ပညာလေ့လာရေးအတွက် ၃ လမှ ၄ လထိနေထိုင်ရမည့် အစီအစဉ်အတွက် ပညာရေး၊ အင်ဂျင်နီယာ၊ သဘာဝပတ်ဝန်းကျင်၊ အစားအသောက်နည်းပညာ၊ ပထဝီပညာရှင်၊ ဘူမိဗေဒပညာရှင်၊ သတင်းအချက်အလက်ပညာရှင်၊ ဂျာနယ်လစ်၊ ဥပဒေ၊ သတင်းအချက်အလက် စီမံခန့်ခွဲမှုနည်းပညာရှင်၊ ပြတိုက်လေ့လာသူ၊ နိုင်ငံရေးသိပ္ပံပညာရှင်၊ ပြည်သူ့စီမံခန့်ခွဲမှု၊ပြည်သူ့ကျန်းမာရေး၊ ဘာသာရေးလေ့လာသူ၊ လူမှုရေးလုပ်ကိုင်သူ၊ လူမှုစီးပွားလုပ်ကိုင်သူ၊ စာရင်းအင်းပညာရှင်နှင့် ဘာသာစကားလေ့လာသူများလည်း လျှောက်ထားနိုင်မည်ဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

အာဆီယံပညာတော်သင်ဖိတ်ခေါ်မှုအစီအစဉ်အတွက် နိုဝင်ဘာလ ၁၆ ရက် နောက်ဆုံး လျှောက်ထားရမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များကို http://burma. usembassy. gov/scholarships.html တွင် ဝင်ရောက် ကြည့်ရှုလေ့လာနိုင်မည်ဖြစ်သည်။



## ‘ပညာရှင်တွေရဲ့လွတ်လပ်ခွင့် ပါမောက္ခတွေ၊ဆရာတွေမှာ လွတ်လပ်ခွင့်ရှိဖို့လိုတယ်’

**ဒေါက်တာသိန်းလွင်နှင့် တွေ့ဆုံခြင်း**

**နေလင်းထွန်း**

မြန်မာနိုင်ငံ၏ ပညာရေးစနစ်ကို ပြုပြင်ပြောင်းလဲရန် ပညာရေးဝန်ကြီးဌာနက အစီအစဉ်များရေးဆွဲနေသလိုပြင်ပပညာရှင်များကလည်း ဆွေးနွေးတိုင်ပင် တောင်းဆိုမှုများ ဆောင်ရွက်လာကြသည်။

အောက်တိုဘာလဆန်းတွင် မြန်မာနိုင်ငံပညာရေးပြုပြင်ပြောင်းလဲမှုဆိုင်ရာ ဆွေးနွေးပွဲကျင်းပပြုလုပ်၍ ပညာရေးကဏ္ဍ ၁၀ ခုနှင့် ပတ်သက်သော အကြောင်းအရာများကို ဒီမိုကရေစီနည်းကျဆွေးနွေး အဖြေရှာခဲ့ကြသည်။ အဆိုပါ ဆွေးနွေးပွဲဖြစ်မြောက်ရေး ဦးစီးဆောင်ရွက်ခဲ့ပြီး ပြည်တွင်းပညာရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခွင့် ရရှိရန် မြန်မာနိုင်ငံသို့ပြန် လည်ရောက်ရှိလာသော နယူးကာဆယ်တက္ကသိုလ်မှ ပညာရေးပါရဂူဘွဲ့ရ ဒေါက်တာသိန်းလွင်နှင့်ပညာရေးလွတ်လပ်ခွင့်အကြောင်း တွေ့ဆုံမေးမြန်းထားသည်ကိုဖော်ပြလိုက်ပါသည်။

**မြန်မာနိုင်ငံပြန်လာဖြစ်ပုံကို ပြောပြပေးပါ။**

၂၀၀၁ ကစပြီးတော့ နယ်စပ်ဒေသမှာ ဒုက္ခသည်စခန်းက ကလေးတွေနဲ့ အလုပ်သမားကလေးတွေရဲ့ ပညာရေးအတွက် ဆောင်ရွက်ခဲ့ပါတယ်။မြန်မာနိုင်ငံပြန်ရောက်တာလေးလရှိပါပြီ။ နိုင်ငံရေးစနစ် ပြောင်းလဲသွားပြီးတော့ ပြည်ပရောက်နေသူတွေကို ပြန်လာဖို့ ကမ်းလှမ်းတာရှိတယ်။ နောက်တစ်ချက်က ကျွန်တော်ကိုယ်တိုင်လည်း မိဘနဲ့ ဝေးနေတာဖြစ်တဲ့အတွက် လူမှုရေးအရလည်း ပြန်လာတာပါ။ ပြန်လာရင်းနဲ့ ပြည်တွင်းမှာလည်း ပညာရေးလုပ်ငန်းတွေလုပ်ဖို့ လိုအပ်တဲ့အတွက် မပြန်တော့ဘဲနဲ့ ပြည်တွင်းပညာရေးလုပ်ငန်းမှာ ပါဝင်လာတာပါ။

**Thinking Class Room အကြောင်းလေးပြောပြပေးပါ။**

Thinking Class Room Foundation က ထိုင်းနိုင်ငံမှာ မှတ်ပုံတင်ထားတာပါ။ စာသင်ခန်းထဲမှာကျောင်းသားတွေကိုယ်တိုင်လေ့လာ အားထုတ်တဲ့နည်းနဲ့ စဉ်းစားတွေးခေါ်တဲ့နည်းစနစ်ကို ဆရာတွေကို သင်တန်းပေးတာပါ။ မူလတန်းဆရာရော၊ အလယ်တန်းဆရာရော၊ အထက်တန်းဆရာရော၊ တက္ကသိုလ်ဆရာတွေရော ပါပါတယ်။ ဆရာတွေကနေ စာသင်ခန်းထဲမှာ ကျောင်းသားတွေ ကိုယ်တိုင်အားထုတ်သင်ယူတဲ့ နည်းနဲ့ စာသင်နေရင်းနဲ့ စဉ်းစားဆင်ခြင်တွေးခေါ်ဖို့နည်းစနစ်တွေကို အသုံးပြုနိုင်အောင် သင်တန်းလုပ်တာပါ။ ဆရာတွေအတွက် သင်တန်းလုပ်သလို လူငယ်တွေအတွက်လည်း သင်တန်းလုပ်ပါတယ်။ နိုင်ငံရေးအဖွဲ့အစည်းမှာပါတဲ့ လူငယ်တွေ၊ အခြားအမျိုးသမီးအဖွဲ့တို့၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့၊ နောက်သတင်းမီဒီယာပေါ့။ လူငယ်တွေအတွက် ဝေဖန်ပိုင်းခြားစဉ်းစားခြင်း သင်တန်းနှစ်ရက် လုပ်ပါတယ်။ ကျွန်တော်တို့ ဖောင်ဒေးရှင်းက ၂၀၀၁ ကစပြီးတော့ ချင်းမိုင်မှာ သင်တန်းပေးခဲ့ပါတယ်။

**လက်ရှိလုပ်ကိုင်နေတဲ့ပညာရေးလုပ်ငန်းတွေအကြောင်း သိချင်ပါတယ်။**

အခုလုပ်နေတာကတော့ NLD အဖွဲ့ဝင်တွေ ဖွင့်ထားတဲ့ ပညာဒါနကျောင်းတွေမှာ ပါဝင်ဆောင်ရွက်တယ်။ ဆရာတွေအတွက် သင်တန်းနဲ့ကျောင်းတွေကို အကြံပေးတာပေါ့။နောက် NLD က လူငယ်တွေအတွက်လည်း သင်တန်းလုပ်ပါတယ်။ ရေရှည်မျှော်မှန်းတာကတော့ အသက်မွေးဝမ်းကျောင်းသင်တန်းတွေ လုပ်ဖို့ပါ။ ကျောင်းတစ်ဝက် တစ်ပျက်နဲ့ ထွက်တဲ့လူငယ်တွေအတွက်လည်း သူတို့ပညာပြန်ဆက်ဖို့ပါ။ တချို့ကျောင်းမနေတဲ့ လူငယ်တွေရှိတယ်။ လေးတန်းနဲ့ထွက်တဲ့ကလေး၊ ရှစ်တန်းနဲ့ထွက်တဲ့ကလေး၊ဆယ်တန်းမအောင်တဲ့ကလေးတွေက အများကြီးပါပဲ။ သူတို့အတွက် ကျောင်းပြင်ပပညာရေးလုပ်ဖို့၊ အသက်မွေးဝမ်းကျောင်း သင်တန်းတွေ ပေးဖို့ပါ။ ရည်ရွယ်ချက်ကတော့ ကလေးတစ်ယောက်ချင်းစီက အသက်မွေးဝမ်းကျောင်းပညာရပြီးတော့ သူတို့ဘဝရပ်တည်ရေးအတွက် အဆင်ပြေအောင်ပါ။

**တက္ကသိုလ်ပညာရေး ပြုပြင်ပြောင်းလဲဖို့အတွက် အကြံပေးအဖွဲ့လေးတစ်ခုလုပ်နေတယ်ကြားတယ်နော်။**

ကျွန်တော်တို့ ဒီအောက်တိုဘာလဆန်းမှာ ဆွေးနွေးပွဲလုပ်တယ်။

စာ(၂၂)သို့

**ပညာရေးသတင်းတိုများ**

## ကမ္ဘာ့သမိုင်း၏ ခေတ်သစ်ဂျပန် ဟောပြောပွဲ

**ရန်ကုန်၊အောက်တိုဘာ-၂၅**

ဂျပန်အပြည်ပြည်ဆိုင်ရာ တက္ကသိုလ်၏ ကျောင်းအုပ်ကြီးဖြစ်သူ ပါမောက္ခရှင်အိချိကီတာအိုကာ၏“ကမ္ဘာ့သမိုင်း၏ခေတ်သစ်ဂျပန်” အမည်ဖြင့် ဟောပြောပွဲကို နိုဝင်ဘာလ ၂၄ရက်၊ ညနေ ၄ နာရီခွဲမှ ၆ နာရီထိ ပါ့ခ်ရွိုင်ရယ်ဟိုတယ်တွင် ကျင်းပမည်ဖြစ်သည်။ ဂျပန်နိုင်ငံ၏ သံတမန်ဆက်ဆံရေးကိစ္စရပ်များတွင်ကျွမ်းကျင်သူဖြစ်ပြီးကုလသမဂ္ဂဆိုင်ရာ ဂျပန်သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသော ပါမောက္ခရှင်အိချိကီတာအိုကာ၏ ဟောပြောပွဲသို့ စိတ်ဝင်စားသူများ တက်ရောက်လေ့နိုင်မည်ဖြစ်သည်။

မြေညီထပ်၊ စဉ့်အိုးတန်းလမ်း၊ လသာမြို့နယ်သို့ တက္ကသိုလ်ဝင်ခွင့် စာရင်းထွက်ရှိပြီး ရက်ပေါင်း ၃၀အတွင်း ဆက်သွယ် လျှောက်ထားနိုင်ကြောင်း နိုင်ငံပိုင်သတင်းစာတွင် ဖော်ပြထားသည်။

## ရွှေပါရမီ ပညာသင်ဆု လျှောက်ထားနိုင်

**ရန်ကုန်၊ အောက်တိုဘာ-၁၅**

ဆေးတက္ကသိုလ်၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်၊ သူနာပြု တက္ကသိုလ်၊နည်းပညာတက္ကသိုလ်၊ပညာရေးတက္ကသိုလ်နှင့်ပညာရေးကောလိပ်တို့တွင် တက်ရောက် ပညာသင်ကြားမည့် ကျောင်းသားများအနေဖြင့်ရွှေပါရမီပညာသင်ဆုလျှောက်ထားနိုင်ကြောင်း သိရသည်။ ၎င်းတက္ကသိုလ်များတွင် ပညာသင်ကြားရန် အခက်အခဲရှိသော ကျောင်းသား ၁၀ဦးစီကို ရွေးချယ်၍ ကျောင်းပြီးသည်အထိ ပညာသင်ဆု လစဉ်ချီးမြှင့်သွားမည်ဖြစ်သည်။ ကျောင်းသားများအနေဖြင့် ရွှေပါရမီပညာသင်ဆုချီးမြှင့်ရေးအဖွဲ့၊ အမှတ်(၆၁)၊ မြေညီထပ်၊စဉ့်အိုးတန်းလမ်း၊ လသာမြို့ နယ်သို့ တက္ကသိုလ်ဝင်ခွင့် စာရင်းထွက်ရှိပြီး ရက်ပေါင်း ၃၀ အတွင်း ဆက်သွယ်လျှောက်ထားနိုင်မည်ဖြစ်ကြောင်း နိုင်ငံပိုင်သတင်းစာတွင် ဖော်ပြထားသည်။

## ဂျပန်နှင့် မြန်မာအတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှု စကားဝိုင်းပြုလုပ်မည်

**ရန်ကုန်၊ အောက်တိုဘာ-၂၅**

ဂျပန်နိုင်ငံရှိ အာရှပစိဖိတ် တက္ကသိုလ်မှ စီစဉ်သော “ဂျပန် နှင့် မြန်မာအတွက် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှု” စကားဝိုင်းကို နိုဝင်ဘာလ ၁၀ ရက်၊ နေ့ လယ် ၁၂နာရီခွဲမှ ၃နာရီခွဲအထိ ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်တွင်ကျင်းပပြုလုပ်မည်ဖြစ်သည်။ ဟောပြောပွဲသို့ဂျပန်ကုမ္ပဏီများ၊ အဖွဲ့အစည်းများ၊ မြန်မာကုမ္ပဏီ များနှင့် ဘာသာစကား သင်တန်း ကျောင်းများကိုလည်း ဖိတ်ကြားထားပြီး စိတ်ဝင်ဝင်စားသူများ တက်ရောက် လေ့လာနိုင်သည်။

## ပစ်တိုင်းထောင် ပညာသင်ဆု လျှောက်ထားနိုင်

**ရန်ကုန်၊ အောက်တိုဘာ-၁၂**

ဆေးတက္ကသိုလ်များတွင် ပညာသင်ကြားနေပြီး ပညာသင်စရိတ် အခက်အခဲရှိသော ကျောင်းသားများအနေဖြင့် ပစ်တိုင်းထောင် ပညာသင်ဆုအစီအစဉ်ကို ဒီဇင်ဘာလ ၁၅ ရက် နောက်ဆုံး လျှောက်ထားနိုင်ကြောင်းသိရသည်။ လစဉ်ကျပ်ငါးသောင်း ထောက်ပံ့ကြေးရရှိနိုင်မည့် အစီအစဉ်အတွက် www. pthfoundation.org တွင် ဝင်ရောက်ကြည့်ရှုလေ့လာလျှောက်ထားနိုင်မည်ဖြစ်သည်။

Phone,Software,Rooting,Game
ကျွမ်းကျင်ဝန်ထမ်း (2) P အလိုရှိသည်

TWO Y M0bile & Service
L -7 မြေညီထပ် ၊ ယုဇနပလာဇာ
09 73002115

7DAY NEWS JOURNAL
Vol.11, No.34 • NOVEMBER 1 , 2012

# ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်မည်

**နေလင်းထွန်း**

**ရန်ကုန်၊**
**အောက်တိုဘာ-၂၆**

မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍ အဆင့်မြှင့်တင်ရေး လုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန် ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍလေ့လာသုံးသပ်ရေးလုပ်ငန်းကို ၂ နှစ်အတွင်း အဆင့် ၃ ဆင့်ဖြင့် စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မြန်မာနိုင်ငံ ပညာရေးစနစ်၏ အားသာချက်နှင့် အားနည်းချက်များအပေါ် အခြေခံ၍ ပြုပြင်ပြောင်းလဲရမည့် လုပ်ငန်းနယ်ပယ်များကို ဖော်ထုတ်ပေးရန်၊ အထောက်အထားခိုင်မာသော ပညာရေးမူဝါဒများနှင့် ဥပဒေများ ထွက်ပေါ်လာရေးနှင့် ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြည့်ဆည်းပံ့ပိုးပေးရန်နှင့် လေ့လာတွေ့ရှိချက်များအပေါ် အခြေခံပြီး ပညာရေးစီမံချက်များကို ရေးဆွဲတင်ပြနိုင်ရန် ရည်ရွယ်ထားကြောင်း သတင်းရရှိသည်။

"ပညာရေးမူဝါဒပိုင်းမှာ အထောက်အထားခိုင်မာတဲ့ မူဝါဒတွေနဲ့ ကဏ္ဍခွဲအလိုက် လိုအပ်နေတဲ့ ဥပဒေသစ်တွေကို ရေးဆွဲဖို့ လိုအပ်သလို တည်ဆဲဥပဒေတွေကိုလည်း ခေတ်စနစ်နဲ့အညီပြုပြင်ဖို့ လိုအပ်နေတာတွေ၊ ဗဟိုချုပ်ကိုင်မှု လျှော့ချတဲ့စနစ်ကို ပြောင်းလဲအသုံးပြုနိုင်ရေးအတွက် ပညာရေးစီမံခန့်ခွဲမှု စနစ်တွေကိုလည်း ပြုပြင်ပြောင်းလဲဖို့ လိုအပ်နေတာတွေကို အထင်အရှားတွေ့ရမှာ ဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ ပညာရေးအသုံးစရိတ်ကိုလည်း ဒေသတွင်းနဲ့ နိုင်ငံတကာ စံနှုန်းတွေနဲ့ နှိုင်းယှဉ်လေ့လာပြီး ဖြစ်သင့်တဲ့ နှုန်းထားကို အဆိုပြု တင်ပြပေးဖို့ လိုအပ်မှာဖြစ်ပါတယ်"ဟု နေပြည်တော်၊ သင်္ဂဟဟိုတယ်တွင် ကျင်းပသော အထက်ပါ လုပ်ငန်းစတင်ခြင်း အခမ်းအနား၌ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်က အဖွင့်အမှာစကား ပြောကြားခဲ့သည်။



ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

လုပ်ငန်းအစီအစဉ် အနေဖြင့် ပထမအဆင့်တွင် အချိန်တိုတွင်း အကဲဖြတ်ခြင်း၊ ဒုတိယအဆင့်တွင် အသေးစိတ် လေ့လာဆန်းစစ်ခြင်းနှင့် တတိယအဆင့်တွင် အသုံးစရိတ် လျာထားချက်များ ပါဝင်သော ပညာရေးစီမံကိန်းများ ရေးဆွဲပြုစုခြင်းတို့ကို ဆောင်ရွက်သွားမည် ဖြစ်သည်။

အဆိုပါလုပ်ငန်းရုံးကို ကမာရွတ်မြို့နယ်၊ ပြည်လမ်း အမှတ် (၄၂၆)တွင် အခြေစိုက်သွားမည်ဖြစ်ပြီး ဘဏ္ဍာရေးနှင့် နည်းပညာပံ့ပိုးမှုအနေဖြင့် ADB, AusAID, British Council, Denmark, DFID, EU, GIZ, JICA, MDEF, Norway, UNESCO, UNICEF, World Bankနှင့် အခြားအဖွဲ့အစည်းများ၊ ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် မြန်မာနိုင်ငံသားအားလုံး၊ အစိုးရအဖွဲ့အစည်းများ၊ နိုင်ငံတကာနှင့် ပြည်တွင်းအဖွဲ့အစည်းများ၊ လူမှုအခြေပြုအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် အခြားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းဘက်များအားလုံး ပါဝင်လုပ်ဆောင်သွားကြမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ထားသည်။

## စာ-၂၁၊ ဒေါက်တာသိန်းလွင်နှင့် တွေ့ဆုံခြင်း မှ

ဆွေးနွေးပွဲမှာ အခြေခံပညာရော၊ အဆင့်မြင့်ပညာရော၊ အသက်မွေးဝမ်းကျောင်း ပညာရော၊ တိုင်းရင်းသားဘာသာစကား ကိစ္စတွေရော၊ အားလုံးပေါင်း ကဏ္ဍဆယ်ခုဆွေးနွေးခဲ့ကြတယ်။ အဲ့ဒီထဲက ကဏ္ဍတစ်ခုချင်းစီကိုအသေးစိတ်ပြန်ဆွေးနွေးဖို့ရှိတယ်။ အခုတော့ဘုန်းတော်ကြီး သင်ကျောင်းတွေကလည်း အသေးစိတ်ထပ်ဆွေးနွေးဖို့ ရှိတယ်။ တက္ကသိုလ်ကဏ္ဍလည်း ဆွေးနွေးဖို့ ရှိတယ်။ တက္ကသိုလ်ပညာရေး ပြုပြင်ပြောင်းလဲမှုမှာ အားတက်သရော ဆောင်ရွက်နေတဲ့ ဆရာဘိုးလှိုင်တို့၊ ဆရာကိုတာတို့ အပါအဝင် တက္ကသိုလ်ပြုပြင်ပြောင်းလဲရေးမှာ အကြံပေးဖို့ Formally တော့ မဟုတ်ပါဘူး၊ Informally ပေါ့။ အခုလောလောဆယ်တော့ ရင်းနှီးတဲ့သူတွေနဲ့စပြီး နောက်ပိုင်းမှာတော့ တက္ကသိုလ်ပြုပြင် ပြောင်းလဲရေး လုပ်လိုသူတွေနဲ့ တိုးချဲ့သွားဖို့ ရှိပါတယ်။

**တက္ကသိုလ်ပညာရေး ဥပဒေကြမ်းနဲ့ ပတ်သက်ပြီးတော့ ဘယ်လိုမြင်ပါလဲ။**

တက္ကသိုလ်ပညာရေးဥပဒေကြမ်းကိုဒေါ်အောင်ဆန်းစုကြည်က လွှတ်တော်မှာ ကန့်ကွက်ခဲ့တာ အားလုံးအသိပဲဖြစ်ပါတယ်။ ကန့်ကွက်တဲ့အဓိက အချက်နှစ်ချက်က တက္ကသိုလ်တွေရဲ့ လွတ်လပ်မှု၊ တက္ကသိုလ်တွေကို တက္ကသိုလ်အုပ်ချုပ်ရေးကောင်စီကနေ လွတ်လွတ်လပ်လပ် စီမံခန့်ခွဲခွင့်ရှိဖို့၊ နောက်တစ်ချက်က ကျောင်းသားတွေဟာ လွတ်လွတ်လပ်လပ်တွေးခေါ် စဉ်းစားနိုင်ဖို့ပါ။ ကျွန်တော်တို့ ကိုယ်တိုင်လည်း ဒီလိုပဲယူဆတယ်။ အဓိကကတော့ ပညာရေးလွတ်လပ်ခွင့် ရှိဖို့ပါ။ ပညာရေးလွတ်လပ်ခွင့် အောက်ကနေ ပညာရေးပြုပြင်ပြောင်းလဲဖို့ပါ။

**ဒေါ်အောင်ဆန်းစုကြည်နဲ့ ပညာရေးပြုပြင်ပြောင်းလဲမှု အကြောင်း ဆွေးနွေးပြောဆိုထားတာရှိပါသလား။**

ဒေါ်အောင်ဆန်းစုကြည်နဲ့ ကျွန်တော်တို့ တွေ့ဖို့ တော်တော်တော့ ခက်တယ်။ သူကလည်း လွှတ်တော်မှာ အချိန် တော်တော်များများပေးရတယ်။ နောက်နိုင်ငံခြားခရီးလည်း ထွက်တဲ့အခါ ကျွန်တော်တို့နဲ့ အတူတူထိုင် ဆွေးနွေးဖို့မှာ အခက်အခဲရှိတယ်။ ကျွန်တော်တို့ ဆွေးနွေးတဲ့ အကြောင်းအရာတွေ၊ အယူအဆတွေဒေါ်အောင်ဆန်းစုကြည်ကို တင်ပြပါမယ်။ အဲ့ဒီလိုတော့ အချိတ်အဆက်ရှိတယ်။ ဒါပေမဲ့ အတူတူထိုင်ဆွေးနွေးတာတော့ မကြုံသေးပါဘူး။

**လက်ရှိ ပညာရေးဝန်ကြီးဌာနက ပညာရေးပြုပြင်ပြောင်းလဲမှုလုပ်လာတဲ့အပေါ် ဘယ်လိုမြင်ပါလဲ။**

ကျွန်တော်ကတော့ ချုပ်ကိုင်မှုအောက်ကနေ တက္ကသိုလ်ကို သုံးနှစ်ကနေ လေးနှစ်ပြောင်းတာတို့၊ ဆယ်တန်းကနေ ဆယ့်နှစ်တန်းလုပ်မယ်တို့၊ အဲ့ဒါတွေကို ပြောင်းတယ်လို့ မထင်ဘူး။ ချုပ်ကိုင်မှုအောက်မှာ ပြောင်းတာ မဆီလျော်ဘူး။ အရင်ဆုံးက ချုပ်ကိုင်မှုကို လျှော့လိုက်ရမယ်။ပြီးရင် ဒေသဆိုင်ရာ ပြည်နယ်နဲ့ တိုင်းတွေ ရှိတယ်။ သူတို့ပြည်နယ်နဲ့ တိုင်းတွေလည်း ပညာရေးလွတ်လပ်ခွင့်ရှိသွားမှာပေါ့။ အဲ့ဒါမှသင်ရိုးညွှန်းတမ်း ရေးဆွဲရင်လည်း သူတို့ဒေသမှာရှိတဲ့ တိုင်းရင်းသားတွေရဲ့ ဘာသာစကား၊ ယဉ်ကျေးမှုတွေကို ပါဝင်ရေးဆွဲနိုင်တဲ့ လွတ်လပ်ခွင့်ရှိမယ်။ ဗဟိုက ချုပ်ကိုင်ထားတယ်ဆိုတော့ ဗဟိုကလူရဲ့ အမြင်နဲ့ ရေးဆွဲထားတဲ့အခါကျတော့ တိုင်းရင်းသားတွေနဲ့ မကိုက်ညီဘူး ဖြစ်နေတယ်။ ပညာရေးကလည်း အယူအဆ အမျိုးအမျိုး ရှိတယ်။ တစ်စု၊ တစ်ဖွဲ့တည်း လုပ်တဲ့အတွက်၊ ပညာရေးအယူအဆ တစ်မျိုးတည်းနဲ့ လုပ်တဲ့အတွက် ပညာရေးအယူအဆ မတူညီတဲ့သူတွေရဲ့ သဘောတူညီမှု မရရှိနိုင်ဘူး။ အဲ့ဒီအတွက် စရေးဆွဲတယ်ဆိုတည်းက ပညာရေးအတွေ့အကြုံ ရှိထားတဲ့သူ၊ လေ့လာထားတဲ့သူ၊ ပညာရှင်တွေပါဝင်ပြီးတော့ ဘက်ပေါင်းစုံ ပါဝင်လုပ်ဆောင်သင့်တယ်။

**ပညာရေးစနစ်ရဲ့ အဓိက အားနည်းချက်အနေနဲ့ ဘာကို ထောက်ပြချင်ပါလဲ။**

အဓိက အားနည်းချက်ကတော့ ပညာရှင်တွေရဲ့ လွတ်လပ်ခွင့်၊ ပါမောက္ခတွေ၊ ဆရာတွေမှာ လွတ်လပ်ခွင့်ရှိဖို့လိုတယ်။ အခုက ပါမောက္ခတွေ၊ ဆရာတွေက သူတို့မှာ အကြံဉာဏ်တွေ ရှိတယ်၊ ဒါပေမဲ့ ထုတ်ဖော်ပြောခွင့်လည်း မရဘူး၊ လုပ်ခွင့်လည်း မရဘူး။ အမိန့်ကို စောင့်နေရတယ်။ ပညာရှင်တွေကို လွတ်လွတ်လပ်လပ်ပြုပြင်ပြောင်းလဲ ခွင့်ပေးဖို့ပါ။ ပညာရေး လွတ်လပ်ခွင့်မှာ ပညာရှင်တွေရဲ့ လွတ်လပ်စွာ လုပ်ကိုင်ခွင့်လည်း လိုတယ်။ သုတေသန လွတ်လွတ်လပ် လုပ်ခွင့်ရှိရမယ်။ သုတေသနတွေ့ရှိချက်ကို လွတ်လပ်စွာ ထုတ်ဖော်ရမယ်။ ပညာရပ်ပိုင်းဆိုင်ရာမှာ လွတ်လပ်ခွင့် ရှိရမယ်။ ကျောင်းသားတွေမှာလည်း လွတ်လပ်စွာ ရွေးချယ်ပညာသင်ယူခွင့် ရှိရမယ်။

**မြန်မာကျောင်းသားတွေအပေါ်မှာရော ဘယ်လို သုံးသပ်ချင်ပါလဲ။**

လက်ရှိပညာရေးစနစ်အောက်မှာ သွားနေတဲ့အခါကျတော့ ကျောင်းသားတွေ ကိုယ်တိုင်အားထုတ်မှု မရှိဘူး။ အားထုတ်ခွင့် မရဘူးဖြစ်နေတယ်။ ကိုယ်တိုင်အားထုတ်စေချင်တယ်။ ဘာသာရပ်တွေကိုကိုယ်တိုင်အားထုတ်လေ့လာဖို့ပေါ့။အဲ့ဒီအတွက် သင်တဲ့နည်းစနစ်တွေ ပြောင်းလဲဖို့လိုတယ်။လက်ရှိပညာရေးစနစ်က အသင့်ရေးပြီးသား စာအုပ်နဲ့ သွားနေတာပေါ့။ တက္ကသိုလ်ပညာရေးစနစ်က အသင့်ရေးပြီးသား စာအုပ်တစ်အုပ်တည်း မဟုတ်ဘူး၊ အများကြီးရှိဖို့ လိုအပ်တယ်။ ကိုးကားနိုင်ဖို့လည်း အများကြီးရှိဖို့ လိုအပ်တယ်။ ကျောင်းသားတွေ ကိုယ်တိုင်က သုတေသနပြုပြီးတော့ လေ့လာတဲ့ နည်းစနစ်ကို ပြောင်းစေချင်တယ်။

**အချိန်ပေး ဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။**

**PATENT CAUTION**

PROTEKTORWERK Florenz Maisch GmbH & Co. KG., a company incorporated in Germany at Viktoriastraße 58, 76571Gaggenau, Germany is the Owner and Sole Proprietor of the patent, the title and description of which Patent is:

**STRUCTURAL SECTION AS WELL AS METHOD AND APPARATUS FOR MANUFACTURING SUCH STRUCTURAL SECTION**

**Reg: No.4/11457/2012**

In respect of: "A structural section, in particular a T-section,C-section, U-section, V-section, H-section, L-section,M-section, W-section, &!-section or hat section, having anelongated base body, which is in particular metallic. Thebase body includes a middle region extending in the longitudinaldirection and formed as substantially closed andincludes at least two longitudinal regions extending at bothsides of the middle region. Openings widened transverselyto the longitudinal extent ofthe base body are arranged inthe middle region of the base body, a section recess or asection nose having side guide surfaces is formed whichextends in the longitudinal direction of the base body overits total length. A method and apparatus for manufacturingsuch a structural section are furthermore described."

Fraudulent imitation or unauthorized use ofthe said Patent shall be dealt with according to law.

U Myint Lwin, Advocate,
LL.B,DBL
Post Graduate Diploma in Legal Aspects of Marine Affairs (Cardiff)
myint.advocate@mptmail.net.nm
www.mipadvocate.com
Ph:371990 1.Nov.2012

**Motherland**

ဆောက်လုပ်ရေးမှ အောက်ပါဝန်ထမ်းများအလိုရှိပါသည်။

1. Project Engineer (10) Posts
2. Project Manager (10) Posts
3. Site Supervisor (10) Posts
4. Operation Manager (10) Posts
5. Receptionist (10) Posts
6. Auto CAD 2D, 3D (5) Posts
7. Auto CAD 3D Max (5) Posts
8. Sale Staff (10) Posts

အတွေ့အကြုံရှိဝန်ထမ်းများအား လစာကောင်းပေး၍ခန့်ထားမည်။ လျှောက်ထားလိုသူများသည်
ရပ်ကွက်ထောက်ခံစာမူရင်း/မိတ္တူ၊
ရဲစခန်းထောက်ခံစာမူရင်း/မိတ္တူ၊
အလုပ်သမားမှတ်ပုံတင် မူရင်း/မိတ္တူ၊
သန်းခေါင်စာရင်းမူရင်း/မိတ္တူ၊
မှတ်ပုံတင်မူရင်း/မိတ္တူ၊
ဘွဲ့လက်မှတ်မူရင်း/မိတ္တူများနှင့်တကွ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။
အမှတ်(၄၅၃)၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ၀၉-၄၂၅၀၂၀၄၂၆။

# Technology

7 DAY NEWS JOURNAL

Vol.11, No.34 • NOVEMBER 1 , 2012




# Window 8 စနစ်သုံး သင်ပုန်းကွန်ပျူတာများ သုံးနိုင်တော့မည်

**ယုဇနကိုကို၊ ခိုင်ချို**

**ရန်ကုန်၊ စက်တင်ဘာ- ၂၈**

Windows 8 OS (Operation System) အသုံးပြုသင်ပုန်းကွန်ပျူတာ(Tablet)များကို နိုင်ငံတကာ ကွန်ပျူတာကုမ္ပဏီအများစုက နိုဝင်ဘာလဆန်းပိုင်းမှစတင်ကာ ပြည်တွင်းဈေးကွက်အတွင်းသို့ စတင် ဖြန့်ချိမည်ဖြစ်ကြောင်း သတင်းရရှိသည်။

Lenovo, Dell, Asus, Acer အစရှိသည့် ကုမ္ပဏီများသည် Windows 8 စနစ်ကို ထည့်သွင်းအသုံးပြုထားသည့် သင်ပုန်းကွန်ပျူတာများကို နိုင်ငံတကာဈေးကွက်သို့ ဖြန့်ချိရန် စတင်ပြင်ဆင်နေကြပြီ ဖြစ်သည်။

မိုက်ကရိုဆော့ဖ်ကုမ္ပဏီက Windows 8 ကို မိတ်ဆက်ပြီးရက်ပိုင်းအကြာတွင် အထက်ပါ အမှတ်တံဆိပ်နည်းပညာထုတ်ကုန်များကို သက်ဆိုင်ရာကွန်ပျူတာ ကုမ္ပဏီအသီးသီးက နိုင်ငံတကာဈေးကွက်သို့ ဖြန့်ချိရန် မိတ်ဆက်မှုများပြုလုပ်လာခြင်း ဖြစ်သည်။

Windows 8 OS အသုံးပြုသင်ပုန်းကွန်ပျူတာအမှတ်တံဆိပ်အမျိုးမျိုးတွင် Acer တံဆိပ်ထုတ်ကုန်များက လာမည့် နိုဝင်ဘာလ ဆန်းမှစတင်ကာဝင်ရောက်လာမည်ဖြစ်၍ ပြည်တွင်းဈေးကွက်သို့အစောဆုံးဝင်ရောက်လာမည့် အမှတ်တံဆိပ်တစ်ခုဖြစ်သည်ဟု သိရသည်။

မိုက်ကရိုဆော့ဖ်၏ Windows 8 စနစ်အသုံးပြု အဆိုပါကွန်ပျူတာအသေးများပြည်တွင်းဈေးကွက်အတွင်းသို့ အပြိုင်အဆိုင်ဝင်ရောက်လာတော့မည်ဖြစ်၍ Netbook ဈေးကွက်ကို လက်ရှိထက် ပိုမိုနေရာယူသွားနိုင်ကြောင်းလည်း ရန်ကုန်အခြေစိုက်ကွန်ပျူတာကုမ္ပဏီများမှ ဈေးကွက်ကျွမ်းကျင်သူများက သုံးသပ်ပြောကြားသည်။

ယခုလက်ရှိပြည်တွင်းကွန်ပျူတာဈေးကွက်အတွင်း သင်ပုန်းကွန်ပျူတာများသည် Netbook များ၏ ဈေးကွက်ဝေစုကို ရာခိုင်နှုန်းထက်ဝက်ကျော်နေရာ

စာ(၂၄)သို့

# ဖော်ဂျီနှင့် ယူနီကုဒ်များကို မိုဘိုင်း Firefox ပေါ်တွင် Font ထည့်သွင်းစရာမလိုဘဲ ဖတ်ရှုနိုင်တော့မည်

**ယုဇနကိုကို**

**ရန်ကုန်၊ အောက်တိုဘာ- ၂၇**

မိုဘိုင်း Firefox တွင် ဇော်ဂျီနှင့် ယူနီကုဒ် Font များကို Font ထည့်သွင်းစရာမလိုဘဲ ဖတ်ရှုနိုင်တော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါဇော်ဂျီနှင့် ယူနီကုဒ် Font များကို မိုဘိုင်း Firefox ပေါ်တွင် ဖတ်ရှုနိုင်မည်ဖြစ်သည့် Tagu (တန်ခူး)ကို မြန်မာ Developer တစ်ဦးဖြစ်သူ ကိုထိန်လင်းရွှေက ရေးဆွဲထားခြင်း ဖြစ်သည်။

အဆိုပါ Tagu ဆော့ဖ်ဝဲကို မကြာမီအချိန်အတွင်း အသုံးပြုနိုင်အောင် ဖြန့်ချိပေးမည်ဖြစ်ပြီး သုံးစွဲသူကိုယ်တိုင် မိုဘိုင်းအတွက် Compile လုပ်ပြီး သုံးစွဲနိုင်မည်ဖြစ်သည်။

ထို့ကြောင့် မိုဘိုင်းပေါ်တွင် Tagu ကို Compile လုပ်ပြီးသုံးစွဲလိုသူများအနေဖြင့် Firefox add-on Source Code ကို https://github.com/saturngod/Tagu-firefox ပေါ်တွင် ရယူသုံးစွဲနိုင်သည်။

မြန်မာ Developer ကိုထိန်လင်းရွှေအနေဖြင့် လက်ရှိအချိန်တွင် Desktop Browser များအတွက် Tagu ကို https://chrom.google.com/webstore နှင့် https://addons.mozilla.org တို့တွင် အခမဲ့ရယူအသုံးပြုနိုင်ရန် စီစဉ်ပေးထားသည်။ စာ(၂၄)သို့

# ချင်းသင်ခန်းစာ ဆော့ဖ်ဝဲရေးဆွဲပြီးစီး

**အေးသူစံ**

**ရန်ကုန်၊ အောက်တိုဘာ- ၂၇**

ချင်းတောင်ပေါ်မြို့ အချို့တွင် အခြေခံသင်ရိုးညွှန်းတမ်းအဖြစ် အသုံးပြုခဲ့သော ချင်းတိုင်းရင်းသားဖတ်စာအုပ်များကို ကွန်ပျူတာဆော့ဖ်ဝဲဖြင့်ဖန်တီးထားသော အသံအရုပ်ပါ Zolaisinna (ချင်းသင်ခန်းစာ) ဆော့ဖ်ဝဲကို အောက်တိုဘာလကုန်တွင် ရေးဆွဲလိုက်နိုင်ကြောင်း ဖန်တီးသူ ချင်းတိုင်းရင်းသားကျင့်ဆွင်းကပ်က ပြောသည်။

ချင်းတောင်ပေါ်မြို့များဖြစ်သော တီးတိန်၊ တွန်းဇံနှင့် ဂျီခါးမြို့တို့တွင် အများဆုံး အသုံးပြုသည့် ဇိုလိုင်ဘာသာစကားကို အခြေခံ၍ ပြုစုထားသော သူငယ်တန်းမှ စတုတ္ထတန်းထိ သင်ရိုးညွှန်းတမ်းများကို အရုပ်နှင့်အသံပါ ထည့်သွင်းပေးထားသည်။ ထို့ကြောင့် လတ်တလောတွင်ဇိုလိုင်ဘာသာစကား တစ်မျိုးတည်းသာ ထည့်သွင်းထားသည့်အတွက် ချင်းတိုင်းရင်းသားများအတွက်သာ လေ့လာရလွယ်ကူပြီး မြေပြန့်သားများ လေ့လာနိုင်ရန်အတွက်မူ အခက်အခဲရှိဦးမည်ဖြစ်ကြောင်း ကိုကျင့်ဆွင်းကပ်က ပြောသည်။

"ကျွန်တော်တို့ ချင်းတွေဟာ နိုင်ငံတကာမှာ ပျံ့နှံ့နေတဲ့အတွက်

စာ(၂၄)သို့

# ဆော့ဖ်ဝဲလုပ်ငန်းများ ဖွံ့ဖြိုးရန် အစိုးရ၏ ပံ့ပိုးမှုလိုအပ်နေ

**ယုဇနကိုကို၊ ခိုင်ချို**

**ရန်ကုန်၊ စက်တင်ဘာ- ၂၇**

နိုင်ငံတကာစီးပွားရေးလုပ်ငန်းရှင်များ မြန်မာနိုင်ငံသို့ အာရုံကျနေသည့် အချိန်တွင် ပြည်တွင်း၌ ဆော့ဖ်ဝဲရေးဆွဲသည့်လုပ်ငန်းများ ထပ်မံပေါ်ပေါက်ရန် လိုအပ်နေပြီး အဆိုပါ လုပ်ငန်းဖွံ့ဖြိုးမှုအတွက် အစိုးရ၏ ပံ့ပိုးပေးမှုအပိုင်းသည်လည်းအရေးကြီးကြောင်း ပြည်တွင်း၊ပြည်ပရှိစီးပွားရေးလုပ်ငန်းရှင်များက ပြောသည်။

ယခုလက်ရှိအချိန်တွင် မြန်မာနိုင်ငံ၏ ဆော့ဖ်ဝဲလုပ်ငန်းဖွံ့ဖြိုးမှုမှာ အရှိန်နှေးနေဆဲဖြစ်ပြီး အစိုးရ၏ ပံ့ပိုးမှုပိုင်းသည်လည်း သိသိသာသာအားနည်းနေဆဲ ဖြစ်ကြောင်း ရန်ကုန်မြို့အခြေစိုက် ဆော့ဖ်ဝဲရေးဆွဲသည့် လုပ်ငန်းများမှ စုံစမ်းသိရှိရသည်။

အရေအတွက် အနည်းငယ်သာရှိသော်လည်း မြန်မာပြည် ဆော့ဖ်ဝဲလုပ်ငန်းများသည်နိုင်ငံ

စာ(၂၄)သို့







## စာ(၂၃) - ဆော့ဖ်ဝဲလုပ်ငန်းများ ဖွံ့ဖြိုးရန် အစိုးရ၏ ပံ့ပိုးမှုလိုအပ်နေ မှ

တကာဈေးကွက်တွင်မှု အထိုက်အလျောက်နေရာရရှိနေသည်ဟု အထက်ပါလုပ်ငန်းများ၏ လုပ်ငန်းကျွမ်းကျင်သူများက ဆိုကြသည်။

“မြန်မာပြည်ရဲ့ဆော့ဖ်ဝဲဈေးကွက်က အရမ်းသေးတယ်။ အစိုးရရဲ့ ပံ့ပိုးမှုက အဓိကအရေးကြီးဆုံးပဲ။ အိန္ဒိယမှာဆို အစိုးရကသူတို့ရဲ့ ပြည်တွင်းဆော့ဖ်ဝဲဈေးကွက်အတွက် ပုဂ္ဂလိကကို အရမ်းပံ့ပိုးပေးတယ်။ အခုချိန်ပြည်တွင်းမှာ ဝန်ထမ်းနှစ်ရာကျော်ရှိတဲ့ ဆော့ဖ်ဝဲကုမ္ပဏီတွေရှိမှမရှိဘဲ” ဟု ဆော့ဖ်ဝဲရေးဆွဲသည့် ကုမ္ပဏီတစ်ခုဖြစ်သော MIT (Myanmar Information Technology Pte Ltd) မှ အမှုဆောင်အရာရှိချုပ် ဦးထွန်းသူရသက်က သုံးသပ်ပြောကြားသည်။

စီးပွားရေးလုပ်ငန်းခွင်များတွင် မရှိမဖြစ်လိုအပ်နေပြီဖြစ်သော ဆော့ဖ်ဝဲများရေးဆွဲသည့် ကုမ္ပဏီတစ်ခုဖြစ်သော Integra ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးဖြစ်သော ဦးထွန်းခိုင်က “နိုင်ငံတကာဝင်လာပြီဆို ပြည်တွင်းဆော့ဖ်ဝဲလုပ်ငန်းနယ်ပယ်မှာ အခက်အခဲရှိလာနိုင်သလို အခွင့်အလမ်းတွေလည်း ရှိလာနိုင်တယ်။ ကိုယ့်ဆီမှာ အရည်အချင်းရှိတဲ့ ဆော့ဖ်ဝဲကုမ္ပဏီတွေ အများကြီးရှိနေတာက ကောင်းသလို အဲ့ဒီအရည်အချင်းရှိနေသူတွေကို နိုင်ငံခြားကုမ္ပဏီတွေက ဆွဲခေါ်သွားတာတွေလည်းဖြစ်လာနိုင်တယ်။ နိုင်ငံတကာနဲ့ယှဉ်ရင်တော့ ဒီလုပ်ငန်းကို လုပ်ကိုင်နိုင်တဲ့ အရေအတွက်က တအားနည်းနေသေးတယ်” ဟု ၎င်း၏ အမြင်ကို သုံးသပ်ပြောကြားသည်။

ဆော့ဖ်ဝဲရေးဆွဲသည့် လုပ်ငန်းများ၏ ဖွံ့ဖြိုးမှုနှင့် ပြိုင်ဆိုင်မှုများ အပြိုင်အဆိုင်ဖြစ်ပေါ်လာမှ ဈေးကွက်၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပြီး ထိုသို့မဟုတ်ပါက နိုင်ငံတကာကုမ္ပဏီများက အများဆုံးနေရာယူသွားနိုင်သဖြင့် ပြည်တွင်းရှိနှင့်ပြီး သားလုပ်ငန်းများ၏ ဈေးကွက်ဝေစုများ လက်လွတ်သွားနိုင်သည်ကို ပါ သတိပြုသင့်ကြောင်း Barons Tele-Link Service Co., Ltd. ၏ ဒါရိုက်တာ ဦးဇော်မင်းဦး ကလည်း ပြောကြားသည်။

နိုင်ငံတကာကုမ္ပဏီများ ဝင်ရောက်လာမည်ဆိုပါက ဟိုတယ်လုပ်ငန်း၊ ခရီးသွားလုပ်ငန်းကဏ္ဍများနှင့် ဘဏ်လုပ်ငန်းများအတွက် ရေးဆွဲနိုင်သည့် ဆော့ဖ်ဝဲကုမ္ပဏီများမှာ ပိုမိုအလုပ်ဖြစ်လာနိုင်၍ ယင်းလုပ်ငန်းများနှင့် သက်ဆိုင်သည့် ဆော့ဖ်ဝဲပိုမိုလိုအပ်နိုင်သည်ဟုလည်း ကွန်ပျူတာပညာရှင်တစ်ဦးက ပြောကြားသည်။

Laptop နှင့် Notebook များကို နိုင်ငံတကာဈေးကွက်တွင် ဖြန့်ချိနေသည့် Acer Inc တည်ထောင်သူ Mr. Stan Shin က “မြန်မာနိုင်ငံမှာက ဒေသတွင်းသုံးနိုင်တဲ့ ဆော့ဖ်ဝဲတွေ ထုတ်လုပ်မှုပိုင်း အားနည်းနေသေးတယ်လို့ မြင်တယ်။ ဒီထက်ပိုပြီးသုံးနိုင်လာအောင် များများလုပ်သင့်နေပြီ” ဟု သူ၏အမြင်ကို ပြောသည်။

စီးပွားရေးဖွံ့ဖြိုးမှုအားကောင်းသော တရုတ်နှင့် အိန္ဒိယနှစ်နိုင်ငံကြားတွင် တည်ရှိနေသည့် မြန်မာနိုင်ငံအနေဖြင့် အပြည်ပြည်ဆိုင်ရာစီးပွားရေးရင်းနှီးမြှုပ်နှံမှုများဝင်ရောက်လာသည့်အချိန်တွင် ကဏ္ဍ အားလုံးနှင့် ချိတ်ဆက်နေသည့် ဆော့ဖ်ဝဲရေးဆွဲသည့် လုပ်ငန်းများ အပြိုင်အဆိုင်ဖြစ်လာရန်နှင့် နိုင်ငံတကာဈေးကွက်သို့ ပိုမိုချဲ့ထွင်နိုင်ရန် ပံ့ပိုးမှုများပိုမိုပြုလုပ်ပေးရန် လိုအပ်နေပြီဟု အထက်ပါ ပြည်တွင်းလုပ်ငန်းရှင်များက ဆိုသည်။




## စာ(၂၃) - ချင်းသင်ခန်းစာ ဆော့ဖ်ဝဲရေးဆွဲပြီးစီး မှ


အခုနောက်ပိုင်း မျိုးဆက်တွေဆိုကိုယ့်ဘာသာစကားကို သေချာမတတ်တော့တာကြောင့်ဒီဆော့ဖ်ဝဲကို တီထွင်တာပါ။ ကျွန်တော်တို့ချင်းတွေမှာ ဘုံစကားလည်း မရှိတော့ တကယ်လို့ ပြည်ထောင်စုအဆင့်ကနေ ချင်းမြို့တစ်မြို့မြို့က ပြောတဲ့စကားကို ဘုံစကားလုပ်လိုက်ရင် ကိုယ့်စာနဲ့စကားတွေကို မပျောက်ပျက်စေချင်တဲ့အတွက်ပါ” ဟု ၎င်းက ထပ်မံပြောကြားသည်။

ချင်းစာသင်ခန်းစာဆော့ဖ်ဝဲတွင် Alphabet စာလုံးများကို အသုံးပြုထားခြင်းဖြစ်ပြီး သင်ခန်းစာဖတ်စာအုပ်များမှာ ၁၉၇၂ မှ ၁၉၉၆ ခုနှစ်အထိ ချင်းတိုင်းရင်းသားအစိုးရပညာ ရေးဝန်ထမ်းအချို့က လေ့လာပြုစုကာ ချင်းတောင်ပေါ်ရှိ အစိုးရမူလတန်းကျောင်းများတွင် သင်ကြားပေးခဲ့သောဖတ်စာအုပ်များဖြစ်ကြောင်း ဆော့ဖ်ဝဲတီထွင်သူ ကိုကျင့်ဆွင်းကပ်က ပြောသည်။

အဆိုပါချင်းစာသင်ခန်းစာဆော့ဖ်ဝဲကို စီးပွားဖြစ်ရောင်းချမည်မဟုတ်ဘဲစိတ်ဝင်စားလေ့လာလိုပါက ဖုန်းနံပါတ် ၀၉၄၅၀၀-၆၁၃၁၅ သို့ ဆက်သွယ်မှာယူနိုင်သည်ဟု ဆိုသည်။ ယင်းဆော့ဖ်ဝဲကိုတီထွင်သူ ကိုကျင့်ဆွင်းကပ်မှာ ၂၀၁၀ ခုနှစ်ကလည်း ပြည်တွင်းရှိ နည်းပညာကုမ္ပဏီတစ်ခုနှင့်ပူးပေါင်း၍ ဖိုလိုင်ဘာသာစကားအား အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာသို့ ပြန်ဆိုထားသော အီလက်ထရွန်နစ်အဘိဓာန်ကို တီထွင်ထုတ်လုပ်ခဲ့သူလည်းဖြစ်သည်။

TRADEMARKCAUTION

Godfrey Phillips India Ltd, a Company incorporated in Indian Company Act in India and having its office at Four Square House, 49, Community Centre, New Friends Colony, New Delhi-110025, India is the Owner and Sole Proprietor of the following Trademark:-




Reg : No. 4/11456/2012

In respect of : Class 31- Pan Masala, mouth frehsners, scented supari, betal nuts.

Class 34- Chewing tobacco, gutkha, zarda, snuff, raw and manufactured tobacco, smoker's articles.

U Myint Lwin, Advocate, LL.B, DBL

Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)

myint.advocate@mptmail.net.mm

www.mipadvocate.com

Ph : 371990 1.Nov. 2012

## စာ(၂၃) - Window 8 စနစ်သုံး မှ

ယူထားပြီဖြစ်သည်ဟု ဈေးကွက်စောင့်ကြည့်လေ့လာသူ ကွန်ပျူတာလုပ်ငန်းရှင်များထံမှ သိရသည်။

အဆိုပါကုမ္ပဏီက ဖြန့်ချိလိုက်သည့် Tablet ဒီဇိုင်းထုတ်ကုန်များအတွက် Microsoft Surface ကို Windows RT နှင့် Windows 8 Pro နှစ်မျိုးလုံး အသုံးပြုနိုင်ရန် ထုတ်လုပ်ထားသည်။

ARM CPU စနစ်အသုံးပြု Windows RT နှင့် Intel CPU စနစ်အသုံးပြု Windows 8နှစ်မျိုးလုံးသည် Windows Store မှ ဖြန့်ချိသည့် Application အသစ်များအားလုံးကို အသုံးပြုနိုင်မည်ဖြစ်ပြီး Windows 8 အမျိုးအစားများသည်ယခင်ကမိုက်ကရိုဆော့ဖ်၏ Desktop Program အားလုံးကိုပါ ထည့်သွင်းအသုံးပြုနိုင်မည်ဖြစ်သည်။

## စာ(၂၃) - ဇော်ဂျီနှင့် ယူနီကုဒ်များကို မှ

ထို့အပြင်Chrome Browser အတွက် Source Code ကို https://github.com/saturngod/Tagu-Chrome ပေါ် တွင် တင်ပေးထားသည်။

ယင်းသည်Massachusetts Institute of Technology (MIT) ၏ အခမဲ့ Software လိုင်စင်တစ်ခုဖြစ်သည့် အသုံးပြုလိုသူတိုင်း လွတ်လပ်စွာ အသုံးပြုနိုင်သည်။

# တိုးချဲ့ရမည့် ရေနက်ပိုင်းကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ကွက်များ

TTZ

ရခိုင်ကမ်းရိုးတန်း မြောက်ဖျားမှသည်မြန်မာ့ပင်လယ်ကမ်းရိုးတန်း တောင်ဘက်စွန်းအထိ မိုင်ပေါင်း ၁၄၀၀ ခန့် ရှည်လျားစွာ တည်ရှိနေသော မြန်မာ့ကမ်းလွန်ပင်လယ်ပြင်သည် သဘာဝသယံဇာတများဖြင့် ပြည့်ဖြိုးလျက်ရှိပါသည်။ အထူးသဖြင့် ရေနံနှင့်သဘာဝဓာတ်ငွေ့သိုက်ကြီးများကား သဘာဝကပေးထားသည့် မြန်မာ့သယံဇာတရတနာများပင် ဖြစ်လေသည်။

မြန်မာ့ကမ်းလွန်ပင်လယ်ပြင်တွင် အဓိကအားဖြင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ ခိုအောင်းနိုင်သည့် ဘူမိချိုင့်ဝှမ်းကြီး သုံးခုရှိနေပြီး အဆိုပါဘူမိချိုင့်ဝှမ်းကြီးများတွင် စီးပွားဖြစ်ထုတ်လုပ်နိုင်သည့် ရေနံနှင့် သဘာဝဓာတ်ငွေ့သိုက်ကြီးများဖြင့် မြန်မာ့ကမ်းလွန်ပင်လယ်ပြင်၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ကြွယ်ဝစွာ တည်ရှိနေမှုကို သက်သေပြလျက်ရှိပါသည်။ လွန်ခဲ့သော ၁၉၆၀ ပြည့်လွန်နှစ်များကစတင်ကာ မြန်မာ့ရေနံမှ ပညာရှင်များသည် ရခိုင်ကမ်းလွန်ပင်လယ်ပြင်ရေနံရှာဖွေရေးလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ကြပြီး ၁၉၇၀ ခုနှစ်တွင် မုတ္တမကမ်း လွန်ပင်လယ်ပြင်၌ နိုင်ငံခြား ရေနံကုမ္ပဏီများ အကူအညီဖြင့် တိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။



ပထမဆုံးကမ်းလွန် ရေနံရှာဖွေရေးတွင်းအား မုတ္တမကမ်းလွန်လုပ်ကွက်အမ်-၃တွင်၁၉၇၂ခုနှစ်က အနက်ပေပေါင်း ၁၄၀၀၀ ခန့်အောင်မြင်စွာတူးဖော်ခဲ့ပါသည်။ ၁၉၇၄ ခုနှစ်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေပြဋ္ဌာန်းချမှတ်ခဲ့ပြီးနောက် အမေရိကန်၊ ဂျပန်၊ ပြင်သစ်နိုင်ငံများမှ နိုင်ငံခြားရေနံကုမ္ပဏီများဖြစ်သော MCSI, AODC, Total CFP တို့နှင့် အကျိုးတူခံစားခွင့်စာချုပ်ဖြင့် မြန်မာ့ပင်လယ်ပြင်တွင် ရှာဖွေရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။ ၁၉၈၂ ခုနှစ်တွင် မြန်မာပညာရှင်များက မုတ္တမကမ်းလွန်ပင်လယ်ပြင်တွင် ရှာဖွေရေးတွင်းတစ်တွင်းအား နေရာရွေးချယ်ခဲ့ပြီး မြန်မာ့ရေနံမှ ဝန်ထမ်းများဖြင့် တူးဖော်ခဲ့ရာ စီးပွားဖြစ် သဘာဝဓာတ်ငွေ့သိုက်ကြီးကို ထုံးကျောက်လွှာအတွင်းမှ ရှာဖွေတွေ့ရှိခဲ့ပါသည်။ သို့ရာတွင် ယင်းအချိန်က အကြောင်းအမျိုးမျိုးကြောင့်သဘာဝဓာတ်ငွေ့ထုတ်လုပ်နိုင်သည့် အဆင့်သို့မရောက်ရှိခဲ့ပေ။ ၁၉၉၈ ခုနှစ်တွင် အဆိုပါကမ်းလွန်လုပ်ကွက်အား ပြင်သစ်နိုင်ငံတိုတယ် ရေနံကုမ္ပဏီမှ နိုင်ငံတော်နှင့် အကျိုးတူဖက်စပ်စာချုပ်ချုပ်ဆိုကာ ရှာဖွေထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

ယခုအခါတွင် မြန်မာ့ကမ်းလွန်ပင်လယ်ပြင်တွင် ရေတိမ်ပိုင်းကမ်းလွန်လုပ်ကွက် ၂၇ ကွက်နှင့် ရေနက်ပိုင်းလုပ်ကွက် ၂၄ ကွက်၊ စုစုပေါင်း ၅၁ ကွက် သတ်မှတ်ထားပြီး ရေတိမ်ပိုင်းလုပ်ကွက် ၁၉ ကွက်နှင့် ရေနက်ပိုင်းလုပ်ကွက် ၄ ကွက်တွင် နိုင်ငံခြားရေနံကုမ္ပဏီများမှ ရှာဖွေရေးနှင့် ထုတ်လုပ်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိပါသည်။

### ရေနံနှင့် သဘာဝဓာတ်ငွေ့သိုက် အလားအလာများ

အဓိအားဖြင့် မြန်မာ့ကမ်းလွန်ပင်လယ်ပြင်တွင် ဘူမိသက်တမ်းအားဖြင့် အိုလီဂိုဆင်း သက်တမ်းမှ ယခုလက်ရှိသက်တမ်းအထိရှိသော အနည်များဖြင့် ဖွဲ့စည်းထားသည့် ကျောက်လွှာများတည်ရှိနေပါသည်။ အဆိုပါ ကျောက်လွှာများအတွင်း ရေနံနှင့် သဘာဝဓာတ်ငွေ့များ ဖြစ်တည်နေပြီး အချို့နေရာများတွင် ဘေးတိုက်ရွေ့လျားခြင်း၊ အချို့နေရာများတွင် အထက်သို့ ရွေ့လျားခြင်းနည်းများဖြင့် ခိုအောင်းကျောက်လွှာများဖြစ်သော သဲကျောက်နှင့် ထုံးကျောက်လွှာများအတွင်းတွင် ခိုအောင်းလျက်ရှိပါသည်။

အိုလီဂိုဆင်းမှ ပလိုင်းအိုဆင်းသက်တမ်းအထိရှိသော ကျောက်လွှာများမှာ (Source Rock) အဖြစ် ရေနံများဖြစ်တည်နေပြီး မိုင်အိုဆင်းနှင့် ပလိုင်းအိုဆင်းကျောက်လွှာများမှာ (Reservoir Rock)ခိုအောင်းကျောက်လွှာများ ဖြစ်ကြပါသည်။ အဆိုပါ ခိုအောင်းနေသည့် ရေနံနှင့် သဘာဝဓာတ်ငွေ့သိုက်များအား အပြင်သို့ ထွက်မသွားစေရန် ထိပ်အုပ်ကျောက်လွှာများဖြင့် ပိတ်ထားပါသည်။ မြန်မာ့ကမ်းလွန်ရေနံသိုက်များ ခိုအောင်းနေမှု အခြေအနေမှာ နေထားထောင်ချောက် (Structural Trap) နှင့် ထရဗေဒထောင်ချောက်(Stratigraphic Trap) နှစ်မျိုးလုံးအတွင်းခိုအောင်းနေသည်ကို တွေ့ရှိရပြီး ရခိုင်ကမ်းလွန်ဒေသတွင် အဓိကအားဖြင့် ပလိုင်းအိုဆင်း သဲကျောက်လွှာများအတွင်းတွင်လည်းကောင်း၊ မုတ္တမနှင့် တနင်္သာရီကမ်းလွန်ဒေသများတွင် သဲကျောက်အပြင် ထုံးကျောက်လွှာတွင်လည်းကောင်း ရေနံနှင့် သဘာဝဓာတ်ငွေ့ ခိုအောင်းနေကြောင်း တွေ့ရပါသည်။

ရခိုင်ကမ်းလွန်ဒေသတွင် ရှာဖွေရေးတွင်းများ တူးဖော်ခဲ့ပြီးဖြစ်ရာ ဒေဝူးကုမ္ပဏီမှ လုပ်ကွက် အေ-၁ နှင့် အေ-၃ တွင် စီးပွားဖြစ်သဘာဝဓာတ်ငွေ့ထုတ်ယူနိုင်မည့် ရွှေစီမံကိန်း စတင်ဆောင် ရွက်နေပြီဖြစ်ပါသည်။ ထို့အပြင်လုပ်ကွက် အေ-၆ တွင်လည်း MPRLကုမ္ပဏီမှ တူးဖော်ခဲ့သည့် ရှာဖွေရေးတွင်း အမှတ်ပြည်သာ-၁(က)မှ အလားအလာကောင်းသောသဘာဝဓာတ်ငွေ့သဲကြောကို တွေ့ရှိခဲ့သဖြင့် လေ့လာမှုများဆက်လက်ဆောင်ရွက်နေပါသည်။ ထို့အပြင် ရခိုင်ကမ်းလွန်ဒေသရှိ အခြား လုပ်ကွက်များတွင်ဆိုက်စမစ်တိုင်းတာမှုအား လေ့လာတွေ့ရှိချက်များ အရပလိုင်အိုဆင်းသက်တမ်းအတွင်း ရေနံနှင့် သဘာဝဓာတ်ငွေ့ရှိနိုင်သည့် ဖြစ်နိုင်ခြေနှင့် အလားအလာ (Leads & Prospects) များအား တွေ့ရှိထားပြီးဖြစ်ရာ ပိုမိုတိကျသော လေ့လာမှုများ ဆက်လက်ဆောင်ရွက်ကာ ရှာဖွေရေးတွင်းတူးဖော်မှုများဆောင်ရွက်မည်ဖြစ်ပါသည်။

> လက်ရှိမြန်မာနိုင်ငံရှိ ရေနံနှင့် သဘာဝဓာတ်ငွေ့စီမံကိန်းများ၏ သက်တမ်းမှာ ၁၀ နှစ်မှ ၁၅ နှစ်ခန့်အထိသာ အပြည့်အဝထုတ်ယူနိုင်သည့် အခြေအနေဖြစ်ရာ နောင်အနာဂတ်တွင် အချိန်နှင့်အမျှ တိုးတက်လာမည့် စွမ်းအင်သုံးစွဲမှုအတွက် အသင့်ဖြစ်နေစေရန် ရှာဖွေရေးလုပ်ငန်းများ အဆက်မပြတ်ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါသည်။

မုတ္တမကမ်းလွန်ဒေသတွင်လည်း ထုံးကျောက်နှင့် သဲကျောက်လွှာများအတွင်း ရေနံနှင့်သဘာဝဓာတ်ငွေ့ တည်ရှိမှုကို လုပ်ကွက် အမ်-၃၊ အမ်-၅၊ အမ်-၆၊ အမ်-၇၊ အမ်-၉၊ အမ်-၁၀ တို့တွင် သက်သေပြခဲ့ပြီး လုပ်ကွက်အမ်- ၃ တွင် တွေ့ရှိခဲ့သည့် အောင်ဘင်ခရှာဖွေရေးတွင်း၏ အောင်မြင်မှု၊ လုပ်ကွက်အမ်-၅၊ အမ်-၆ ရှိထုတ်လုပ်ဆဲ ရတနာစီမံကိန်း၊ ၂၀၁၃ ခုနှစ် နှစ်ကုန်ခန့်တွင် စတင်ထုတ်လုပ်တော့မည့် လုပ်ကွက်အမ်-၉ ရှိ ဇော်တိကစီမံကိန်းတို့မှာ မုတ္တမကမ်းလွန်ဒေသ၏ သဘာဝဓာတ်ငွေ့ကြွယ်ဝမှုကို ဖော်ပြနေပါသည်။ ကျန်သော လုပ်ကွက်များတွင်ဆိုက်စမစ်တိုင်းတာမှုအား လေ့လာတွေ့ရှိချက်များအရ ပလိုင်းအိုဆင်း၊ မိုင်အိုဆင်း သက်တမ်းအတွင်း ရေနံနှင့်သဘာဝဓာတ်ငွေ့ရှိနိုင်သည် ဖြစ်နိုင်ခြေနှင့်အလားအလာများအား တွေ့ရှိထားပြီးဖြစ်ရာသေချာမှုရှိရန်နှင့်စီးပွားဖြစ်ထုတ်လုပ်နိုင်မှု အခြေအနေအား ထပ်မံလေ့လာသွားရန်ဖြစ်ပါသည်။

တနင်္သာရီ ကမ်းလွန်ဒေသ လုပ်ကွက်အမ်-၁၂၊ အမ်-၁၃၊ အမ်-၁၄ တွင် ရဲတံခွန်စီမံကိန်းမှ လက်ရှိ ရေနံနှင့် သဘာဝဓာတ်ငွေ့အား ထုတ်လုပ်လျက်ရှိပြီး၊ အမ်-၁၂ လုပ်ကွက်တွင် အောင်ဇေယျရှာဖွေရေးတွင်းတွင်လည်းကောင်း၊ ရဲတံခွန်(မြောက်) ရှာဖွေရေးတွင်းတွင်လည်းကောင်း သဘာဝဓာတ်ငွေ့ အလားအလာကို သိရှိခဲ့ပြီ ဖြစ်ပါသည်။ ထို့ပြင် ရဲတံခွန်(အရှေ့)လုပ်ကွက်တွင် ရှာဖွေရေးတွင်း သုံးတွင်းတူးဖော်ခဲ့သည့်အခြေအနေအရ ရေနံခိုအောင်းနေမှု အလားအလာကို သိရှိပြီးထားပြီး၊ ရဲတံခွန်(အနောက်) လုပ်ကွက်တွင်လည်းရေနံခိုအောင်းနိုင်မည့် ဘူမိအနေအထားရှိနေကြောင်း Gravity Data များအရ တွေ့ရှိရပါသည်။

တနင်္သာရီကမ်းလွန်ဒေသ ရေနက်ပိုင်းလုပ်ကွက် အေဒီ-၄၊ အေဒီ-၅၊ အေဒီ-၆ တို့တွင် မလေးရှားနိုင်ငံ ပက်ထရိုနပ်စ် ရေနံကုမ္ပဏီမှ နှစ်ဖက်မြင်ဆိုက်စမစ်တိုင်းတာတွေ့ရှိချက်များအရ ရေအနက် မီတာ ၁၀၀၀ ကျော်တွင်ရှိသော ကမ်းလွန်ပင်လယ်ပြင်အောက်တွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ ခိုအောင်းနိုင်မည့် ဖြစ်နိုင်ခြေနှင့်အလားအလာများ တည်ရှိနေကြောင်းသိရှိရပါသည်။ ရေနက်ပိုင်း ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေခြင်းလုပ်ငန်းသည်နည်းပညာပိုင်းဆိုင်ရာ ပိုမိုလိုအပ်ပြီး၊ ရှာဖွေရေးတစ်တွင်း၏ ကုန်ကျစရိတ်မှာ အလွန်ကြီးမားသဖြင့် များစွာစွန့်စားရမည့် လုပ်ငန်းကြီးဖြစ်ရာ သေချာမှုရှိရန် အလွန်အရေးကြီးလှပေသည်။

အဆိုပါ စိန်ခေါ်မှုကြောင့် ရေတိမ်ပိုင်းလုပ်ကွက်အတွင်းရေအနည်းငယ်ပိုနက်သော နေရာများတွင်ရှိနေသည့် Prospects များအား တွေ့ရှိထားကြသော်လည်း တူးဖော်ရန် အကန့်အသတ်များရှိနေသည့်အတွက်လက်ရှိ ရေနံကုမ္ပဏီများ လက်တွန့်နေကြသည်ကို တွေ့ရပေသည်။

မည်သို့ပင်ဖြစ်စေ ရေနံလုပ်ငန်းဆိုသည်မှာ စွန့်စားမှုအပေါ်အရင်းတည်ကြရသည့် လုပ်ငန်းဖြစ်ပေရာ ထိုက်သူခံစားရမည်ဖြစ်ပါသည်။ Probability of Success (POS) ကို အမှန်ဆုံးတွက်ချက်နိုင်ရန် လိုအပ်သော Subsurface အချက်အလက် အပြည့်အစုံရအောင်ယူကာ စွန့်စားမှု အနည်းဆုံးဖြစ်အောင် ကြိုးစားသွားရမည် ဖြစ်သည်။

### ရေနံရှာဖွေရေးလုပ်ငန်းများ၏ အနာဂတ်

မကြာမီကာလတွင် စွမ်းအင်ဝန်ကြီးဌာနမှ ကမ်းလွန်လုပ်ကွက်များအတွက် နိုင်ငံတကာ ရေနံလုပ်ငန်းကုမ္ပဏီကြီးများနှင့်အတူ နိုင်ငံသားရေနံလုပ်ငန်းကုမ္ပဏီများကို ပူးတွဲဆောင်ရွက်နိုင်ရန် အခွင့်အလမ်းများရရှိရေးအတွက် ဆောင်ရွက်နေသည်ကို တွေ့ရသည်။ အထူးသဖြင့် ရေနက်ပိုင်းလုပ်ကွက်များမှာ ရေအနက်မီတာ ၁,၀၀၀ မှ ၂,၇၀၀ ခန့်အထိ ရေနက်ပိုင်း တွင်းတူးစက်များဖြင့်သာ တူးဖော်နိုင်မည်ဖြစ်ပြီး ထုတ်လုပ်မှုနည်းပညာ၊ စရိတ်စက မြင့်မားလှပေသည်။ ရှာဖွေတွေ့ရှိသည့်တိုင် ထုတ်လုပ်မှုအဆင့်ရောက်ရန် အနည်းဆုံး ၈ နှစ်ခန့်ကြာမြင့်နိုင်ရာ သာမန်လုပ်ငန်းရှင်များအတွက် လုပ်ကိုင်ရန် အခက်အခဲရှိနိုင်ပြီး နိုင်ငံတကာအဆင့်ရှိ အတွေ့အကြုံများသော ရေနံကုမ္ပဏီကြီးများသာ လုပ်ကိုင်နိုင်မည့် အခြေအနေဖြစ်ပါသည်။


ကမ်းလွန်ရေတိမ်ပိုင်း လုပ်ကွက်များအတွင်း သဘာဝဓာတ်ငွေ့ခိုအောင်းမှု ပမာဏ ၉၂ ထရီလီယံကုဗပေခန့်နှင့် လေဆီစည်သန်းပေါင်း ၁၀၀ ခန့်ရှိနိုင်ကြောင်း စွမ်းအင်ဝန်ကြီးဌာနမှ တွက်ချက်ထားပါသည်။ ရေနက်ပိုင်းလုပ်ကွက်များ၏ ရေနံနှင့် သဘာဝဓာတ်ငွေ့ ခိုအောင်းမှုပမာဏကိုမူ ခန့်မှန်းနိုင်ခြင်း မရှိသေးပါ။ လက်ရှိထုတ်လုပ်နေဆဲ ရတနာနှင့် ရဲတံခွန်စီမံကိန်းတို့၏ ထုတ်လုပ်မှုမှာ နောင် ၅ နှစ်မှ ၁၀ နှစ်အတွင်း တဖြည်းဖြည်းလျော့ကျလာမည်ဖြစ်ပြီး၊ ရွှေနှင့် ဇော်တိကစီမံကိန်းများမှာ ၂၀၁၃၊ ၂၀၁၄ ခုနှစ်များတွင် ဝင်ရောက်လာမည်ဖြစ်ပါသည်။

လက်ရှိ မြန်မာနိုင်ငံရှိ ရေနံနှင့် သဘာဝဓာတ်ငွေ့စီမံကိန်းများ၏ သက်တမ်းမှာ ၁၀ နှစ်မှ ၁၅ နှစ်ခန့်အထိသာ အပြည့်အဝထုတ်ယူနိုင်သည့် အခြေအနေဖြစ်ရာ၊ နောင်အနာဂတ်တွင် အချိန်နှင့်အမျှ တိုးတက်လာမည့် စွမ်းအင်သုံးစွဲမှုအတွက် အသင့်ဖြစ်နေစေရန် ရှာဖွေရေးလုပ်ငန်းများ အဆက်မပြတ်ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါသည်။

တစ်ဖက်မှလည်း မိမိနိုင်ငံသား ပညာရှင်များအား ပူးတွဲလေ့ကျင့်ပေးထားရန် အချိန်အခါ ကောင်းဖြစ်ရာ ပြောင်းလဲလာသော ခေတ်ကာလနှင့်အညီ စွမ်းအင်မူဝါဒများ ချမှတ်ကာ အိမ်နီးချင်းနိုင်ငံများကဲ့သို့ မိမိပညာရှင်များမှ ကိုယ်တိုင်ဆောင်ရွက်နိုင်ရန် လိုအပ်သော အစီအမံများပြု လုပ်ထားရန် လိုအပ်ပါသည်။ လွန်ခဲ့သော နှစ်ပေါင်း ၃၀ ခန့်ကပင် ကိုယ်ပိုင်တွင်းတူးစက်ဖြင့် ကမ်းလွန်ရေနံလုပ်ငန်းကို ကိုယ်တိုင်ဆောင်ရွက်ခဲ့ကြသည့်မြန်မာ့ရေနံမှ ပညာရှင်များ၏ ထူးခြားသော သမိုင်းကြောင်းရှိခဲ့ပြီးဖြစ်ရာ ထိုသမိုင်းကို ဆက်လက်ထိန်းသိမ်းရန်နှင့် တိုးတက်သော သမိုင်းကို ထပ်မံရေးသားရန် ယနေ့ပညာရှင်များတွင် တာဝန်ရှိလာနေပြီဖြစ်ပါသည်။

စာ(၄၀) သို့

7 DAY NEWS JOURNAL
Vol.11, No.34 • NOVEMBER 1 , 2012




ဘုရင်နှစ်ပါးရင်မနေရမည့်

# စိန်ရတုကြိုစစ်ပွဲများ

ခန့်ကျော်ထင်လှိုင်(လှိုင်ကော်)

မြန်မာ ရာဇဝင်တွင် အနှစ်လေးဆယ်စစ်ဟု ရှိခဲ့သည်။ မွန်ဘုရင် ရာဇာဓိရာဇ်နန်းတက်သည်ကို မကျေနပ်သော ဦးရီးတော်မြောင်းမြစားလောက်ဖျားက "အနှစ်ကို ယူပါ။ အကာအခွံကိုပဲပေးတော်မူပါ'ဟူသောစကားဖြင့် အင်းဝဘုရင် စွာစော်ကဲထံ အကူအညီတောင်းရာမှ အနှစ်လေးဆယ်စစ်ပွဲ စတင်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အနှစ်လေးဆယ်ဟု လွယ်အောင်ပြောသော်လည်း တကယ်က အနှစ်လေးဆယ်မပြည့်ပါ။ ၃၈ နှစ်သာ ရှိသည်။ တရစပ်တိုက်ကြခြင်းလည်း မဟုတ်ပါ။ စစ်နားလိုက်၊စစ်ပြင်လိုက်၊စစ်တိုက်လိုက် လုပ်ကြခြင်းဖြစ်သည်။ ထိုစစ်ပွဲက မင်းကြီးစွာစော်ကဲ လက်ထက်မှာ မပြီး။ သားတော်မင်းဆွေ(ဘုရင်မင်းခေါင်) လက်ထက်မှာ ဆက်တိုက်သည်။ မပြီး။ အင်းဝမင်းသီဟသူလက်ထက်ထိ ဖြစ်သည်။ မွန်ဘုရင် ရာဇာဓိရာဇ်နတ်ရွာစံပြီး ထီးနန်းရေးရာ ရှုပ်ထွေးနေချိန်မှာ ရာဇာဓိရာဇ်၏ သမီးတော် ရှင်စောပုကို တစ်မိပေါက်အစ်ကို ဗညားရံက အင်းဝမင်းသီဟသူထံ ဆက်လိုက်မှ စစ်ပွဲပြီးတော့သည်။

ကျွန်တော်သည် ဆရာမကြီး ဒေါက်တာ မတင်ဝင်း၏ ရာဇာဓိရာဇ်ဘုရင်အကြောင်း ဖတ်ရင်းမှ အနှစ်လေးဆယ် စစ်ပွဲဆိုသော စကားလေးကို အထူးသတိပြုမိသည်။ နှစ်ပေါင်းလေးဆယ်ကြာအောင်တောင် တိုက်ကြပါလား။ တယ်ကြာပါလားဟူ၍။ ကလေးတွေကို မြန်မာစာ သင်ရင်းအကြောင်းတိုက်ဆိုင်သဖြင့် အနှစ်လေးဆယ်စစ်ပွဲအကြောင်း ရှင်းပြမိသည်။ တပည့်မတစ်ယောက်က "အနှစ်လေးဆယ်ကြာအောင် တောင်တိုက်ကြသလားဆရာ"ဟု မယုံသလိုမေးလာသည်။ "အေး ကွ၊ စာထဲမှာတော့ အဲသလို ရေးထားတယ်" ဟု ခပ်ပေါ့ပေါ့ဖြေမိသည်။

အမှန်တော့ကျွန်တော်ကော တပည့်မပါ ပစ္စက္ခမြန်မာနိုင်ငံ၏ သမိုင်းကို မစေ့ငုမိသောကြောင့် အနှစ်လေးဆယ်စစ်ပွဲကို အံ့ဩနေကြခြင်း ဖြစ်သည်။ တကယ်တမ်းကျ မြန်မာပြည်လွတ်လပ်ရေးရသည့် ၁၉၄၈ ခုနှစ်ကပင် "ဒီလွတ်လပ်ရေးဟာ အတုကြီးကွ"ဆိုပြီး ရောင်စုံလက်နက်ကိုင် ပုန်ကန်မှုပေါ်လာခဲ့သည်က ယခု ၂၀၁၂ကုန်တော့မည်။ အရှိန်မသေသေး။ တဖြည်းဖြည်းတောက်ဆဲ။ ၁၉၄၈ ခုမှစ၍ ရေတွက်လျှင် ပြည်တွင်းစစ်ဖြစ်ခဲ့တာ ၆၄ နှစ်ရှိခဲ့ပြီ။ အားကစားပြိုင်ပွဲတွေမှာသာ မြန်မာတွေ စံချိန်သစ်မတင်နိုင်တာ၊ မချိုးနိုင်တာရှိမည်။ ပြည်တွင်းစစ်ရှည်ကြာမှုစံချိန်ကိုတော့ မြန်မာက ဘုရင်ခေတ်ကပင်တင်ထားခဲ့သလို ထိုစံချိန်ကိုမြန်မာကပင် ပြန်ချိုးထားသည်။ ကောင်းလိုက်တာ။ (စိတ်ပျက်ဖို့)

ပေါ်လစီမှားလို့ နိုင်ငံက နှစ်ပေါင်း ၅၀ ကျော်ကာလမှာ L.D.C (Lowest Development Country) ဘဝရောက်ရပါတယ်ဆိုမှ နာတာရှည်စစ်ပွဲက မြွေပူရာကင်းမှောင့်ဖြစ်နေသည်။ သည်ပြည်တွင်းစစ်ကလည်း ပေါ်လစီအမှားကြောင့်လား။ ငါစွဲအတ္တကြီးတာကြောင့် လားတော့ မပြောတတ်။

သေချာတာက စစ်ပွဲဟူသည် ပျက်စီးဆုံးရှုံးမှုကိုသာ ဖန်တီးတတ်ခြင်းပင်တည်း။ "ဘုန်းကြီးသေ၊ ရွာကျေ" ဟု ဆိုကြ၏။ တစ်ခါတစ်ရံမှ ပျံလွန်တော်မူသော ဘုန်းကြီးကြောင့် ကျေရမည့် ရွာက တစ်ရွာနှစ်ရွာသာ။ နှစ်ပေါင်း ၆၀ ကျော်အဆက်မပြတ်နီးပါးဖြစ်နေသော စစ်ပွဲတွေကြောင့် ကျေရသည်က မြန်မာတစ်ပြည်လုံးဟုဆိုသော် လွန်လွန်းတယ်ပြောကြမလားမသိ။ တကယ်ကြေခဲ့ပါသည်။ လက်ရှိလည်း ကျေနေဆဲပါ။ မတားနိုင်သမျှ ကျေရပါဦးမည်။ သေရပါဦးမည်။

ဘယ်အကြောင်းပြချက်နဲ့တိုက်တိုက်၊ စစ်ပွဲဖြစ်ပြီဆိုလျှင် နှစ်ဖက်လုံးမှာ ဆုံးရှုံးမှုတွေချည်းဖြစ်သည်။ အမြတ်ရတာ တစ်ခုမှ မရှိ။ အသက်တွေ၊ လက်နက်တွေ ဆုံးရှုံးသည်။ စစ်အသုံးစရိတ်တွေ ကုန်သည်။ ကြားထဲက မြေစာပင်တွေ ဘဝပျက်ကြရသည်။

လက်ရှိဖြစ်နေသော ကချင်စစ်ပွဲကိုပင်ကြည့်။ အစိုးရနှင့် ကေအိုင်အေ၊ ကေအိုင်အိုတို့ တိုက်ပွဲများကြောင့် ကိုယ့်အရပ်ဒေသ၊ ကိုယ့်အလုပ်အကိုင်တွေကို ပစ်ခွာပြီး ဘေးလွတ်ရာ ရှောင်တိမ်းထွက်ပြေးရသည့် တိုင်းရင်းသားတွေ သောင်းနှင့်ချီ၍ ရှိနေသည်။ စစ်ပွဲကြောင့် မိဘမဲ့ဖြစ်သွားရသည့် ကလေး တွေ။ အဖိုးတန် အချိန်တွေကို ဒုက္ခသည်စခန်းမှာပဲ အချိန်ကုန်နေရသည့် လူရွယ်တွေ၊ လက်ပြတ်၊ ခြေပြတ် ဒုက္ခိတဖြစ်သွားရသူတွေ အများကြီးပင်။

သည်စစ်ပွဲပြီးသွားသည်ပဲထား။ ကြွေပျက်သွားတဲ့ အသက်တွေ၊ ဆုံးရှုံးသွားတဲ့အချိန်တွေ၊ ချို့တဲ့သွားတဲ့ ကိုယ်လက်အင်္ဂါတွေ၊ နာလန်မထူနိုင်တော့တဲ့ စိတ်ခွန်အားတွေကို ဘယ်သူတွေက ပြန်လျော်ပေးမှာလဲ။ အစိုးရလား။ ကေအိုင်အေလား။ သေချာသည်က နိုင်ငံသားချင်းတိုက်နေသော ထိုစစ်ပွဲများကြောင့် မြန်မာနိုင်ငံ၏ ဆုံးရှုံးမှုကြီးမားလှ၏။ လျော်ပေးလို့ကော ရပါသလား။ သေချာစဉ်းစားကြစေလိုပါသည်။ အရင်းကြီးပြီး အရှုံးများတဲ့သည်လိုစစ်ပွဲတွေ အချိန်မဆိုင်းရပ်သင့်ပါပြီ။

ဂျာနယ်တစ်စောင်မှာ ဖတ်ရသည်။ မြန်မာပြည်၏ အသုံးစရိတ်ရာနှုန်းတွေ တွက်ပြထားတာ စစ်အသုံးစရိတ်က ၄၉ ရာခိုင်နှုန်းတဲ့။ ပညာရေးအသုံးစရိတ်က ၄ ရာခိုင်နှုန်းတဲ့။ "လင်သေရာမငို၊ ဟဝ်ပေါ်ရာငို" ဆိုသလို လူ့စွမ်းအားအရင်းအမြစ် (Human Resources) ဖြစ်ထွန်းရေးအတွက် မြှုပ်နှံရမည့် ပညာရေးအသုံးစရိတ်က စစ်အသုံးစရိတ်၏ အစွန်းထွက်ပင်မရှိ။ အချုပ်အခြာအာဏာပိုင်စိုးရေးအတွက် စစ်တိုက်ရပါတယ်ဆိုပေမယ့် တိုက်နေကြသူတွေက ကိုယ့်တိုင်းရင်းသားအချင်းချင်းတွေ။ နိုင်လည်း ရှုံး၊ ရှုံးလည်းရှုံးဆိုသည့် စစ်ပွဲများပင်။

ကျွန်တော် ကယားပြည်နယ်ကို ရောက်စ ၁၉၈၃ ကာလမှာ ပြည်နယ်က မငြိမ်းချမ်းသေး။ နေ့မှာ ဒုန်းဒုန်း၊ ညမှာ ဝုန်းဝုန်း ဖြစ်နေချိန်။ လုံခြုံရေး အကာအကွယ်မဲ့သည့် ရွာတွေမှာ တထိတ်ထိတ် တလန့်လန့်နေခဲ့ရ၏။ ရွာသားအားကိုးဖြင့် နေခဲ့ရသည်။ ညနေမှောင်မှာ ကြောက်နေမိသည်။ ဘယ်အချိန်များ ကိုယ့်လည်ပင်းလာဖြတ်မလဲ စိုးရွံ့နေရ၏။ ကိုယ်တစ်ဦးတည်း ကြောက်နေတာ မဟုတ်။ ရွာသားအားလုံးလည်း ထိုနည်းတူ။ သူတို့ဘဝက တကယ် သနားစရာကောင်းလှသည်။ ဆူးကြားက ဗူးသီးတွေ။ စစ်တပ်လည်း လန့်ရ၏။ တောဘက်ကိုလည်း ကြောက်ရသည်။ တကယ့်ကိုကိုယ်ပိုင်ဘဝပျောက်ဆုံးနေသူများပါ။

ယခုတော့ ကယားတို့ဌာနေငွေ တောင်ပြည်က ငြိမ်းချမ်းခဲ့ပြီ။ အကြွင်းအကျန်၊ အကပ်အသတ်လေးတော့ ရှိသပေါ့။ သို့သော် နေရာအများစုငြိမ်းချမ်းခဲ့ပြီ။ အမှန်တော့ ကယားပြည်နယ်က အစကပင် ဆင်းရဲပါသည်။ လူဦးရေကလည်း ယခုလက်ရှိအနေအထားမှာပင် သုံးသိန်းကျော်မျှသာ ရှိသည်။ လူနည်း၊ ငွေမဲ့ပြည်နယ်ပါ။ ယခုလည်း ချို့တဲ့နေဆဲ။ သို့သော်ငြိမ်းချမ်းရေးရလာပြီး နောက်ပိုင်းမှာ ကုန်စည်ကူးသန်းရောင်းဝယ်မှု ဖွံ့ဖြိုးကာ လူများစု နေနိုင်၊ စားနိုင်ဖြစ်လာသည်။ လူတိုင်းစိတ်အေးချမ်းသာဖြစ်လာကြသည်။ ဒါငြိမ်းချမ်းရေး၏ အရသာပါ။

မြတ်စွာဘုရားက 'ရန်မလိုသော် ရန်ပြို၏။ ရန်လိုသော် ရန်လို၏" ဟု ဟောခဲ့၏။ ရန်လိုနေသမျှ ထိုစစ်ပွဲ၊ ထိုပဋိပက္ခ မငြိမ်းနိုင်။ ပြဿနာနိုတစ်ခုကြုံရပြီဆိုလျှင် စနစ်တကျ ခွဲခြမ်းစိတ်ဖြာ ကြည့်ဖို့ လိုသည်ဟု ထင်၏။ ယခုစစ်ပွဲကိုစွက်ပင် ကြည့်။ ထွက်လာမည့် ရလဒ်(သို့) အကျိုးအမြတ် ဘာလဲ။ ပျက်စီးဆုံးရှုံးမှုတွေချည့်ပင်။ တစ်ခါတလေကျ "ငါးသိုင်းများဟင်းဟု" ဆိုသလို အကာတွေကများပြီး အနှစ်ကဘာလဲ မသိတော့တာမျိုးလည်း ရှိတတ်သည်။ ဥပမာ ပညာရေးကိုကြည့်။ စာမေးပွဲစနစ်ကို တိုက်ဖျက်ရင်း စာမေးပွဲတွေ ပိုများလာသည်။ ဆရာ၊ ဆရာမတွေ လက်မလည် အောင် စစ်ရင်း ကလေးတွေ စာတတ်ဖို့၊ အရည်အသွေးရှိဖို့ လုပ်တာဆိုသော မူရင်းရည်ရွယ်ချက်ကို မေ့ကုန်ကြသည်။ ဘာအတွက် သည်စာတွေ စစ်နေရမှန်း မသိတော့။

စစ်ပွဲမှာလည်း သည်ပုံဖြစ်နေသည်။ အနိုင်ရဖို့ ကြိုးစားရင်း အနိုင်က မရဘဲ နဂိုက သေချာစွာတွေးဆမထားခဲ့သည့် ဘေးထွက်ဆိုးကျိုးတွေထဲမှာပဲ လည်နေရတော့၏။ သူ့ဘက်ကိုယ့်ဘက် သိက္ခာဆည် စကားလုံးတွေ စစ်ထိုးနေရင်း ကျွဲနှစ်ကောင်ကြားက မြေစာမြက်တို့ ဘဝကျေပျက်မှုများလှပေပြီ။ တိုင်းပြည်အတွက်လည်း ဆုံးရှုံးမှုက ကြီးလှပေပြီ။

ယခုဆို ၂၀၁၂ ကုန်တော့မည်။ မြန်မာပြည်၏ ပြည်တွင်းစစ်သက်တမ်းလည်းရွှေရတုကျော်၍ စိန်ရတုကို မျှော်နေလေပြီ။ ပျော်စရာမရှိသည့် ဂုဏ်ယူဖွယ်ရာမရှိသည့် ရတုများပါ။ ကျွန်တော်တို့ ပြည်သူများက သည်လိုရင်နာရသော ရတုများကို မကြုံချင်ပါ။

ခုနေများ ဘုရင်မင်းခေါင်နှင့် ဘုရင်ရာဇာဓိရာဇ်တို့များ ရှိနေသေးခဲ့ရင် "ငါတို့ မှတ်တမ်းကို ဖျက်ချိုးပစ်တဲ့ ခေတ်သစ်စစ်ပွဲကြောင့် နောင်ဆိုသမိုင်းမှာ ငါတို့တွေ နေရာလေးမှ ရပါဦးတော့မလား"ဟု စိုးရိမ်မကင်း သက်ပြင်းတွေ တချချ ဖြစ်နေကြလိမ့်မည်ဟု ထင်မြင်မိပါသည်။ ။

# စိတ်ယဉ်ကျေးမှုနှင့် ရသစာပေ

............................... မင်းသန်းထိုက်(ဒေးဒရဲ)

ယခုတလော ဖတ်ရှုရသည့် ဂျာနယ်များတွင် အိမ်ရှင်က အိမ်အကူကို မတရားခိုင်းစေရာမှ အမှုအခင်းဖြစ်ရသည့်သတင်း၊ ရုပ်ပိုင်းဆိုင်ရာ ဒဏ်ရာရအောင် ညှဉ်းပန်းနှိပ်စက်သည့် သတင်းများကို စိတ်နှလုံးညှိုးချုံးဖွယ်ဖတ်ရှုနေရသည်။ သည့်ထက်ပို၍ အိမ်ရှင်အမျိုးသမီး၏ နှိပ်စက်မှု လက်လွန်ကာ အိမ်အကူသေဆုံးသည်အထိဖြစ်ရပုံကို ကြားရ၊ ဖတ်ရလေသောအခါ လူအချို့၏ သွေးအေးရက်စက်မှုများကို များစွာတုန်လှုပ်မိပါသည်။

ထေရဝါဒဗုဒ္ဓသာသနာထွန်းကားရာ ကျွန်တော်တို့နိုင်ငံဝယ် စေတီတန်ဆောင်း၊ ကျောင်းကန်ဘုရားများကလည်း များလှပါ၏။ ဝါဆိုပွဲ၊ သီတင်းကျွတ်ပွဲ၊ တန်ဆောင်တိုင်ပွဲ၊ တပေါင်းပွဲစသည့် ဘာသာရေးနှင့် ပတ်သက်သည့် ပွဲတော်များတွင်လည်း အလှူအတန်းတွေက အံ့မခန်းများလှပါ၏။ အရုဏ်မိုးသောက် အလင်းရောက်တယ်ဆို ဟိုအိမ်သည်အိမ်က ဖွင့်ကြတဲ့ ပဋ္ဌာန်း၊ ပရိတ်တရားသံတွေကလည်း ကျက်သရေရှိလှပါ၏။ သို့နှင့်တိုင်လူလူချင်း ကိုယ်ချင်းမစာ၊ မေတ္တာမထားနိုင်၊ ကြီးနိုင်ငယ်ညှဉ်း၊ နှိပ်စက်ခြင်းသတင်းတွေက ခဏခဏကြားကြားနေရတော့ ရုပ်ပိုင်းဆိုင်ရာ ယဉ်ကျေးမှုတွေ တိုးတက်ထွန်းကားလာသလောက် စိတ်ယဉ်ကျေးမှုတွေ ယုတ်လျော့အားနည်းလာခြင်းအပေါ် ဘဝင်မကျဖြစ်မိပါသည်။ သည်ဖြစ်ရပ်များ၏ ပြဿနာရင်းမြစ်ကား အဘယ်နည်း။ မည်သို့ဖြေရှင်းကြမည်နည်း။ ဖြေရှင်းရန်ရော မည်သူ့တွင် တာဝန်ရှိပါသနည်း။

အဖြေမရနိုင်သော ပုစ္ဆာတစ်ခုအတွက် ခေါင်းရှုပ်နေဆဲကာလ။ တစ်ခုသော တက္ကသိုလ်ဝင်တန်း၏ စာသင်ခန်းတစ်ခုတွင် ကျွန်တော်သည် အမျိုးသားပညာဝန် ဦးဖိုးကျားရေးသော မိတဆိုးရှင်ပြုဝတ္ထုကို သင်ကြားပေးနေ၏။ ရှင်လောင်းငပုကို နတ်ပြသောအခန်းအရောက်တွင် မူရင်းဝတ္ထုရေးဆရာ၏ အာဘော်မပျက်စေလိုသဖြင့် ကျွန်တော်၏ ပြောလက်စကို ခဏရပ်ကာ ဝတ္ထုစာသားများကိုဌာန်ကရိုဏ်းကျကျ ဖတ်ပြလိုက်သည်။

"ဤပြောအတီးတွင်ကား ကိုထွန်းကျော်သည် အိမ်နောက်ဖေးသို့ထွက်သွားကာ ရိုက်ကြီးတငင်ပူပင်လှိုက်ဖိုကြိတ်၍ ငိုရှာလေတော့သတည်း။ 'မယ်သင်ရယ်၊ သားကို



ရှင်ပြုပြီးအောင်မှ မစောင့်တော့ဘူးလားကွယ်' ဟု ကျွန်ုပ်တို့ကြားလိုက်ရ၏"။ ထိုစဉ် စာသင်ခန်း၏ တစ်နေရာမှ ရှိုက်သံထွက်လာသည်။ တကယ်သနားကရုဏာသက်၍ ငိုရှိုက်လိုက်သော ရှိုက်သံမဟုတ်။ လှောင်ပြောင်သရော်၍ ရှိုက်လိုက်သော လုပ်ရှိုက်ဖြစ်၏။ အနီးမှ ကျောင်းသား၊ ကျောင်းသူများက သူ့ကိုကြည့်၍ ရယ်ကြ၏။ သူသည်လိုလုပ်လိုက်ရတာကိုပဲ ထိုကျောင်းသားက ဂုဏ်ယူနေသည့် ဟန်ပန်မျိုး။ ကျွန်တော့်စိတ်ထဲမှာ ဒေါသက ထောင်းခနဲဖြစ်သွားသည်။ လွန်ခဲ့တဲ့ (၁၅)နှစ်လောက်ကသာဆို ထိုကျောင်းသား အပြစ်ပေးမည်မှာ သေချာသည်။ ဒါဟာသွားလေသူ ဝတ္ထုရေးဆရာကို ပြက်ရယ်ပြုရာသာမက ကျွန်တော့်သင်ကြားရေးကိုပါ စော်ကားလိုက်ခြင်းဖြစ်၏။ ဒေါသကို အချိန်မီထိန်းလိုက်နိုင်၍ တော်တော့သည်။ တစ်ခုတော့ပြောဖြစ်ခဲ့၏။ "အေး. . . လူဟာ သနားစရာရှိတာကို မသနားတတ်တော့ဘူး။ စက်ဆုပ်စရာကိစ္စကို မစက်ဆုပ်တတ်တော့ဘူးဆိုရင် အဲဒီလူရဲ့ စိတ်ဟာ ပုံမှန်မဟုတ်တော့တာ သေချာတယ်။ ကြီးလာလို့ ရူးချင်ရူး၊ မရူးရင်လည်း လောကကို ဖျက်ဆီးမယ့်သူတွေ ဖြစ်တတ်တယ်"ဟုဆိုကာ စာသင်ခန်းထဲက ထွက်ချလာခဲ့သည်။

ညဘက်ရောက်သည့်တိုင် ရင်ထဲမှာ တနုံ့နုံ့ခံစားရ၏။ လူတွေရဲ့စိတ်တွေ ဘာကြောင့်ရိုင်းကုန်ကြတာလဲ။ စာမတတ် ပေမတတ်တွေ ရိုင်းတာထား။ စာတတ်ပေတတ်တွေ၊ ကိုယ့်ကိုယ်ကိုယ် လူယဉ်ကျေးတွေလို့ ကင်ပွန်းတပ်ထားကြသူတွေကိုယ်နှိုက်က ရိုင်းပျနေကြသည်။ ဘတ်(စ်)ကားပေါ်မှာ ဆရာတော်၊ သံဃာတော်များ၊ အဘိုးအို၊ အဘွားအိုများ တွေ့လို့မှ နေရာဖယ်ပေးရကောင်းမှန်းမသိ။

စာ(၃၁) သို့

7 DAY NEWS JOURNAL

# Current Affairs

Vol.11, No.34 • NOVEMBER 1 , 2012

## ပြည်နယ်နှင့် တိုင်းဒေသကြီးအခေါ်အဝေါ်ပြောင်းရန် အကြံပြုချက် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ကန့်ကွက်

**အိဖြူလွင်၊ ရန်မျိုးနိုင်**

**ရန်ကုန်၊**

**အောက်တိုဘာ-၂၇**

နှစ်ပေါင်းရာချီတည်ရှိနေခဲ့သော အမျိုးသားလက္ခဏာဖြစ်သည့် အခေါ်အဝေါ်များအား ဖျက်သိမ်းပြီး ဒေသအပေါ် အခြေခံသော အမည်သစ်များဖြင့် ဖွဲ့စည်းမည့်ပြည်ထောင်စုပုံသဏ္ဍာန်ကို ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်က ဆန့်ကျင်ကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့သည်။

ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်၏ အောက်တိုဘာလ ၂၆ ရက်တွင်ကျရောက်သည့် ပါတီတည်ထောင်ခြင်း ၂၄ နှစ်ပြည့်၌ ထုတ်ပြန်သောကြေညာချက်တွင် ထည့်သွင်းကြေညာခဲ့ခြင်း ဖြစ်သည်။

အင်္ဂလိပ်လက်ထက်မှစတင်ကာ လူမျိုးကိုအစွဲပြုကာခေါ်ဝေါ်သုံးစွဲလာသည့် ပြည်နယ်အမည်များကို လူမျိုးအမည်အစွဲမပြုဘဲ ဒေသကိုသာ အစွဲပြုခေါ်မည့် အစီအစဉ်ကိုနိုင်ငံရေးပါတီအချို့က ဆောင်ရွက်နေသည်ကို ကြားသိရသောကြောင့် ယင်းကဲ့သို့ ထုတ်ပြန်ရခြင်းဖြစ်ကြောင်း ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် ပြောရေးဆိုခွင့်ရှိသူ ဦးစိုင်းလိတ်က ပြောသည်။

"ရှမ်းပြည်နယ်လို့ခေါ်မယ့်အစား ကမ္ဘောဇပြည်နယ်၊မွန်ပြည်နယ်လို့ခေါ်မယ့်အစား ရာမညတိုင်းလို့ ဒေသကို အစွဲပြုပြီး လုပ်ကြမယ်ဆိုရင် တိုင်းရင်းသားတွေရဲ့အမျိုးသားစိတ်ဓာတ်ကိုထိခိုက်နိုင်တယ်" ဟု ၎င်းက ပြောကြားသည်။

နိုင်ငံတော်၏ ဒီမိုကရေစီပြောင်းလဲရေး လုပ်ငန်းများကို ထောက်ခံမည်ဖြစ်ကာ လူတစ်စုလက်ဝါးကြီးအုပ်ဆောင်ရွက်မှုကို တိုက်ဖျက်သွားမည်ဖြစ်ပြီး စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းရေး၊ တန်းတူညီမျှရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးများကို ဆက်လက်ဖော်ဆောင်နိုင်ရန်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ပါတီတည်ထောင်ခြင်း ၂၄ နှစ်ပြည့်၌ ထုတ်ပြန်သောကြေညာချက်တွင် ထည့်သွင်းထားသည်။

ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ကို ၁၉၈၈ ခုနှစ် အောက်တိုဘာ ၂၆ ၌စတင်တည်ထောင်ခဲ့ပြီး ၁၉၉၀ ပြည့်နှစ်အထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ၂၃နေရာအနိုင်ရရှိခဲ့သည်။

ပြည်တွင်းငြိမ်းချမ်းရေးနှင့် ပတ်သက်၍ အမျိုးသားဒီမိုကရေစီအင်အားစုပါတီ၏ အောက်တိုဘာ(၁၁)ရက်တွင်ထုတ်ပြန်သော သဘောထားကြေညာချက်တွင် တိုင်းဒေသကြီး (၇)ခု၊ ပြည်နယ်(၇)ပြည်နယ်တို့အား လက်ရှိနယ်နိမိတ် ပြဋ္ဌာန်းချက်များအတိုင်း ဒေသအပေါ်အခြေခံသောအမည်သစ်များဖြင့်တန်းတူရည်တူ၊အခွင့်အလမ်းတူ တိုင်း (၁၄)တိုင်း၊ သို့မဟုတ် ပြည်နယ် (၁၄)ပြည်နယ်အဖြစ် သတ်မှတ်နိုင်ရန် အများသဘောတူမှုဖြင့် ဆောင်ရွက်စေရေး၊ ဤသို့ဖြင့် လူမျိုးရေးအခြေခံမဟုတ်သောပြည်ထောင်စုသဏ္ဍာန်ဖြင့် တစ်မျိုးသားလုံး စည်းလုံးညီညွတ်မှုရရှိရေးကို ရည်ရွယ်သည်ဟုပါရှိသည်။

## ရခိုင်ကွန်ရက် စတင်တည်ထောင်

**မင်းဟိန်းကျော်**

**ရန်ကုန်၊**

**အောက်တိုဘာ-၂၉**

ရခိုင်ဒေသနှင့်ပတ်သက်၍ ကူညီထောက်ပံ့မှု လုပ်ငန်းများကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန် ရည်ရွယ်လျက် ရန်ကုန်ရောက် ရခိုင်တိုင်းရင်းသားများက ရခိုင်ကွန်ရက်အဖွဲ့ကို အောက်တိုဘာ ၂၈ ရက်တွင် စတင်ဖွဲ့စည်းလိုက်ပြီဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးဇော်အေးမောင်က ပြောသည်။

"ရန်ကုန်က ရခိုင်လူမှုရေးအဖွဲ့တွေ၊ မြို့နယ်အသင်းတွေ ရှိတယ်။ နောက်ပြီး ရခိုင်ဒေသ ကူညီကယ်ဆယ်ရေးအတွက်ဖွဲ့ထားတာ ၄၅ ဖွဲ့လောက်ရှိတယ်။ ဒီအဖွဲ့တွေ တစ်ဖွဲ့နဲ့တစ်ဖွဲ့ ချိတ်ဆက်ပြီး ကူညီထောက်ပံ့မှုတွေ ထိထိရောက်ရောက် လုပ်ဆောင်နိုင်ဖို့၊ ဥပဒေဘောင်ထဲကနေ ဥပဒေနဲ့အညီ ကူညီကယ်ဆယ်ရေး လုပ်ငန်းတွေ လုပ်နိုင်ဖို့ ဖွဲ့စည်းလိုက်တာပါ"ဟု အဆိုပါဝန်ကြီးက ပြောသည်။



**မြောက်ဦးမြို့ အလိုတော်ပြည့်ကျောင်းအတွင်း ဖွင့်လှစ်ထားသော ဒုက္ခသည်စခန်းမြင်ကွင်း** ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

ရခိုင်ဒေသတွင် ဖြစ်ပွားနေသော ပဋိပက္ခများ အမြန်ဆုံးချုပ်ငြိမ်းစေရန်နှင့်၎င်းပဋိပက္ခကြောင့် အတိဒုက္ခ ရောက်ရသူများအား ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ထိရောက်စွာ စုစည်းဆောင်ရွက်နိုင်ရန် ကွန်ရက်ကို ဖွဲ့စည်းထူထောင်ခြင်းဖြစ်ပြီး ရခိုင်ဒေသနှင့်ပတ်သက်သည့် ပြောရေးဆိုခွင့်အဖွဲ့ကိုလည်း ထူထောင်လိုက်ပြီဖြစ်ကြောင်း ဦးဇော်အေးမောင်က ဆိုသည်။

"ဒီအချိန်မှာ ကျွန်တော်တို့ စုစုစည်းစည်း ညီညီညွတ်ညွတ်နဲ့ လုပ်ရမယ့် အချိန်ရောက်ပြီ။ လုပ်သင့်လို့ လုပ်လိုက်တာပဲ" ဟု ကွန်ရက်ထူထောင်ရခြင်းနှင့်ပတ်သက်၍ ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးမောင်က ပြောသည်။

အဆိုပါ ကွန်ရက်ကို ကွန်ရက်ဝင် ၁၅၀ ခန့်ဖြင့် စတင်ဖွဲ့စည်းခဲ့ပြီး ပြောရေးဆိုခွင့် အဖွဲ့ကို အဖွဲ့ဝင် ၂၇ ဦးဖြင့် ဖွဲ့စည်းထားကြောင်း၊ အဆိုပါ အဖွဲ့ဝင်များတွင် ဒေါက်တာအေးမောင်(အမျိုးသားလွှတ်တော်ကိုယ်စားလှယ်)၊ ဒေါ်နုမြရီ(ဒုတိယညွှန်ကြားရေးမှူးချုပ်-ငြိမ်း)၊ဦးဘရှင်(ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)၊ဦးဇော်အေးမောင်(ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး)၊ဦးသန်းမောင်(စစ်တွေ-ဥပဒေပညာရှင်)၊ဦးအောင်လှထွန်း (သတင်းထောက်) အစရှိသူများ ပါဝင်ပြီး လိုအပ်သော ရခိုင်လူမျိုးပညာရှင်များကိုထည့်သွင်းဖွဲ့စည်းသွားမည်ဟု ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီးက ပြောသည်။

"အခုက နိုင်ငံတကာ အဖွဲ့အစည်းတွေ လာတာပဲဖြစ်ဖြစ်၊ တစ်စုံတစ်ခုကြောင့် ကျွန်တော်တို့ လူမျိုးနဲ့ပတ်သက်တာပဲ ဖြစ်ဖြစ်ပြောဆိုချင်ရင်သတ်သတ်မှတ်မှတ် ပြောရမယ့်သူက မရှိဘူး။ အဲဒါကြောင့် ပြောရေးဆိုခွင့် အဖွဲ့ကိုဖွဲ့လိုက်တာ။ ဒီအဖွဲ့က ရခိုင်နဲ့ပတ်သက်တဲ့ သမိုင်းကြောင်း အမှန်တွေ၊ လက်ရှိဖြစ်ပွားနေတဲ့ ဖြစ်စဉ်အမှန်တွေကို ပြည်သူလူထုတွေ သိဖို့အတွက် အချက်အလက်အမှန်တွေရအောင် စုဆောင်းမယ်" ဟု အဆိုပါ ပုဂ္ဂိုလ်က ပြောကြားသည်။

## ရင်းမြစ်ခွဲဝေမှုအတွက် အဆင်သင့်မဖြစ်သေးဟုဆို

**အိဖြူလွင်၊ မင်းဟိန်းကျော်၊ ရန်မျိုးနိုင်**

**ရန်ကုန်၊ အောက်တိုဘာ-၂၉**

လွှတ်တော်တွင် ဆွေးနွေးမည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ထွက်ရှိသည့် သဘာဝသယံဇာတအရင်းအမြစ်အား ခွဲဝေအသုံးပြုနိုင်မည့် (resource sharing) ကိစ္စသည်ဖွဲ့စည်းပုံအခြေခံဥပဒေအား ပြင်ဆင်မှသာ ဖြစ်နိုင်မည့်အတွက် မလွယ်ကူကြောင်း လွှတ်တော်ကိုယ်စားလှယ်အချို့က ပြောသည်။

"အဆင့်ဆင့်ကို ကျော်ဖြတ်ပြီး ဥပဒေပြင်နိုင်မှ (resource sharing) လုပ်နိုင်မယ်။ စစ်မှန်တဲ့ ပြည်ထောင်စုကို လိုချင်ရင် ဒါကို ပြင်နိုင်ဖို့ ပထမဆုံးခြေလှမ်းဖြစ်တယ်"ဟု အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဒေါက်တာအေးမောင်က ပြောသည်။

လက်ရှိကျင်းပနေဆဲ လွှတ်တော်တွင် သဘာဝသယံဇာတအရင်းအမြစ် ခွဲဝေသုံးစွဲမှုကို ဆွေးနွေးတော့မည်ဖြစ်ကြောင်း နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုဝန်ကြီးဦးအောင်မင်းက 7Day News နှင့်တွေ့ဆုံမေးမြန်းမှုတွင် ဖြေကြားခဲ့သည်။

သဘာဝ သယံဇာတထွက်ရှိသော ဒေသများမှ ရာခိုင်နှုန်းအလိုက် ခံစားခွင့်ရရှိရေးကိစ္စရပ်သည် ပြည်ထောင်စုဥပဒေပြု စာရင်းဇယား(၁)မှ အချက်အလက်အချို့ကိုတိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ဥပဒေပြု စာရင်းဇယား(၂)သို့ပြောင်းပေးရခြင်းဖြစ်သောကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရခြင်းဖြစ်ပြီး တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ လိုလိုလားလား ပါဝင်မှသာ ဖြစ်နိုင်မည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှု ကော်မတီအတွင်းရေးမှူးဒေါ်ဒွဲဘူက ပြောသည်။

"ဒီဟာကို ဥပဒေအသစ်ပြဋ္ဌာန်းမယ်ဆိုရင်က လွယ်တယ်။ အများစုက အသာ မဲရရင် ဥပဒေကို ပြဋ္ဌာန်းနိုင်ပြီး ဒီလိုမဟုတ်ဘဲ အခြေခံဥပဒေကို ပြင်မယ်ဆိုရင်တော့ သိပ်မလွယ်ဘူးပေါ့" ဟု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်းက ဆိုသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ်များအား ယခုထက် ပို၍ လွတ်လပ်ခွင့် ပေးမည်ဆိုပါက ပိုမိုတိုးတက်နိုင်ကြောင်း၊ လက်ရှိ အချိန်တွင်လည်းပြည်နယ်များ၏ ဥပဒေပြဋ္ဌာန်း ပိုင်ခွင့်၊ လုပ်ပိုင်ခွင့်များသည် လက်တွေ့တွင် ပြဋ္ဌာန်းများချက်အတိုင်း မရရှိသေးကြောင်း ချင်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဟောက်ခင်ခမ်းက ပြောသည်။

သဘာဝ သယံဇာတ ထွက်ရှိသော ဒေသများအား ရာခိုင်နှုန်းအလိုက် ခံစားခွင့်ပေးပါက သက်ဆိုင်ရာ ဒေသအား လက်ရှိထက် ပိုမိုဖွံ့ဖြိုးတိုးတက်စေပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ရရှိစေကာ ပြည်တွင်းငြိမ်းချမ်းရေးအတွက်လည်း အထောက်အကူဖြစ်စေကြောင်း ဒေါ်ဒွဲဘူက သုံးသပ်သည်။တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ထွက်ရှိသော သဘာဝ သယံဇာတများအား သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ရာခိုင်နှုန်းအလိုက် ခံစားခွင့်ရရှိရေးကို ပထမအကြိမ် လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးကျင်းပစဉ် ကာလကပင် ပြည်ထောင်စုလွှတ်တော်သို့ တိုင်းရင်းသားရေးရာ ကော်မတီများက တင်သွင်းခဲ့ပြီး အဆိုများသောကြောင့် အမျိုးသား လွှတ်တော်သို့ ပြန်ချပေးခဲ့ပြီး ဆွေးနွေးရန် အတည်ပြုထားကြောင်း အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာ ကော်မတီ အတွင်းရေးမှူး ဦးခက်ထိန်နန်က ပြောသည်။

## တဆည ပါတီတွင်း ပြုပြင်ပြောင်းလဲရေးလုပ်ငန်း မလိုသေးဟုဆို

**ရန်မျိုးနိုင်**

**ရန်ကုန်၊ အောက်တိုဘာ-၂၇**

အင်အားကြီးပါတီတစ်ခုဖြစ်သော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီအနေဖြင့် အခြားသောပါတီများကဲ့သို့ပြုပြင်ပြောင်းလဲရေး လုပ်ဆောင်ရန်မလိုအပ်ကြောင်း ပါတီပြောရေးဆိုခွင့်ရှိသူတစ်ဦးဖြစ်သူ ဗဟိုအလုပ်အမှုဆောင်ဦးထွန်းရီက ပြောသည်။

"တခြားပါတီတွေလိုပြန်လည်ဖွဲ့စည်းရေးလုပ်စရာမလိုဘူး။ ၂၀၁၁ မေလကတည်းကညီလာခံကဲ့သို့ဗဟိုကော်မတီအစည်းအဝေးလုပ်ပြီးတော့ ဆောင်ရွက်နေတာ" ဟု ၎င်းကပြောသည်။ လက်ရှိအချိန်တွင် အင်အားကြီးပါတီများဖြစ်ကြသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ညီလာခံကျင်းပနိုင်ရန် ရပ်/ကျေးအဆင့် ညီလာခံများကျင်းပနေသကဲ့သို့ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီသည်လည်း ပါတီတွင်းပြောင်းလဲမှုများကို မကြာမီရက်ပိုင်းအတွင်း ပြုလုပ်ခဲ့သည်။

၂၀၁၁ ခုနှစ် မေလအတွင်းက ကျင်းပခဲ့သော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ ဗဟိုကော်မတီအစည်းအဝေး၏ ဆုံးဖြတ်ချက်အရ ပြုပြင်ပြောင်းလဲရေးများကို အဆင့်ငါးဆင့်သတ်မှတ်လုပ်ဆောင်ရာတွင် နောက်ဆုံးအဆင့်ဖြစ်သော ရပ်ကျေးအဆင့်ဖွဲ့စည်းမှုများကိုလာမည့်ဒီဇင်ဘာလနောက်ဆုံးဖွဲ့စည်းရန် ညွှန်ကြားထားသည်။

"၂၀၁၂ မှာ ပါတီဖွဲ့စည်းပုံအဆင့်ဆင့်ဖွဲ့စည်းပြီးရင် ၂၀၁၃ ကစပြီး ၂၀၁၅အောင်နိုင်ရေးကိုရှေးရှုပြီးဆောင်ရွက်သွားမှာ"ဟုဦးထွန်းရီကပြောသည်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီသည် ၂၀၁၀ ပြည့်နှစ်အထွေထွေရွေးကောက်ပွဲတွင် ၉၉၄ နေရာဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာပြည်သူ့လွှတ်တော်တွင်၁၂နေရာ၊အမျိုးသားလွှတ်တော်တွင်၅နေရာ၊တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်တွင် ၄၇ နေရာအနိုင်ရရှိခဲ့သည်။

7 DAY NEWS JOURNAL
Vol.11, No.34 · NOVEMBER 1 , 2012

# ရခိုင်ပြည်နယ် ပဋိပက္ခများ တည်ငြိမ်အောင် ထိန်းသိမ်းနိုင်ပြီဟုဆို

**အောင်နိုင်၊ ထွန်းနိုင်**

**စစ်တွေ၊ အောက်တိုဘာ-၂၉**

ရခိုင်ပြည်နယ်အတွင်း တစ်ကျော့ပြန်လည်ဖြစ်ပွားခဲ့သည့် ပဋိပက္ခများကို လက်ရှိအချိန်တွင် ပြန်လည်တည်ငြိမ်မှုရရှိအောင် ထိန်းသိမ်းထားနိုင်ပြီဖြစ်ကြောင်း ရခိုင်ပြည်နယ် အစိုးရပြန်ကြားရေးအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူက ပြောသည်။

လုံခြုံရေးအင်အားကိုတိုးမြှင့်ခဲ့ပြီး ယခင်တပ်မတော်တပ်ရင်း ၂၈ရင်းရှိရာမှ ၅၁ရင်းအထိ တိုးမြှင့်ခဲ့ပြီး ရဲတပ်ဖွဲ့အင်အား ၅၀၀၀ ကျော်၊ နစကတပ်ဖွဲ့ဝင် အင်အား ၁၀၀၀ကျော်ချထားခဲ့သည်။

သွေးထွက်သံယိုမှုများ ဖြစ်ပွားခဲ့သည့် ရခိုင်ပြည်နယ်အတွင်းရှိ အဆိုပါ ဒေသများကို လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ သွားရောက်ကာ အခြေအနေများ ထိန်းသိမ်းခြင်း၊ ထပ်မံဖြစ်ပွားမှု မရှိစေရန်အတွက် ဖြစ်ပွားနိုင်သည်ဟု ယူဆရသော နေရာများတွင် လုံခြုံရေးတပ်ဖွဲ့များ ချထားခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့ သတင်းထုတ်ပြန်ရေးနှင့် မှတ်တမ်းပြုစုရေးဆပ်ကော်မတီအတွင်းရေးမှူးဦးဝင်းမြိုင်က ပြောသည်။

တစ်ကျော့ပြန်လည်ဖြစ်ပွားခဲ့သော ယခုပဋိပက္ခမှာ မင်းပြားမြို့နယ်နှင့် မြောက်ဦးမြို့နယ်အစပ်ရှိပန်းမြောင်ကျေးရွာအုပ်စု၊ သရက်အုပ်ရွာမှ အောက်တိုဘာ ၂၁ ရက်က စတင်ခဲ့ခြင်းဖြစ်ကြောင်း ရခိုင်ပြည်နယ် အစိုးရအဖွဲ့မှ သတင်းရရှိသည်။ အဆိုပါလင်မယားစကားများရာမှ နေအိမ်မီးလောင်ပြီး အခြားရခိုင်အိမ်များကိုပါ မီးကူးစက်ပြီး ပဋိပက္ခစတင်ခဲ့ခြင်းဖြစ်ကြောင်း ဦးဝင်းမြိုင်က ပြောသည်။

ယင်းပြဿနာများကို ထပ်မံမဖြစ်ပွားစေရန် အစိုးရအနေဖြင့် အမြန်ဆုံးပြေလည်အောင်ဖြေရှင်းပေးရန် လိုအပ်သည်ဟု ယူဆကြောင်း ရခိုင်တိုင်းရင်းသားများနှင့် ဘင်္ဂါလီများက ပြောသည်။

ရခိုင်ပြည်နယ်အတွင်း ဆူပူအကြမ်းဖက်မှုများကြောင့်အောက်တိုဘာ ၂၁မှ ၂၇ရက်အထိသေဆုံးသူ ၈၄ ဦး၊ ဒဏ်ရာရသူ ၁၂၉ ဦး အထိရှိပြီး အိမ်ခြေ ၂၉၅၀ နှင့် ဘာသာရေး အဆောက်အအုံ ၁၄ လုံး မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်း အစိုးရက အောက်တိုဘာ ၂၈ရက်တွင်ထုတ်ပြန်ကြေညာခဲ့သည်။ ယင်းအဖြစ်အပျက်များသည် မြောက်ဦး၊ မင်းပြား၊ မြေပုံ၊ ကျောက်ဖြူ၊ ရသေ့တောင်၊ သံတွဲ၊ ရမ်းဗြဲနှင့် ပေါက်တောမြို့နယ်များတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်းလည်း ထုတ်ပြန်သည်။



**အောက်တိုဘာ ၂၈ ရက်က မင်းပြားမြို့နယ် ပိုက်သည်ကျေးရွာတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဒေသခံများကို တွေ့ရစဉ်**

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

စစ်တွေ အပါအဝင် မြို့ကြီးများတွင် လက်နက်ကိုင်တပ်ဖွဲ့ဝင်များ ချထားခြင်း၊ မြို့အဝင်အထွက်ဂိတ်ပေါက်များတွင် စစ်ဆေးရှာဖွေခြင်းများဖြင့် လုံခြုံရေး အထူးတင်းကျပ်ထားသည်။ ယင်းကဲ့သို့ လုံခြုံရေးများ တင်းကျပ်ထားသော်လည်း ဒေသခံများမှာ ၎င်းတို့ လုံခြုံရေးအတွက် စိုးရိမ်မှုများဖြစ်ပွားလျက်ရှိကြောင်း ပြောကြားသည်။

"ရခိုင်ပြည်နယ်လို့သာဆိုတယ်၊ ရခိုင်တွေက စိုးရိမ်တဲ့ စိတ်ကြောင့်ည ၁၂ နာရီလောက်အထိ မအိပ်နိုင်ဘူး" ဟုစစ်တွေမြို့၏ မြို့မိမြို့ဖ ဦးသန်းထွန်းက ပြောသည်။

လူခြောက်ဦးသေဆုံးခဲ့ပြီး လေးဦးဒဏ်ရာရခဲ့သည်ဟု အစိုးရက ထုတ်ပြန်ခဲ့သော အောက်တိုဘာ ၂၅ ရက်တွင် ထိပ်တိုက်တွေ့ဆုံမှုများဖြစ်ပွားခဲ့သည့် ကျောက်တော်မြို့တွင်လည်း လုံခြုံရေးများ တင်းကျပ်ထားလျက်ရှိသည်။ ပဋိပက္ခဖြစ်ပွားရာ နေရာများသည် ကျောက်တော်မြို့မှ အလှမ်းကွာဝေးသည့် နေရာများတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ယင်းအခင်းဖြစ်ပွားရာနေရာမှ လူစုလူဝေးဖြင့် စွန့်ပစ်ခဲ့သည့်ဒေသလုပ်တူမီးသေနတ် ၇၁ လက်ကို သိမ်းဆည်းရမိခဲ့ကြောင်း အစိုးရက ထုတ်ပြန်ကြေညာသည်။ ယင်းအခြေအနေများကို ထိန်းသိမ်းရာတွင် လက်နက်ကိုင်လုံခြုံရေးတပ်ဖွဲ့ဝင်များက ပစ်ခတ်မှုများရှိကြောင်း ဒေသခံများအကြား ဝေဖန်ပြောဆိုမှုများရှိသော်လည်း သီးခြားအတည်ပြုချက် မရရှိသေးချေ။

ယခုဖြစ်ပွားခဲ့သော ဖြစ်ရပ်များကြောင့် ဒေသခံရခိုင်တိုင်းရင်းသားများက လုံခြုံရေးအခြေအနေကို ဝေဖန်မှုများရှိခဲ့ပြီး အချို့မြို့နယ်များတွင်လုံခြုံရေးများ၏ ထိန်းသိမ်းမှုများအပေါ် ဝေဖန်ပြောဆိုမှုများရှိခဲ့ကြောင်း သိရသည်။

ရခိုင်ဒေသတွင် ဖြစ်ပွားနေသည့် အရေးအခင်းများ ထပ်မံမဖြစ်ပွားစေရေးအတွက် အစိုးရတာဝန်ရှိသူများအနေဖြင့် ၁၉၈၂ နှစ်နိုင်ငံသားဥပဒေအတိုင်း ပီပီပြင်ပြင် ဆောင်ရွက်သင့်ပြီဖြစ်ကြောင်း 7Day News နှင့် တွေ့ဆုံမေးမြန်းခဲ့သည့် ဒေသခံများ၊ အသင်းအဖွဲ့များကပြောသည်။

"၁၉၈၂ နိုင်ငံသား ဥပဒေအတိုင်း အမြန်ဆောင်ရွက်ရင်

**စာ(၂၉)သို့**



**စာ(၂၈)မှအဆက် ...**

အားလုံး မဟုတ်တောင် တော်တော်များများ ပြေလည်နိုင်မယ် ထင်တယ်”ဟု ရခိုင်လွတ်မြောက်ရေးပါတီမှ ဆက်ဆံရေးတာဝန်ခံ ကိုခိုင်စိုးပိုင်က ကျောက်တော်မြို့ရှိ ၎င်း၏ရုံးခန်းတွင် တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

ပြည်နယ်အတွင်း မတည်မငြိမ် ဖြစ်မှုများကြောင့် ပြောင်းရွှေ့နေထိုင်သူများအားကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ပေးထားပြီး မတည်ငြိမ်မှုများကို ပြေလည်အောင် ဖြေရှင်းမှုများ မပြုလုပ်နိုင်ပါက ရေရှည်အတွက် အခက်အခဲများ ဖြစ်ပွားနိုင်ကြောင်း နှစ်ဖက်စလုံးက ပြောသည်။

“အစိုးရက ကျောသား ရင်သားမခွဲခြားဘဲ လုပ်ဖို့လိုတယ်လို့ ထင်တယ်။ ဥပဒေအတိုင်း မှန်ကန်မှုရှိအောင် လုပ်ဖို့လိုပါတယ်”ဟု စစ်တွေမြို့ အောင်မင်္ဂလာရပ်ကွက်မှ အစ္စလာမ်ဘာသာဝင်တစ်ဦးက ပြောသည်။

ရခိုင်ပြည်နယ်အရေးနှင့် ပတ်သက်ပြီး နိုင်ငံတော် သမ္မတရုံးက အောက်တိုဘာ ၂၅ ရက်တွင် သတင်းထုတ်ပြန်မှုတစ်ရပ်ပြုလုပ်ခဲ့ပြီး အဆိုပါ ပဋိပက္ခတွင် နောက်ကွယ်မှ ကြိုးကိုင်လှုပ်ရှားနေသော လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများလည်း ရှိနေကြောင်း သိရှိရသဖြင့် ၎င်းတို့ကို ဖော်ထုတ်၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

လက်ရှိအခြေအနေတွင် ဒုက္ခရာရခဲ့သူများနှင့် ထိခိုက်နစ်နာခဲ့သူများအတွက် အရပ်ဘက်အဖွဲ့အစည်းများက သီးခြားကူညီမှုများလည်း ပြုလုပ်လျက်ရှိသည်။

ဖြစ်ပွားခဲ့သော ပဋိပက္ခများကြောင့် ရခိုင်တိုင်းရင်းသားရောဘင်္ဂါလီလူမျိုးအချို့ပါ အကျပ်အတည်းများ ကြုံတွေ့နေရသည်။ ကုလသမဂ္ဂက သတင်းထုတ်ပြန်မှုအရ ယခုပဋိပက္ခကြောင့် နေအိမ်စွန့်ထွက်ပြေးရသူ နှစ်သောင်းကျော်ရှိသည်ဟုဆိုသည်။

“စီးပွားရေးက ဆုတ်ယုတ်လာတာပေါ့။ အစစအရာရာ အရင်နဲ့ မတူဘူးလေ”ဟု ရွာကြီးမြောက်ရပ်ကွက် ဒုန်းတိုက်ကယ်ဆယ်ရေးစခန်းမှ ဦးမောင်ဦးသာကပြောသည်။

အောင်မင်္ဂလာရပ်ကွက်မှ အစ္စလာမ်ဘာသာဝင်တစ်ဦးက “စားဝတ်နေရေးကျပ်တည်းတယ်။ အပြင်မှထွက်လို့ မရတာ”ဟု ၎င်းကပြောသည်။ “ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးက ထုတ်ပေးထားတဲ့ ဒီကတ်လေးတွေကို ဆွဲထားတယ်။ ဟိန္ဒူဖြစ်ကြောင်း အထောက်အထားပေါ့”ဟု ချင်းပျံလမ်းရှိ ဟိန္ဒူရပ်ကွက်မှ ဦးနာတာရှားကပြောသည်။

# ရခိုင်ပြည်နယ်တွင် စစ်အုပ်ချုပ်ရေး မလိုလားဟုဆို



မြောက်ဦးမြို့ အလိုတော်ပြည့်ကျောင်းအတွင်းရှိ ဒုက္ခသည်များ

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

**မင်းဟိန်းကျော်၊ အိဖြူလွင်**
**ရန်ကုန်၊ အောက်တိုဘာ-၂၉**

ရခိုင်ပြည်နယ်အတွင်း ယခုထက်အခြေအနေ ပိုမိုဆိုးရွားလာပါက စစ်အုပ်ချုပ်ရေးကြေညာနိုင်ဖွယ်ရှိပြီး စစ်အုပ်ချုပ်ရေးကို ရခိုင်တိုင်းရင်းသားများအနေဖြင့် လိုလားမှုမရှိကြောင်း ရခိုင်တိုင်းရင်းသားခေါင်းဆောင်အချို့ကပြောသည်။

“ရခိုင်မှာ မငြိမ်သက်မှုတွေဖြစ်တာ ကြာလာရင် ပုဒ်မ ၁၁ အရ ဆောင်ရွက်သွားမယ်လို့ ပြည်ထဲရေးဝန်ကြီးက လွှတ်တော်ထဲမှာ ပြောသွားတယ်။ ဒီထက်ဆိုးလို့ စစ်အုပ်ချုပ်ရေး ကြေညာရင် ရခိုင်မှာ လွှတ်တော်၊ အစိုးရတွေ မရှိတော့ဘူး။ အဲလိုဖြစ်ရင် တိုင်းနဲ့ ပြည်နယ် ၁၄ ခုမှာ ကျွန်တော်တို့ ရခိုင်ပြည်နယ်တစ်ခုပဲ ဒီမိုကရေစီမရဘဲ ကျန်ခဲ့မယ်။ အဲဒါကို ကျွန်တော်တို့ မလိုလားဘူး”ဟု ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးဇော်အေးမောင်က ပြောသည်။

ရခိုင်ပြည်နယ်တွင် မတည်ငြိမ်မှုများကြောင့် လက်ရှိအချိန်တွင် အခြေခံဥပဒေပုဒ်မ ၄၁၂ (က)အရ အရေးပေါ်အခြေအနေ ကြေညာဆောင်ရွက်လျက်ရှိပြီး ပုဒ်မ ၄၁၃(က)အရ တပ်မတော်၏ အကူအညီကို ရယူဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ပုဒ်မ ၄၁၃(ခ)တွင် နိုင်ငံတော်သမ္မတသည် လိုအပ်ပါက စစ်အုပ်ချုပ်ရေးအမိန့် တစ်ရပ်ထုတ်ပြန်နိုင်သည်။ ယင်းစစ်အုပ်ချုပ်ရေးအမိန့်တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား အုပ်ချုပ်ရေးဆိုင်ရာ လုပ်ပိုင်ခွင့်နှင့် တာဝန်များကိုလည်းကောင်း၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် သက်ဆိုင်သည့်တရားစီရင်ရေးဆိုင်ရာလုပ်ပိုင်ခွင့်နှင့် တာဝန်များကိုလည်းကောင်း သတ်မှတ်ပေးရမည်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ယင်းလုပ်ပိုင်ခွင့်နှင့်တာဝန်များကို မိမိကိုယ်တိုင်ကျင့်သုံးဆောင်ရွက်ခြင်း(သို့မဟုတ်)သင့်လျော်သည့် စစ်ဘက်အာဏာပိုင်တစ်ဦးဦးကို ကျင့်သုံးဆောင်ရွက်စေခြင်း ပြုနိုင်သည်” ဟု ဖော်ပြထားသည်။

“စစ်အုပ်ချုပ်ရေး လုပ်တော့မယ်ဆိုရင် သတိထားဖို့ လိုတယ်။ မလိုဘဲနဲ့ ပြဋ္ဌာန်းရင် လူထုကလည်း လက်ခံနိုင်မှာ မဟုတ်ဘူး။ လုံခြုံရေးအခြေအနေတွေကို တစ်ဆင့်ချင်း တိုးမြှင့်မှုမလုပ်ဘဲ အာဏာလွှဲလိုက်ရင် စစ်တပ်ကို အာဏာလွှဲချင်လို့ လုံခြုံရေးအားနည်းအောင်လုပ်တာလို့ လက်ညှိုးထိုးစရာ ဖြစ်လာလိမ့်မယ်။

**အချပ်ပို(B)သို့**






7DAY NEWS JOURNAL
Vol.11, No.34 • NOVEMBER 1 , 2012

## မျက်နှာဖုံး-မှောင်ခိုကုန်သွယ်မှု ပပျောက်စေရန် ရွေ့လျားစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းမည် မှ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန နယ်စပ်ကုန်သွယ်ရေး စခန်းများ၏ အနီးတစ်ဝိုက် ၅ မိုင်နှင့် ၁၀မိုင်အတွင်းရှိတရားမဝင် ကုန်သွယ်မှုလမ်းကြောင်းများနှင့် တရားမဝင် ကုန်သွယ်မှုတို့အား တားဆီးဆောင်ရွက်ရန် နယ်စပ်ကုန်သွယ်ရေးဦးစီးဌာနမှ ဦးဆောင်ဖွဲ့စည်းမည်ဖြစ်သည်။

ယင်းအဖွဲ့တွင် အကောက်ခွန်ဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဒေသအုပ်ချုပ်ရေးမှ ကိုယ်စားလှယ်၊ UMFCCI (သို့မဟုတ်)နယ်စပ် ကုန်သည်အသင်းမှ ကိုယ်စားလှယ်တို့နှင့်အတူ သတင်းလိုက်ပါရယူရန်သတင်းမီဒီယာကိုပါပါဝင်ဖွဲ့စည်းမည်ဖြစ်သည်ဟုဆိုသည်။ အဆိုပါအဖွဲ့သည် နယ်စပ်ကုန်သွယ်ရေး စခန်းဝန်းကျင်ရှိ ရှောင်ကွင်းလမ်းများ၊ နယ်စပ်ဒေသများမှ ပြည်တွင်းသို့ဝင်ရောက်သည့် ကုန်သွယ်မှုလမ်းကြောင်းများ၊ မြစ်ချောင်းများ၊ ပင်လယ်ရေကြောင်းမှ ဝင်ရောက်နိုင်သည့် ဝင်ပေါက်ထွက်ပေါက်များ၊ ဆိပ်ကမ်းများ၊ လေဆိပ်များနှင့် လိုအပ်ပါက ဈေးကွက်အတွင်းထိ နေရာအားလုံးတွင် စစ်ဆေးမှုများ ဆောင်ရွက်သွားမည်ဖြစ်သည်။ ပုံမှန်လမ်းကြောင်း ပုံမှန်နေရာ သတ်မှတ်၍ ဆောင်ရွက်ခြင်းမျိုး မဟုတ်ဘဲ အခြေအနေပေါ် မူတည်ကာတရားမဝင်ကုန်သွယ်နေသည့်နေရာများသို့ သွား ရောက်စစ်ဆေးဆောင်ရွက်ကြမည်ဟုဆိုသည်။

ယင်းအဖွဲ့၏စစ်ဆေးဆောင်ရွက်မှုများကို နိုဝင်ဘာ ၁ ရက်တွင် စတင်မည်ဖြစ်ကြောင်း ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းထွန်းဦးက ပြောသည်။ ပညာပေးကာလအတွင်း ကုန်ပစ္စည်းတင်ပို့ခြင်း၊ တင်သွင်းခြင်းများနှင့် သက်ဆိုင်သည့် လိုင်စင်နှင့် တရားဝင်ဆောင်ရွက်ခွင့် စာရွက်စာတမ်းများ စစ်ဆေးသွားမည်ဖြစ်ပြီး မပြသနိုင်ပါက လိုင်စင်ပြုလုပ်ခြင်း၊ ဒဏ်ကြေးပေးဆောင်စေခြင်းတို့ ပြုလုပ်ရမည်ဖြစ်ပြီး ကန့်သတ်ကုန်ပစ္စည်းများ တင်ဆောင်လာလျှင်မူ တည်ဆဲဥပဒေနှင့်အညီ အရေးယူခံရမည်ဖြစ်သည်။ ပညာပေးကာလ ကျော်လွန်လျှင် ယာဉ်နှင့်ယာဉ်ပေါ်ပါ ပစ္စည်းများအား နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း၊ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့ကို တည်ဆဲဥပဒေနှင့်အညီ အရေးယူခြင်း၊ ပစ္စည်းနှင့် သက်ဆိုင်နေသည့် ကုမ္ပဏီလုပ်ငန်းရှင်အားအမည်မည်းစာရင်းတွင် ထည့်သွင်းကြေညာခြင်း၊ တည်ဆဲဥပဒေနှင့်အညီ အရေးယူခြင်းများ ဆောင်ရွက်သွားမည်ဟုဆိုသည်။

နယ်စပ်ကုန်သွယ်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးညွန့်အောင်က "ကျွန်တော်တို့ဘက်ကတော့ ဟာကွက်မရှိအောင် တားဆီးသွားမှာ ဖြစ်ပါတယ်။ သတင်းပေးတွေလည်း မွေးသွားမှာပါ။ သတင်းပေးတဲ့သူကိုလည်း ဆုကြေးငွေချီးမြှင့်ပါမယ်။ သတင်းပေးသူ နာမည်ကိုလည်း ထိမ်ချန်ပေးပါ့မယ်"ဟုပြောသည်။

သတင်းအချက်အလက်များ အချိန်နှင့်တစ်ပြေးညီ ဖော်ပြပေးရန် သတင်းမီဒီယာကိုပါ ၎င်းအဖွဲ့တွင် ထည့်သွင်းဖွဲ့စည်းမည်ဖြစ်ပြီး သတင်းထောက်များပါဝင်ရန် ပြန်ကြားရေး ဝန်ကြီးဌာနသို့ အကူအညီတောင်းထားသည်ဟု ဒုတိယ ညွှန်ချုပ်က ဆိုသည်။ မန်းကုန်စည်ဒိုင်မှ ပဲကုန်သည် ကိုခင်မောင်နိုင်ဦးက "ချွတ်ခြုံကျနေတဲ့ ကျွန်တော်တို့ စီးပွားရေးတွေကို တရားဝင်ကုန်သွယ်မှုက အထောက်အပံ့ဖြစ်အောင် စွမ်းဆောင်ပေးဖို့လိုမယ်လို့ကျွန်တော်ထင်ပါတယ်။ တရားမဝင်ကုန်သွယ်မှုကြောင့် အခွန်အခတွေ လွတ်သွားတဲ့အတွက် တရားဝင်ကုန်သွယ်တဲ့သူတွေ ထိခိုက်ပါတယ်။ တိုင်းပြည်ရဲ့အခွန်အခတွေ ထိခိုက်ပါတယ်။ တိုင်းပြည်ရဲ့အခွန်အခထိခိုက်တာ ကျွန်တော်တို့ ထိခိုက်တာပါပဲ။ အခုဖွဲ့စည်းတဲ့ မိုဘိုင်းတင်းမ်ကိုလည်း ယုံကြည်ပါရစေ"ဟုပြောသည်။ ယခင်အဖွဲ့အစည်း၏ စစ်ဆေးမှုကို ခံခဲ့ရဖူးသည့် ကုန်တင်ယာဉ်ကြီးဖြင့် ကုန်စည်ပို့ဆောင်သည့် လုပ်ငန်းလုပ်ကိုင်သူ အမျိုးသားတစ်ဦးက ဖမ်းဆီးစစ်ဆေးရာတွင် မညီမျှမှုများကိုလည်း ကြုံတွေ့ခဲ့ရဖူးသည်ဟုဆိုသည်။ "အားလုံးသာ အသိစိတ်ဓာတ်ရှိရှိ ပါဝင်မယ်ဆိုရင် မအောင်မြင်စရာ အကြောင်းမရှိပါဘူး။ ရဲရဲကြီး အာမခံပါတယ်။ မှန်မှန်ကန်ကန်နဲ့ လမ်းကြောင်းပေါ်က တရားဝင်အခွန်အခ ပေးဆောင်ပြီး ရင်ကော့ပြီး သွားလို့ရတဲ့အဆင့်ထိ ကျွန်တော်တို့ဆောင်ရွက်ပေးပါ့မယ်။ အဲဒီမှာ ညှိလာရမယ့် အချက်တွေ ရှိပါတယ်။ တချို့ အမယ်တွေမှာ ကျွန်တော်တို့ဘက်က အခွန်အခတွေများနေတာရှိမယ်။ အဲဒါတွေကို သက်ဆိုင်ရာ အဆင့်ဆင့်ကို တင်ပြပြီး ညှိနှိုင်းဆောင်ရွက်သွားပေးမယ်ဆိုရင်တော့ ကျွန်တော်ထင်ပါတယ်။ မှောင်ခိုကို ပပျောက်သွားမယ်လို့တော့ မပြောလိုပါဘူး။ လျော့သွားပါမယ်"ဟု ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးညွန့်အောင်က ပြောသည်။

၂၀၀၅ မှ ၂၀၁၁ ခုနှစ်အထိ နယ်စပ်ကုန်သွယ်ရေး စခန်းများတွင် O.S.S (One Stop Services) အဖွဲ့ဟူ၍ ရှိခဲ့သည်။ ယင်းအဖွဲ့ကို နယ်စပ်ကုန်သွယ်ရေးဦးစီးဌာနက ခေါင်းဆောင်ကာ အကောက်ခွန်ဦးစီးဌာန၊ ပြည်တွင်းအခွန်များ ဦးစီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လူဝင်မှုကြီးကြပ်ရေးအဖွဲ့ (လ.ဝ.က) အစရှိသည့် ဌာနများမှပုဂ္ဂိုလ်များ ပါဝင်ဆောင်ရွက်ခဲ့ကြသည်။

## စာ-၃၊ မင်းမဲ့စရိုက်ဆန်ဆန် လူသတ်မှုပိုများလာ မှ

ပြစ်မှုဖြစ်ပွားခြင်းသည် တရားဥပဒေစိုးမိုးရေးအတွက်တာဝန်ယူရသော လုံခြုံရေးရဲတပ်ဖွဲ့တွင် တာဝန်ရှိသကဲ့သို့ တရားရုံးများကလည်း ပြစ်မှုကျူးလွန်ခြင်းများကို ထိရောက်စွာ ဟန့်တားနိုင်သည့် ပြစ်ဒဏ်များ ချမှတ်နိုင်ရန် လိုအပ်သည်ဟု ဦးကိုနီကပြောကြားသည်။

ခေတ်အရပြောင်းလဲပေါ်ပေါက်လာသည့် နိုက်ကလပ်များ၊ ရာသီပေါ်ပွဲလမ်းသဘင်များတွင် လူငယ်များစုရုံးလာခြင်း၊ မူးယစ်ရမ်းကားခြင်းတို့မှာ ဖြစ်လေ့ဖြစ်ထရှိသော်လည်း လုံခြုံရေးအရ ညအချိန်တွင် သတ်မှတ်ထားသည့် ဥပဒေများကို သက်ဆိုင်ရာက ထိထိရောက်ရောက် အရေးယူဆောင်ရွက်မှုအားနည်းနေကြောင်း ရှေ့နေဦးအောင်သန်းစိုးကပြောသည်။ "ထုတ်ထားတဲ့အမိန့်တွေကို သက်ဆိုင်ရာက ထိထိရောက်ရောက် ဆောင်ရွက်ဖို့လိုတယ်"ဟု ၎င်းကပြောသည်။

ပြစ်မှုဆိုင်ရာဥပဒေတွင် လူသတ်မှုကျူးလွန်သူကို အမြင့်ဆုံးပြစ်ဒဏ်ဖြစ်သည့် သေဒဏ်ထိ ချမှတ်နိုင်သော်လည်း အနိမ့်ဆုံးပြစ်ဒဏ်ဟူ၍ သတ်မှတ်ထားခြင်းမရှိဘဲ မှုခင်းဖြစ်ပွားသည့် အခြေအနေကိုလိုက်၍ တရားသူကြီး၏ ဆင်ခြင်ဉာဏ်ဖြင့်သာ ပြစ်ဒဏ်ချမှတ်ရခြင်းဖြစ်ကြောင်း သိရသည်။

ယခုနောက်ပိုင်းတွင် ဖြစ်ပွားသည့် ပြစ်မှုများသည် ကြိုတင်ကြံစည်မှုက နည်းပါးပြီး လူငယ်အချင်းချင်းဖြစ်ပွားသော ပြဿနာများမှ ရိုက်ကြနှက်ကြသည်သာရှိကြောင်း၊ သို့သော် အုပ်စုဖွဲ့ရမ်းကားမှုများတွင် လူသေဆုံးပါက ထောင်ဒဏ်နှစ် ၂၀မှတစ်သက်တစ်ကျွန်းထိချနိုင်ကြောင်း အလုံမြို့နယ်မှ အငြိမ်းစားတရားသူကြီးတစ်ဦးကပြောသည်။

ပြစ်မှုများတွင် အဖွဲ့လိုက်ကျူးလွန်မှုများ များပြားလာခြင်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ လက်ရှိ တာဝန်ထမ်းဆောင်နေသူ ရဲအုပ်တစ်ဦးက "အုပ်စုဖွဲ့ကျူးလွန်တဲ့ မှုခင်းတွေက အမျိုးမျိုးရှိတတ်တယ်။ တချို့ကလည်း ဂိုဏ်းဖွဲ့မျိုးမဟုတ်ပေမယ့်ပိုက်ဆံရှိတယ်။ ခိုင်းသမျှလုပ်ပေးမယ့် တပည့်တပန်းတွေရှိတယ်။ ဒီတော့ တပည့်တွေကို ငါ့အစားသွားလုပ်ပေးဆိုတာမျိုးပေါ့။ ပြီးရင် ပိုက်ဆံပေးတယ်။ အဲဒီလို ပိုက်ဆံယူပြီး တမင်လုပ်စားတာမျိုးကတော့ နည်းပါတယ်။ အဲဒီအခါမှာလည်း သူတို့လုပ်တဲ့ပြစ်မှုအလိုက်ပဲ အရေးယူပါတယ်။ နာကျင်စေမှုဆိုရင် နာကျင်စေမှု၊ လူသတ်မှုဆိုရင် လူသတ်မှု အတိုင်းပါ"ဟု ပြောသည်။

သို့သော် အခကြေးငွေယူ၍ ပြစ်မှုကျူးလွန်ခဲ့ဖူးသူတစ်ဦးက အောက်ပါအတိုင်းပြောသည်။

"တချို့အုပ်စုဖွဲ့ရိုက်နှက်မှုတွေမှာဆို ရိုက်ရုံပဲ။ ဒါပေမဲ့ ရိုက်ရင်းနဲ့ လက်လွန်သွားတာမျိုးတွေရှိတယ်။ အဲဒီတော့ အစပါ ဖျောက်ပစ်ရတယ်။ အမှုကပိုကြီးသွားတာပေါ့။ အထူးသဖြင့် ကိုယ်နဲ့မဆိုင်တဲ့ပြဿနာတွေကို ပတ်သက်ရာပတ်သက်ကြောင်းကို ဝင်ရောက်ဖြေရှင်းပေးရတာများတယ်"ဟု ၂၀၁၂ ခုနှစ်က လွတ်ငြိမ်းချမ်းသာခွင့်ဖြင့်ပြန်လည်လွတ်မြောက်လာသော ရင်းနှီးသူများက ခိုင်းပါက၊ အဆက်အသွယ်ဖြင့် ငွေပေး၍ တာဝန်ပေးပါက လူသတ်၊ ရိုက်နှက်သောပြစ်မှုများ ကျူးလွန်ခဲ့ဖူးသူတစ်ဦးကပြောသည်။

တရားရုံးများတွင် ပြစ်ဒဏ်ချမှတ်ရာတွင်လည်း ဖြစ်ရပ်တစ်ခုနှင့်တစ်ခုအပေါ် ပြစ်ဒဏ်ချမှတ်မှု မတူညီသည်မှာ တရားသူကြီးက လာဘ်ယူ၍ ဆုံးဖြတ်ရခြင်းမျိုးမဟုတ်ဘဲ ဒေါသအလျောက်ဖြစ်သည့် ပြစ်မှု၊ မတော်တဆကျူးလွန်မိသည့်ပြစ်မှု၊ ပြစ်မှုကျူးလွန်သူ၏ အခြေအနေ စသည်တို့နှင့်သက်ဆိုင်၍ တရားသူကြီးက ဆုံးဖြတ်ရခြင်းမျိုးသာဖြစ်ကြောင်းလည်း သတင်းရရှိသည်။

နှင်းဆီကုန်းဘိုးဘွားရိပ်သာရှေ့တွင် ဖြစ်ပွားခဲ့သော လူသတ်မှု၌ အမျိုးသမီးတစ်ဦး အပါအဝင် လူငယ်ကိုးဦးက အရက်သေစာသောက်စားထား၍ ရန်စမှုကြောင့်သာ ဖြစ်ပွားခဲ့ခြင်းဖြစ်သည့်အတွက် ညဘက်အပြင်ထွက်လေ့ရှိသော ယောကျ်ားလေးများအတွက်လည်း စိုးရိမ်ပူပန်စရာများရှိလာသည်။ "အခုဆိုရင် ကိုယ်ကပြဿနာစမရှာရင်တောင် အုပ်စုလိုက်ရန်စလာရင် ဘာမှမတတ်နိုင်ဘူး။ ဒါကြောင့် ညဘက်ဘောလုံးပွဲသွားကြည့်တာမျိုးတောင် သတိထားရတယ်"ဟု အမျိုးသားတစ်ဦးကပြောသည်။

အုပ်စုဖွဲ့ရမ်းကား လူသတ်မှုဖြစ်စဉ်များဖြစ်ပေါ်ခဲ့သည့်မြောက်ဥက္ကလာပလူသတ်မှုတွင်ပြစ်မှုကျူးလွန်သူ ၂၀ကျော်အနက် ၁၅ ယောက်အားဖမ်းဆီးထားနိုင်ခဲ့ပြီး၊ အောက်တိုဘာ ၂၃ရက်ကဖြစ်ပွားခဲ့သော နှင်းဆီကုန်းဘိုးဘွားရိပ်သာရှေ့၌ဖြစ်သော ဖြစ်စဉ်တွင် ပြစ်မှုကျူးလွန်သူကိုးဦးစလုံးကို ဖမ်းဆီးနိုင်ခဲ့သည်ဟုဆိုသည်။ အောက်တိုဘာ၁ရက် ညက အင်းလျားကန်ပေါင်တွင်ဖြစ်ပွားသော ဆိုင်ကယ်စီးအုပ်စုဖွဲ့ရိုက်နှက်မှု ၁၄ဦးတွင် သုံးဦးကိုသာလက်ရဖမ်းဆီးရရှိသေးကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ သတင်းရရှိသည်။

လူအများရှေ့တွင် ဖြစ်ပွားနေသော အမှုများသည် ကြိုတင်ကြံစည်မှုကြောင့် ဖြစ်ပွားသည်ထက် မတော်တဆခိုက်ရန် ဖြစ်ပွားမှုမှ စတင်သည့် ပြစ်မှုမျိုးကပို၍များပြားသောကြောင့် လူငယ်များအနေဖြင့် အသွားအလာ၊ အပြောအဆိုကို သတိထားနေရသောအခြေအနေဖြစ်နေကြောင်း ဥပဒေအကြံပေးတစ်ဦးက ပြောသည်။

သို့ရာတွင် ထိုသို့ ရာဇဝတ်မှုများ ထူပြောလာခြင်း၊ သောင်းကျန်းမှုများ ဖြစ်ပေါ်လာသည်တို့မှာ တရားဥပဒေစိုးမိုးရေး ယန္တရားကောင်းမွန်စွာမလည်ပတ်နိုင်ခြင်းကြောင့်သာဖြစ်ပြီး အဓိကတာဝန်ရှိသူများမှာ ရဲတပ်ဖွဲ့ပင်ဖြစ်သည်ဟု ဦးကိုနီကပြောသည်။

**TRADEMARK CAUTION**

MONSANTO TECHNOLOGY LLC, a Delaware Limited Liability Company located at 800 North Lindbergh Boulevard, St Louis, Missouri, United State of America is the Owner and Sole Proprietor of the following Trademarks:-

genuity genuity GENUITY

Reg :4/8271/2009 Reg :4/8267/2009 Reg :4/8272/2009

In respect of : Int'l Class 1: Chemicals used in industry, science and photography, as well as in agriculture; horticulture and forestry; unprocessed artificial resins, unprocessed plastics; manures; fire extinguishing compositions; tempering and soldering preparations; chemical substances for preserving foodstuffs; tanning substances; adhesives used in industry.

In respect of : Int'l Class 31: Agricultural, horticultural, and forestry products and grains not include in other classes; live animals; fresh fruits and vegetables; seeds, natural plants and flowers; foodstuffs for animals; malt.

4/ 8269/2009 4/8266/2009 4/8270/2009 4/8268/2009

In respect of : Int'l Class 1: Chemicals used in industry, science and photography, as well as in agriculture; horticulture and forestry; unprocessed artificial resins, unprocessed plastics; manures; fire extinguishing compositions; tempering and soldering preparations; chemical substances for preserving foodstuffs; tanning substances; adhesives used in industry.

**ROUNDUP POWERMAX**

4/10935/2011

In respect of : Int'l Class 5: herbicides.

Fraudulent imitation or unauthorized use of the said Trademark shall be dealt with according to law.

U Myint Lwin, Advocate,
LL.B, DBL Dip in Marine Affairs(UK)
MYINT.Advocate@mptmail.net.mm
Ph : 371 990 1.Nov. 2012

Partnership in practice with Ms. Saowaluck Lamlert, Attorney at Law Siam Premier International Law Office Limited
Email : saowaluck@siampremier.co.th

for MONSANTO TECHNOLOGY LLC.

7DAY NEWS JOURNAL
Vol.11, No.34 • NOVEMBER 1 , 2012



# ချယ်ရီတွေ ပွင့်ပြီဖြစ်ကြောင်း အစိုးရမင်းများလည်း အသိ

မောင်သာချို

(တစ်)

ခရစ်နှစ် ၂၀၁၂ ခုနှစ်ထဲ၌ ဖတ်ရှုဖြစ်ခဲ့သော သတင်းအတိုအထွာကလေးများအနက် ကျွန်တော့်စိတ်ကို အလှုပ်ရှားစေဆုံးနှင့် ကျွန်တော့်လိပ်ပြာကို အနှိုးထစေဆုံး သတင်းကလေးတစ်ပုဒ်၏ အကြောင်းကိုများ လက်တို့စမ်းပါဦးဟု ပြောလာခဲ့သည်ရှိသော် ကျွန်တော်ကတော့ ချယ်ရီပန်းများ ပွင့်ကြသည့် သတင်းကလေးကိုပဲ လက်ဆင့်ကမ်းလိုက်ချင်ပါသည်။



ဟုတ်ပါသည်။ ချယ်ရီပန်းတို့ ပွင့်သော သတင်း။ သတင်း အရင်းအမြစ်က ဂျပန်နိုင်ငံက လာပါသည်။ ယခုနှစ် ၂၀၁၂ ခုနှစ်မတ်လ ၃၁ ရက်နေ့တုန်းက ထုတ်ပြန်လိုက်သည့် သတင်းပဲဖြစ်ပါသည်။ ဂျပန်နိုင်ငံတော် အစိုးရ မိုးလေဝသနှင့် ဇလဗေဒ အေဂျင်စီက ထို ၂၀၁၂ ခုနှစ် မတ်လ ၃၁ ရက်ကို ဂျပန်နိုင်ငံတော်တစ်ဝန်းလုံး၌ ချယ်ရီပန်းများ စတင်ပွင့်ကြသောနေ့အဖြစ် ကြေညာလိုက်ကြောင့် ချယ်ရီပန်းပွင့်သော ရာသီစတင်ပြီဖြစ်ကြောင်း ထုတ်ပြန်လိုက်သည့် သတင်းကလေးပဲဖြစ်ပါသည်။ လူတွေလူတွေ တိုကျိုတစ်မြို့တည်းမှာပင် လျှင် သိန်းနှင့်ချီကာ ပန်းခြံတွေရှိရာဆီသို့ ရောက်လာကြပြီး ရွှင်သော မြူးသော မျက်လုံးများ မျက်နှာများနှင့် သက်ဝင်လှုပ်ရှားနေကြသည်များကို ဓာတ်ပုံမှတ်တမ်းများက ရုပ်မြင်သံကြားမှတ်တမ်းများက ဖော်ပြပေးလျက်လည်း ရှိခဲ့ပါသည်။ ဂျပန်နိုင်ငံသားများ အထူးသဖြင့် ဂျပန်သားငယ်၊ သမီးငယ်ကလေးများပင် လုံးညွတ်အောင် ပွင့်နေသည့် ချယ်ရီပင်လယ်ကြီးထဲ၌ ပြေးလွှားအော်ဟစ်နေကြသည့် မြင်ကွင်းကို ကြည့်ကာ ကျွန်တော် မျက်ရည်ဝေ့မိကြောင်းကိုလည်း ဝန်ခံလိုပါသည်။

ကားမျိုးစုံ ထုတ်သူ ဂျပန်က၊ ရေခဲသေတ္တာမျိုးစုံ ထုတ်သူ ဂျပန်က၊ လေအေးပေးစက်မျိုးစုံထုတ်သူ ဂျပန်က၊ ရုပ်မြင်သံကြားစက်မျိုးစုံ ထုတ်သူဂျပန်က၊ ထို့ပြင် ထမင်းပေါင်းအိုး၊ လက်ပတ်နာရီ၊ ဂဏန်းပေါင်းစက်နှင့် ကွန်ပျူတာမျိုးစုံထုတ်လုပ်သူ ဂျပန်က သူတို့မြေမှာပွင့်သည့် ချယ်ရီပန်းအပေါ်သည်မျှအထိ သဲသဲ ရုတ်ရုတ်နှင့် ခဲခဲ အုတ်အုတ် ဖြစ်နေပုံကိုကြည့်ကာ ငါတို့ကရောဟူသည့် အတွေးနှင့်အတူ ဝမ်းနည်းသလိုလိုကြီး ဖြစ်သွားမိခြင်း ဖြစ်ပါသည်။

ဂျပန်တို့က ပန်းကို ဟန (HANA)ဟုခေါ်ကာ ပန်းပွဲတော်ကို ဟနမိ(HANAMI)ဟု ခေါ်ကြရာ အဓိကအားဖြင့် ဂျပန်တို့၏ ဇာတ်လိုက်ပန်းမှာ ဆာကူရာသို့မဟုတ် စကုရ (SAKURA) ခေါ် ချယ်ရီပန်းပဲ ဖြစ်ပါသည်။

ဂျပန်ကို ယခုလက်ရှိ ထိပ်တန်း ဂျပန်နိုင်ငံအဖြစ်သို့ တွန်းပို့ပေးလိုက်သည့် စိတ်အခြေခံတရားများ များစွာရှိရာ တစ်ခုက သူတို့မြေက ပန်းပွင့်ချယ်ရီကို သူတို့အစွမ်းကုန် မြတ်နိုးကြကာ ချယ်ရီပွင့်ရာ ဂျပန်မြေပြင်တစ်လွှားကိုလည်း အဆမတန် ချစ်ကြခြင်းဟု ဆိုပါသည်။ ဂျပန်မှုတစ်ရာ (A hundred Thijngs Japanese) ထဲ၌ ပါဝင်ရေးသားသူ Edward Fowler က ဂျပန်အတွက် ချယ်ရီအရေးကြီးကြောင်းကို မှတ်တမ်းရေးခဲ့ပြီးသား ဖြစ်ပါသည်။

အော် ကိုယ့်မြေ၊ ကိုယ့်ရေနှင့် ကိုယ့်ကန်၊ ကိုယ့်ကျောင်း၊ ကိုယ့်ချောင်း၊ မြောင်းတို့အပေါ် နိုင်ငံသားတို့ ချစ်လာကြစေရန် အလို့ငှာ ဘာမှကြီးကြီးကျယ်ကျယ်တွေ ပြောမနေ။ ချယ်ရီပန်းစပွင့်သည့်နေ့ကို အစိုးရက စောင့်ကြည့်၊ ထို့နောက်သတင်းထုတ်ပြန်၊ ထို့နောက် လူတွေချယ်ရီပင်များအောက်သို့ ပြေးလွှားရောက်ရှိလာရုံမျှနှင့် နိုင်ငံချစ်စိတ်က အနက်ရော အဓိပ္ပာယ်ပါပြီး ပြည့်စုံသွားခဲ့ပါလေပြီ။

(နှစ်)

ရန်ကုန်မြို့ပေါ်တွင် အင်တာနေရှင်နယ် အမည်တပ်ထားသည့် ကျောင်းတွေ တော်တော်များများ ရှိပါသည်။ ဟိုကျောင်းက သည်ကျောင်းက လာလာပြီး ခေါ်ကြသဖြင့် မကြာခဏဆိုသလို စကားသွားသွား ပြောရပါသည်။

တစ်နေ့ သစ်ပင်စိုက်ပျိုးရေး အထိမ်းအမှတ်နေ့ ကျင်းပရာ Interantional School ကလေး တစ်ကျောင်းက လာခေါ်၍ စကားသွားပြောပေးရပါသည်။ လေးငါးတန်း ဝန်းကျင်မျှသာရှိသော ကလေးတို့က ပြဇာတ်အတိုကလေးတစ်ပုဒ်ကို ကပြနေကြပါသည်။ ဇာတ်ခုံပေါ်မှာတော့ သစ်ပင်အဖြစ် သရုပ်ဆောင်သူ ကလေးငယ်များ၊ ထို့ပြင် သစ်ခုတ်သမားအဖြစ် သရုပ်ဆောင်သူ၊ တောင်စောင့်နတ်အဖြစ် သရုပ်ဆောင်သူ ကလေးများဖြင့် သက်ဝင်လှုပ်ရှား၍ နေရာ မိဘတွေမှာ သဘောကျ၍မဆုံးကြပါလေတော့။

နောက်တော့ လက်တွေ့ သစ်ပင်စိုက်ပျိုးခြင်း အစီအစဉ် ပါဝင်ပါသည်။ ကလေးတိုင်း ကလေးတိုင်းအတွက် ပန်းပင်ပေါက်စကလေးတစ်ပင်စီကို အဆင်သင့် ဝယ်ယူစုဆောင်းပေးထားပါသည်။ ထို့နောက် ကိုယ့်ပန်းအိုးနှင့်ကိုယ်။ ပန်းအိုးတွေမှာ ကလေးငယ်တစ်ဦးစီ၏ နာမည်ကလေးတွေ ရေးထိုးချိတ်ဆွဲလို့။

ကလေးတို့ကား မူလတန်းအဆင့် (Primary) များသာဖြစ်ကြရာ ကျွမ်းကျွမ်းကျင်ကျင်ကြီး မဟုတ်သော်လည်း သေသေသပ်သပ်ကား လုပ်နိုင်ကြပါသည်။ ကိုယ့်အပင်ကလေးတွေကို ကိုယ့်ပန်းအိုးထဲမှာ အသေအချာ စိုက်ပြီးနောက် ရေပန်းခရားကလေးများဖြင့် ရေလောင်းကြရပါသည်။ ထို့နောက် ဆရာမတို့က ကလေးများ၏ လက်ကို ဆပ်ပြာဖြင့် စင်ကြယ်စွာဆေးကြောသန့်စင်ပေးခြင်း။

"နောက်နေ့က စပြီး ကိုယ့်အပင်ကို ကိုယ်ရေမှန်မှန်လောင်းရမယ်နော။ ဘယ်သူ့အပင် သန်သလဲဆိုတာ စောင့်ကြည့်ကြရအောင်"

ကလေးတို့က ဟုတ်ကဲ့ဆရာမဟု ပြိုင်တူအော်ဟစ်ကြရာ ကျွန်တော် ပြုံးနေမိပါသည်။ ကိုယ့်အပင်ကလေးကို ကိုယ်အရိပ်တကြည့်ကြည့်ကြည့်နေရာက မြတ်နိုးတွယ်တာသော စိတ်ကလေးဝင်သွားကာ ယင်းမှတစ်ဆင့် ရှေ့သို့ဆက်၍ ဆက်၍ တက်သွားပြီး ကိုယ့်တော ကိုယ့်တောင် ကိုယ့်ကန်ကိုယ့်ကျောင်း ကိုယ့်ချောင်း၊ မြောင်းများနှင့်တကွ ကိုယ့်ပတ်ဝန်းကျင်အလှကို ချစ်သွားအောင် ပျိုးထောင်ပေးခြင်း ဟု နားလည်ရပါသည်။

(သုံး)

ယနေ့ခေတ် ပညာရေး၌ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို ပညာရပ်တစ်ခုအဖြစ် သဘောထားလာကြပြီး အခြေခံပညာသင်ရိုးများ၌ပင် ထိုက်တန်သမျှ ထည့်သွင်းလာကြကာ ဘွဲ့ကြိုဘွဲ့လွန်များအထိ ကမ္ဘာကျော်တက္ကသိုလ်ကြီးများက ပေးအပ်နေကြပြီဖြစ်ကြောင်းကို အများအသိပင် ဖြစ်ပါသည်။

ကိုယ့်မြေ ကိုယ့်ရေကိုချစ်ခင်၊ ချစ်ခင်တော့မှ ထိန်းသိမ်း၊ ထိန်းသိမ်းတော့မှ စောင့်ရှောက်မြဲဖြစ်ရာ ချစ်ခင်ခြင်းသည် အခြေခံစိတ်ဖြစ်သည့်အတွက် ထိုစိတ်ကို အမိန့်အာဏာနှင့် လုပ်ဆောင်၍ မရပါ။ သည်တောကို ချစ်စေသည် တောင်ကို မြတ်နိုးစေ၊ သည်ပန်းကို တန်ဖိုးထားစေ၊ သည်ကမ်းခြေနဲ့သည်မြစ်ကြီးကို ခင်တွယ်စေ၊ ပုံဘယ်သူဘယ်ဝါ ဘာညာ လုပ်၍ မရနိုင်ပါ။ ချစ်တတ်သော ခံစားမှု နှလုံးသားထဲ၌ အခြေတည်မိသွားအောင် ပျိုးထောင်ပေးရခြင်း ဖြစ်ပါသည်။

ချယ်ရီပန်းပွင့်တာများ ရေးကြီးခွင်ကျယ်လုပ်ပြီး ဂျပန်နိုင်ငံတော် မိုးလေဝသနှင့် ဇလဗေဒ အေဂျင်စီက အမိန့်ထုတ်ပြန်ရလေသတဲ့ဟု အပြစ်တင်မစောကြစေလိုပါ။ ချယ်ရီကို ချစ်စိတ်နှင့်အတူ ဂျပန်အမျိုးသားတို့ သူတို့ဂျပန်ကို ချစ်သော စိတ်အလွန်အင်အားကြီးမားခိုင်ခံ့လှကြောင်း ကမ္ဘာက အသိအမှတ်ပြုထားကြပြီး ဖြစ်ပါသည်။

ကျွန်တော်တို့၏ ကျောင်းသင်ခန်းစာများထဲ၌ အမှတ်ရရန်မျှသာမဟုတ်ဘဲ ကိုယ့်ရပ်ဌာနေကို ချစ်စိတ်ဝင်လာဖို့ ပျိုးထောင်ပေးသော စာတွေ့လက်တွေ့သင်ခန်းစာများပါဝင်လာရန်လိုအပ်လှပါသည်။ မည်သူ့ အမိန့်ကြောင့်မှ မဟုတ်ဘဲ တောကြီးတွေကို ချစ်သောစိတ်၊ တောင်ကြီးတွေကို ခင်သောစိတ်၊ မြစ်ကြီးတွေကို မြတ်နိုးသောစိတ်၊ ပင်လယ်ကမ်းခြေကြီးတွေကို ခင်တွယ်သော စိတ်၊ ကျွန်တော်တို့၏ ငှက်ကလေးများ၊ ထို့နောက် ပန်းကလေးများ၊ ထို့နောက်လက်ကွင်းပြင်များ အားလုံးအားလုံးကို တပ်မက်သော စိတ်တို့ကို လူငယ်ထု၏ရင်ထဲသို့ အနုပညာမြောက်စွာ ထည့်သွင်းပေးလိုက်မှသာ သည်မြေနှင့် သည်ရေက ကမ္ဘာ ကမ္ဘာအဆုံး ရပ်တည်သွားနိုင်မည်ဖြစ်ပါသည်။

အော် သူတို့ဆီမှာ ချယ်ရီပွင့်ကြောင်း အစိုးရက သတင်းထုတ်ပြန်ခဲ့ပြီတဲ့ ။ ။

## စာ(၂၆) စိတ်ယဉ်ကျေးမှုနှင့် ရသစာပေ မှ

လူကျပ်ကျပ် ဘတ်(စ်)ကားပေါ်မှာ အမျိုးကောင်းသမီးများ အပေါ် အခွင့်အရေး ယူချင်သူတွေကမ ရှား။ ခရီးအတူသွားချင်းမတော်တဆ တက်နင်းမိလို့မှ အနင်းခံရသူကိုဆော်ရီးလို့ပြောဖော်မရ။ သြော် လောက၊ လောက။ ဘာလို့များ ကိုယ်ချင်းစာတရားတွေ ခေါင်းပါးကုန်ကြရပါသလဲ။ ဘာကြောင့်များ နှလုံးသားတွေ အေးစက်မာကျောကုန်ကြရပါသလဲ။ လဲပေါင်းများစွာကို အဖြေရှာရင်း တစ်စုံတစ်ခုကို ကျွန်တော် စဉ်းစားမိလိုက်သည်။

အဲဒါက ဘာလဲဆိုတော့ လူတွေ (အထူးသဖြင့် လူငယ်တွေ) ရသစာပေ အဖတ်အရှုနည်းလာခြင်း။ စာဖတ်ခန်းတစ်ခု၏ စာအုပ်အငှားစာရင်းကို လေ့လာကြည့်တော့ အငှားအများဆုံးစာအုပ်တွေက ဘဝအောင်မြင်ရေးဆိုင်ရာ စာအုပ်များနှင့် ကွန်ပျူတာပညာရပ်ဆိုင်ရာ စာအုပ်များဖြစ်နေသည်။ မဂ္ဂဇင်းများတွင်မူ မင်းသား၊ မင်းသမီးပုံတွေ များများပါသော မဂ္ဂဇင်းများနှင့် ဗေဒင်အကြောင်း၊ ဆေးအကြောင်း၊ နတ်ဝိဇ္ဇာများအကြောင်း များများပါသော မဂ္ဂဇင်းများက အငှားရဆုံးဖြစ်နေသည်။

ကျွန်တော်တို့ ခေတ်က စာဖတ်သမားများ ကြိုက်ကြသည့် တချို့ပင်ကိုရေး ဝတ္ထုကြီးများ၊ ဘာသာပြန်ဝတ္ထုကြီးများမှာ စာအုပ်စင်ပေါ်တွင် ငုတ်တုတ်ငိုက်နေကြ၏။ နာမည်ကြီးအက်ဆေးဆရာများ၏ အက်ဆေးစာအုပ်များကား သင်းကွဲငှက်များပမာ သနားစရာပင် ကောင်းနေသေးတော့၏။

ရသစာပေ၏ အခန်းကဏ္ဍ မှေးမှိန်သွားပြီလား။ လူဦးရေ သန်း ၆၀ မျှရှိသော ကျွန်တော်တို့နိုင်ငံတွင် နာမည်ကြီးရသစာရေးဆရာတစ်ယောက်၏ စာအုပ်များ ပင်စောင်ရေ ၂၀၀၀၊ ၃၀၀၀ ထက် ပိုမရိုက်ရ။ Chicken Soup for the Soul စာအုပ်တွဲများသည် အမေရိကန်နိုင်ငံတွင် လူကြိုက်များလှ၏။ စောင်ရေပေါင်း သန်းနှင့်ချီ၍ ပုံနှိပ်ရသည်။ နိုင်ငံခြားဘာသာအမျိုးပေါင်း ၂၀ ကျော်ဖြင့်လည်း ပြန်ဆိုခဲ့ကြသည်ဟု ဆိုပါသည်။ ယင်းစာအုပ်များကို ဆရာဖေမြင့်က နှလုံးသားအာဟာရ ရသစာပေများဟု အမည်ပေးကာ အတွဲများခွဲ၍ ဘာသာပြန်ဆိုခဲ့ပါသည်။ အတွဲတစ်တွဲကို နှစ်ကြိမ်စီ ထုတ်ဝေခဲ့ရသည်ဟု ထင်ပါသည်။

သိစရာ၊ တတ်စရာတွေ များလှသော ယနေ့ခေတ်တွင် လူငယ်တို့သည် ခေတ်ပညာများနောက် တကောက်ကောက်လိုက်ရင်း ရသစာပေဖတ်ရှုဖို့ အချိန်မရကြတော့ပြီလော။ ဖတ်ရှုခံစားဖို့ အချိန်မပေးနိုင်ကြတော့ပြီလော။ နေ့စဉ်နှင့်အမျှ အသစ်အသစ်ဖြစ်ပေါ်နေသော (၂၁)ရာစုကမ္ဘာကြီးမှာ အင်တာနက်ပေါ်က၊ အွန်လိုင်းပေါ်က သတင်းတွေကြား နစ်မြုပ်ရင်း ရသစာပေကို မေ့ကုန်ကြပြီလော။ သည်လိုသာဆိုလျှင်ဖြင့် ဦးနှောက်သာဖွံ့ဖြိုးပြီး နှလုံးသားမဖွံ့ဖြိုးသော တစ်ဖက်စောင်းနင်းလူတော်တွေ ဖြစ်ကုန်ကြလျှင်ဖြင့် ကိုယ်ချင်းစာတရားတွေ၊ စာနာထောက်ထားမှုတွေ၊ သနားကရုဏာတွေ လောကမှာ ပျောက်ကွယ်ကုန်ကြပေတော့မည်။ အနာဂတ်လူ့အဖွဲ့အစည်းအတွက် ရင်လေးစရာကောင်းလှ၏။

လူတွေရဲ့ စိတ်ဓာတ်တွေ ယဉ်ကျေးလာအောင် ရိုးရာပွဲလမ်းသဘင်များကလည်း လုပ်မပေးနိုင်။ ဘာသာရေးဆိုင်ရာ အဆုံးအမဆိုတာကလည်း စိတ်ဓာတ်ယဉ်ကျေးသူတို့၏ နှလုံးအိမ်၌သာ တည်နိုင်၏။ ဘာသာရေး၊ လူမှုရေး အသင်းအဖွဲ့များဖွဲ့လျက် ပရဟိတလုပ်ငန်းများ လုပ်ကြရာတွင်လည်း စိတ်ယဉ်ကျေးမှု ရှိသူတို့သာ ရေရှည်လုပ်နိုင်၏။ လူတို့၏ စိတ်ကို ယဉ်ကျေးအောင် လုပ်နိုင်သောအရာကား ရသစာပေသာဖြစ်ချေသည်။ စိတ်ယဉ်ကျေးမှုရှိမှသာ ကိုယ်ချင်းစာတရားတွေ၊ စာနာထောက်ထားခြင်းတွေ၊ သနားညှာတာခြင်းတွေ နှလုံးသား၌ စွဲမြဲနိုင်၏။

ယဉ်ကျေးသော လူ့အဖွဲ့အစည်းဖြစ်ဖို့ ရုပ်ဝတ္ထုပစ္စည်းတွေချည်း ဖွံ့ဖြိုးတိုးတက်နေ၍မဖြစ်ပါ။ ခေတ်ပညာတွေ ဖွံ့ဖြိုးတိုးတက်နေရုံဖြင့် မရပါ။ ဦးနှောက်ကြီးရုံမျှ မဟုတ်ဘဲ နှလုံးသားလည်းကြီးဖို့လိုပါသည်။ မန်လည်ဆရာတော်ကြီးစကားကို ငှားပြောရလျှင် "ပညာလည်းပြည့်ဝ၊ နှလုံးသားလည်းလှ" ကြမှ လောကကို အလှဆင်သူများ ဖြစ်နိုင်ပါလိမ့်မည်။ သည့်အတွက် ရသစာပေကို စားသုံးသူတွေ များလာဖို့ လိုပါသည်။

အထူးသဖြင့် အနာဂတ်ရှိသော လူငယ်တွေ ခေတ်ပညာများကိုလည်း ဆည်းပူးရင်း တစ်ဖက်ကလည်း ရသစာပေ၌ မွေ့လျော်လာအောင် ဆရာ၊ ဆရာမများကလည်း စာသင်ရင်း စည်းရုံးရပါမည်။ စာပေပညာရှင်များ၊ စာရေးဆရာများကလည်း စာပေဟောပြောပွဲ စင်မြင့်များပေါ်က၊ မဂ္ဂဇင်းဂျာနယ်များ၏ စာမျက်နှာများပေါ်က ဟောပြော၊ ရေးသားတိုက်တွန်းကြရပါမည်။ သက်ဆိုင်ရာ တာဝန်ရှိသူများကလည်း အနယ်နယ်၊ အရပ်ရပ်မှာ စာကြည့်တိုက်တွေ၊ စာဖတ်ခန်းတွေ ထွန်းကားလာအောင် ကူညီအားပေးကြရပါမည်။

ယခုအခါ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ အားကစား စသည့်ကဏ္ဍအသီးသီး၌ တိုးတက်အောင် ပြုပြင်ပြောင်းလဲရေးများ လုပ်ဆောင်နေချိန်တွင် တစ်ဖက်ကလည်း စိတ်ဓာတ်ယဉ်ကျေးသော နိုင်ငံသားများ ဖြစ်လာစေရန် ရသစာပေဖတ်ရှုသော၊ ခံစားတတ်သော အလေ့အကျင့် စွဲမြဲအောင် ပျိုးထောင်ပေးသင့်သည်ဟု ထင်မြင်ယူဆမိပါသည်။ ။

ဂ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL

အယ်ဒီတာချုပ် — သောင်းစုငြိမ်း
အမှုဆောင်အယ်ဒီတာ — အားမာန်၊ ငြိမ်းငြိမ်းနိုင်
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်းအယ်ဒီတာ — စောစည်သူမိုး
သတင်းအယ်ဒီတာ — အေးမြကျော်၊ သီဟ၊ နေလင်းအောင်၊ မေဝင်းမွန်
ဘာသာပြန် — ရဲမင်း၊ ကျော်မျိုးဦး
သတင်းထောက်ချုပ် — အောင်သူရ
ဒု-သတင်းထောက်ချုပ် — နေလင်းထွန်း၊ ပြည်သိမ်း၊ ဗိုလ်ဗိုလ်ဝင်း
အကြီးတန်းသတင်းထောက် — အိဖြူမွန်၊ အိဖြူလွင်၊ သိမ့်သိမ့်စိုး၊ ယုဇနကိုကို၊ ဝတ်ရည်အောင်၊ ဥက္ကာကိုကို၊ မြတ်စုမွန်၊ အေးသူစံ၊ သန်းဌေး၊ ဇာဇာနို၊ သန်းထူး
သတင်းထောက်များ — အေးမြတ်သူ၊ ခိုင်ထွန်း၊ အောင်ခိုင်မောင်၊ ရန်မျိုးနိုင်၊ အေးမင်းထက်၊ မင်းဟိန်းကျော်၊ ကြူကြူဟန်၊ ခိုင်ချိုနွယ်၊
ဓာတ်ပုံသတင်းထောက် — ဂျေမောင်မောင်(အမရပူရ)
မန္တလေးသတင်းထောက် — စိုင်းသာအောင်၊ ညီညီဇော်
နယ်သတင်းထောက် — မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ
ဒီဇိုင်နာ — ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက်
လက်ထောက်ဒီဇိုင်နာ — နွယ်မွန်ဖြိုး
ကွန်ပျူတာစာစီ — စန်းစန်း၊ မေဇင်သိန်းဇော်၊ ဘုန်းမြင့်ဟန်၊ ဇော်ဝင်းအောင်
သရုပ်ဖော် — စိုးသော်တာ
ပြင်ပဆက်သွယ်ရေး — သက်ပိုင်ဌေး
လိုဂိုဒီဇိုင်း — ကျောက်ဆည်
ဘဏ္ဍာရေး — ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး၊ ဖြိုးသူဇာအောင်
ကြော်ငြာတာဝန်ခံ — မိုးပပ၊ လင်းလင်းဦး၊ နှင်းဝေဝေ
ထုတ်ဝေသူ — ဦးမျိုးလှိုင်အောင်
ပုံနှိပ်စက် — သုဝဏ္ဏသိဂီပုံနှိပ်တိုက်
ဖလင် — Sunn Colour Separation
စောင်ရေ — ၃၅,၀၀၀
ရောင်းဈေး — ၄၅၀ ကျပ်

7Day News ဂျာနယ်တိုက် - Diamond Centre (G-12) မြေညီထပ်၊ တိုက် (B)၊ အမှတ်(၄၉၇)၊ ပြည်လမ်း၊ (၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၁၂၈၈၇၊ ၅၁၃၅၁၅~၅၁၉၊ ၀၉ ၇၃၂၂၄၅၄၁။
ဖက်စ် - ၅၁၃၅၁၉
Website : www.7daynewsjournal.com
E-mail : editor@7daynewsjournal.com

# လက်ခုပ်အချက် နှစ်ဆယ် တီးပါ

■ ရွှေဖြိုးမောက်

**စာရေးသူဝန်ထမ်းငယ်အဖြစ် တာဝန်ထမ်းဆောင်စဉ်က အထက်မြန်မာပြည် ဗဟိုဝန်ထမ်းတက္ကသိုလ်တို့ တစ်လသင်တန်းတက်ရောက်ခဲ့ရပါသည်။ ဌာနပေါင်းစုံမှ ရာထူးအဆင့်မျိုးစုံ အရာရှိ အရာခံဝန်ထမ်းများ တက်ရောက်ကြရသည့် သင်တန်းဖြစ်ပါသည်။ သင်တန်းဆင်းပွဲ မတိုင်မီ တစ်ရက်တွင် သင်တန်းဆင်းအခမ်းအနားအတွက် အကြိုလေ့ကျင့်ကြရပါသည်။ သင်တန်းဆင်းပွဲတွင် ပညာရေးဝန်ကြီး တက်ရောက်အမှာစကားပြောကြားမည် ဖြစ်သည်။**



လေ့ကျင့်ကြရပုံမှာ ဝန်ကြီး စကားပြောခြင်း အစီအစဉ်ပြီးလျှင် လက်ခုပ်အချက် နှစ်ဆယ်တီးပါ။ အခြားဆိုင်ရာ ပုဂ္ဂိုလ်များ စကားပြောပြီးလျှင် လက်ခုပ်ဆယ်ချက်တီးပါ။ အခမ်းအနားပြီးမြောက်ကြောင်း ကြေညာလျှင် လက်ခုပ်ဆယ်ချက် တီးပါဟူ၍ ယင်းဗဟိုဝန်ထမ်း တက္ကသိုလ်မှ အရာရှိတစ်ဦးက ညွှန်ကြားသတ်မှတ်ပေးပါသည်။ စာရေးသူတို့ လက်ခုပ်တီးရင်း ရေတွက်၊ ရေတွက်ရင်း လက်ခုပ်တီးကာ အချင်းချင်းတီးတိုးရယ်မောခဲ့ကြရပါသည်။ ခန်းမအတွင်း နံရံမှာတော့ 'ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်' ဆိုသည့် စာသားဆောင်ပုဒ်ကြီးက အခန့်သားနေရာယူလျက် ရှိပါသည်။

တိုင်းပြည်အတွင်းရှိ အစိုးရဝန်ထမ်းအားလုံးနီးပါး တစ်ချိန်မဟုတ် တစ်ချိန် မလွဲမသွေ တက်ရောက်ကြရသည့် ဤတက္ကသိုလ်၊ ဤသင်တန်းမျိုးတွင် ဤသို့ သဘာဝမကျဘဲ ဇာတ်တိုက်ယိမ်းကခဲ့ကြရသဖြင့် ဝန်ထမ်းများ၏ ရင်ထဲတွင် အမိနိုင်ငံတော်အပေါ် လေးစားယုံကြည်စိတ်များ၊ ရိုးသားဖြောင့်မတ်လိုစိတ်များ၊ တာဝန်ကျေပွန်လိုစိတ်များ တိုးပွားလာမည်လား စဉ်းစားစရာ ဖြစ်ပါသည်။

ဗဟိုဝန်ထမ်းတက္ကသိုလ်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်မှာ အုပ်ချုပ်ရေး ယန္တရားကို ကောင်းမွန်စွာလည်ပတ်နိုင်ရန်နှင့် ပြည်သူ့အကျိုးကို ဆတက်ထမ်းပိုးရွက်ဆောင်နိုင်ရန် လေ့ကျင့်မွမ်းမံသင်တန်းပေးခြင်းဖြစ်သည်ဟု နားလည်ရပါသည်။

ရိုးသားသော လက်ခုပ်သံများသည် နှစ်ခြိုက်သဘောကျ၍ ချီးကျူးသြဘာပေးခြင်းသာ ဖြစ်ပါသည်။ အတိုင်းမသိ သဘောကျလျှင် ကျသလောက် အားရပါးရ လွတ်လွတ်လပ်လပ် အကန့်အသတ်၊ အချုပ်အချယ်မရှိ တီးချင်ကြပါသည်။ လုပ်ကြံဖန်တီးထားသော လက်ခုပ်သံများကား မြိုင်ဆိုင် အသက်ဝင်လှမည် မဟုတ်ပေ။ နေရာကဏ္ဍတိုင်းတွင် မြန်မာ့အစဉ်အလာအရလက်ခုပ်သံများနှင့် ကင်းကွာမှုမရှိသည်ကို တွေ့ကြရမည်သာ ဖြစ်သည်။ အထူးသဖြင့် အခမ်းအနားများတွင် လက်ခုပ်သံများ ခပ်လှိုင်လှိုင်ပေါ်ထွက်ခဲ့သဖြင့် လက်ခုပ်သံနှင့်ပတ်သက်၍ လှောင်ပြောင်ပြက်လုံးထုတ်ခဲ့ခြင်းများပင် ရှိခဲ့ပေသည်။

အမှတ်တမဲ့ ဖြစ်စေ၊ တမင်ဖြစ်စေ၊ မရည်ရွယ်ဘဲဖြစ်စေ ပန်းကလေးများ ရေနာတတ်ပါသည်။ ပန်းကလေးများအတွက် ရေသည် လတ်ဆတ်လန်းဆန်းရုံ၊ လိုအပ်ရုံ၊ လှပရုံသာ မျှတညီညွတ်စွာ ဖြည့်ဆည်းပံ့ပိုးပေးရန် ဖြစ်ပါသည်။ အချိန်အဆမရှိ လွဲမှား၍ဖြစ်စေ၊ အတိုင်းအဆမရှိလွန်ကဲ၍ဖြစ်စေ ရေပေးစနစ်၊ ရေပေးပမာဏ တိမ်းချော်များပြားသွားပါက ပန်းကလေးများ၏အလှ မုချပျက်စီးမည်သာ ဖြစ်ပါသည်။ ပန်းကလေးများ၏ ဘဝကြွေကျမြေခသွားနိုင်ပါသည်။ ပန်းကလေးများ၏ ရနံ့ တိမ်မြုပ်လွင့်ကွယ်သွားနိုင်ပါသည်။ ပန်းကလေးများ၏ သက်တမ်းတိုတောင်း ပြတ်တောက်သွားနိုင်ပါသည်။ ပန်းကလေးများ၏ ဖြစ်စဉ်တစ်ခုလုံးသည် ပန်းကလေးများကို အနီးကပ်ပြုစုပျိုးထောင်သူ၊ စောင့်ရှောက်သူ၊ ခြယ်လှယ်သူများ အပါအဝင် ပန်းကလေးများ ပတ်ဝန်းကျင်ရှိ သက်ရှိသက်မဲ့များ အားလုံးအပေါ်တွင် မူတည်ကာ ဖြစ်ပေါ်ပြောင်းလဲတတ်ပါသည်။ ပန်းကလေးများ ရွှန်းပဝေဆာ ကြိုင်သင်းသည့် အနေအထားသို့ ရောက်ခြင်း၊ မရောက်ခြင်းမှာ ပန်းကလေးများအပေါ်တွင် လုံးဝအပြစ်မရှိဟု ရာနှုန်းပြည့်နီးပါး ပြောနိုင်ပါသည်။

ပန်းကလေးများနှင့် ပမာတူသည့် လောကလူသားပန်းကလေးများအကြောင်းကို ဆွေးနွေးလိုပါသည်။ ခေတ်စနစ်၏ ကန့်သတ်ချုပ်ချယ်မှုများကြောင့် လည်းကောင်း၊ နိုင်ငံရေး အုပ်ချုပ်မှုနှင့် စီမံလုပ်ငန်းစဉ် ကဏ္ဍတိုင်းတွင် သမာသမတ်မကျဘဲ ဘက်လိုက်မှုများရှိခြင်းကြောင့်လည်းကောင်း၊ အခွင့်ထူးခံ လူတန်းစားများက နေရာတိုင်းတွင် (ကျေးရွာမှအစ နိုင်ငံတော် အဆင့်အထိ) ရှိနေခြင်းကြောင့်လည်းကောင်း၊ ခေတ်အဆက်ဆက် ခြစားမှုအားကြီးကာ ပတ်ဝန်းကျင်တွင် ငွေလမ်းခင်း၍ သက်သောင့်သက်သာသွားနေသူများမှာ အလျှိုလျှိုရှိနေခြင်းကြောင့် လည်းကောင်း၊ လူသားတစ်ဦးအတွက် အခြေခံလိုအပ်ချက်များ၊ စားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးစသည့် အရေးကိစ္စများ ဖြေရှင်းရာတွင် မလိုအပ်ဘဲ ခက်ခဲပင်ပန်းကြန့်ကြာခြင်း၊ အချိန်၊ ငွေ၊ စိတ်ဓာတ်စွမ်းအင်များ ဆုံးရှုံးခြင်းတို့ကြောင့်လည်းကောင်း သိတတ်စအရွယ်မှစကာ လူသားအားလုံးနီးပါးသည် မိမိကိုယ်တိုင်အပါအဝင် ပတ်ဝန်းကျင်၊ အဖွဲ့အစည်း၊ ဌာနဆိုင်ရာ၊ အစိုးရအဖွဲ့နှင့် နိုင်ငံတော်အပေါ် စိတ်ချယုံကြည်မှုမရှိကြတော့ခြင်း ဖြစ်ပါသည်။

လူသားများသည် ပန်းကလေးများနှင့်တူပါသည်။ လူသားများ၏ ပင်ကိုမူလဖြစ်တည်မှုမှာ အပြစ်ကင်းသန့်စင်ပါသည်။ သူတို့တွင် ခွန်အားများ၊ စွမ်းရည်များ၊ ယုံကြည်ချက်များ၊ ရည်မှန်းချက်များက ထိုက်သင့်သမျှ ပါလာခဲ့ပြီး ဖြစ်ပါသည်။ သို့ရာတွင် သူတို့ကြီးပြင်းရှင်သန်ရာ ဘဝခရီးတစ်လျှောက် ရင်ဆိုင်ကြုံတွေ့ရမှုများမှာ သူတို့အတွက် အပေါင်းလက္ခဏာဖြစ်စေခြင်းထက် အနုတ်လက္ခဏာကိုသာ ပို၍ပို၍ ဖြစ်ပေါ်စေပါသည်။ သူတို့အတွက် သူတို့ကို ဖျက်မည့်အရာများက အနီးကပ်ဝန်းရံလျက်ရှိပါသည်။ ထိုအရာများကို အဓိကအားဖြင့် နှစ်မျိုးနှစ်စားသာခွဲခြားနိုင်ပါသည်။ တိုင်းပြည်၏ အနာဂတ်ကို ဖန်တီးပုံဖော်ကြမည့် လူသားအညွှန့်အဖူးများအား ချို့ယွင်းပျက်စီးစေလိုသော ရည်ရွယ်ချက်ဖြင့် သေချာချိန်မှတ်လုပ်ဆောင်ခြင်းနှင့် သတိလက်လွတ်ဖြစ်ခြင်း၊ တင်းကျပ်ခြင်း၊ စိုးရိမ်မှု လွန်ကဲခြင်းများကြောင့်မဖြစ်သင့်ဘဲ ဖြစ်သွားရခြင်းတို့ပင် ဖြစ်ပါသည်။

လူသားများသည် လူငယ်ဘဝမှစကာ တစ်စတစ်စဖြင့် လူရာဝင်လာသည်နှင့်အမျှ လူ့လောကအကြောင်းကို ပို၍ပို၍ သိလာကြပေသည်။ သူတို့ပတ်ဝန်းကျင်မှ သူတို့ကြားရသော လက်ခုပ်သံများသည် စစ်မှန်သော လက်ခုပ်သံ ဟုတ်မဟုတ်၊ ယင်းလက်ခုပ်သံများ၏ အတိမ်အနက်၊ လက်ခုပ်သံများ၏ အဓိပ္ပာယ်တို့ကို ဝေဖန်ပိုင်းခြားလာနိုင်ပေသည်။ သူများတီးတိုင်းလည်း လိုက်၍ မတီးလိုကြ။ လက်ခုပ်သံဖြင့် မျှားခေါ်မရသည်ကို လက်ခံယုံကြည်လာကြပေသည်။ သူတို့ကြားခဲ့ရသော လက်ခုပ်သံများ၊ လက်ခုပ်သံတီးပွဲများ၏ အကျိုးမဲ့ နစ်နာမှုများကိုလည်း ကိုယ်တိုင်သိရှိမြင်တွေ့ကြုံကြိုက်ခဲ့ကြပေသည်။ လက်ခုပ်သံများကြောင့် ရေနာခဲ့ရသည့် မြန်မာပြည်သား လူသားပန်းကလေးများပင် ဖြစ်ပါသည်။

လုပ်ပိုင်ခွင့်ရှိသူဖြစ်စေ၊ မရှိသူဖြစ်စေ၊ အကြီးအကဲဖြစ်စေ၊ နောက်လိုက်ဖြစ်စေ၊ ဝန်ထမ်းဖြစ်စေ၊ အရပ်သားဖြစ်စေ၊ လူကြီးဖြစ်စေ၊ လူငယ်ဖြစ်စေ၊ အုပ်ချုပ်သူဖြစ်စေ၊ ပြည်သူဖြစ်စေ ကိုယ့်တာဝန်ကိုယ်ကျေပွန်ပါက အချင်းချင်း အပြန်အလှန်ဂုဏ်ပြုအသိအမှတ်ပြုသော လက်ခုပ်သံများ မြိုင်မြိုင်ဆိုင်ဆိုင် ပေါ်ထွက်လာမည်သာ ဖြစ်ပါသည်။ ညီမျှသော၊ ငြိမ်းချမ်းသော၊ ညီညွတ်သော အနေအထားသို့ ဦးတည်ရောက်ရှိစေမည့် လုပ်ဆောင်မှုမျိုးကို ရည်ရွယ်ကြိုးပမ်းလုပ်ရှားသူ မည်သူ့ကိုမဆို အားလုံးက ချစ်ခင်အားကိုးယုံကြည်စွာဖြင့် အုတ်အော်သောင်းတင်း ချီးကျူးထောမနာ လက်ခုပ်သြဘာပြုကြမည်သာဖြစ်ပါသည်။

ဥပမာ ဒေါ်အောင်ဆန်းစုကြည် ဗြိတိန်နိုင်ငံ ဝက်မင်စတာခန်းမထက် မိန့်ခွန်းပြောကြားအပြီး သောင်းသောင်းဖြဖြတီးခဲ့သော လက်ခုပ်များ၊ ဆွီဒင်နိုင်ငံတွင် နိုဗယ်ဆု လက်ခံရယူစဉ် လှိုက်လှိုက်လှဲလှဲ တီးခဲ့သော လက်ခုပ်သံများက ဖန်တီးထားခြင်း မဟုတ်ပါ။ တက်ရောက်လာသူများက ရင်ထဲ၊ အသည်းထဲမှ လှိုက်လှိုက်လှဲလှဲ ချီးကျူးထောပနာပြုရင်း တီးခဲ့သော လက်ခုပ်သံများ ဖြစ်ပါသည်။

တိုင်းပြည်အတွက်၊ လူမျိုးအတွက်၊ ဘာသာ၊ သာသနာအတွက် မွန်မြတ်သန့်စင်သော စိတ်ထားဖြင့် ကိုယ်ကျိုးစွန့်၊ အနစ်နာခံခဲ့သူများအတွက် ပြည်သူ ပြည်သားအားလုံး၏ ရင်ထဲ၊ အသည်းထဲတွင် ထာဝရတီးခတ်နေသော လက်ခုပ်သံများက ကိန်းအောင်းနေပြီးသား ဖြစ်ပါသည်။ မည်သူကမျှ လာ၍ ဖျောက်ဖျက်မရနိုင်။ လက်ခုပ်မည်ရွေ့ မည်မျှတီးပါဟုလည်း အမိန့်အာဏာဖြင့် ခိုင်းစေ၍မရနိုင်။ ခေတ်အဆက်ဆက် ပေါ်ထွက်ခဲ့သော အမျိုးသားသူရဲကောင်းများကဲ့သို့ လုပ်နိုင်သူ၊ လုပ်ရဲသူဟု ယူဆလာပါက မည်သူပင်ဖြစ်စေ၊ မြန်မာပြည်ဖွား လူသားများအနေဖြင့် လက်ခုပ်သံအချက်နှစ်ဆယ်မက အချက်နှစ်ရာလည်းမက၊ အချက်နှစ်ထောင်လည်းမက ညီညာဖြိုးဖြိုးတီးကြမည်သာ ဖြစ်ပါသည်။ ။

# Business

7DAY NEWS JOURNAL
Vol.11, No.34 • NOVEMBER 1 , 2012

## ကုန်သွယ်မှုပမာဏလျော့နည်းသွားရသည့် အကြောင်းရင်း

**ပြည်သိမ်း၊ အောင်သူရ**

**ရန်ကုန်၊ အောက်တိုဘာ-၂၇**

တရားမဝင်ကုန်သွယ်မှု၊ အစိုးရဝန်ကြီးဌာနများ၏ အသုံးစရိတ်များ လျှော့ချခဲ့မှုကြောင့် ယခုဘဏ္ဍာနှစ် ခြောက်လတာကုန်သွယ်မှုတွင် အမေရိကန်ဒေါ်လာသန်း ခြောက်ရာကျော် လျော့နည်းခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

"မှောင်ခိုက တော်တော်များလာတယ်။ စာရင်းဇယားတွေ တိုက်စစ်လိုက်ရင်သိသာတယ်" ဟု အဆိုပါဝန်ကြီးဌာနဝန်ကြီးရုံး ညွှန်ကြားရေးမှူး ဦးတင်ရဲဝင်းက ပြောသည်။

မြန်မာနိုင်ငံ၏ အဓိကသွင်းကုန်ဖြစ်သည့် စက်သုံးဆီနှင့် စားအုန်းဆီတင်သွင်းမှုမှာ ယခင်နှစ်ကာလတူစာရင်းများနှင့် နှိုင်းယှဉ်ပါက တန်ချိန်သိန်းနှင့်ချီ၍ လျော့နည်းနေသည်။

"ဟိုဘက်နိုင်ငံက စာရင်းတွေနဲ့ ယှဉ်ကြည့်လိုက်ရင် ဘယ်လောက်ကွာတယ်ဆိုတာ သိသာနေတာပဲ"ဟု အထက်ပါပုဂ္ဂိုလ်က ဆိုသည်။

ယခုနှစ် ဧပြီမှ စက်တင်ဘာလကုန်ထိ ပို့ကုန်သွင်းကုန်ပမာဏမှာ အမေရိကန်ဒေါ်လာ ၈,၃၀၆ သန်းရှိပြီး ယခင်ဘဏ္ဍာနှစ်အလားတူကာလက အမေရိကန်ဒေါ်လာ ၈,၉၉၀ သန်း ထိရှိခဲ့သည်။ ထို့ကြောင့် ယခင်နှစ်ကထက် သန်းခြောက်ရာကျော် လျော့နည်းခဲ့ခြင်းဖြစ်သည်။

နိုင်ငံတော်မှ သုံးစွဲမှုလျှော့ချရာတွင် သင်္ဘောနှင့် သင်္ဘောအပိုပစ္စည်း၊ ရထားနှင့် ရထားပစ္စည်း၊ လေယာဉ်နှင့် လေယာဉ်ပစ္စည်း၊ ရေနံနှင့် ရေနံထွက်ပစ္စည်း၊ သံနှင့် သံမဏိပစ္စည်းတို့တွင် တင်သွင်းမှု လျော့နည်းခဲ့သည်။

ထို့အပြင် စက်သုံးဆီတင်သွင်းမှုလျော့ကျရခြင်းမှာ အစိုးရစီမံကိန်းများနည်းပါးခြင်း၊ ဖားကန့်တွင်ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းများက လျော့ကျခဲ့ခြင်းတို့ကြောင့်ဖြစ်ကြောင်း လုပ်ငန်းရှင်များကပြောသည်။ ယင်းစက်ယန္တရားများအတွက် လိုအပ်သည်မှာ ဒီဇယ်ဆီသာဖြစ်ပြီး ဓာတ်ဆီတင်သွင်းမှုမှာလည်း တန်ချိန်သိန်းချီလျော့နည်းနေကြောင်း သိရသည်။ ထို့အပြင် စီးပွားကူးသန်းဝန်ကြီးဌာနမှလိုင်စင်ထုတ်ပေးထားခြင်းမရှိသည့် အဆင့်မြင့်စက်သုံးဆီ၊ ဒီဇယ်များကိုလည်း ဈေးကွက်တွင်းရောင်းချနေသည်ကိုတွေ့ရကြောင်းဦးတင်ရဲဝင်း က ဆိုသည်။

"ဒီနှစ်မှာ နယ်စပ်ကုန်သွယ်ရေးက တက်လာတယ်"ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရုံးအဖွဲ့မှူး ဦးတိုးအောင်က ပြောကြားသည်။

ယခုနှစ် နယ်စပ်ကုန်သွယ်ရေးမှပို့ကုန်များတွင် ဆန်တန်ချိန်ခြောက်သိန်းရှစ်သောင်းထိရှိပြီး ယခင်နှစ်က တန်ချိန် လေးသိန်းသာရှိသည်။ ပဲမျိုးစုံမှာလည်း မနှစ်ကထက် ပိုမိုမြင့်တက်လာသည်။ ယခင်နှစ်ကနယ်စပ်ကုန်သွယ်ရေးမှာကန်ဒေါ်လာသန်း၁,၄၀၀မှယခုနှစ် ခြောက်လတာအတွင်း ကန်ဒေါ်လာ သန်း ၁,၆၀၀ ထိမြင့်လာသည်။

## ပဲဈေးကွက် ပြန်သွက်လက်

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ အောက်တိုဘာ-၂၆**

မြန်မာနိုင်ငံ၏ အဓိကပဲဝယ်လက်ဖြစ်သော အိန္ဒိယနိုင်ငံတွင် ပဲဈေးနှုန်းများ မြင့်တက်လာသဖြင့် ပြည်တွင်းဈေးကွက် ပဲအရောင်းအဝယ်နှင့် ဈေးနှုန်းများပြန်လည်မြင့် တက် လာကြောင်းဘုရင့်နောင် ကုန်စည်ဒိုင်ဈေးကွက်မှ ကုန်သည် များက ပြောသည်။

"ဟိုဘက်အခြမ်းမှာလည်း ဈေးကွက်က ရောင်းအားကောင်းနေလို့ဈေးနှုန်းတွေတက်ပေးလိုက်တာကြောင့် ပြည်တွင်းဈေးတွေလည်း တက်လာတာ။ ဈေးအတက်ပြလိုက်တော့ရောင်းထားတဲ့သူတွေက ပြန်ဝယ်လို့ အရောင်းအဝယ်ကောင်းလာတဲ့သဘောပဲ" ဟု ပဲကုန်သည်တစ်ဦးက ပြောသည်။



**ဈေးကွက်အတွင်းမှ ပဲများ** ဓာတ်ပုံ - ကျော်ဇင်သန်း

လက်ရှိအရောင်းအဝယ်ပြုလုပ်နေသော ပဲဈေးနှုန်းများသည် မတ်ပဲ RC တစ်တန်လျှင် ကျပ် ၅၀၀,၀၀၀ အောက်ကျဆင်းသွားရာမှ ၅၁၀,၀၀၀ ကျပ်သို့လည်းကောင်း၊ SQ မှာ တစ်တန်လျှင် ၅၄၀,၀၀၀ ကျပ် ဝန်းကျင်မှ ၅၇၀,၀၀၀ ကျပ်ထိမြင့်တက်လာသကဲ့သို့ ပဲစင်းငုံဈေးနှုန်းမှာလည်း တစ်တန်လျှင် ၅၆၀,၀၀၀ ကျပ်ဝန်းကျင်မှ ၅၈၅,၀၀၀ ကျပ်ထိ ဈေးနှုန်းများ ပြန်လည်မြင့်တက်လာခဲ့သည်။ ခရမ်းရွှေဝါမှာ ဈေးနှုန်း အတက်အကျနည်းပြီး အချိန် ၆၀

စာ(၃၄)သို့

## ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၈၄၆ | ၈၅၈ | ကျပ် |
| ၁ အက်ဖ်အီးစီ | ၈၄၆ | ၈၅၈ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၆၉၀ | ၇၀၂ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၀၉၂ | ၁၁၁၀ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၂၇. ၃ | ၂၇. ၃၅ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၃၁ | ၁၃၂ | ကျပ် |

၂၀၁၂ အောက်တိုဘာ ၂၇ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၂၀၇ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၇၂၃ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၇၉. ၆၃ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၂၄၈ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၅၃. ၅၅ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၂၁၂ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၀၉၇. ၀၃ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၀၃၈ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၀. ၇၁ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၉,၆၀၀. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၀,၈၂၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၁. ၂၅ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇. ၇၅ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၀. ၉၆၃၆ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၂၁၄၅ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၀. ၉၉၇၄ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၃၁. ၃၈၅၁ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇၂၈ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁,၇၁၁. ၉၀၀ |
| ရေနံစိမ်း | စည် | ၁၀၉. ၅၅၀ |
| ငွေ | ၁ အောင်စ | ၃၂. ၀၃၆ |
| ကြေးနီ | ပေါင် | ၃၅၅. ၀၀၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၃. ၄၀၀ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၂ အောက်တိုဘာ ၂၇ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။

DIGITAL SCALE
PROFESSIONAL-MINI
ကျပ်ပဲရွေးစနစ်ပါရှိပါသည်။



-မြန်မာယူနစ်များဖြစ်သော MG1, MG2, MGT, TCL, Y2, ct ပါဝင်ပါသည်။
- အနည်းဆုံး ရွေး(၁)စိတ် မှ (၁၂) ကျပ်သား (၆) ရွေးအထိ ချိန်တွယ်နိုင်ပါသည်။
- အလေးချိန် 200g x 0.01g
- အပြာရောင်နောက်ခံ (Blue backlight display)
- Adjustable auto power off function
- Low battery indicator
- (CR2032x2) Lithium batteries included
( ကွန်ပါဘူး၊ 200g စံအလေးတုံးနှင့် ဘက်ထရီအပို (၂) ခုပါဝင်ပါသည်။ )

တာနီးတား
ရွှေချိန်စက်
TANITA®
Capacity 200g Graduation 0.01g
Made in Japan

Hot Line – ၀၉.၄၃၀.၂၂၂.၂၅ ၀၉.၆၁.၀၀၀.၇၅၃၊ ၀၉.၅၅.၂၂.၁၂၃ ၊ ၀၉.၇၃၀.၁၇၀.၇၃၊ ၀၉.၅၀၂.၁၁.၄၄

7 DAY NEWS JOURNAL
Vol.11, No.34 • NOVEMBER 1 , 2012

# အင်းအချို့တွင် အင်းသူကြီးနှင့် ဒေသခံရေလုပ်သားများ ပဋိပက္ခဖြစ်ပွား


လုပ်ငန်းခွင်ဝင်နေသော အင်းလုပ်သားများ ဓာတ်ပုံ - ထက်ပိုင်ဖြိုး

**သန်းဌေး**

**ရန်ကုန်၊ အောက်တိုဘာ-၂၇**

မြန်မာနိုင်ငံတစ်ဝန်းလုံးရှိအင်းသူကြီးများ လုပ်ပိုင်ခွင့်ရသော အင်းများတွင် ဒေသခံရေလုပ်သားများနှင့် ပဋိပက္ခများ ကြုံတွေ့နေရကြောင်း သတင်းရရှိသည်။

တစ်နိုင်ငံလုံးရှိအင်းအားလုံး၏ ၄၇ ရာခိုင်နှုန်းကျော် ၁,၇၈၁ အင်းရှိသည့် ဧရာဝတီတိုင်းဒေသကြီးနှင့် ဒုတိယအင်းအများဆုံးရှိပြီး ၆၈၈ အင်းရှိသည့် ပဲခူးတိုင်းဒေသကြီးတို့တွင် ပဋိပက္ခ အများဆုံးကြုံတွေ့နေရသည်။

"ကျွန်တော့်အင်းကို ငါးမျိုးတွေစိုက်ထည့်ပြီး မွေးထားပေမယ့် ရွာသားတွေ ဝင်ဖမ်းကြတဲ့အခါ သူတို့ကို တရားစွဲတော့ ဆန္ဒပြကြတယ်။ အုပ်ချုပ်ရေးပိုင်းက လူတွေကလည်းပြန်လွှတ်ပေးဖို့ ဝင်ညှိပေးပြီး နောက်ပိုင်းမှာ အစုအဖွဲ့ဖွဲ့ပြီး အင်းကို လွှဲပေးလိုက်ရတော့မယ်" ဟု ဧရာဝတီတိုင်းဒေသကြီး၊ ဓနုဖြူမြို့နယ်မှ အင်းသူကြီး လုပ်သက်ငါးနှစ်ရှိခဲ့သော ဦးမောင်စန်းကပြောသည်။

ဓနုဖြူမြို့နယ်အတွင်းရှိ အကျော်ချောင်းမအင်းကိုလည်းစက်တင်ဘာ ၄ ရက်တွင် အင်းသူကြီးထံမှ ဒေသခံအစုအဖွဲ့လက်သို့ လွှဲပြောင်းပေးလိုက်ရကြောင်း ဓနုဖြူမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန ဒုတိယဦးစီးမှူးဦးစိုးမြတ်ကျော်က ပြောသည်။

မအူပင် မြို့နယ်အတွင်းရှိ အမှတ် ၂၁၆-၂၁၇ အင်းသေးထုံး ဝိုင်းကြီးအင်းနှင့်ပတ်သက်၍ "အောက်ခြေက ရေလုပ်သားအစုအဖွဲ့တွေနဲ့ ညှိနှိုင်းပြီး အင်းသူကြီး ဦးအေးမြင့်ကိုယ်တိုင်က လွှဲပြောင်းပေးလိုက်တာပါ။ ဒီနှစ်ထဲမှာ ခဏခဏ ပြဿနာတွေဖြစ်ပြီး လူစုလူဝေးနဲ့ဖြစ်နေကြလို့ ခရိုင်အုပ်ချုပ်ရေးရှေ့မှခေါ်ပြီး ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ဖြေရှင်းပေးလိုက်တယ်" ဟု မအူပင်ခရိုင်ငါးလုပ်ငန်းဦးစီးမှူး ဦးစိန်သောင်းက ပြောသည်။

အောက်တိုဘာ ၂၂ ရက် ည ၁၁ နာရီအချိန်က လူအင်အား လေးငါးဆယ်ခန့်သည် အင်းသူကြီးပိုင်သော အင်းတဲနားအထိ ရောက်လာကြကာ ဘက်ထရီလျှော့တိုက်စက်များ အသုံးပြု၍ ငါးများရှာယူသွားကြကြောင်း ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ လှဘီလူး၊ နိဗ္ဗန်ပေါက်အင်းချက် အင်းသူကြီးဦးလှအုန်းက ပြောသည်။

အဆိုပါ အင်းချက်သည် ချောင်းရိုးအရှည်သုံးမိုင်ခန့်ရှိကာ သုံးနှစ်ဆက်တိုက် လေလံအောင်ထားသူသနတ်ပင်မြို့နယ်သားဦးလှအုန်းတစ်ဦးတည်း လုပ်ပိုင်ခွင့်ရရှိခဲ့သည်။ အင်းအနီးရှိ ဒေသခံရေလုပ်သားများအား ရိုးလက်တက်များတွင် ငါးရှာဖွေခွင့်ပြုထားသည်ဆိုသော်လည်း ရေစီးနှေးသော ချောင်းမအတွင်းတွင်သာ ငါးများပေါများစွာ ရှိနေကြောင်း တွေ့ရှိရသည်။

ယခုဘဏ္ဍာနှစ်အတွင်းမှ စတင်ကာ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အင်းသူကြီးများ လုပ်ပိုင်ခွင့်ရထားသော ကြေးတိုင်အင်းများအား ဒေသခံရေလုပ်သား အစုအဖွဲ့များသို့လွှဲပြောင်းပေးအပ်မှုများ ဆက်တိုက်ဖြစ်ပေါ်နေသည်။ အဆိုးရွားဆုံးဖြစ်ရပ်မှာ အင်းသူကြီးက ဒေသခံရေလုပ်သားသမဝါယမအစုအဖွဲ့သို့ လွှဲပေးပြီးကာမှ အခြားရေလုပ်သားများနှင့် အစုအဖွဲ့များကြားထပ်မံပဋိပက္ခဖြစ်ကာ ရဲက ဝင်ရောက်ရှင်းရာမှ သေဆုံးမှုများ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

"ဒါက သက်ဆိုင်ရာ အာဏာပိုင်တွေက ပြဿနာမကြီးထွားခင်မှာကတည်းက ရှင်းရမှာကို အချိန်မှ မရှင်းတော့ အခုလိုမျိုးကြုံတွေ့ခဲ့ရတာ သင်ခန်းစာပေါ့။ အဲဒီလို ပြဿနာမျိုးတွေကို သေချာမကိုင်တွယ်တတ်ရင် နောင်မှာ တရားဥပဒေစိုးမိုးမှု လျော့ရဲပြီး ဒါမျိုးတွေ တစ်နိုင်ငံလုံးမှာ ထပ်ဖြစ်လာမှာ စိုးရိမ်စရာပဲ" ဟု ပဲခူးမြို့မှ ရှေ့နေဦးအေးမြင့်က ပြောသည်။

ဧရာဝတီတိုင်း ဒေသကြီး မအူပင်ခရိုင် အထွေထွေ အုပ်ချုပ်ရေးမှူး ဦးအေးသောင်းက အင်းသားကြီးနှင့် ရေလုပ်သားများအကြား ဖြစ်ပေါ်လာသော ပဋိပက္ခများကို ညှိနှိုင်းပေးသော အခါတွင် အင်းသားကြီးများက ဆက်လက်မလုပ်ကိုင်လိုတော့သည့် အခါမှသာ ရေလုပ်သားများအား သမဝါယမအစုအဖွဲ့ဖွဲ့ခိုင်းပြီးနိုင်ငံတော်သို့ အင်းသားကြီးသွင်းထားသော ငွေကိုပြန်ပေး၍ လုပ်ကိုင်စေကြောင်း ပြောသည်။

---

## စာ(၃၃) - ပဲဈေးကွက် ပြန်သွက်လက် မှ

ဝင်တစ်အိတ်လျှင် ၈၀,၀၀၀ ကျပ်ဝန်းကျင်တွင်ရှိနေသည်။

ပဲဈေးနှုန်းများ မြင့်တက်သော်လည်း FOB ပဲကုန်သည်များမှာ ဈေးတက်သည့်အချိန်တွင် ပစ္စည်းအပ်ကာလဖြစ်နေ၍ အရှုံးများနေကြောင်း ပဲကုန်သည်များက ပြောသည်။

ဈေးကွက်တွင်း အရောင်းအဝယ်ပြုလုပ်သည့် ပဲနည်းနေသဖြင့်လည်း ပစ္စည်းထွက်လာရန် ဈေးပိုပေး၍ဝယ်ယူနေခြင်းကြောင့် ပဲဈေးနှုန်းများသည် များစွာမြင့်တက်ခြင်းမရှိနိုင်ကြောင်း ပဲကုန်သည်များက ခန့်မှန်းပြောသည်။

လက်ရှိတွင်ပြည်ပဈေးကွက်၌ ဈေးနှုန်းတက်၍သာ ဈေးတက်ဝယ်ခြင်းဖြစ်ပြီး နိုင်ငံခြားဝယ်လက် အဝယ်လိုက်လာခြင်းမရှိသေးကြောင်း ပဲကုန်သည်များကပြောသည်။



7 DAY NEWS JOURNAL
Vol.11, No.34 • NOVEMBER 1 , 2012

# Commodity Watch

## စီးတီးမတ်နှင့် ဂျပန်ကုမ္ပဏီပူးပေါင်း၍ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ စိုက်ပျိုးမည်

**နေလင်းထွန်း**

**ရန်ကုန်၊ အောက်တိုဘာ-၂၅**

စီးတီးမတ်စူပါမားကက်သည်ဂျပန်နိုင်ငံမှ G-7 Holding Company လက်အောက်ရှိ Megumi-no-sato Company နှင့် ပူးပေါင်း၍ ပြည်တွင်း၌ဟင်း သီးဟင်းရွက်နှင့် သစ်သီးဝလံများ စိုက်ပျိုးရန် မြေနေရာ ရှာဖွေလျက်ရှိကြောင်း သတင်းရရှိသည်။

ကနဦးတွင် ပြည်တွင်းဈေးကွက်အတွက် ဦးစားပေး ရည်ရွယ်စိုက်ပျိုးသွားမည်ဖြစ်ကာ နောင်တွင် ပြည်ပသို့ တင်ပို့နိုင်ရန် ကြိုးပမ်းသွားမည်ဖြစ်ပြီး ဂျပန်ကုမ္ပဏီနှင့် စိုက်ပျိုးရေးလုပ်ငန်းတွင်သာ ပူးပေါင်းဆောင်ရွက်ရန် သဘောတူထားခြင်းဖြစ်ကြောင်း စီးတီးမတ်စူပါမားကက်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

လတ်တလောတွင် စိုက်ပျိုးထုတ်လုပ်ရန် သင့်လျော်သောနေရာဒေသများကိုလေ့လာဆဲဖြစ်ပြီး နေရာဒေသ စဉ်းစားရာတွင် စားသုံးသူဈေးကွက်နှင့် နီးစပ်သည့်နေရာများကို ဦးစားပေး စဉ်းစားနေသည်ဟု ဆိုသည်။

စီးတီးမတ် စူပါမားကက်သည်ဂျပန်နိုင်ငံရှိစိုက်ပျိုးရေးလုပ်ငန်းရှင်များ၊ G-7 လက်အောက်ရှိ Megumi No Sato စူပါမားကက်များနှင့်ပူးပေါင်း၍ အရည်အသွေး ကောင်းမွန်သော ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများကို မြန်မာနိုင်ငံတွင် ဖြစ်ထွန်းအောင် ဆောင်ရွက်လိုသောရည်ရွယ်ချက်ဖြင့် စီးပွားရေး ပူးပေါင်းလုပ်ကိုင်ခြင်းဖြစ်သည်ဟု ဆိုသည်။

စီးတီးမတ် စူပါမားကက်သည် G-7 နှင့် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ စိုက်ပျိုးရေးလုပ်ငန်းအတွက် အကျိုးတူပူးပေါင်းဆောင်ရွက်ရန် စီစဉ်နေခြင်းဖြစ်ပြီး ယခု အစီအစဉ်တွင် စီးတီးမတ်မှ ရင်းနှီးမြှုပ်နှံမှု အချိုးအစား အများစုနှင့် G-7 မှ အချိုးအစား အနည်းစု ပါဝင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

## အီးယူက မြန်မာပို့ကုန်အပေါ် အခွန်သက်သာခွင့်ပြုပါက နောက်ပြန်ခံစားခွင့်ရရှိမည်ဟုဆို

**ပြည်သိမ်း**

**ရန်ကုန်၊ အောက်တိုဘာ-၂၈**

ဥရောပသမဂ္ဂအဖွဲ့ဝင် နိုင်ငံများ (EU)ကပို့ကုန်အပေါ် အခွန်သက်သာခွင့် အထူးအခွင့်အရေး(GSP) ပေးပါက နောက်ပြန်ခံစားခွင့်ပါထပ်မံရရှိမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ကုန်သည်စက်မှုအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေးက ပြောကြားသည်။

ဥရောပသမဂ္ဂအနေဖြင့်မြန်မာနိုင်ငံမှ ပို့ကုန်များအပေါ် ၂၀၁၃ မတ်လတွင် အခွန်သက်သာခွင့် ပေးမည်ဖြစ်သည်။ ထိုသို့အခွန်သက်သာခွင့်ပြုရာတွင် ၂၀၁၂ ဇွန်လမှစတင်၍ ကျန်လများ၏ ပို့ကုန်များအပေါ် အခွန်ကောက်ယူထားမှုကိုလည်း ယင်းအချိန်တွင် ပြန်လည်ခံစားခွင့် ရမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။

“မြန်မာနိုင်ငံအနေနဲ့ value added ပို့နိုင်ဖို့ လိုတယ်။ ပစ္စည်းအမယ်သစ်တွေလည်း ကြိုတင်ပြင်ဆင်ထားသင့်တယ်”ဟုဒေါက်တာ မောင်မောင်လေးက ပြောကြားသည်။

အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့၏ ညီလာခံမှ ၂၀၁၃ မတ်လတွင်ကျင်းပပြီးနောက်ယင်းညီလာခံ၌ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများ အသိအမှတ်ပြုမှုကို အကောင်အထည်ဖော်ပြီး အခွန်သက်သာခွင့်ကို ပြန်လည်ပေးရန်ရှိကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် ဒုဥက္ကဋ္ဌဦးနှင်းဦးက ရှင်းပြသည်။

ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသည် (LDC)ဖွံ့ဖြိုးမှုအားအနည်းဆုံးနိုင်ငံများ စာရင်းဝင်နိုင်ငံမှ ပို့ကုန်များအပေါ် (GSP) အခွန်သက်သာခွင့် အထူးအခွင့်အရေးပေးသည်။ ယင်းခွင့်ပြုချက် မရပါက ဥရောပနိုင်ငံများသို့ ကုန်ပစ္စည်းများ တင်ပို့မည်ဆိုလျှင် အခွန် ၁၃ ရာခိုင်နှုန်းကျော် ပေးရသည်။

လက်ရှိ ဥရောပသမဂ္ဂနိုင်ငံများသို့ မြန်မာနိုင်ငံမှတင်ပို့မှု အများစုမှာ စက်မှုထုတ်ကုန်များဖြစ်ပြီး ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ပို့ကုန်အမေရိကန်ဒေါ်လာ ၁၄၄ သန်းကျော်ရှိကြောင်း အကောက်ခွန်ဌာန၏ စာရင်းများအရသိရသည်။

## ဟန်းဆက်ဈေးနှုန်းများ

**Samsung**

| Model | Price |
|---|---|
| Galaxy Y | 111,000 |
| Galaxy GIO | 133,000 |
| Galaxy Ace | 162,000 |
| Galaxy Ace Plus | 195,000 |
| Galaxy Ace 2 | 234,000 |
| Galaxy S Advance | 275,000 |
| Galaxy S2 | 245,000 |
| Galaxy S3 | 465,000 |
| Galaxy Note II | 567,000 |

**YANGON MOBILE ဆိုင်မှ ဈေးနှုန်းများဖြစ်သည်။**

**HTC**

| Model | Price |
|---|---|
| Wildfire S | 129,000 |
| Desire C | 174,500 |
| Desire VC | 268,500 |

**iPhone**

| Model | Price |
|---|---|
| iPhone 5 (64 GB) | 1,070,000 |
| iPhone 5 (32 GB) | 980,000 |
| iPhone 5 (16 GB) | 890,000 |
| iPhone 4S (64 GB) | 700,000 |
| iPhone 4S (32 GB) | 650,000 |
| iPhone 4S (16 GB) | 585,000 |

**Huawei**

| Model | Price |
|---|---|
| C 8812 | 116,000 |
| C 8810 | 114,000 |
| U 8661 | 88,500 |
| T 8600 | 98,000 |
| C 8825 D | 147,000 |
| U 8836 D | 185,000 |
| U 8825 D | 123,000 |
| Ascend P1 | 265,000 |

**အောက်တိုဘာ(၂၆)ရက် ဈေးနှုန်းများဖြစ်ပြီး ဈေးနှုန်းအပြောင်းအလဲရှိနိုင်သည်။**

## အီလက်ထရွန်နစ်ပစ္စည်းများဈေးနှုန်း

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| Toshiba (LCD) | 32BX10T | 205,000 |
| Panasonic(LCD) | 32SC4S | 235,000 |
| Sony (LCD) | 32BX | 255,000 |
| Toshiba (TV) | LZE 21-28 | 85,000 |
| **DVD** | | |
| EVD (coeco) | 8082 | 20,000 |
| EVD(Sony) | DVK75 | 20,000 |
| LG | DV808 | 21,000 |
| EVD (AEK) | 8TMI | 27,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 160,000 |
| Hitachi | 190W | 230,000 |
| Panasonic | NR.BT223 | 225,000 |
| **Washing** | | |
| Samsung | $WA85V_3$ | 150,000 |
| Samsung | WT10J | 145,000 |
| **Aircon** | | |
| Chigo | 1.0HP | 195,000 |
| Mitsubishi | 1.0HP | 230,000 |
| Samsung | 1.0HP | 190,000 |

**အထက်ပါဈေးနှုန်းများမှာ အောက်တိုဘာ(၂၆) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှ ကောက်ယူထားခြင်းဖြစ်သည်။**

## အိမ်ဆောက်ပစ္စည်းများဈေးနှုန်း

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ(ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၅,၃၀၀ |
| ဘိလပ်မြေ(ယိုးဒယား INSee) | တစ်အိတ် | ၅,၂၀၀ |
| ဘိလပ်မြေ(မြင်းခေါင်းတံဆိပ်) | တစ်အိတ် | ၄,၆၀၀ |
| ဘိလပ်မြေ(ကျောက်ဆူးတံဆိပ်) | တစ်အိတ် | ၄,၉၀၀ |
| အုတ်(ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၁၀၀ |
| အုတ်(ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၈၅ |
| အုတ်(၈ ပေါက်အုတ်)(အထိုင်ဈေး) | တစ်လုံး | ၉၅ |
| အုတ်(၁၀ ပေါက်အုတ်)(ဒညင်းစက်ရုံ) | တစ်လုံး | ၁၃၅ |
| သဲ(အကြမ်း) | တစ်ကျင်း | ၁၁,၀၀၀ |
| သဲ(အနု) | တစ်ကျင်း | ၇,၀၀၀ |
| ကျောက် | တစ်ကျင်း | ၅၀,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၆၆၀-၇၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၈၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.36mm) | ၁ ပေ | ၁,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၉၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.4mm) | ၁ ပေ | ၁,၀၅၀ |
| Posco ကြယ်စိမ်း(၆။၇။၈ ပေ) | ၁ ပေနှုန်း | ၅၀၀ |
| Posco ကြယ်စိမ်း(၉။၁၀ ပေ) | ၁ ပေနှုန်း | ၅၀၀ |
| Posco ကြယ်စိမ်း(၁၁။၁၂ ပေ) | ၁ ပေနှုန်း | ၅၀၀ |
| ရိုးရိုးသွပ်မိုးပြား(ဆင်နီ ၆။၇။၈။၉။၁၀။၁၁။၁၂) | ၁ ပေ | ၅၃၀ |
| ရိုးရိုးသွပ်မိုးပြား(ဆင် ၆။၇။၈) | ၁ ပေနှုန်း | ၃၂၀ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၁၀၀ |

**အထက်ပါဈေးနှုန်းများမှာ အောက်တိုဘာ(၂၇) ရက်တွင် ကောက်ယူထားသောဈေးနှုန်းများ ဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။**

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁,၀၀၀-၁,၇၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၃၀၀ |
| ဆန်(ဧယာ) | တစ်ပြည် | ၅၇၀-၈၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၈၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၆၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၄,၄၀၀ |
| ဆား(အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၈၀၀-၁,၀၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၁,၅၀၀-၁,၈၀၀ |
| သကြား | တစ်ပိဿာ | ၁,၁၅၀-၁,၃၀၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၁,၃၀၀ |
| အာလူး | တစ်ပိဿာ | ၈၀၀-၉၀၀ |
| နို့ဆီ | တစ်ဘူး | ၅၀၀-၇၅၀ |
| နို့စိမ်း | တစ်ဘူး | ၆၀၀-၇၀၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၉၀-၁၁၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၆၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၅,၅၀၀ |
| ဝက်သား | တစ်ပိဿာ | ၅,၅၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |
| ခရမ်းချဉ်သီး(အင်းသီး) | ၁ သေတ္တာ | ၁၀,၀၀၀ ဝန်းကျင် |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၃၀၀-၅၀၀ |
| ငရုတ်သီး(အပု) | ၁ ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန်ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၂၀၀-၁,၆၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၀၀၀-၃,၀၀၀ |
| ငါးသလောက် | ၁ ပိဿာ | ၄,၅၀၀-၃၅,၀၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၂,၀၀၀-၃,၂၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၁,၀၀၀-၂,၅၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၁၂,၀၀၀-၂၈,၀၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၀၀၀-၁,၈၀၀ |

**အောက်တိုဘာ(၂၆)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။**

## ပုဂ္ဂလိကစက်သုံးဆီဈေးနှုန်းများ

| နေ့စွဲ | ဓာတ်ဆီ | ဒီဇယ် | Octane ဒီဇယ် | Premier ဒီဇယ် |
|---|---|---|---|---|
| Oct(21) | 3,650 | 3,950 | 4,000 | 4,000 |
| Oct(22) | 3,650 | 3,950 | 4,000 | 4,000 |
| Oct(23) | 3,650 | 3,950 | 4,000 | 4,000 |
| Oct(24) | 3,650 | 3,950 | 4,000 | 4,000 |
| Oct(25) | 3,650 | 3,950 | 4,000 | 4,000 |
| Oct(26) | 3,650 | 3,950 | 4,000 | 4,000 |
| Oct(27) | 3,650 | 3,950 | 4,000 | 4,000 |

**ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှ ဈေးနှုန်းများဖြစ်ပါသည်။ ဈေးနှုန်းပြောင်းလဲမှု အနည်းငယ် ရှိနိုင်သည်။**


## Note Book

| | |
|---|---|
| **Acer** | |
| Intel Core i7-3517U, 4GB DDR3,256 GB SSD, HD,13.3" | 1384,700 |
| Intel Core i5-3210M, 4GB DDR3,750 HDD, 2GB VGA,15.6" | 632,100 |
| Intel Core i3-M2367, 4GB DDR3,500 HDD, HD,14" | 518,700 |
| Intel DualCoreB987, 2GB DDR3,500 HDD, HD,14" | 388,800 |
| Intel DualCoreB967, 2GB DDR3,320 HDD, HD,11.6" | 290,100 |
| **msi** | |
| Intel Atom 1.86GHz, 2GB DDR3, 320HDD,2GB VGA,10.1" | 253,000 |
| Intel Sandy Bridge 2.5GHz,4GB DDR3, 500HDD,2GB VGA, 14" | 575,000 |
| Intel Sandy Bridge 2.2GHz, 2GB DDR3, 500 HDD,1GB VGA, 14" | 465,800 |
| Intel JVY 2.3GHz, 8GB DDR3, 750 HDD,1GBVGA, 15.6" | 974,000 |
| **Singtech** | |
| Intel Core(13) 2.3GHz 2GB DDR3,500 HDD, 2GB VGA,14.1" | 380,000 |
| Intel Core 3 2.2GHz 2GB DDR3,500HDD,1GB VGA,14" | 397,000 |
| Intel Pentinum 2.2GHz 2GB DDR3,500 HDD, HD, 14" | 329,000 |

7 DAY NEWS JOURNAL
Vol.11, No.34 • NOVEMBER 1 , 2012

# အောင်ပွဲခံမယ့်သူက အိုဘားမားလား၊ ရွမ်းနေလား

■ ကြည်နေဝင်းမင်း



လေးနှစ်တစ်ကြိမ် ကျင်းပသော အမေရိကန်သမ္မတ ရွေးကောက်ပွဲများ ချဉ်းကပ်လာလေပြီ။ ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၆ ရက်တွင် ပြုလုပ်မည့် ရွေးကောက်ပွဲ၌ ဒီမိုကရက်တစ်ပါတီ ကိုယ်စားပြု လက်ရှိသမ္မတ ဘားရက် အိုဘားမား အောင်ပွဲခံသွားလေမလား (သို့မဟုတ်) ရီပက်ဘလေကန်ပါတီ ကိုယ်စားပြုစိန်ခေါ်သူ မစ်ရွမ်းနေကပဲ အောင်ပွဲခံသွားမည်လား ဆိုသည်ကို တပ်အပ်မပြောနိုင်သော အခြေအနေပင်ဖြစ်သည်။ စစ်တမ်းများအရလည်း ပြတ်ပြတ်သားသားအနေအထားကို မတွေ့ရ။ သို့ဖြင့် သမ္မတလောင်းများအတွက် မဲရရှိနိုင်သော အကြောင်းအရာများကို ခွဲခြမ်းလေ့လာကြည့်မိသည်။

**စကားစစ်ထိုးပွဲများ** (Debates)

အမေရိကန်သမ္မတ ရွေးကောက်ပွဲ၏ အစဉ်အလာအတိုင်း ပါတီကိုယ်စားပြု ကိုယ်စားလှယ်နှစ်ဦးသည် သုံးချီ၊ သုံးလား စကားစစ်ထိုးပွဲများကို မတူညီသော အရပ်ဌာန၊ မတူညီသော နေရာတွင် ငြင်းခုံဆွေးနွေးခဲ့ကြသည်။ အောက်တိုဘာ ၃ ရက်က ပြုလုပ်ခဲ့သော ပထမအကြိမ် စကားစစ်ထိုးပွဲအား အမေရိကန်နိုင်ငံသား ၆၇ သန်းက ကြည့်ရှုခဲ့ပြီး ၃၂ နှစ်အတွင်း လူကြည့်အများဆုံး စကားစစ်ထိုးပွဲဖြစ်ခဲ့သည်။ ယင်းစကားစစ်ထိုးပွဲတွင် သမ္မတအိုဘားမားသည် စကားစစ်ထိုးပွဲ၌ အာရုံအပြည့်အဝမရှိဘဲ တစ်ခါတစ်ရံသာ ၎င်း၏ပြိုင်ဘက်အား တိုက်ရိုက်စကားပြောနေပုံပေါ်ခဲ့သည်။ လူထုစစ်တမ်းများအရလည်း ပထမအကြိမ်စကားစစ်ထိုးပွဲတွင် မစ်ရွမ်းနေက အသာစီးရခဲ့သည်ဟု ပေါ်ထွက်ခဲ့သည်။

အောက်တိုဘာ ၁၁ ရက်တွင် ဒုတိယသမ္မတနေရာ ပြိုင်ဘက်နှစ်ဦးဖြစ်သော ဂျိုးဘစ်ဒန်နှင့် ကွန်ဂရက်အမတ် ပေါလ်ရိုင်ယန်တို့အကြား တစ်ကြိမ်တည်းသော စကားစစ်ထိုးပွဲ၌ လက်ရှိဒုသမ္မတ မစ္စတာဂျိုးဘစ်ဒန်က အသာရခဲ့သည်ဟု စစ်တမ်းများက တွေ့ရှိခဲ့သည်။

ပြည်တွင်းရေးရာကိစ္စများ အဓိကထား ဆွေးနွေးခဲ့သော အောက်တိုဘာ ၁၆ ရက် ဒုတိယအကြိမ်စကားစစ်ထိုးပွဲ၌ အခွန်ကောက်ခြင်း၊ အလုပ်အကိုင်ဖန်တီးခြင်း၊ နိုင်ငံတော်ကြွေးမြီ၊ စွမ်းအင်ကိစ္စ အစရှိသော အကြောင်းအရာများပါဝင်ခဲ့ပြီး သမ္မတအိုဘားမားက လူထုစစ်တမ်းများ၌ ရှေ့ရောက်လာသည်။ သို့သော် ပထမအကြိမ် စကားစစ်ထိုးပွဲအပြီး မစ်ရွမ်းနေ အသာစီးရသလောက်တော့ ရာခိုင်နှုန်းမများခဲ့။

သမ္မတအိုဘားမားနှင့် မစ်ရွမ်းနေတို့၏ တတိယနှင့် နောက်ဆုံးအကြိမ် စကားစစ်ထိုးပွဲကို အောက်တိုဘာ ၂၂ ရက်က ဖလော်ရီဒါပြည်နယ် Lynn တက္ကသိုလ်တွင် ကျင်းပခဲ့သည်။ လတ်တလော နိုင်ငံတကာအကြောင်းအရာများကို အဓိကထား ဆွေးနွေးခဲ့ကြပြီး စစ်တမ်းကောက်ယူခဲ့ရာ လူထုသဘောထားမှာလည်း ကွဲပြားနေခဲ့သည်။ သို့သော် အများစုက အိုဘားမား အနိုင်ရရှိသည်ဟု ယူဆခဲ့ကြသည်။

**လူထုစစ်တမ်းများ** (Polls)

ရွေးကောက်ပွဲမတိုင်မီ မည်သူ့ကို မဲပေးမည်နည်း။ မည်သူ့ကို သဘောကျသနည်း။ မည်သူက အကြောင်းအရာများကို ပိုင်ပိုင်နိုင်နိုင် ဆွေးနွေးနိုင်သနည်း စသောအကြောင်းအရာများနှင့် ပတ်သက်၍ လူထုသဘောထားကို သိရှိနိုင်ရန် သတင်းဌာနများ၊ သတင်းစာများနှင့် လူထုစစ်တမ်းကောက်ယူသောအေဂျင်စီများက စစ်တမ်းအမျိုးမျိုး ကောက်ယူခဲ့ရာ အမေရိကန်လူထု၏ သဘောထားမှာ တစ်ချိန်နှင့်တစ်ချိန် မတူညီခဲ့ပေ။ ရိုက်တာသတင်းဌာနက ကောက်ယူခဲ့သော သဘောထားစစ်တမ်းများ၌ သမ္မတအိုဘားမားက အမြဲတမ်းလိုလို မစ်ရွမ်းနေအပေါ် အသာစီးရခဲ့သော်လည်း ယခုနောက်ဆုံး စကားစစ်ထိုးပွဲအပြီး မစ်ရွမ်းနေမှာ အိုဘားမားနှင့် ပခုံးချင်းယှဉ်လာသည်ကို တွေ့ရသည်။ စီအင်န်အင်န်သတင်းဌာနမှ စစ်တမ်းများကို စုစည်း၍ ကောက်ယူထားသော စစ်တမ်း၌ အိုဘားမားက ၄၇ ရာခိုင်နှုန်းနှင့် မစ်ရွမ်းနေက ၄၇ ရာခိုင်နှုန်း ဆတူဖြစ်နေသည်ကို တွေ့ရသည်။ ဘီဘီစီသတင်းဌာန၏ အလားတူစစ်တမ်းတွင်မူ မစ်ရွမ်းနေက ၄၉ ရာခိုင်နှုန်း၊ အိုဘားမားက ၄၇ ရာခိုင်နှုန်းဟု မစ်ရွမ်းနေက နှာတစ်ဖျားသာနေသည်ကို တွေ့ရသည်။

**ယိမ်းကနေသော ပြည်နယ်များ** (Swing States)

ပြည်နယ်ပေါင်း ၅၀ ဖြင့် ဖွဲ့စည်းထားသော အမေရိကန်ပြည်ထောင်စု၏ ပြည်နယ်အများစုသည် များသောအားဖြင့် ၎င်းတို့ထောက်ခံနေကျ ပြည်နယ်များကို မဲပေးလေ့ရှိကြသည်။ သို့သော် ယင်းတို့ထဲမှ ပြည်နယ်အချို့မှာ ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲမထားဘဲ မဲပေးလေ့ရှိရာ ၎င်းပြည်နယ်များမှာ ယခုကဲ့သို့ သဘောထားမပြတ်သားသော ရွေးကောက်ပွဲများ၌ ယှဉ်ပြိုင်သူများအတွက် do or die ဆုံးဖြတ်ပေးနိုင်သော ပြည်နယ်များဖြစ်လာသည်။

လူဦးရေ အနည်းအများပေါ်မူတည်၍ ပြည်နယ်များအတွက် electoral college votes အရေအတွက် မတူညီဘဲရှိရာ ယင်းပြည်နယ်များမှာ သမ္မတလောင်းများအတွက် အနိုင်ရရန် အရေးကြီးသောပြည်နယ်များဖြစ်သည်။ ယခုနှစ် ရွေးကောက်ပွဲတွင်လည်း ယင်းသို့သော ပြည်နယ်ပေါင်း ၁၃ ပြည်နယ်ရှိနေသည်။ ရီပက်ဘလေကန်အမာခံ (သို့မဟုတ်) ဒီမိုကရက်တစ်အမာခံဟု မပြောနိုင်သော ပြည်နယ်များတွင် ဖလော်ရီဒါ၊ အိုဟိုင်းယိုး၊ မီချီဂန်၊ ဗာဂျီးနီးယား၊ ပင်ဆယ်ဗေးနီးယား စသော ပြည်နယ်ကြီးများ ပါဝင်နေသည်။

**နောက်ဆုံးတွန်းအားပေးမှု** (Final Push)

နောက်ဆုံးစကားစစ်ထိုးပွဲအပြီးတွင် မဆိုသလောက် အသာစီးရရှိခဲ့ကြောင်း စစ်တမ်းများက ပြဆိုခဲ့သော်လည်း သမ္မတအိုဘားမားသည် အရသာခံမနေနိုင်ဘဲ မဲ ဆွယ်ပွဲလမ်းကြောင်းပေါ် ပြန်ဆင်းရသည်။ အလားတူပြိုင်ဘက် မစ်ရွမ်းနေကလည်း သဘောထားမပြတ်သားသော ပြည်နယ်များသို့ ထပ်မံသွားရောက် မဲဆွယ်သည်။ မစ္စတာအိုဘားမားက အိုင်အိုဝါနှင့် အိုဟိုင်းယိုးပြည်နယ်များ၌ သွားရောက်မဲဆွယ်စဉ်မှာပင် မက်ဆာချူးဆက်ပြည်နယ် အုပ်ချုပ်ရေးမှူးဟောင်းရွမ်းနေက ဗာဂျီးနီးယားပြည်နယ်သို့ သွားရောက်နေသည်။ အမျိုးသမီးမဲဆန္ဒရှင်များ၏ မဲများ ရရှိရေးအတွက်လည်း နှစ်ဦးစလုံးက ကြိုးစားနေကြသည်။

**စောစောစီးစီး မဲပေးကြပြီ** (Early Voting)

သမ္မတအိုဘားမားသည် အောက်တိုဘာ ၂၅ ရက်ကပင် ရွေးကောက်ပွဲအတွက် မဲပေးခဲ့ပြီဖြစ်သည်။ ယင်းမှာ ဒုတိယအကြိမ် ထပ်မံရွေးကောက်ပွဲဝင်သူ လက်ရှိသမ္မတတစ်ဦး ပထမဆုံးအကြိမ် စောစောစီးစီး မဲပေးခြင်းဖြစ်ပြီး အခြားသူများကိုလည်း စောစောစီးစီးမဲပေးရန် အချက်ပြလိုက်ခြင်းလည်း ဖြစ်သည်။

သမ္မတအိုဘားမားတစ်ယောက် ဖောင်များတွင် လက်မှတ်ထိုး၍ ၎င်း၏ယာဉ်မောင်းလိုင်စင်ကိုပြသပြီးမှ ၎င်း၏မွေးရပ်မြေ ချီကာဂိုမြို့ရှိ South Side မဲရုံတွင် မဲပေးခွင့်ရခဲ့သည်။ "နိုင်ငံတစ်ဝန်းလုံးမှာပဲ စောစောစီးစီး မဲပေးကြတာ တွေ့ရတယ်။ တကယ်ကို အဆင်ပြေတယ်"ဟု သမ္မတအိုဘားမားက ပြောကြားရင်း "ဘယ်သူ့ကိုမဲပေးလိုက်တယ်ဆိုတာတော့ မပြောနိုင်ဘူး"ဟု နောက်ပြောင်ပြောလိုက်ပါသေးသည်။

သမ္မတကဲ့သို့ပင်အမေရိကန်နိုင်ငံသား ၇ ဒသမ ၂ သန်းမှာလည်း ရွေးကောက်ပွဲအတွက် မဲပေးပြီးဖြစ်သည်။ အများအားဖြင့် သက်ကြီးရွယ်အိုများ၊ စစ်ဘက်တပ်ဖွဲ့ဝင်များနှင့် နိုင်ငံရပ်ခြားသွားရောက်အလုပ်လုပ်သူများသာ စောစောစီးစီး မဲပေးလေ့ရှိကြသော်လည်း ယခုရွေးကောက်ပွဲ၌ မဲဆန္ဒရှင် ၃၅ ရာခိုင်နှုန်းအထိ စောစီးစွာ မဲပေးကြလိမ့်မည်ဟု မျှော်လင့်ရသည်။


စီးပွားရေးအခက်အခဲ၊ ဘဏ္ဍာရေးအကျပ်အတည်းနှင့် အလုပ်လက်မဲ့ပြဿနာများကြောင့် ဥရောပတွင် ခေါင်းဆောင်တစ်ဦးပြီးတစ်ဦး ပြုတ်ကျခဲ့ပြီး ခေါင်းဆောင်သစ်များ တက်လာခဲ့သည်ဖြစ်ရာ အမေရိကန်နိုင်ငံတွင်လည်း ယင်းပြဿနာများကြောင့် ခေါင်းဆောင်အပြောင်းအလဲ ဖြစ်လာမည်လားဆိုသည်ကို စောင့်ကြည့်ရမည်ဖြစ်သည်။

*—Ref: BBC/Reuters/Wikipedia*




မအေးအေးမော်ဦးစီးသော နီလာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့
နီလာ
(၁၂)ရက်ခရီး - သံဝေဇနီယလေးဌာန + အဝိဇယိတသုံးဌာန (အိန္ဒိယ+နီပေါ)→ ၈ သိန်း (စရိတ်ငြိမ်း)
(၁၅)ရက်ခရီး - သံဝေဇနီယလေးဌာန + အဝိဇယိတလေးဌာန + နယူးဒေလီ → ၉ သိန်း (စရိတ်ငြိမ်း)
Shopping
နီလာဗုဒ္ဓဂယာဘုရားဖူးကုမ္ပဏီ (၉)နှစ်ပြည့်အထိမ်းအမှတ်အထူးအစီအစဉ်
ရန်ကုန်ရုံးချုပ်




# စီးပွားရေးမရေရာမှုကို ကိုင်တွယ်ဆောင်ရွက်ရန် ဂျီ-၂၀ အဖွဲ့ တိုက်တွန်း

**မက္ကစီကိုစီးတီး၊ အောက်တိုဘာ-၂၇**

ဘဏ္ဍာရေးအရ ဒုက္ခတွေ့နေသော နိုင်ငံများအနေဖြင့် ဥရောပ၏ ကယ်ဆယ်ရေးရန်ပုံငွေအပါအဝင် ကယ်ဆယ်ရေးရန်ပုံငွေများကို အကောင်းဆုံးအသုံးချရန် ဂျီ-၂၀ အဖွဲ့က အလိုရှိကြောင်း မက္ကဆီကို ဒုတိယဘဏ္ဍာရေးဝန်ကြီး ဂါရာဒိုရိုဒရီကွက်စ်က ပြောကြားသည်။

မက္ကဆီကိုနိုင်ငံသည် ဖွံ့ဖြိုးပြီးနှင့် ဖွံ့ဖြိုးဆဲ ကမ္ဘာ့ဦးဆောင် စီးပွားရေးနိုင်ငံများဖြင့် ဖွဲ့စည်းထားသော ဂျီ-၂၀ အဖွဲ့၏ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်အရာရှိများတွေ့ဆုံမည့် အစည်းအဝေးကို ယခုသီတင်းပတ်တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်သည်။

ယင်းအစည်းအဝေးတွင် ဥရောပ၌ ဆက်လက်ဖြစ်ပေါ်နေသည့် ဘဏ္ဍာရေးအကျပ်အတည်း အကြောင်းကို အဓိကထား၍ ဆွေးနွေးသွားဖွယ်ရှိသည်။ စပိန်နိုင်ငံမှာလည်း ဥရောပတွင် နောက်ထပ်ကယ်တင်ရမည့် နိုင်ငံဖြစ်လာနေသည်ဟု ထင်ကြေးပေးနေကြသည်။

ကမ္ဘာ့စီးပွားရေးအလားအလာအပေါ် အကောင်းမြင်မှု လျော့ပါးလာသောကြောင့် ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမိုတိုက်တွန်းလာကြပြီး ကယ်ဆယ်ရေးရန်ပုံငွေအား အပြည့်အဝအသုံးချရန် စပိန်နိုင်ငံ၏ တွန့်ဆုတ်နေမှုကိုလည်း မကျေနပ်သံများ ထွက်ပေါ်နေကြောင်း အစည်းအဝေးအတွက် ပြင်ဆင်နေသည့် ဂျီ-၂၀ အရာရှိများက ပြောသည်။

စပိန်နိုင်ငံအနေဖြင့် ဘဏ္ဍာရေးအကူအညီရယူသင့်သည်လား ဆိုသည်ကိုလည်း မစ္စတာရိုဒရီကွက်စ်က တိုက်ရိုက်မပြောပေ။ သို့သော် ယေဘုယျအားဖြင့် ဥရောပ၏ ယူရိုဘီလီယံ ၅၀၀ ရန်ပုံငွေမှာ အသုံးချရန် ထူထောင်ထားခြင်းဖြစ်သည်ဟု ပြောကြားပြီး ကမ္ဘာ့စီးပွားရေး မရေရာမှုများကြောင့် စီးပွားရေးဖွံ့ဖြိုးမှုနှင့် အလုပ်အကိုင်နေရာများဆုံးရှုံးမှုများ ဖြစ်ပေါ်နေသည်ဟု ၎င်းကပြောသည်။

—*Ref: Reuters*

# ယူကရိန်းသမ္မတ ယာနူကိုဗစ် ရွေးကောက်ပွဲတွင် အနိုင်ရဖွယ်ရှိ

**ကိဗ်၊အောက်တိုဘာ-၂၇**

ယူကရိန်းနိုင်ငံတွင် အာဏာရှင် အုပ်စိုးမှု ဖြစ်ပေါ်တော့မည့် အခြေအနေကို တားဆီးရန် ထောင်သွင်းအကျဉ်းကျခံနေရသည့် ပြိုင်ဘက် ယူလီယာတိုင်မိုရှန်ကိုက မဲဆန္ဒရှင်များအား တိုက်တွန်းထားသော်ငြား ယူကရိန်းသမ္မတ ဗစ်တာယာနူကိုဗစ်သည် အောက်တိုဘာ ၂၈ ရက် အမျိုးသားရွေးကောက်ပွဲတွင် အနိုင်ရသွားဖွယ်ရှိကြောင်း သိရသည်။

မစ္စတာယာနူကိုဗစ်၏ Party of Regions ပါတီနှင့် မစ္စတိုင်မိုရှန်ကို၏ အတိုက်အခံ ညွန့်ပေါင်းအဖွဲ့တို့သည် အောက်တိုဘာ ၂၆ ရက်တွင် နောက်ဆုံး လူထုစည်းရုံးမှုများ လုပ်ဆောင်ခဲ့ကြသည်။ ယူကရိန်းအတိုက်အခံပါတီများတွင် မစ္စတိုင်မိုရှန်ကို၏ Fatherland ပါတီ ပါဝင်သလို ကမ္ဘာ့ဟဲဗီးဝိတ်ချန်ပီယံ ဗီတာလီကလစ်ရှ်ကို ဦးဆောင်သည့် လစ်ဘရယ်ပါတီလည်းပါဝင်သည်။

အောက်တိုဘာ ၁၈ ရက်က သတင်းအမှောင်ချခဲ့ပြီးနောက်ပိုင်း လူထုစစ်တမ်းများ တရားဝင် ထုတ်ပြန်ခြင်းမရှိတော့သော်လည်း စောစောပိုင်းစစ်တမ်းများအရ ယခုပါလီမန်ရွေးကောက်ပွဲအား မစ္စတာယာနူကိုဗစ်၏ပါတီက ဦးဆောင်နေခဲ့ကြောင်း သိရှိရသည်။

အခွန်စနစ်နှင့် ပင်စင်ပေါ်လစီများနှင့် လာဘ်စားမှုများကြောင့် အစိုးရအပေါ် လူကြိုက်များခြင်းမရှိသော်လည်း မစ္စတာ ယာနူကိုဗစ်၏ပါတီက ဦးဆောင်နေခြင်းဖြစ်သည်။


ဆိုဗီယက်နိုင်ငံဟောင်း ယူကရိန်းသည် မစ္စတိုင်မိုရှန်ကို ကိစ္စကြောင့် အမေရိကန်၊ ဥရောပသမဂ္ဂတို့နှင့် အငြင်းပွားမှုများရှိခဲ့ပြီး ရုရှားနိုင်ငံနှင့်လည်း ဂက်စ်ပို့လွှတ်ရေးနှင့်ပတ်သက်၍ အငြင်းပွားခဲ့သောကြောင့် အထီးကျန်နိုင်ငံဖြစ်နေပုံရကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။ ဥရောပရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများကလည်း ယူကရိန်းရွေးကောက်ပွဲအပေါ် မည်သို့ဆုံးဖြတ်ထင်မြင်ချက်ပေးမည်ဆိုခြင်းကိုလည်း မသိရှိရသေးကြောင်း သတင်းတွင် ဆက်လက်ဖော်ပြသည်။

—*Ref: Reuters*

7DAY NEWS JOURNAL
Vol.11, No.34 • NOVEMBER 1 , 2012

# 7DAY BOOK REVIEW

## ဆည်းဆာချိန်တိမ်နီများ(ခင်မြဇင်)





မေတ္တာဖွဲ့ ရာဇဝင်ဇာတ်လမ်းများတွင် အထင်ကရရှိခဲ့သော တောင်ငူရတုဘုရင်နတ်ရှင်နောင်၏ အတ္ထုပ္ပတ္တိအား ဝတ္ထုအသွင်ရေးခြယ်ထားသော စာအုပ်ဖြစ်သည်။ ၁၆ ရာစုနှောင်းပိုင်းတွင် ပေါ်ထွန်းခဲ့သော တောင်ငူဘုရင် နတ်ရှင်နောင်သည် ၁၃ နှစ်အ ရွယ်မှာပင် မိုးကောင်းစော်ဘွားပုန်ကန်ခြင်းကို သွားရောက်နှိမ်နင်းနိုင်ခဲ့ပြီး ဟံသာဝတီကဲ့သို့သောမွန်တို့၏ လက်နက်နိုင်ငံတော်ကြီးကိုပင် ရခိုင်ဘုရင့်တပ်များနှင့်ပူးပေါင်း၍ အောင်နိုင်ခဲ့သူဖြစ်သည်။ နတ်ရှင်နောင်သည်ဟံသာဝတီကိုအောင်မြင်ပြီးနောက် တောင်ငူသို့ပြန်ရောက်စဉ် ယိုးဒယားတပ်များ၏ ဝန်းရံခြင်းကို ခုခံကာကွယ်နိုင်ခဲ့သူဖြစ်သည်။ သို့ပါသော်လည်း ခေတ်မီလက်နက်များ ပိုင်ဆိုင်သူတိုင်းတစ်ပါးသား ဇင်ကာခေါ် ဖိလစ်ဒီဗရစ်တိုနှင့် ပူးပေါင်းမိရာမှ သစ္စာဖောက်အဖြစ်သတ်မှတ်ခံရပြီး ဇာတ်သိမ်းမလှခဲ့သူဖြစ်သည်။ နတ်ရှင်နောင်သည် စစ်မက်ရေးရာ၌ ကျွမ်းကျင်သလောက် ရတုစပ်ဆိုရာတွင်လည်း ကဝိတစ်ဆူဖြစ်၍ မြန်မာစာပေသမိုင်း၌ ထင်ရှားခဲ့ သူဖြစ်သည်။ ယခုဝတ္ထုတွင် စာရေးသူက နတ်ရှင်နောင်ကို ပမာပြု၍ စစ်ပွဲများသည် လူ့အဖွဲ့အစည်းကြီးအတွက် အမှောင့်ပယောဂများသာဖြစ်ကြောင်း နားလည်စေရန် ရည်သန်ပြီး ကြီးနိုင်ငယ်ညှဉ်းဝါဒများ ပပျောက်စေရေးအတွက် ရေးသားထားသည်ဟု ဖော်ပြပါရှိသည်။ သံလွင်ငြိမ်းချမ်းစာပေက တန်ဖိုး ၂,၅၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

## စောင်းကြိုးပေါ်မှာ ကြယ်ရောင်တွေနိုးပြန်တော့ (မောင်သာချို)



မဂ္ဂဇင်း၊ ဂျာနယ်များတွင် ရေးခဲ့သောဆောင်းပါးစုစည်းမှုစာအုပ်ဖြစ်သည်။ စုစုပေါင်း ၂၄ ပုဒ်ပါရှိသည်။ လိမ့်နေတဲ့ ကျောက်တုံးပေါ် မှာ၊ ခြံစည်းရိုးတွေနဲ့ ကမ္ဘာ၊ မြစ်ဆိုတာ မကွေ့ရင်မလှဘူး၊ အပ်နဖားပေါက်တွေ ကျဉ်းကုန်ပြီလား၊ အသိုက်အမြုံထဲက လူ၊ ပြန်လျော်ပေးလို့ဆိုသူတွေရဲ့ ကမ္ဘာ၊ ရာဇဝင်ထဲမှာ လှေကလေး တွေ လှော်ခတ်သွား . . . စသဖြင့် ခေါင်းစဉ်ငယ်လေးများဖြင့် ရေးသားထားသည်။ မောင်သာချို၏ ရေးဟန်အတိုင်း ပြောလုံးများကိုစကားပြေထဲမကြာခဏညှပ်ညှပ်သုံးခြင်းဖြင့်စာဖတ်သူမငြီးငွေ့အောင် သွက်သွက်လက်လက် ခေါ် ဆောင်သွားပါမည်။ အချို့သော ဆောင်းပါးတို့တွင် အဆိုအမိန့်ကလေးများ၊ ကဗျာတို ကဗျာစများဖြင့် အလျဉ်းသင့်သလို ထည့်သွင်းရေးသားထားပြီး နောက်ဆုံးပိတ်၌ တိခနဲဖြတ်ချလိုက်ပုံမှာ မောင်သာချို၏ ရေးဟန်တစ်မျိုးဖြစ်သည်။ ပြန်လျော်ပေးလို့ ဆိုသူတွေရဲ့ ကမ္ဘာ ဆောင်းပါးတွင် "လူ့ဘဝသို့ တစ်ခေါက်တစ်ခါ ရောက်လာကြသူများ အချင်းချင်း လူနှင့်လူ့ဘဝကို ထိခိုက်နာကျင်အောင်လုပ်သောအမှုလောက် ဆိုးသည့်အမှု ဤကမ္ဘာပေါ်၌ရှိမည်ဟု ကျွန်တော်မထင်ပါ"ဟူ၍ ရေးထားပါသည်။ ဇွန်ပွင့်စာအုပ်တိုက်က တန်ဖိုး ၁,၅၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

## အင်္ဂလိပ်-မြန်မာ အိတ်ဆောင်အဘိဓာန်




ကျောင်းသားသုံး အင်္ဂလိပ်-အင်္ဂလိပ်-မြန်မာ အဘိဓာန်ကို ပူးတွဲပြုစုခဲ့သူ The New Light of Myanmar မှ ဦးမောင်မောင်အေး ဘာသာပြန်ဆိုပြုစုသော စာအုပ်ဖြစ်သည်။ မူရင်းစာအုပ်မှာ ၂၀၀၃ ခုနှစ်ထုတ် Collins Cobuild Active English Dictionary စာအုပ်ဖြစ်ပြီး Active ဟု အမည်ပေးထားသည့်အတိုင်းအသုံးအတွင်ကျယ်ဆုံး စကားလုံး ခြောက်ထောင်ခန့်ကို ရွေးထုတ်ပြီး အဓိပ္ပာယ်ဖွင့်ကာ နမူနာဝါကျ၊ ပုဒ်စု၊ စကားစု ဝေဝေဆာဆာ ဖော်ပြထားသည်။ ဤစာအုပ်ကို ဆောင်၍ လေ့လာခြင်းဖြင့် အင်္ဂလိပ်စာ၏ ၈၅ ရာခိုင်နှုန်းကို အကျွမ်းတဝင်ရှိနိုင်မည်ဟု ဆိုပါသည်။ အင်္ဂလိပ်စာတွင် စကားလုံးတစ်လုံးစီ၏ လုံးကောက်အဓိပ္ပာယ်သိရုံမျှဖြင့် အင်္ဂလိပ်လိုပြည့်ပြည့်စုံစုံ နားလည်ရန်၊ ရေးတတ်ရန် ခက်ခဲရခြင်းမှာ ဝိဘတ်ကဲ့သို့သော တွဲလုံးများကို လိုက်၍ အဓိပ္ပာယ်ခြားနားခြင်းကြောင့် ဖြစ်ပါသည်။ ထိုကြောင့် ဝေါဟာရများကို ရှုထောင့်စုံမှ အဓိပ္ပာယ်ဖွဲ့ဆိုပေးထားသော ဤအဘိဓာန်ငယ်က အင်္ဂလိပ်စာတိုးတက်လိုသူများအတွက် အထောက်အကူပေးပါလိမ့်မည်။ Unity စာပေက တန်ဖိုး ၁,၅၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

# Knowledge ပဟုသုတ


## ရေအေးစက်တွေကိုဘယ်အချိန်ကတည်းက အသုံးပြုခဲ့တာလဲ

ရေအေးစက်ခေါ် Water Cooler များကို ရေဘူးထိပ်က စွပ်ထားသည့် ပုံစံ (သို့မဟုတ်) ရေဘူးမပါသည့် ပုံစံများဖြင့် တွေ့ရလေ့ရှိသည်။ ရေအေးစက်များမှာ သောက်ရေအေးအေးသောက်ရန်အတွက် သီးသန့်ရည်ရွယ်ပြုလုပ်ထားသော စက်တစ်မျိုးဖြစ်သည်။

ပထမဆုံးရေအေးစက်ကို ၁၉၀၆ ခုနှစ်တွင် ဟတ်စလေဝီး လာ့ဒ်တေလာနှင့် လူသာဟောစ်ဆိုသူတို့က တီထွင်ခဲ့သည်ဟုဆိုသည်။ ယင်းမှစ၍ ရေအေးစက်များတွင် ရေခဲတုံးများထည့်၍ အသုံးပြုသည့် ပုံစံအဆင့်မှ ၁၉၃၈ ခုနှစ်တွင် လျှပ်စစ်ဓာတ်အားဖြင့် ရေကိုဖြည်းဖြည်းချင်းအေးစေအောင် လုပ်ပေးသော စက်များ ပေါ် လာသည်။ အေးနေသောရေကို ထုတ်လုပ်ရခြင်းအကြောင်းမှာ ရေ၏အပူချိန်ကို လျှော့ချရုံသာမက ရေကိုညစ်ညမ်းစေသော ဓာတ်များကိုလည်း ပယ်ဖျက်ပေးနိုင်ရန်ဖြစ်သည်။ ခေတ်သစ်ရေအေးစက်များတွင် ကလိုရင်းဓာတ်နှင့် အခြားဓာတ်များကို ဖယ်ရှားပေးနိုင်မည့် reverse osmosis စနစ်အပါအဝင် အတွင်း၌ ရေသန့်စင်စနစ် တစ်ပါတည်း တပ်ဆင်ထားကြသည်။ ယနေ့ခေတ်တွင် water cooler (သို့မဟုတ်) water dispenser စက်များတွင် ရေအေးသာမက ရေပူပါအသင့်သောက်သုံးနိုင်ကြရန် စီစဉ်ထုတ်လုပ်လာကြရာ ရေပူ၊ ရေအေးနှစ်မျိုးရနိုင်သော စက်များအဖြစ် ပိုမိုအသုံးဝင်လာကြသည်။

—Ref: History of water cooler, from Scotwriter. hubpages.com




### ARIES — မိဿရာသီဖွား (မတ်၂၁-ဧပြီ၂၀)

စိတ်ချမ်းမြေ့စရာများ၊ တိုးတက်အောင်မြင်မှုများ ဖြစ်ပေါ်မည်။ ကြိုတင်မှန်းဆထားသည်ထက် ပိုသောအောင်မြင်မှုရရှိမည်။ စနစ်တကျ ဆောင်ရွက်မှု၏ တိုးတက်မှုကောင်းကို ခံစားရမည်။ အခွင့်အရေးသစ်များ တစ်မျိုးပြီးတစ်မျိုး ဖြစ်ထွန်းမည်။ အသစ်အဆန်းများ ဆောင်ရွက်၍ အောင်မြင်မည်။ ဘဝတိုးတက်မှု အခွင့်အလမ်းမှန်သမျှသည် မတော်လောဘကြောင့် လမ်းကြောင်းမှားနိုင်သည်။




### TAURUS — ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)

ထူးခြားသော အပြောင်းအလဲရှိမည်။ ငွေကြေးကံကောင်းမည်။ အကြံသစ်များ စတင်ဆောင်ရွက်နိုင်မည်။ ခက်ခဲသော ပြဿနာများ ဖြေရှင်းနိုင်မည်။ ရုတ်တရက်ပေါ် ပေါက်လာသော စိတ်ကူးများကို လက်တွေ့အကောင်အထည်ဖော်နိုင်မည်။ ခရီးကိစ္စများ ပေါ် ပေါက်မည်။ ပြည်တွင်းသာမက ပြည်ပခရီးနှင့်ပတ်သက်သော ကိစ္စများ ဆောင်ရွက်နိုင်မည်။ ပျိုရွယ်သူများ မေတ္တာကံ အညံ့ရှိသည်။




### GEMINI — မေထုန်ရာသီဖွား (မေ ၂၂-ဇွန် ၂၁)

အကြံအောင်၍ ရည်ရွယ်ထားသည်များပြီးမြောက်မည်။ မိမိဆောင်ရွက်သည့် ကိစ္စမှန်သမျှမှ ကောင်းမွန်ထူးခြားသည့် အကျိုးဆက်ရရှိမည်။ ကာလအတန်ကြာ ရပ်တန့်ထားသည်များ ပြန်လည်စတင်ဆောင်ရွက်နိုင်မည်။ ငွေကြေးကံကောင်းမည်။ လုပ်ငန်းလုပ်နေသောသူများအဖို့ အလုပ်တိုးတက်ခြင်း၊ နေရာကောင်းရရှိခြင်းကြုံမည်။ ကိုယ်ပိုင်လုပ်ငန်းစီးပွားလုပ်နေသူများ ရင်းနှီးမြှုပ်နှံမှုများမှ အကျိုးကောင်းရမည်။



### CANCER — ကရကဋ်ရာသီဖွား (ဇွန် ၂၂-ဇူလိုင် ၂၂)

မိသားစုအတွင်း လုပ်ငန်းမရှိသူ လုပ်ငန်းရမည်။ မိသားစုလုပ်ငန်းစီးပွားများတွင်လည်း မှန်းသည်ထက် ပို၍ အောင်မြင်မည်။ လက်လွှတ်ထားသော ငွေကြေးများ ပြန်လည်ရရှိမည်။ အလုပ်ကိစ္စများ ဆောင်ရွက်သောအခါ မလိုအပ်ဘဲ အချိန်ဆွဲခြင်း၊ အချိန်ရွှေ့ခြင်းများကြောင့် တိုးတက်မှုများ နှောင့်နှေးနိုင်ပါသည်။ အမည်တွင် (အ၊ဥ၊သ၊ဟ)ပါသူများနှင့် ပူးပေါင်းလုပ်ကိုင်မှုများ သတိရှိပါ။




### LEO — သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)

အိမ်တွင်းရေး၊ လူမှုရေး အညံ့ရှိသည်။ လူပေါင်းမှား ဆုံးဖြတ်ချက်မှားမည်။ သူများ ပြဿနာ ကိုယ့်ပြဿနာဖြစ်မည်။ စေတနာ ဝေဒနာဖြစ်တတ်သည်။ ကိုယ်ဆောင်ရွက်မည့် လုပ်ငန်းဦးတည်ချက် မှန်သမျှ၌ အနှောင့်အယှက်များ ဆက်တိုက်ပေါ် ပေါက်မည်။ မိသားစုဝင်များတွင် တစ်ဦးပြီးတစ်ဦး အမျိုးမျိုး အထွေထွေသော စိတ်ရှုပ်စရာများ ကြုံမည်။



### VIRGO — ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)

အလုပ်ခွင်တွင်လည်းကောင်း၊ နေအိမ်တွင်လည်းကောင်း၊ ဆက်ဆံရသော ဝန်းကျင်တွင်လည်းကောင်း၊ ပဋိပက္ခများ ဖြစ်ရတတ်သည်။ ဥပဒေနှင့် မကင်းသော လုပ်ငန်းမှန်သမျှ ရှောင်ပါ။ အမှုပြဿနာဖြစ်ရန် အလွန်နီးစပ်သည်။ ခိုက်ရန်ဖြစ်ခြင်း ဆင်ခြင်ပါ။ အပြောအဆို အသွားအလာမှန်သမျှ သတိရှိပါ။ ငွေကြေးရင်းနှီးမြှုပ်နှံမှုများသော လုပ်ငန်းများ မလုပ်သင့်။



### LIBRA — တူရာသီဖွား (စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)

နာမည်အောင်မြင်မှုများ ရရှိမည်။ ကိုယ်လုပ်သမျှ ကျော်ကြားလူသိများမည်။ ငွေမည်မျှဝင်စေ မူလစီမံရည်ရွယ်ထားခြင်း မရှိသည့် အသုံးစရိတ်များကြောင့် လက်ဝယ်ကြာကြာ မမြဲသလို ဖြစ်နေမည်။ အခက်အခဲများ၊ အတိုက်အခံများမည်မျှရှိစေ အားလုံးကို ကျော်ဖြတ်၍ တိုးတက်မှုများ ရရှိမည်။ အတတ်ပညာ၊ အတန်းပညာသင်တန်းရေးရာ အဖြာဖြာ၌ ပတ်သက်ဆက်နွှယ်ပြီး တိုးတက်မှု ခိုင်မာမည်။




### SCORPIO — ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)

စိတ်ချမ်းသာစရာများ၊ ကောင်းသတင်းများနှင့် စိတ်လှုပ်ရှားရမည့် ကာလဖြစ်သည်။ ဘဝရည်ရွယ်ချက်၊ ဦးတည်ချက်များ ဆောင်ရွက် အဆင်ပြေမည်။ ငွေကြေးကိစ္စအတွက် ဆောင်ရွက်သမျှ အောင်မြင်မည်။ ထိပ်တိုက်ရင်ဆိုင်မှုများတွင် အနိုင်ရမည်။ ခေါင်းမာမှု တစ်ဇွတ်ထိုးလုပ်မှုများကြောင့် အမှားအယွင်းများ ရှိတတ်သည်။ ခရီးကိစ္စစီစဉ်အောင်မြင်မည်။




### SAGITTARUS — ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)

အလောတကြီး စိတ်စောပြီး လုပ်ကိုင်ခြင်းမျိုး မပြုရ။ စကားမှား၍ စိတ်ရှုပ်ရမည်။ မူလစီစဉ်ထားသည်များကို လက်တွေ့အကောင်ထည်ဖော်ရာတွင် ရှေ့တိုး၍မရ။ အခက်အခဲနှင့် ကြုံမည်။ တစ်ဇွတ်ထိုးလုပ်လေ အခက်အခဲကြုံလေ ဖြစ်မည်။ လုပ်ငန်းခွင်တွင်ဖြစ်စေ၊ မိသားစုတွင် ဖြစ်စေ အလုပ်သမားရေးရာများ ထိန်းချုပ်ရခက်နေမည်။ ကျန်းမာရေး အညံ့ရှိသည်။ မတော်တဆ ထိခိုက်ဒဏ်ရာရတတ်သည်။




### CAPRICORN — မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂၀)

မျှော်မှန်းထားသည်ထက် ပို၍ အောင်မြင်တိုးတက်မှုများ ဖြစ်ထွန်းမည်။ လုပ်ငန်းရေးရာ အတတ်ပညာပိုင်းတွင် အထူးကောင်းသော အနေအထားကျရောက်မည်။ ထိပ်တိုက်ရင်ဆိုင် ဖြေရှင်းရမည့် ကိစ္စမှန်သမျှကို အမြော်အမြင်ကြီးစွာ သုံးသပ်ဖြေရှင်းပါ။ အလျှော့ပေးပြီးမှ အနိုင်ယူနိုင်သော အနေအထားရှိမည်။ မိမိအကျိုးလိုလားသော မိတ်ဆွေအကြီးအကဲများ၏ အကြံပေးမှုကို လက်ခံပါ။



### AQUARIUS — ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)

ရည်မှန်းထားသည့် ကိစ္စများ အောင်မြင်မည်။ သူတစ်ပါးနှင့် ယှဉ်ပြီးလုပ်ရလေ တိုးတက်မှုရှိလေ ဖြစ်မည်။ စီးပွားရေးနှင့်ပတ်သက်သော ကံကောင်းသည်။ အလုပ်အကြံများကို တိုးတက်အောင် ဆောင်ရွက်နိုင်စွမ်းရှိမည်။ မိသားစုတွင် လုပ်ငန်းမရှိသူ လုပ်ငန်းရမည်။ လုပ်ငန်းရှိသူ တိုးတက်မည်။ စတင်ဆောင်ရွက်လိုက်သော လုပ်ငန်းများမှ ကောင်းသော အကျိုးဆက်ရရှိမည်။



### PISCES — မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂၀)

ခရီးနှင့် ပတ်သက်သော ကံကောင်းသည်။ အပြောင်းအလဲနှင့် တိုးတက်မည်။ သူတစ်ပါးနှင့်ယှဉ်ပြီး လုပ်သောကိစ္စများမှ ထူးခြားသော တိုးတက်မှုဆက်လက်ရရှိမည်။ ရင်းနှီးသော သူများနှင့် စကားများရမည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် အညံ့ရှိသည်။ ချစ်သူခင်သူ သံယောဇဉ်ရှိသူများနှင့် ခွဲခွာရကိန်း ရှိသည်။ မိသားစုပိုင် လက်လွှတ်ထားသော ငွေကြေးများ ပြန်ရမည်။ ဆိုင်းငံ့ထားသည်များ ပြီးမြောက်အောင် ဆောင်ရွက်နိုင်မည်။

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.11, No.34 • NOVEMBER 1 , 2012

## စာ(၉) လမ်းပျော် ကလေးငယ်များ ... မှ

“သူတို့တွေဟာ ယောကျ်ားလေးဆိုရင် အချိန်မရွေး လူကုန်ကူးခံရနိုင်တယ်။ မိန်းကလေးဆိုရင် လိင်ပိုင်းဆိုင်ရာ စော်ကားတာတွေ ခံရနိုင်တယ်။ ဒီကလေးတွေအတွက် အသိပညာပေးမှု လုပ်ငန်းတွေ အများကြီးလုပ်ဖို့ လိုနေတယ်”ဟု လူမှုဝန်ထမ်းဦးစီးဌာန၊ သန်လျင်လူငယ်သင်တန်းကျောင်း၊ ဒုတိယကျောင်းအုပ်(ငြိမ်း)ဦးကြီးမြင့်က ပြောသည်။

မြန်မာနိုင်ငံတွင် လမ်းပေါ်နေ ကလေးငယ်များအား ထိန်းသိမ်းစောင့်ရှောက်ထားသည့် အစိုးရသင်တန်းကျောင်းများမှာ ငှက်အော်စမ်း၊ သန်လျင်၊ မန္တလေး၊ လားရှိုး၊ မော်လမြိုင် လူငယ်သင်တန်းကျောင်း စသည်တို့ဖြစ်ပြီး ယင်းတို့မှာယောကျ်ားလေးကျောင်းများ ဖြစ်သည်။

မိန်းကလေးများအတွက် ဆိုလျှင် ရန်ကုန်တစ်မြို့တည်း၌သာ မလိခအမျိုးသမီးကလေးများ သင်တန်းကျောင်း၊ အမျိုးသမီးသက်မွေးသင်တန်းကျောင်းနှင့် မော်ဘီအမျိုးသမီး သင်တန်းကျောင်းတို့ ရှိသည်။

သင်တန်းကျောင်းများရှိ ကလေးငယ်များသည် နိုင်ငံတော်မှ ပံ့ပိုးသည့်စရိတ်ဖြင့် စားသောက်နေထိုင်ကြရသည်။ ကျောင်းစာသင်ခန်းများထဲသို့ပြန်လည်ရောက်နေသည့် ကလေးငယ်များလည်း ရှိသည်။ ထို့ပြင်အိမ်တွင်းမှု စက်မှုလက်မှုစသည့် အသက်မွေးဝမ်းကျောင်း ပညာရပ်အချို့ကိုလည်း သင်ယူလျက်ရှိကြသည်။ အချို့သင်တန်းကျောင်းများတွင် ယင်းကလေးငယ်များအတွက် ပေးနိုင်သော စောင့်ရှောက်မှုကလည်း ထိရောက်မှု အားနည်းနေဆဲဖြစ်သည်။

“ဒီကလေးတွေအတွက်က လူမှုဝန်ထမ်းမှာလည်း လုံလောက်တဲ့ ရန်ပုံငွေမရှိဘူး။ နည်းပါးတဲ့ နေ့တွက်စရိတ်တွေနဲ့ ကလေးတွေကို ထမင်းကျွေးနေရတယ်”ဟု ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ လုပ်နေသော ရတနာမေတ္တာအဖွဲ့ ဥက္ကဋ္ဌလည်းဖြစ်သည့် ဦးမြင့်ဆွေက ပြောသည်။

အငြိမ်းစားဒုတိယ ကျောင်းအုပ်ကြီးဦးကြီးမြင့်ကလည်း “အဓိကတော့ ငှက်အော်စမ်းလိုကျောင်းမျိုးကို တောထဲသွားထားတာမျိုးပေ့ါ။ ထားသင့်တာရှိတယ်။ မထားသင့်တာရှိတယ်။ တချို့သင်တန်းတွေ၊ ကျောင်းတွေက မြို့နဲ့ နီးစပ်ဖို့လိုတယ်။ ဒါမှလည်း အလှူရှင်တွေ ရှိလာနိုင်မယ်” ဟု အကြံပြုပြောကြားသည်။

ထို့ပြင် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို လုပ်ကိုင်နေသည့် ပြည်တွင်းပြည်ပ အဖွဲ့အစည်းအချို့ကလည်း လမ်းပေါ်နေ လေလွင့်ကလေးငယ်များအတွက် တစ်နေ့တာ ယာယီနားခိုနိုင်မည့် နေရာများ ဖွင့်လှစ်ပေးထားပြီး အစားအသောက်များကျွေးမွေးခြင်း၊ လက်မှုပညာသင်ကြားပေးခြင်း၊ အခြေခံ လူ့ကျင့်ဝတ်များနှင့်ပတ်သက်သည့် အသိပညာပေး အစီအစဉ်များကို လုပ်ကိုင်လျက်ရှိကြသည်။ သို့သော် လွန်စွာနည်းပါးသော အရေအတွက်ဖြစ်နေခြင်းကြောင့် အောင်မြင်မှုအားနည်းကြောင်းဦးမြင့်ဆွေက ပြောသည်။

“ကျွန်တော်တို့လုပ်လာခဲ့တဲ့ ခုနစ်နှစ်တာကာလအတွင်းမှာလမ်းပျော်ကလေး နားခိုစင်တာတွေ လုပ်ပေးတဲ့အဖွဲ့တွေ ထပ်မတိုးလာတဲ့အပြင် လုပ်ကိုင်မှုလျော့လာတဲ့ ရလဒ်ပဲတွေ့ရတယ်။ အောင်မြင်မှုကို တိုင်းတာဖို့ခက်ခဲတယ်။ ပြီးတော့ ကလေးတစ်ယောက်ကိုစင်တာဖွင့်ပေးထားပြီး ထမင်းကျွေးလို့ ရတယ်။ ဒါပေမဲ့ အမူအကျင့်ကို ပြောင်းလဲအောင် လုပ်လို့မရနိုင်ဘူး”ဟု သူကဆက်လက်ပြောသည်။

ယင်းသို့ Day Care Centre များ ထိရောက်မှု အားနည်းရခြင်းမှာ ကလေးငယ်များအတွက် အချိန်ပေးနိုင်မှု အားနည်းခြင်း၊ ၎င်းတို့၏ လက်တွေ့ဘဝကြားထဲသို့ ဝင်ကာ နောက်ဆက်တွဲ စောင့်ရှောက်မှုမပေးနိုင်ခြင်းကလည်း အဓိကအချက်များဖြစ် သည်။

သူက “ကလေးတွေကလာတယ်။ အစားကျွေးလိုက်တယ်၊ ပျော်ပျော်ပါးပါး နေကြတယ်။ ဒီမှာရောက်တုန်းမှာ အားလုံးနဲ့လိုက်လျောညီထွေရှိမှာပဲ။ ကျွေးတာကို စားမယ်၊ ပေးတာကို ယူမယ်၊ ဆော့မယ်၊ ဆရာမတွေ ပြောတာကို နားထောင်မယ်။ တီဗီပြရင်ကြည့်မယ်။ ပြီးရင် သူတို့ရဲ့အလုပ်ခွင်ကို ပြန်သွားကြတယ်။ ဒီလိုပြန်သွားတဲ့အခါသူတို့ သင်ယူသွားတာတွေနဲ့ သူတို့ဘဝမှာ အသုံးချတယ်၊ မချဘူးဆိုတာ ဘယ်သူက သိမှာလဲ။ အဓိကက Follow Up လိုတယ်။ အဲဒါကို ဘယ်သူတွေလုပ်မှာလဲ။ အဲဒါက ပြဿနာ” ဟု ဦးကြီးမြင့်က ဆက်လက်ပြောသည်။

လမ်းပေါ်နေ လေလွင့်ကလေးငယ်များနှင့်ပတ်သက်၍ လုပ်ငန်းအတွေ့အကြုံများစွာရှိသည့် ဦးဝင်းသိန်းကလည်း “ Day Care Center တွေ များများလိုအပ်ပါတယ်။ တိုင်းပြည်က ဖွံ့ဖြိုးဖို့ ကြံရုံးရှိသေးတဲ့ ဒီလိုအချိန်မှာ ဒီကလေးတွေအတွက်လည်း ဝိုင်းလုပ်ပေးသင့်တယ်။ သင်တန်းကျောင်းဆိုတာ နောက်ဆုံးအဆင့်ဖြစ်သင့်တယ်”ဟု ပြောသည်။

လွန်ခဲ့သည့် ငါးနှစ်ခန့်က လမ်းပေါ်တွင် စွန့်ပစ်ပစ္စည်းများ ကောက်နေသည့် ကလေးငယ်များသည် ယခုကာလတွင် ဆယ်ကျော်သက် အရွယ်များဖြစ်လာရာ အသက်မွေးဝမ်းကျောင်း ပညာတစ်ခုခုကို တတ်မြောက်အောင် သင်ကြားလေ့ကျင့်ပေးခြင်းဖြင့် လူမှုအသိုင်းအဝိုင်းကို ကောင်းကျိုးပြုသူများ ဖြစ်စေနိုင်ကြောင်း လက်တွေ့လုပ်ကိုင်နေသူများက တညီတညွတ်တည်း သုံးသပ်ကြသည်။

“စီမံချက်လုပ်တဲ့ လူတွေဘက်ကလည်း လိုအပ်တယ်။ လူပြည့်ဖို့လိုအပ်တယ်ဆိုတဲ့ သဘောထားမျိုးတွေကို ပြင်ဖို့လိုတယ်။ အသက်မွေးဝမ်းကျောင်းပညာက အပြင်မှာ တကယ်အသုံးချနိုင်တဲ့ ပညာမျိုး ထိထိရောက်ရောက်ပေးဖို့လိုအပ်ပါတယ်”ဟု ကလေးသူငယ်ဖွံ့ဖြိုးရေးလုပ်ငန်း အတွေ့အကြုံများရှိသည့် Social Worker မသန္တာဘုန်းမြင့်က ပြောသည်။

လေလွင့် ကလေးငယ်များကို နေရာအနှံ့တွေ့နိုင်သည်။ မီးရထားဘူတာရုံများ၊ ကားဂိတ်များ၊ ရထားသံလမ်းတစ်လျှောက်တွင် ပလတ်စတစ်ကောက်၍ တွေ့နိုင်သည်။ လက်ဖက်ရည်ဆိုင်၊ မီးပွိုင့်နှင့် ဈေးဝယ်စင်တာများ ရှေ့တွင်လည်း မုန့်ဖိုး၊ ထမင်းဖိုးတောင်းနေသည်ကို တွေ့နိုင်သည်။ သနားဖွယ်ဘဝအကြောင်းကို စာစီထားသည့် စာရွက်အပိုင်းစလေးများဖြင့် ဘတ်စ်ကားများပေါ်တွင် တောင်းရမ်းနေသည်ကို တွေ့နိုင်သည်။ မြို့ကြီးပြကြီးများ၌သာမက နယ်မြို့များတွင်လည်း တွေ့နိုင်သည်။

ထိုကလေးများကို ဖမ်းဆီးထိန်းသိမ်းကာ သင်တန်းကျောင်းများသို့ ပို့ခြင်း၊ ယာယီထိန်းသိမ်းရေး စခန်းများသို့ ပို့ဆောင်ခြင်းထက် ပိုမိုထိရောက်သော ရေရှည်စီမံကိန်းများ ချမှတ်ကာ ထည့်သွင်းစဉ်းစားရန် လိုအပ်လာပြီဖြစ်သည်။ လက်တွေ့ဘဝတွင် ထိုကလေးများ ရှိနေသည်ဆိုသည့်အချက်ကို လက်ခံရန် လိုအပ်သည်။ လူအမြင်မတင့်တယ်၍ မြင်ကွင်းမှ ပျောက်သွားရုံသာ စီမံချက်ဖြင့် ဖမ်းဆီးထိန်းသိမ်းခြင်းမျိုးသည် ဆေးမီးတိုဖြင့် ကုသနည်းတစ်မျိုးသာ ဖြစ်ပေသည်။

“ဒီကလေးတွေအတွက် လုပ်ဖို့က အစိုးရရော၊ ရပ်ရွာလူထုရော၊ အင်န်ဂျီအိုတွေရော အားလုံးပါဝင်မှ ရမယ်။ ကလေးစစ်သားကိစ္စတွေ၊ လူမှောင်ခိုကူးမှု ကိစ္စတွေကို နိုင်ငံတော်အဆင့်နဲ့ လုပ်နေတယ်။ ဒါပေမဲ့ ကလေးသူငယ်ကိစ္စမှာတော့ မီဒီယာပိုင်းကလည်း အသိပညာပေးမှု အားနည်းတာတွေရှိတယ်။ တီဗီမှာဇာတ်လမ်းတွေအနေနဲ့ ပြသင့်တယ်”ဟု ဦးကြီးမြင့်က ပြောသည်။

လေလွင့် ကလေးငယ်များအတွက် အစိုးရသင်တန်းကျောင်းများနှင့် လူမှုရေးအဖွဲ့အစည်းများ၏ စောင့်ရှောက်မှုအစီအစဉ်အချို့ရှိသော်လည်း အဓိက လိုအပ်နေသည်မှာ အသက်မွေးဝမ်းကျောင်းပညာရပ်များကို သင်ကြားပေးရန် ဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်က ဆက်လက်ပြောသည်။

“အသက်မွေးဝမ်းကျောင်းပညာသင်တန်းတွေက အားနည်းတယ်။ သင်တန်းကျောင်းတွေမှာ ကလေးတွေ လွယ်လွယ်ကူကူ တတ်နိုင်တဲ့ပညာ၊ အချိန်တိုတွင်းရနိုင်တဲ့ ပညာဖြစ်ဖို့ အနည်းဆုံးခြောက်လ အချိန်ပေးရမယ်။ ရင်းနှီးမြှုပ်နှံမှုနည်းတဲ့ လက်မှုအတတ်ပညာမျိုးဆိုရင် ကောင်းတယ်” ဟု သူက ဆက်လက်ပြောသည်။ ထို့ပြင် အသက်မွေးဝမ်းကျောင်းပညာသင်ကြားပေးခြင်းအပြင် အမှန်တကယ် တတ်မြောက်ပါကလည်း လုပ်ငန်းခွင်ဝင်နိုင်မည့် နေရာချိတ်ဆက် ဖန်တီးပေးနိုင်မှု၊ အလုပ်ရှင်များ၏ လက်ခံပေးမှုကလည်း ပြဿနာတစ်ရပ်ပင် ဖြစ်နေပြန်သည်။

ကလေးသူငယ် ဥပဒေပါအချက်များအရ အသက်မပြည့်သေးသော ကလေးငယ်များအား အလုပ်လုပ်ခွင့် မပြုခြင်းဆိုရာတွင် ချွင်းချက်အနေဖြင့် စဉ်းစားပေးရန်လည်း လိုအပ်ကြောင်း ဦးမြင့်ဆွေက ပြောသည်။

“အသက်မပြည့်သေးတဲ့ ကလေးတွေ အလုပ်မလုပ်ရဘူးဆိုတဲ့ ဥပဒေကကောင်းပါတယ်။ ဒါပေမဲ့နည်းဥပဒေတွေက ဖွံ့ဖြိုးပြီးနိုင်ငံတွေက ဥပဒေတွေကို မှီငြမ်းထားတာ၊ ဖွံ့ဖြိုးပြီး နိုင်ငံတွေမှာက ၁၄ နှစ်အောက် ကလေးတွေ အလုပ်လုပ်စရာမလိုဘူး။ နိုင်ငံတော်က ထောက်ပံ့ထားတယ်။ ဒီမှာ မလုပ်နိုင်ဘူး။ ဥပဒေနဲ့အညီကလေးတွေကို အလုပ်မခိုင်းရဘူးဆိုရင် ဒီကလေးတွေကို ဘယ်သူတာဝန်ယူမလဲ”

သို့သော်လုပ်ငန်းခွင်အတွင်း အသက်မပြည့်သေးသူများအား လုပ်အားခေါင်းပုံဖြတ်ခြင်း၊ နှိပ်စက်ခြင်းများ မဖြစ်စေရန်လည်း ဝိုင်းဝန်းလုပ်ဆောင်ရမည် ဖြစ်သည်။

လမ်းပျော်ကလေးငယ်များအတွက်ထည့်သွင်းစဉ်းစားမည်ဆိုလျှင် ထောင့်ပေါင်းစုံမှ ပြဿနာရပ်အသီးသီးရှိနေသော်လည်း ဖြေရှင်းရန်နည်းလမ်းမရှိသည့် ကိစ္စရပ်များမဟုတ်ကြောင်း အထက်ပါပုဂ္ဂိုလ်များက ပြောသည်။

မြန်မာနိုင်ငံတွင် ကလေးသူငယ်ဥပဒေအရဖွဲ့စည်းထားသည့် မြို့နယ်အဆင့် ကလေးသူငယ်များ ဆိုင်ရာကော်မတီ (TCRC) များ အသင့်ဖွဲ့စည်းပြီးသားဖြစ်ရာ အမှန်တကယ် လှုပ်ရှားနေသော အဖွဲ့များ ဖြစ်ရန်လိုအပ်ပြီး ရပ်ရွာလူထုနှင့် ပြည်တွင်းပြည်ပ လူမှုရေးအဖွဲ့အစည်းအသီးသီး၏ ဝိုင်းဝန်းပံ့ပိုးမှုများ လိုအပ်နေကြောင်း ဦးကြီးမြင့်က ပြောသည်။

TCRC တွင် အုပ်ချုပ်ရေးဌာန၊ တရားသူကြီးများ၊ ရဲတပ်ဖွဲ့၊ ပြန်ကြားရေး၊ ကျန်းမာရေးစသည့်တာဝန်ရှိသူများ ပါဝင်ဖွဲ့စည်းထားသည်။ “TCRC တွေက လှုပ်ရှားမှုတွေ ရှိနေရမယ်။ စာရွက်ပေါ်မှာတင် ရှိနေလို့မရဘူး။ သူတို့က အများကြီး ကူညီပေးနိုင်တယ်။ ပံ့ပိုးမှုတွေ လုပ်နိုင်တယ်။ လူထုကို အခြေပြုတဲ့ အဖွဲ့တွေ ဖွဲ့ထားရမယ်။ လိုအပ်ရင် ရန်ပုံငွေထူထောင်လို့ရတယ်။ ရန်ပုံငွေသိပ်များလာတယ်ဆိုရင် လမ်းပေါ်ကလေးတွေကို သင်တန်းတွေ ပေးသင့်တယ်”ဟု ဦးကြီးမြင့်က အကြံပြုပြောကြားသည်။

လမ်းပျော်ကလေးငယ်များ ကာကွယ်စောင့်ရှောက်ရေးတွင် ပတ်ဝန်းကျင်လူထု၏ ပူးပေါင်းပါဝင်မှုသည် များစွာအထောက်အပံ့ဖြစ်စေနိုင်သည်။ ကလေးငယ်များကိုသာမက ၎င်းတို့၏ မိဘများကိုလည်း ဆင်းရဲနွမ်းပါးမှု လျော့ချရေးအစီအမံများ ပြုလုပ်ပေးခြင်း၊ သင့်လျော်သော အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်းနှင့် မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ အသိပညာပေး လုပ်ငန်းများကို ရေရှည်စီမံကိန်းများ ချမှတ်ကာ လုပ်ဆောင်ပေးရန်လိုအပ်ကြောင်း အထက်ပါပုဂ္ဂိုလ်များက တညီတညွတ်တည်း ပြောကြားသည်။

လမ်းပေါ်နေ လမ်းပျော်ကလေးငယ်များအတွက် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ပတ်ဝန်းကျင်လူထုကိုယ်တိုင် စိတ်ပါဝင်စားမှုမရှိပါက ရေရှည်တွင် ယင်းပတ်ဝန်းကျင်ကို ပြန်လည် ဆိုးကျိုးပေးနိုင်မည့် ဆိုးသွမ်းလူငယ်များလည်း ဖြစ်လာနိုင်ပေသည်။

လူထုက မည်သည့်အခန်းကဏ္ဍမှ ပူးပေါင်းပါဝင်သင့်သည်၊ မည်သို့ လျော့နည်းပပျောက်အောင် ဝိုင်းဝန်းလုပ်ဆောင်ပေးသင့်သည်ဆိုသည့် အချက်အလက်များ၊ အသိပညာပေးမှုများကိုကား အစိုးရနှင့် ပြည်တွင်း၊ ပြည်ပ လူမှုရေးအဖွဲ့အစည်းများက ယခုထက် ပိုမိုတိုးမြှင့်လုပ်ဆောင်သင့်သည်။

မြို့ကြီးများတွင်ဖြစ်စေ၊ နယ်မြို့များတွင်ဖြစ်စေ လမ်းပေါ်နေ လမ်းပျော်ကလေးများက ဆက်လက်ရှိနေဦးမည် ဖြစ်သည်။ သူတို့သည် သူတို့အန္တရာယ်ကို မသိဘဲ အိမ်ကြို အိမ်ကြား၊ မြောင်းကြိုမြောင်းကြားများတွင် သွားလာနေကြဦးမည် ဖြစ်သည်။ သူတို့အတွက်အန္တရာယ်ကျရောက်လွယ်နေဦးမည်ဖြစ်သည်။ သူတို့ကို အကြောင်းပြကာ ငွေရှာကောင်းနေသူများ၊ အမြတ်ထုတ်နေသူများလည်း ရှိနေဦးမည်ဖြစ်သည်။ သို့သော် ထိုသို့သော ကလေးငယ်များ ပိုမိုများပြားလာရန် မသင့်သည်ကား အမှန်ပင်ဖြစ်ပေသည်။ ။

## JOKE

### သေးသေးလေးပဲတွေးတယ်

တစ်နေ့တွင်ဂျက်တစ်ယောက် အမောတကောနှင့် အလုပ်မှနေ၍ အိမ်ပြန်ရောက်လာသည်။

“ရှင် ဘယ်လိုဖြစ်လာတာလဲ”ဟု မိန်းမဖြစ်သူကမေးသည်။

“ငါပိုက်ဆံစုဖို့ စိတ်ကူးကောင်းတစ်ခုရလို့ကွ”ဟု ဂျက်က ပြောကာ ဂုဏ်ယူစွာပြုံးလိုက်ရင်း “ငါအိမ်အပြန်လမ်းမှာ ဘတ်စ်ကားတစ်စီးနောက်ကပြေးလိုက်လာခဲ့တာ ပိုက်ဆံတစ်ဒေါ်လာ စုမိသွားပြီကွ”ဟု ဆိုသည်။ မိန်းမဖြစ်သူက မျက်မှောင်ကျုံ့သွားပြီး “ဂျက်ရယ်၊ ရှင်ကဒါပဲ အမြဲတမ်း သေးသေးလေးပဲတွေးတယ်။ တက္ကစီတစ်စီးနောက်က ပြေးလိုက်ပြီး ဆယ်ဒေါ်လာစုလိုက်တော့ ဘာဖြစ်လဲ”ဟု ဆိုပါတော့သည်။

### အမူးပါး

ဘားဆိုင်တစ်ဆိုင်ရှေ့တွင် အမူးသမားနှစ်ဦး တက္ကစီငှားနေသည်ကိုတွေ့ရ၍ အငှားယာဉ်တစ်စီးထိုးရပ်လိုက်သည်။ အမူးသမားနှစ်ဦး ကားပေါ်ရောက်ပြီးနောက် နှစ်ဦးစလုံး လူမှန်းသူမှန်းမသိ မူးနေသည်ကို အခွင့်ကောင်းယူရန် တက္ကစီသမားက ဆုံးဖြတ်လိုက်ပြီး ကားစက်ကိုနှိုး၍ လီဗာကို ခပ်ပြင်းပြင်းနင်းကာ ကားကို ပြန်ထိုးရပ်လိုက်သည်။

ထို့နောက်. . . “ရောက်ပြီ ဘော်ဒါတို့” ဟု တက္ကစီယာဉ်မောင်းကပြောလိုက်ရာ အမူးသမားတစ်ယောက်က ပိုက်ဆံရှင်းပြီးဆင်းသွားသည်။ နောက်ခုံတွင်ထိုင်နေသော အမူးသမားကမူ တက္ကစီဆရာခေါင်းအား တစ်ချက်ခေါက်လိုက်သည်။ တက္ကစီသမားကလည်း လူလည်ကျတာ မိသွားပြီလားဟု စိုးရိမ်ပြီး လှည့်ကြည့်ရာအမူးသမားက “အဲဒါကားကို မြန်မြန်ကြီးမောင်းလို့” ဟုပြောရင်း ဖောက်ဆူးတစ်ဒေါ်လာ အပိုပေးကာ ကားပေါ်မှ ဆင်းသွားလေသည်။

## စာ(၂၅) တိုးချဲ့ရမည့် ရေနက်ပိုင်း ကမ်းလွန်ရေနံ... မှ

မြန်မာ့ကမ်းလွန် ရေတိမ်ပိုင်းတွင် စီးပွားဖြစ် သဘာဝဓာတ်ငွေ့သိုက်ကြီး လေးခုတွေ့ရှိခဲ့ပြီးဖြစ်ရာ သဘာဝက ပေးထားသည့် ထိုက်သင့်သော ဆုလာဘ်ကြီးဖြစ်ပေသည်။ နောက်ထပ်ရေတိမ်ပိုင်းတွင် စီးပွားဖြစ်ကြီးမားသော ရေနံနှင့် သဘာဝဓာတ်ငွေ့သိုက်ကြီးများ ထပ်မံတွေ့ရှိနိုင်မည့်အလားအလာမှာ မူလကထက်စာသော် အခွင့်အလမ်းတဖြည်းဖြည်း နည်းလာနိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်ရာ ရေနက်ပိုင်းကမ်းလွန်လုပ်ကွက်များတွင်ရှာဖွေရေးလုပ်ငန်းများ တိုးချဲ့ကာ မလွှဲမသွေ ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ကြီးမားကျယ်ပြန့်လှသော ဘင်္ဂလားကမ်းလွန်ပင်လယ်ချိုင့်ဝှမ်းနှင့် မုတ္တမကမ်းလွန်ပင်လယ်ချိုင့်ဝှမ်းတွင် ပတ်ဝန်းကျင်ဒေသများ၏ အတွေ့အကြုံအရ ရေနက်ပိုင်းလုပ်ကွက်များအတွင်း ပိုမိုကြီးမားသော သဘာဝဓာတ်ငွေ့သိုက်ကြီးများရှိနိုင်မည်ဟု ခန့်မှန်းထားကြောင်း အတွေ့အကြုံရင့်နိုင်ငံခြားရေနံကုမ္ပဏီကြီးများကတွက်ဆထားကြသည်။ ထို့ကြောင့် အနာဂတ်တွင် မြန်မာ့ကမ်းလွန်ဒေသအတွင်း ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေရေးလုပ်ငန်းများမှာ ပိုမိုကြီးထွားလာမည်ဟု မျှော်လင့်မိပါသည်။

Environment

7 DAY NEWS JOURNAL

Vol.11, No.34 · NOVEMBER 1 , 2012

# သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အလုပ်ရုံဆွေးနွေးပွဲ ပုပ္ပားတွင်ပြုလုပ်မည်

**အိဖြူမွန်**

**ရန်ကုန်၊ အောက်တိုဘာ-၂၅**

တစ်နိုင်ငံလုံးရှိ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့များ ပါဝင်မည့် မြန်မာအစိမ်းရောင်ကွန်ရက်၏ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အလုပ်ရုံဆွေးနွေးပွဲကို ပုပ္ပားတွင် ပြုလုပ်မည်ဖြစ်ကြောင်း ယင်းကွန်ရက်မှ ဥက္ကဋ္ဌ ဒေါ်ဒေဝီသန့်ဇင်က ပြောသည်။

ယင်းဆွေးနွေးပွဲကိုနိုဝင်ဘာလ တတိယအပတ်တွင် ပုပ္ပား၌ ပြုလုပ်သွားမည်ဖြစ်ပြီး တစ်နိုင်ငံလုံးရှိ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်နေသော ကွန်ရက်အဖွဲ့များ လာရောက်မည်ဖြစ်ကာ ဒေသတွင်းရှိ ပတ်ဝန်းကျင်ဆိုင်ရာထိခိုက်မှုများနှင့် ထိန်းသိမ်းရေးလုပ်ငန်းများ ဆွေးနွေးကြမည်ဖြစ်ကြောင်း ဒေါ်ဒေဝီသန့်ဇင်ကပြောသည်။

"ထီးကြီးဖွင့်ထားတဲ့ သဘောပဲ။ ဒီပွဲမှာ တစ်နိုင်ငံလုံးမှာ ချိတ်ဆက်ထားတဲ့ ကွန်ရက်အဖွဲ့တွေက သဘာဝပတ်ဝန်းကျင်ပြဿနာတွေ ဆွေးနွေးကြမယ်။ အချက်အလက်တွေစုမယ်။ အကူအညီ လိုရင်ချိတ်ဆက်ဆောင်ရွက်ပေးမယ်" ဟု ဒေါ်ဒေဝီသန့်ဇင်ကပြောသည်။

ယင်းကွန်ရက်တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနယ်ပယ်မှ ပညာရှင်များဖြစ်သော ဦးထွန်းလွင်၊ ဦးအုန်း၊ ဒေါက်တာခင်မောင်ညို၊ ဦးအောင်မြင့်၊ ဦးတင်ထွန်း စသည့် ပညာရှင်များအပါအဝင် နယ်ဒေသအသီးသီးမှ ဒေသခံသဘာဝပတ်ဝန်းကျင်ချစ်သူများလည်း ပါဝင်မည်ဖြစ်သည်။

ယင်းအလုပ်ရုံဆွေးနွေးပွဲသည် မြန်မာအစိမ်းရောင်ကွန်ရက်၏ ဒုတိယမြောက်ပွဲဖြစ်ပြီး ပထမပွဲကို ပြင်ဦးလွင်မြို့တွင် ကျင်းပပြုလုပ်ခဲ့သည်။ ပထမဆုံးအလုပ်ရုံဆွေးနွေးပွဲကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်သက်သော နယ်ပယ်ဆိုင်ရာ ပညာရှင်များအပါအဝင် အဖွဲ့ပေါင်း ၅၃ ဖွဲ့တက်ရောက်ခဲ့သည်။ ကွန်ရက်ကို ၂၀၁၂ ခုနှစ်တွင် ဖွဲ့စည်းခဲ့ပြီး တစ်နိုင်ငံလုံးရှိ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများ ကြုံတွေ့ရမှုများကို အဆိုပါကွန်ရက်အဖွဲ့ကို ချိတ်ဆက်ပါက ကိုယ်တိုင်ကွင်းဆင်းလေ့လာခြင်းနှင့် အချက်အလက်ကောက်ယူခြင်းများကို ကူညီဆောင်ရွက်ပေးကြောင်း သိရသည်။



ဓာတ်ပုံ - tourism.goldenlandpages.com

## တနင်္သာရီဒေသ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**အိဖြူမွန်**

**ရန်ကုန်၊ အောက်တိုဘာ-၂၆**

ထားဝယ်နှင့် မြိတ်မြို့နယ်တွင် ပြုလုပ်သော သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲမှရသော ရလာဒ်ပေါ်မူတည်၍ တနင်္သာရီတိုင်းဒေသကြီး၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတွင် မည်သည့်လုပ်ငန်း ဆောင်ရွက်မည်ကို ဆုံးဖြတ်သွားမည်ဖြစ်ကြောင်း ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအသင်း (BANCA) ဥက္ကဋ္ဌ ဒေါက်တာထင်လှက ပြောကြားသည်။

"ဘယ်လိုလုပ်မယ်လို့တော့ ပြောလို့မရသေးဘူး။ ပထမဆုံးအကြိမ်လည်းဖြစ်တော့ ဘယ်ထိန်းသိမ်းရေးကို ဘယ်လိုလုပ်မယ် ဘယ်လောက်ထိလုပ်မယ်ဆိုတာတော့ အခု မြို့နှစ်မြို့မှာ လုပ်တဲ့ပွဲကိုကြည့်ပြီး ဆုံးဖြတ်ရမယ်" ဟု ၎င်းက ပြောကြားသည်။

တနင်္သာရီတိုင်းဒေသကြီးတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အလုပ်ရုံဆွေးနွေးပွဲကို ထားဝယ်နှင့် မြိတ်မြို့နှစ်မြို့တွင် အောက်တိုဘာ ၂၆ နှင့် ၂၇ ရက်များက ကျင်းပပြုလုပ်ခဲ့သည်။ ယင်းအလုပ်ရုံဆွေးနွေးပွဲများတွင် ဒေသခံထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် အဖွဲ့ငယ်များ၊ လူထုအခြေပြုအဖွဲ့အစည်းများ၊ တနင်္သာရီတိုင်းဒေသကြီးဝန် ကြီးချုပ်နှင့် အစိုးရအဖွဲ့၊ သစ်တောဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန အပါအဝင်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးပညာရှင်များ ပါဝင်ဆွေးနွေးခဲ့ခြင်းဖြစ်သည်။

တနင်္သာရီတိုင်းဒေသကြီးတွင် သဘာဝသယံဇာတ အခြေခံ ခဲမဖြူနှင့် အဖြိုက်နက် သတ္တုတူးဖော်ရေးလုပ်ငန်းများ၊ သစ်ထုတ်လုပ်ခြင်းလုပ်ငန်းများ၊ အလွန်အကျွံငါးဖမ်းဆီးခြင်းလုပ်ငန်းများ၊ ဂက်စ်ပိုက်လိုင်းများ ဖြတ်သန်းသည့်လုပ်ငန်းများ စသည့်လုပ်ငန်းများတွင် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုများအနည်းနှင့်အများ ခံစားရကြောင်း ထားဝယ်မြို့နယ်နှင့် မြိတ်မြို့နယ်တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလှုပ်ရှားသူအချို့က သုံးသပ်ပြောကြားသည်။

"တနင်္သာရီတိုင်းက ရေရော၊ ကုန်းရော သယံဇာတတွေစုံတော့ ကျွန်တော်တို့ နယ်ခံတွေလိုတာက ပတ်ဝန်းကျင်အခြေခံခရီးသွားလုပ်ငန်းမျိုးတွေကို ကြိုက်တယ်။ သဘာဝပတ်ဝန်းကျင် မထိခိုက်တဲ့လုပ်ငန်းပေ့ါ" ဟု ထားဝယ်မြို့ခံဦးသန်းဝင်းကပြောသည်။

လက်ရှိတွင် တနင်္သာရီတိုင်းဒေသကြီး၌ ထားဝယ်ရေနက်ဆိပ်ကမ်းနှင့်ရေနံဓာတုအခြေခံစက်မှုဇုန်လိုစက်မှုလုပ်ငန်းများ၊ မကြာသေးမီကခွင့်ပြုလိုက်သည့်ကျောက်မီးသွေးစက်ရုံသုံးခုတို့အပေါ် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုများ ဖြစ်ပေါ်နိုင်ခြင်းနှင့် လူမှုစီးပွားထိခိုက်နိုင်ခြင်းတို့ကြောင့် ဒေသခံအချို့က ဝေဖန်ကန့်ကွက်နေကြသည်။

**ENVIRONMENT Cartoon**




## ကြေးနီစီမံကိန်းလုပ်ငန်းခွင်အတွင်း သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပညာရှင်များ လေ့လာဆွေးနွေးခွင့်ပြုမည်

**ရန်နိုင်ကျော်**

**မုံရွာ၊ အောက်တိုဘာ-၂၆**

လက်ပန်းတောင်းတောင် ကြေးနီစီမံကိန်းလုပ်ငန်းခွင်နှင့် စံပယ်တောင်၊ ကြေးစင်တောင်ကြေးနီစီမံကိန်း လုပ်ငန်းခွင်များအတွင်း ပြည်တွင်းပြည်ပသဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပညာရှင်များနှင့် တက္ကသိုလ်အသီးသီးမှ ပညာရှင်များ လာရောက်လေ့လာဆွေးနွေးခြင်းအား ကြိုဆိုကြောင်း လက်ပန်းတောင်းတောင် ကြေးနီစီမံကိန်းတာဝန်ခံ ဦးမြင့်အောင်က ပြောကြားသည်။

"အခု သဘာဝပတ်ဝန်းကျင်အလုပ်ရုံဆွေးနွေးပွဲ ပထမဆုံးအကြိမ် ကျင်းပတာပါ။ အရင်တုန်းက ဌာနတွင်း အလုပ်ရုံဆွေးနွေးပွဲတွေကို မကြာခဏ ကျင်းပလေ့ရှိပါတယ်။ အခု ပြည်တွင်း ပြည်ပက သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပညာရှင်တွေဖိတ်ကြားခဲ့ပါတယ်။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပညာရှင်တွေသာမကဘူး။ တက္ကသိုလ်က ပညာရှင်တွေပါ လာရောက်လေ့လာဆွေးနွေးနိုင်ပါတယ်။ သူတို့လို ပညာရှင်တွေက သဘာဝပတ်ဝန်းကျင် ထိခိုက်မှုရှိတယ်၊ မရှိဘူးဆိုတာ သာမန်လူတွေထက်ပိုပြီးမြင်ပါတယ်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းတွေအတွက် အချိန်ယူဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟုဦးမြင့်အောင်က ဆိုသည်။

'မြစ်ဆုံအရေးမှာ ပြည်တွင်းက သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပညာရှင်တွေ အားလုံးက ကန့်ကွက်တာတွေ ရှိတယ်။ လက်ပန်းတောင်းတောင်နဲ့ ကြေးစင်တောင် ကြေးနီသတ္တုတွင်းမှာ ပညာရှင်တွေက သဘာဝပတ်ဝန်းကျင် ထိခိုက်မှု ရှိမရှိ လာရောက်လေ့လာတာ နည်းတယ်။ ကြေးနီကုမ္ပဏီဘက်က သဘာဝပတ်ဝန်းကျင်နဲ့ပတ်သက်ပြီး ဆိုးကျိုးမရှိအောင် ဆောင်ရွက်ထားတယ်လို့ ရှင်းလင်းနေပြီ။ ရွာသားတွေဘက်ကလည်း သဘာဝပတ်ဝန်းကျင် ဆိုးကျိုးတွေကြောင့် ကျန်းမာရေးထိခိုက်နစ်နာမှုတွေ ရှိနေပြီလို့ ဆိုတယ်။ ပြည်တွင်း ပြည်ပက သဘာဝပတ်ဝန်းကျင်ပညာရှင်တွေက ဘက်မလိုက်ဘဲ စစ်တမ်းကောက်ယူပေးဖို့ အချိန်တန်နေပြီ" ဟု ပထမအကြိမ်ကြေးနီသတ္တုတူးဖော်ရေး စီမံကိန်း သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်လာသော ပညာရှင်တစ်ဦးက သုံးသပ်ပြောကြားခဲ့သည်။

ပထမအကြိမ် မုံရွာကြေးနီသတ္တုတူးဖော်ရေး စီမံကိန်း သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ အကြောင်းအမျိုးမျိုးကြောင့် ပြည်တွင်း ပြည်ပသဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ပညာရှင်အချို့ တက်ရောက်နိုင်ခြင်း မရှိသဖြင့် ပညာရှင်များပါဝင်သော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အလုပ်ရုံဆွေးနွေးပွဲများ အချိန်ယူ၍ ကျင်းပသွားရန် စီစဉ်ထားကြောင်း မြန်မာဝမ်ပေါင်ကုမ္ပဏီ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။



# Tourism

7 DAY NEWS JOURNAL

Vol.11, No.34 • NOVEMBER 1 , 2012


# အမေရိကန်များ မြန်မာနိုင်ငံသို့ ပိုမိုလာရောက်

**နိုင်ချို**

**ရန်ကုန်၊ အောက်တိုဘာ-၂၇**

မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများကြောင့် ယခုနှစ်အတွင်း အမေရိကန်လူမျိုး ခရီးသွားဦးရေမှာ သိသိသာသာမြင့်တက်လာသည်။

"နိုင်ငံရဲ့ ပြုပြင်ပြောင်းလဲမှုကြောင့်လို့ထင်တယ်။ အမေရိကန်လူမျိုးတွေဆို ပိုသိသာတယ်။ အထူးသဖြင့် ဥရောပနိုင်ငံသားတွေ ဒီနှစ်ပိုင်းမှာ ပိုလာတယ်။ စီးပွားရေးဘက်က ကြည့်မယ်ဆိုလည်း ပိတ်ဆို့မှုတွေဖွင့်ပြီး နောက်ပိုင်း ပိုဝင်လာတယ်" ဟု တောင်ကြီး ဟိုတယ်ဇုန်မှ အတွင်းရေးမှူး ဦးအောင်ကျော်မိုးက ဆိုသည်။

အမေရိကန်လူမျိုးခရီးသွားဦးရေမှာ ယခင်နှစ်ကနှင့် နှိုင်းယှဉ်လျှင် ၃၀ ရာခိုင်နှုန်းခန့်ပိုများလာသည်။ ယခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလကုန်အထိ အမေရိကန်လူမျိုးဧည့်အဝင် ၂၂၆၅၇ ဦးရှိပြီဖြစ်ကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

"ခရီးသွားဧည့်သည်တိုးလာတာကောင်းတဲ့ကိစ္စပါ။ နောက်ပိုင်းလည်း ဧည့်သည်အဝင်ပိုများလာဦးမှာ၊ အခုလက်ရှိတော့ ဟိုတယ်တွေ၊ လေကြောင်းလိုင်းတွေ၊ ဧည့်လမ်းညွှန်တွေ အနေနဲ့က ဝန်ဆောင်မှုပိုင်းမှာ နိုင်သေးတယ်။ နိုင်ငံခြားသားဧည့်သည်အဝင်များလာရင် ဝန်ဆောင်မှုပိုင်းမှာ လစ်ဟင်းသွားမှာ အရမ်းစိုးရိမ်တယ်" ဟု မြန်မာ့ခရီးသွားဈေးကွက်မြှင့်တင်ရေးကော်မတီဥက္ကဋ္ဌ ဦးဖြိုးဝေရာဇာက ပြောသည်။

ယခုနှစ် ဇန်နဝါရီမှ စက်တင်ဘာလကုန်အထိ နိုင်ငံတကာဧည့်သည်အဝင်မှာ ၃၅၇,၁၅၉ ဦးရှိပြီဖြစ်ရာ ၂၀၁၁ ခုနှစ်ထက် ၄၇ ရာခိုင်နှုန်းတက်လာကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။ ယခင်နှစ်က အလားတူကာလတွင် ၂၄၃,၃၃၇ ဦးသာ ရှိခဲ့သည်။

"ကျွန်တော် သိသလောက်တော့ အမေရိကန်တွေမြန်မာနိုင်ငံကိုအရမ်းစိတ်ဝင်စားနေကြတယ်။ သမ္မတကြီးနဲ့ ဒေါ်အောင်ဆန်းစုကြည်ခရီးစဉ်ပြီးမှ ပိုလာတာတွေ့ရတယ်" ဟု ဧည့်လမ်းညွှန်တစ်ဦးက ပြောသည်။



*ရန်ကုန်မြို့သို့ လာရောက်လည်ပတ်သော နိုင်ငံခြားခရီးသွားအဖွဲ့တစ်ဖွဲ့ကို ဆူးလေစေတီတော်အနီး တွေ့ရစဉ်*

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

# MAI အဲဘတ်စ်လေယာဉ်သစ်တစ်စီး ထပ်မံရောက်ရှိ

**နိုင်ချို**

**ရန်ကုန်၊ အောက်တိုဘာ-၂၇**

အပြည်ပြည်ဆိုင်ရာမြန်မာ့လေကြောင်းလိုင်း MAI မှ သတ္တမမြောက် လေယာဉ် Airbus A320 ထပ်မံရောက်ရှိပြီး MAI မှ ထပ်မံပြေးဆွဲမည့် ခရီးစဉ်များ၌ ယင်းလေယာဉ်အား အသုံးပြုသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

"အခုရောက်ရှိတဲ့ Airbus A320 မှာ ထိုင်ခုံ ၁၈၀ ပါတယ်။ ဒီနှစ်ထဲမှာ လေယာဉ်အသစ်ကသုံးစီးရှိပြီး နောက်ထပ်လည်း ထပ်ရောက်ဖို့ရှိပါတယ်။ နိုင်ငံတကာလေကြောင်းလိုင်းအနေနဲ့လည်း ထပ်မံတိုးချဲ့သွားမှာပါ" ဟု အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်း (MAI) မှ တာဝန်ရှိသူတစ်ဦးဖြစ်သူ ဒေါ်အေးမရသာက ပြောသည်။

MAI အနေဖြင့် လက်ရှိအချိန်တွင် ရန်ကုန်မှ တိုက်ရိုက်ဘန်ကောက်၊ စင်ကာပူ၊ ကွာလာလမ်ပူ၊ ဗုဒ္ဓဂါယာ၊ ကွမ်ကျိုးမြို့များအပြင် အောက်တိုဘာ ၂၈ ရက်မှစတင်ကာ ဘန်ကောက်-စင်ကာပူ-ဘန်ကောက်ခရီးစဉ်အားတိုးချဲ့ပျံသန်းသွားမည်ဖြစ်သည်။ ထိုကြောင့် ရန်ကုန်မှဘန်ကောက်မြို့အပြင် စင်ကာပူမြို့သို့ တစ်ဆက်တည်းသွားလိုသော ခရီးသည်များအနေဖြင့် ပိုမိုအဆင်ပြေနိုင်မည်ဖြစ်ကြောင်း ဒေါ်အေးမရသာက ဆိုသည်။

နိုဝင်ဘာ ၁ ရက်မှ စတင်၍ မန္တလေးမှတိုက်ရိုက် မန္တလေး-ဂါယာသို့ ပြေးဆွဲသွားမည်ဖြစ်ပြီး မန္တလေးမှ ဘန်ကောက်၊ စင်ကာပူနှင့် ကူမင်းမြို့များသို့ ပြေးဆွဲရန် စီစဉ်လျက်ရှိသည်။ ယခုနှစ် ဒီဇင်ဘာလတွင် ရန်ကုန်မှ ဟောင်ကောင်သို့ တိုက်ရိုက်ပြေးဆွဲမည်ဖြစ်ကြောင်း MAI လေကြောင်းလိုင်းမှ သတင်းထုတ်ပြန်သည်။

# နိုင်ငံတကာလေဆိပ်လေးခု ရှိလာမည်

**အိဖြူလွင်၊ မိုးညို**

**ရန်ကုန်၊ အောက်တိုဘာ-၂၇**

မြန်မာနိုင်ငံတွင် နိုင်ငံတကာ လေဆိပ်လေးခုရှိလာမည်ဖြစ်ကြောင်း လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးတင်နိုင်ထွန်းက ပြောသည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် တိုးချဲ့ရေးအပိုင်းနှင့်ပတ်သက်၍ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် တွေ့ဆုံသည့်ပွဲတွင် ယခုကဲ့သို့ ထည့်သွင်းပြောကြားသွားခြင်းလည်းဖြစ်သည်။ လက်ရှိတွင် ရန်ကုန်နှင့် မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်တို့အပြင် အနာဂတ်တွင် နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်အပြင် ဟံသာဝတီ အပြည်ပြည်ဆိုင်ရာလေဆိပ်ကိုလည်း ထပ်မံတိုးချဲ့သွားမည်လည်းဖြစ်ကြောင်း ဦးတင်နိုင်ထွန်းက ပြောသည်။

"အဓိက မေဂျာဂိတ်ဝေးကတော့ ဟံသာဝတီ ဖြစ်လာနိုင်တာပေါ့" ဟု ဦးတင်နိုင်ထွန်းက ဆိုသည်။ အဓိက အပြည်ပြည်ဆိုင်ရာဝင်ပေါက်ဖြစ်လာနိုင်သည့် ဟံသာဝတီ အပြည်ပြည်ဆိုင်ရာလေဆိပ်မှာမြေဧက ၉၀၀၀ ကျော်ကျယ်ဝန်းပြီး ရန်ကုန်လေဆိပ်ထက် ၁၀ ဆကျော် ကျယ်ဝန်းကာ ၁၉၉၃ ခုနှစ်တွင်မြေပြင်ရှင်းလင်းရေး လုပ်ငန်းများကိုသာ လုပ်ဆောင်ထားခဲ့ရာမှ ယခု ၂၀၁၂ ခုနှစ်တွင် ပြန်လည်စတင်ရေးအတွက် ဆောင်ရွက်နေပြီဖြစ်ကြောင်း လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။

အဆိုပါ ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ်အတွက်တင်ဒါ တင်သွင်းရွေးချယ်ထားသည့် ၃၀ ကျော်ပါဝင်ပြီး မြန်မာကုမ္ပဏီနှစ်ခုသာပါဝင်လာခဲ့သည်။

နိုင်ငံတကာ အပြည်ပြည်ဆိုင်ရာ လေဆိပ်များ တိုးချဲ့ရန်အတွက် လုပ်ငန်းရှင်များအား တင်ဒါအသီးသီးခေါ်ယူခဲ့ရာမည်သည့်လေဆိပ်တွင်မည်ကဲ့သို့လုပ်ဆောင်ရမည်ကို ဝေခွဲရခက်နေခြင်းနှင့်ပတ်သက်၍ လေဆိပ်များတွင်ရင်းနှီးမြှုပ်နှံမယ်ဆိုရင် ဘယ်အတိုင်းအတာအထိ အကျိုးအမြတ်ရမယ်ဆိုတာကို စဉ်းစားနေတာ" ဟု ရန်ကုန်လေဆိပ် ပုဂ္ဂလိကလုပ်ကိုင်ခွင့်ရရှိရေးပွဲသို့ တက်ရောက်လာသည့် လုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

လက်ရှိတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ကို ပုဂ္ဂလိကလုပ်ငန်းရှင်များ ဝင်ရောက်လုပ်ကိုင်နိုင်ရေးအတွက် အောက်တိုဘာ ၂၅ ရက်တွင် နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့်စတင်ခေါ်ယူပြီး မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်အတွက် အကြိုရွေးချယ်မှုအဖြစ် ကုမ္ပဏီပေါင်း ၁၅ ခုကို စတင်ရွေးချယ်ထားပြီး နေပြည်တော်လေဆိပ်အတွက် လတ်တလော ခေါ်ယူထားခြင်း မရှိသေးကြောင်း လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၏ ကနဦးသတင်းများအရ သိရသည်။

အဆိုပါ လေဆိပ်များ အပြီးသတ်နိုင်ရေးအတွက် နောက်ဆုံးအချိန်အဖြစ် ၂၀၁၇ ခုနှစ်ကို သတ်မှတ်ထားသည်။ လက်ရှိတွင် မြန်မာနိုင်ငံ၌ လေယာဉ်ကွင်းပေါင်း ၆၉ ကွင်းရှိပြီး အသုံးပြုလျက်ရှိသော လေယာဉ်ကွင်းပေါင်း ၃၃ ကွင်းရှိကြောင်း သိရသည်။




7DAY NEWS JOURNAL
Vol.11, No.34 • NOVEMBER 1 , 2012

# Cartoon


## The Cartoon Logo


























7 DAY NEWS JOURNAL
Vol.11, No.34 • NOVEMBER 1 , 2012

## ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဗုဒ္ဓဘာသာသာသနိကအဆောက်အအုံများ ပြန်လည်တည်ဆောက်

**ဒါကာ၊အောက်တိုဘာ-၂၇**

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ကော့စ်ဘဇားနှင့် စစ်တကောင်းခရိုင်ဒေသများ၌ စက်တင်ဘာလအတွင်းက လူရမ်းကားများကြောင့် ပျက်စီးသွားသော ဗုဒ္ဓဘာသာ သာသနိကအဆောက်အအုံများကို အာဏာပိုင်များကပြန်လည်တည်ဆောက်နေကြောင်း သိရသည်။

ဝန်ကြီးချုပ်ရှိတ်ဟာစီနာ၏ ညွှန်ကြားချက်ဖြင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ စတင်နေပြီဖြစ်ကြောင်း ကော့စ်ဘဇားမှလာသော သတင်းများကဆိုသည်။ အဆိုပါ သာသနိကအဆောက်အအုံများကို ပြန်လည်တည်ဆောက်မည်ဟု ဝန်ကြီးချုပ်ရှိတ်ဟာစီနာက အာမခံပြောကြားသည်။


Photo - AFP

တည်ဆောက်ရေးလုပ်ငန်းများအား တာကာငွေ သန်း ၁၂၀ အကုန်အကျခံ၍ စစ်ဘက်အင်ဂျင်နီယာများက တာဝန်ယူလုပ်ကိုင်နေကြောင်း သတင်းများတွင် ဖော်ပြသည်။ အဆောက်အအုံများ၏ မူလပုံစံကို ဆက်လက်ထိန်းသိမ်းနိုင်ရန် ဒီဇိုင်းအသစ်များကို ဗုဒ္ဓဘာသာခေါင်းဆောင်များက နောက်ဆုံးအတည်ပြုပေးမည်ဟု အရာရှိများကပြောကြားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ အရှေ့တောင်ပိုင်းရှိ ဗုဒ္ဓဘာသာရွာများဖြစ်သော ရာမူး၊ ယူခိယာ၊ တက်နက်ဖ်၊ ပါတိယတို့၌ စက်တင်ဘာ ၂၉ နှင့် ၃၀ ရက်များတွင် ဖြစ်ပေါ်ခဲ့သော ထိန်းမနိုင်သိမ်းမရဖြစ်ရပ်များမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသမိုင်းတွင် ဖြစ်ပေါ်သည့် အဆိုးရွားဆုံး လူအုပ်စုလိုက်ရမ်းကားမှု ဖြစ်ခဲ့သည်။

အဆိုးဆုံးထိခိုက်ခဲ့သည့် ရာမူးဒေသသို့ သွားရောက်လည်ပတ်ခဲ့သည့် ဝန်ကြီးချုပ်ရှိတ်ဟာစီနာကလည်း ယင်းတိုက်ခိုက်မှုတွင်ပါဝင်သည့်မည်သူကိုမဆို သက်ညှာမည်မဟုတ်ကြောင်း ဗုဒ္ဓဘာသာခေါင်းဆောင်ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့အား ပြောကြားခဲ့ကြောင်း သိရသည်။ *—Ref: The Hindu*

## ကမ္ဘောဒီးယားဘုရင်ဟောင်းသီဟာနု ရုပ်ကလာပ် ၂၀၁၃ ဖေဖော်ဝါရီတွင် မီးသင်္ဂြိုဟ်မည်

**ဖနွမ်းပင်၊အောက်တိုဘာ-၂၇**

နတ်ရွာစံသွားခဲ့သည့် ကမ္ဘောဒီးယားဘုရင်ဟောင်း နိုရိုဒွန်သီဟာနု၏ ရုပ်ကလာပ်ကို တော်ဝင်နန်းတော်၌ သုံးလကြာထားရှိပြီး လာမည့် ၂၀၁၃ ဖေဖော်ဝါရီလတွင် မီးသင်္ဂြိုဟ်သွားမည်ဖြစ်ကြောင်း ကမ္ဘောဒီးယားဝန်ကြီးချုပ်ဟွန်ဆင်က ပြောကြားသည်။

ကမ်ပေါင်ချနန်ပြည်နယ်တွင် ပြုလုပ်သော အခမ်းအနားတစ်ခု၌ ဒေသခံများအား ဝန်ကြီးချုပ်ဟွန်ဆင်က "တော်ဝင်နန်းတော်မိသားစုတွေ အဆိုအရ ဘုရင့်ရဲ့ရုပ်ကလာပ်တော်ကို ၂၀၁၃ ဖေဖော်ဝါရီမှ မီးသင်္ဂြိုဟ်ပြာချတာ လုပ်နိုင်မှာပါ"ဟု ပြောသည်။ ထို့အပြင် ၎င်းက ကမ္ဘောဒီးယားအစိုးရသည် နိုင်ငံခြားဧည့်သည်များနှင့် ပြည်သူများ ဘုရင်ကို ဂါရဝပြုနိုင်ရန် မြို့တော်ရှိ လွတ်လပ်ရေးကျောက်တိုင်ရှိရာ ပန်းခြံတွင် ရုပ်ထုတစ်ခု ထားရှိသွားမည်ဟု ပြောသည်။ ဝန်ကြီးချုပ်ဟွန်ဆင်သည် အထက်ပါအခမ်းအနားတွင် ဘုရင်သီဟာနု၏ ရုပ်ကလာပ်အား ဘေဂျင်းမှ ဖနွမ်းပင်သို့ သယ်ဆောင်ရေးတွင် အထူးလေယာဉ်ဖြင့် စီစဉ်ပေးခဲ့သော တရုတ်ခေါင်းဆောင်များကိုလည်း အထူးကျေးဇူးတင်ကြောင်း ပြောကြားခဲ့သည်။

ကမ္ဘောဒီးယားဘုရင်သီဟာနုသည် အသက် ၉၀ အရွယ် အောက်တိုဘာ ၁၅ ရက်တွင် ဘေဂျင်း၌ ကွယ်လွန်ခဲ့ပြီး ၎င်း၏ ရုပ်ကလာပ်ကို အောက်တိုဘာ ၁၇ ရက်တွင် ဇာတိမြေသို့ ပြန်လည်သယ်ဆောင်ခဲ့သည်။

*—Ref: Xinhua*

## အိန္ဒိယအစိုးရ ဝါရင့်ဝန်ကြီးလေးဦး နုတ်ထွက်

**နယူးဒေလီ၊အောက်တိုဘာ-၂၇**

အိန္ဒိယအစိုးရအဖွဲ့မှ ပြည်ပရေးရာဝန်ကြီး အက်စ်၊အမ်၊ခရစ်ရှုနား အပါအဝင် ဝါရင့်ဝန်ကြီးလေးဦးသည် အောက်တိုဘာ ၂၇ ရက်တွင်ဝန်ကြီးချုပ်မန်မိုဟန်ဆင်းထံ နုတ်ထွက်စာတင်ခဲ့ကြကြောင်း သိရသည်။

ဆင်ဟွာသတင်း၏ အဆိုအရပြည်ပရေးရာဝန်ကြီး ခရစ်ရှုနားသည် ယမန်နေ့ညနေကပင် နုတ်ထွက်ကြောင်း ကြေညာခဲ့ပြီး ဝန်ကြီးချုပ်နှင့် ယခုနံနက်ပိုင်းတွင် တွေ့ဆုံကာလုပ်ထုံးလုပ်နည်းအရ နုတ်ထွက်စာပေးအပ်ခဲ့ကြောင်း ဆိုသည်။ ဝန်ကြီးချုပ်ဆင်းနှင့် တွေ့ဆုံပြီးနောက် အသက် ၈၀ အရွယ် ဝန်ကြီးခရစ်ရှုနားက "လူငယ်တွေကို တာဝန်လွှဲပြောင်းပေးဖို့ အချိန်ကျပါပြီ"ဟု ပြောသည်။ ဝန်ကြီးခရစ်ရှုနားသည် ကွန်ဂရက်ပါတီဦးဆောင်သော UPA မဟာမိတ်အဖွဲ့ ၂၀၀၉ ခုနှစ်တွင် ပြန်လည်ရွေးကောက်ခံရချိန်မှစ၍ ဝန်ကြီးတာဝန်ယူခဲ့ပြီး ကွန်ဂရက်ပါတီအတွက် ဆက်လက်လုပ်ဆောင်သွားမည်ဟု ဆိုထားသည်။ အခြားနုတ်ထွက်သွားသော ဝန်ကြီးသုံးဦးမှာ သတင်းနှင့်ပြန်ကြားရေးဝန်ကြီး အမ်ဘီကာဆိုနီ၊ လူမှုညီမျှရေးနှင့် စွမ်းရည်မြှင့်မားရေးဝန်ကြီး မူကယ်ဝါစနစ်၊ ခရီးသွားလုပ်ငန်းဝန်ကြီး ဆူကော့ဒ်ကန့်ဆာဟေးတို့ဖြစ်ကြသည်။ သတင်းများအရ နုတ်ထွက်သွားသော ဝန်ကြီးများ နေရာတွင် လူငယ်များဖြင့် အစားထိုးဖွယ်ရှိပြီး အာဏာရပါတီ ကွန်ဂရက်ပါတီအတွင်း၌လည်း ပါတီအကြီးအကဲ ဆိုနီယာဂန္ဒီ၏သား ရာဟူးလ်ဂန္ဒီက ဥက္ကဋ္ဌနေရာ ရယူဖွယ်ရှိကြောင်း သတင်းပြေးနေသည်။

*—Ref: Xinhua*





7 DAY NEWS JOURNAL
Vol.11, No.34 • NOVEMBER 1 , 2012



# ဂရိနိုင်ငံတွင် ပြုပြင်ပြောင်းလဲမှုအများအပြား လုပ်ဆောင်ရန် သုံးပွင့်ဆိုင်အဖွဲ့တောင်းဆို

**ဘာလင်၊အောက်တိုဘာ-၂၉**
ဂရိနိုင်ငံ၏ စီးပွားရေးတွင် ပြုပြင်ပြောင်းလဲမှု ၁၅၀ ခန့် ထပ်မံလုပ်ဆောင်ရန်နှင့် မြို့ရှင်များကလည်း ဂရိကြွေးမြီများကို ထပ်မံပယ်ဖျက်ပေးကြရန် နိုင်ငံတကာမှ ကျွမ်းကျင်သူများပါဝင်သော စာရင်းစစ်အဖွဲ့က တောင်းဆိုလိမ့်မည်ဖြစ်ကြောင်း ဂျာမနီအပတ်စဉ်သတင်းစာ စပီးဂဲလ်ကဖော်ပြသည်။

နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့၊ ဥရောပသမဂ္ဂနှင့် ဥရောပဗဟိုဘဏ်တို့ ပါဝင်သည့် သုံးပွင့်ဆိုင်အဖွဲ့၏ ယာယီအစီရင်ခံစာအား ကိုးကား၍ စပီးဂဲလ်ကဖော်ပြရာတွင် ဂရိနိုင်ငံအနေဖြင့် ပြုပြင်ပြောင်းလဲမှုများ ဆက်လက်အကောင်အထည်ဖော်ရန် အချိန် ၂ နှစ် ထပ်မံရရှိမည်ဖြစ်သော်လည်း ယင်းအတွက် ယူရိုဘီလီယံနှင့်ချီ၍ ထပ်မံပေးအပ်ရမည်ဖြစ်သည်။

ဂရိအစိုးရအနေဖြင့် ပြုပြင်ပြောင်းလဲမှု ၆၀ ရာခိုင်နှုန်းခန့်ကို အကောင်အထည်ဖော်ပြီးဖြစ်ကာ ကျန် ၂၀ ရာခိုင်နှုန်းကို ဂရိအစိုးရအတွင်း ငြင်းခုံဆွေးနွေးနေပြီး နောက်ထပ် ၂၀ ရာခိုင်နှုန်းအား အကောင်အထည်ဖော်ရန် ကျန်ရှိနေသေးကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

ထို့အပြင် အခြားယူရိုဇုန်နိုင်ငံများအနေဖြင့် ဂရိနိုင်ငံမှ ၎င်းတို့အပေါ် တင်ရှိနေသည့် ကြွေးမြီများအား ထပ်မံပယ်ဖျက်ပေးရန် အဆိုပြုတင်ပြထားသည်။

ဥရောပဗဟိုဘဏ်အနေဖြင့်မူ ဂရိကြွေးမြီများကို ပယ်ဖျက်မပေးနိုင်ကြောင်း၊ အကြောင်းမှာ ယင်းသို့ လုပ်ဆောင်ပါက ဂရိနိုင်ငံအတွက် ဘဏ္ဍာရေးထောက်ပံ့ပေးခြင်းသဘော သက်ရောက်၍ ယင်းကို ဥရောပသမဂ္ဂ စည်းမျဉ်းစည်းကမ်းများတွင် ပိတ်ပင်ထားကြောင်း စပီးဂဲလ်၏ သတင်းစာတွင် ဖော်ပြသည်။ —*Ref: AFP*

## Leader's Profile

# ဟွန်ဒါကားကုမ္ပဏီဥက္ကဋ္ဌ တာကာနိုဘူအီတို

ရဲမင်း



မစ္စတာ တာကာနိုဘူအီတိုသည် ဂျပန်နိုင်ငံ၏ ဒုတိယအကြီးဆုံး ကားထုတ်လုပ်ရေး ကုမ္ပဏီကြီးဖြစ်သော ဟွန်ဒါကုမ္ပဏီ၏ သတ္တမမြောက်ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်ဖြစ်သည်။ ဥက္ကဋ္ဌဟောင်းဖြစ်သူ တာကီအိုဖူကူအီထံမှ ၂၀၀၉ ဇွန်လမှစ၍ ဥက္ကဋ္ဌတာဝန်ကို လွှဲပြောင်းရယူခဲ့သည်။

တာကာနိုဘူအီတိုကို ၁၉၅၃ ခုနှစ်ဩဂုတ်လ ၂၃ ရက်တွင် မွေးဖွားခဲ့သည်။ အီတိုသည် ကျိုတိုတက္ကသိုလ်၌ တက်ရောက်ပညာသင်ကြားခဲ့ပြီး အင်ဂျင်နီယာမာစတာဘွဲ့ ရရှိခဲ့သည်။ အီတိုသည် ၁၉၇၈ ခုနှစ်တွင် ဟွန်ဒါကုမ္ပဏီတွင် စတင်ဝင်ရောက်လုပ်ကိုင်ခဲ့ပြီး ကားလုပ်ငန်းသုတေသနနှင့်ဖွံ့ဖြိုးရေးဌာန (R & D)တွင် တာဝန်ထမ်းဆောင်သည်။ ကားများ၏ ချက်စစ် (Chasis)ဒီဇိုင်းအတွက် အင်ဂျင်နီယာတစ်ဦးအဖြစ် လုပ်ကိုင်ခဲ့သည်။

ယင်းနောက်တွင် အီတိုသည် ဟွန်ဒါကုမ္ပဏီထုတ် NSX Sports Car အတွက် အလူမီနီယမ်ချည်းသက်သက် ပါဝင်သောဖရိန်ကို ဦးဆောင်ထုတ်လုပ်ခဲ့သည်။ ယင်းမှာ ဈေးကွက်သို့ ရောင်းချရန် ပထမဦးဆုံးထုတ်လုပ်သည့် အလူမီနီယမ်ဖရိန်ဖြစ်သည်။ ထို့အပြင် အီတိုသည် ၁၉၉၀ ခုနှစ်များအတွင်း ဂျပန်ဈေးကွက်အတွက် ဆီဒင်ကားအသေးစား အများအပြားထုတ်လုပ်ရာတွင်လည်း ဦးဆောင်ခဲ့သည်။

၁၉၉၇ ဇွန်လတွင် ဟွန်ဒါ R & D Co., Ltd. ၏ ဒါရိုက်တာဖြစ်လာခဲ့သူအီတိုသည်၁၉၉၈ဧပြီမှ ၂၀၀၀ ပြည့်နှစ် မတ်လအထိ Honda R & D Americas Inc. ၏ ဒုတိယအမှုဆောင်ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့ပြီး ဟွန်ဒါ Acura အမှတ်တံဆိပ်အတွက် ပထမဦးဆုံး Sport Utility Vehicle (SUV) ကိုထုတ်လုပ်ရောင်းချနိုင်ခဲ့သည်။

၂၀၀၀ ပြည့်နှစ် ဇွန်လတွင် ဟွန်ဒါမော်တာကုမ္ပဏီ၏ ဒါရိုက်တာဘုတ်အဖွဲ့၌ ရွေးချယ်ခံရပြီး တစ်ချိန်တည်းမှာပင် Honda R & D ၏ အုပ်ချုပ်မှုဒါရိုက်တာအဖွဲ့ ရာထူးတိုးမြှင့်ရရှိခဲ့သည်။ ယင်းနောက် ၂၀၀၃ ဇွန်လတွင် Honda R & D ဥက္ကဋ္ဌနှင့် ဒါရိုက်တာဖြစ်လာသည်။ မစ္စတာအီတိုသည် ၂၀၀၅ ဧပြီလတွင် ဟွန်ဒါဆူဇူကီးကားစက်ရုံ၏ ကားထုတ်လုပ်ရေးလုပ်ငန်း၌ ပါဝင်လုပ်ကိုင်လာခဲ့သည်။

၂၀၀၇ ဧပြီလတွင် ဟွန်ဒါကားလုပ်ငန်းတစ်ခုလုံး၏ လုပ်ငန်းလည်ပတ်ရေး အရာရှိချုပ်အဖြစ် တာဝန်ယူလုပ်ကိုင်ခဲ့ပြီး ယင်းနှစ်ဇွန်လမှာပင် အကြီးတန်းစီမံခန့်ခွဲရေးဒါရိုက်တာ (MD) ဖြစ်လာခဲ့သည်။ ၂၀၀၉ ခုနှစ် ဧပြီလမှစ၍ ဟွန်ဒါကုမ္ပဏီဥက္ကဋ္ဌနှင့် Honda R & D ၏ ဒါရိုက်တာအဖြစ်စတင်တာဝန်ယူခဲ့သည်။

လူများအား အလယ်ဗဟိုတွင်ထားစဉ်းစား၍ စိတ်လှုပ်ရှားပျော်ရွှင်စရာ ထုတ်ကုန်များ ထုတ်လုပ်ပံ့ပိုးပေးခြင်းဖြင့် လူ့အဖွဲ့အစည်းက ဆက်လက်တည်တံ့နေစေချင်သော ကုမ္ပဏီတစ်ခုဖြစ်လာရေးကြိုးစားအားထုတ်နေကြောင်း သတင်းစကားပါးရင်း မစ္စတာ တာကာနိုဘိုအီတိုသည် ၂၀၁၁ မတ်လတွင် ကြီးမားသော ဂျပန်ငလျင်နှင့် အောက်တိုဘာလ ထိုင်းနိုင်ငံရေကြီးမှုများအတွင်း ဟွန်ဒါကုမ္ပဏီ၏ အခက်အခဲနှင့် အကျပ်အတည်းများကို ဦးဆောင်ဖြေရှင်းခဲ့ရသည်။ —*Ref: Wikipedia*

## နောက်ကျောဖုံး - ဟာရီကိန်းမုန်တိုင်းကြောင့် အမေရိကန်တွင် အရေးပေါ်အခြေအနေထုတ်ပြန် မှ




မုန်တိုင်းအတွက် ပြင်ဆင်ရေး လိုအပ်သောအထောက်အပံ့များ ရရှိနိုင်ရန် သမ္မတအိုဘားမားသည် ပြည်နယ်နှင့် ဒေသခံအစိုးရများနှင့် အတူ မုန်တိုင်းအား စောင့်ကြည့်အကဲခတ်နေသည်။

ဖက်ဒရယ် အရေးပေါ် အခြေအနေ ကိုင်တွယ်ရေးအေဂျင်စီ ညွှန်ကြားရေးမှူး ကရက်ဖူဂိတ်က ယခုမုန်တိုင်းမှာ ကမ်းရိုးတန်းဒေသများသာမက ကုန်းတွင်းပိုင်းဒေသများအတွက်ပါ အန္တရာယ်ရှိကြောင်း ပြောကြားသည်။

'ဆန်ဒီ'ဟာရီကိန်းမုန်တိုင်းသည် မြောက်ကယ်ရိုလိုင်းနားပြည်နယ် ကေ့ပ်ဟက်တာရက်စ်ဒေသမှ မိုင် ၂၆၀ အကွာတွင်ရှိနေပြီး လေတိုက်နှုန်း တစ်နာရီ ၇၅မိုင်နှုန်းအထိရှိကာ ၂၄နာရီအတွင်း အတ္တလန်တစ်အလယ်ပိုင်းပြည်နယ်များဆီသို့ ရောက်ရှိလာမည်ဟု မီယာမီအမျိုးသားဟာရီကိန်းစင်တာကထုတ်ပြန်သည်။ —*Ref: AP*

## နောက်ကျောဖုံး - ယူကရိန်းရွေးကောက်ပွဲတွင် သမ္မတယာနူကိုဗစ်၏ပါတီ အနိုင်ရဟုကြွေးကြော် မှ

ရွေးကောက်ပွဲတွင် စောင့်ကြည့်လေ့လာသူပေါင်းများစွာလည်း ရောက်ရှိနေ၍ ရွေးကောက်ပွဲမှ ၎င်း၏ဒီမိုကရက်တစ်ဆန်မှုကို အားကောင်းစေမည်ဟု မစ္စတာယာနူကိုဗစ်က မျှော်လင့်ထားသည်။

အနောက်တိုင်းအစိုးရများကမူ အတိုက်အခံအဖွဲ့ခေါင်းဆောင် မစ္စယူလီယာတိုင်မိုရှန်ကိုအား ထောင်သွင်းအကျဉ်းချထားခြင်းအတွက် မစ္စတာယာနူကိုဗစ်အား ဝေဖန်ပြောကြားကြသည်။

ရွေးကောက်ပွဲမှာ အထစ်အငေါ့မရှိ ချောမွေ့စွာပြီးဆုံးသွားခဲ့ကြောင်း အရာရှိများကပြောကြားသည်။ မဲပေးခွင့်ရှိသူ စုစုပေါင်း၏ ၄၅ ရာခိုင်နှုန်းခန့် မဲပေးခဲ့ပြီး ယင်းမှာ ယူကရိန်းရွေးကောက်ပွဲ



ပျမ်းမျှမဲပေးနှုန်းထက် မြင့်မားသည်ဟု ဘီဘီစီသတင်းတွင် ဖော်ပြသည်။ —*Ref: BBC*

## နောက်ကျောဖုံး - အိန္ဒိယအစိုးရအဖွဲ့အတွင်း ဝန်ကြီးသစ် ၂၂ ဦး ခန့်အပ်ကာ အပြောင်းအလဲပြုလုပ် မှ

နေရာများမှာ ရေနံလုပ်ငန်း၊ နိုင်ငံခြားရေးနှင့် တရားရေးဝန်ကြီးနေရာများ ပါဝင်ခဲ့သည်။ အသက် ၈၀ အရွယ်ရှိ နိုင်ငံခြားရေးဝန်ကြီး အက်စ်အမ်ကရစ်ရှနားမှာ "လူငယ်များကို နေရာပေးရန်"ဟုဆိုကာ နုတ်ထွက်ခဲ့သည်။ ၎င်း၏နေရာတွင် ယခင်ဥပဒေဝန်ကြီး ဆယ်လ်မန်ကာရှစ် (၅၉ နှစ်)ကို အစားထိုးခန့်အပ်ခဲ့သည်။

အိန္ဒိယနိုင်ငံတွင် ကွန်ဂရက်ပါတီသည် အိန္ဒိယနိုင်ငံရေးကို နှစ်ပေါင်း ၆၀ ကျော် လွှမ်းမိုးထားခဲ့ပြီး ၂၀၀၉ တွင် ပြန်လည်အာဏာရချိန်မှစ၍ အစိုးရအဖွဲ့ဝင်များ၏ ခြစားမှုနှင့် မမှန်မကန်လုပ်မှုများကို စွပ်စွဲပြစ်တင်မှုများ ပေါ်ပေါက်လာခဲ့သည်။ —*Ref: CNA*

## နောက်ကျောဖုံး - ဝမ်ကြားပေါင် မိသားစုရှေ့နေများ နယူးယောက်တိုင်းမ်သတင်းကို မဟုတ်မှန်ဟု တုံ့ပြန်ကြေညာ မှ

နယူးယောက်တိုင်းမ်တွင် ဖော်ပြခဲ့သော ထိုဆောင်းပါးတွင် တရုတ်အစိုးရ၏ နံပါတ်နှစ်ခေါင်းဆောင်၏ ဆွေမျိုးများသည် ၎င်း၏ရာထူးသက်တမ်းကာလအတွင်းမည်သို့ကြွယ်ဝလာသည်ကို အသေးစိတ်ရေးသားထားသည်။ သတင်းစာဆောင်းပါးတွင် ဝန်ကြီးချုပ်ဝမ်၏သားနှင့်ဇနီးအပြင် အခြားဆွေမျိုးများ၏ ဘဏ်လုပ်ငန်း၊ ကျောက်မျက်ရတနာနှင့် တယ်လီဖုန်းဆက်သွယ်ရေးကဏ္ဍ၌ ၁၉၉၂မှ ၂၀၁၂ နှစ်ပေါင်းနှစ်ဆယ်အတွင်း ရင်းနှီးမြှုပ်နှံမှုနှင့် ပိုင်ဆိုင်မှုတန်ဖိုးကို အနည်းဆုံး ဒေါ်လာ ၂ ဒသမ ၇ ဘီလီယံရှိသည်ဟု ဖော်ပြခဲ့သည်။

နယူးယောက်တိုင်းမ်၏ သတင်းကို တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနကလည်း ငြင်းဆိုခဲ့ပြီး ဆောက်သ်ချိုင်းနားမောနင်းပို့စ်ပါ ပြန်လှန်ဖြေရှင်းချက်တွင်မူ ဝမ်၏ဆွေမျိုးများဘက်မှ ရှေ့နေပိုင်တောက်နှင့် ဝမ်ဝေ့ရန်တို့က ကိုယ်စားကြေညာထားသည်။

နယူးယောက်တိုင်းမ်၏ အထက်ပါ သတင်းဆောင်းပါးသည် နိုဝင်ဘာလတွင် ပြုလုပ်မည့် တရုတ်ကွန်မြူနစ်ပါတီ၏ ကွန်ဂရက်နှင့် ခေါင်းဆောင်မှုလွှဲပြောင်းမည့် အချိန်မရောက်မီ အချိန်ကိုက် ပေါ်ထွက်လာခဲ့ခြင်းဖြစ်သည်။ —*Ref: CNA*



7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.11, No.34 • NOVEMBER 1 , 2012

ဒီနေ့ကာလရဲ့ လူသိအများဆုံး ကမ္ဘာကျော်သီချင်းတစ်ပုဒ်ကို ပြပါဆိုရင် ကိုရီးယားပေါ့ပ်ရက်ပ်အဆိုတော် PSY ရဲ့ 'ဂန်နမ်းစတိုင်လ်' Gangnam Style သီချင်းကိုပဲ ပြရမယ်ထင်ပါတယ်။ နာမည်ရင်းက ပက်စ်ဂျေးဆန်ဖြစ်ပြီး အနုပညာအမည်အဖြစ် PSY (Psycho/ 'ဆိုက်ကို' စကားလုံးရဲ့ အတိုကောက်)လို့ ယူထားတဲ့ အသက် ၃၄ နှစ်အရွယ် ကိုရီးယားအဆိုတော်ရဲ့ မြူးမြူးကြွကြွအကနဲ့ အဆိုဂီတဗီဒီယိုသီချင်းဟာ အင်တာနက်ဗီဒီယိုဝက်ဘ်ဆိုက် You Tube မှာ ကြည့်ရှုခံရမှုအကြိမ် သန်း ၄၀၀ ကျော်ရှိခဲ့ပြီး ဆိုက်ရဲ့သမိုင်းမှာ လူကြိုက်အများဆုံး ဗီဒီယိုတစ်ခု ဖြစ်လာခဲ့ပါတော့တယ်။ PSY ရဲ့ 'ဂန်နမ်းစတိုင်လ်' ဂီတဗီဒီယိုဟာ မြူးကြွသွက်လက်လှပြီး မြင်းကို ဒုန်းစိုင်းစီးပြသလို သူ့အကဟန်ကလည်း ကမ္ဘာတစ်ဝန်းမှာ ဝက်စ်ပွိုင့်စစ်တက္ကသိုလ်ကျောင်းဆင်းတွေကနေ ဖိလစ်ပိုင်က အကျဉ်းသားတွေအထိ နေရာအနှံ့မှာ အတုခိုးကပြကြတဲ့အထိ အောင်မြင်ခဲ့ပါတယ်။ ပြောရရင်တော့ 'ဂန်နမ်းစတိုင်လ်'ဟာ ကမ္ဘာလုံးဆိုင်ရာယဉ်ကျေးမှုအသွင်သဏ္ဌာန် Global Cultural Phenomena ပါပဲ။ 'ဂန်နမ်းစတိုင်လ်'ဟာ ဗြိတိန်မှာ အရောင်းရဆုံးသီချင်းတွေ စာရင်းမှာ နံပါတ်တစ်ဖြစ်ခဲ့ပြီး အမေရိကန်မှာတော့ နံပါတ်နှစ်ဖြစ်ခဲ့ကာ တရုတ်ပြည်မကြီးမှာလည်း အွန်လိုင်းကနေ Download ဆွဲယူမှုအများဆုံး သီချင်းဖြစ်ခဲ့ပါတယ်။

# "ခင်ဗျား PSY လားမေးတော့ ကျွန်တော် ဂျွန်ဘွန်ဂျိုဗီပါလို့ ဖြေလိုက်တယ်"

## ဂန်နမ်းစတိုင်လ်နဲ့ ကမ္ဘာကျော်လာတဲ့ ကေပေါ့ပ်အဆိုတော် PSY နှင့် တွေ့ဆုံခြင်း

ကျော်မျိုး



Psy ရဲ့ ဒီသီချင်းဟာ ၎င်းရဲ့ဆဋ္ဌမမြောက်အယ်လ်ဘမ် PSY's Best 6th Part 1 မှာပါဝင်ခဲ့တာဖြစ်ပြီး ဒီသီချင်း ဒီလိုအောင်မြင်မယ်လို့ သူကိုယ်တိုင်တောင် တွေးမိခဲ့တာ မဟုတ်ပါဘူး။ "ကျွန်တော် ဒီသီချင်းကို ဆိုခဲ့တာ ၁၂ နှစ်ကြာပါပြီ။ ကိုရီးယားအတွက်ပဲ။ နိုင်ငံခြား (ပရိသတ်)တွေအတွက် မဟုတ်ခဲ့ပါဘူး။ ဒါမျိုးလည်း မျှော်လင့်မထားခဲ့ဖူးလေ။ အရာရာအားလုံးဟာ ဖြစ်ပျက်သွားတာ သိပ်မြန်လွန်းနေတယ်"လို့ နယူးယောက်တိုင်းမ်ရဲ့ အမေးကို တယ်လီဖုန်းနဲ့ လှမ်းဖြေပါတယ်။ PSY ဟာ ယခုဆိုရင် ဂျပ်စတင်ဘီဘာရဲ့ မန်နေဂျာ စကူတာဘရောင်းနဲ့ စာချုပ်ချုပ်ကာ အင်္ဂလိပ်လိုသီဆိုမယ့် သီချင်းတွေသွင်းဖို့ ရှိနေတယ်လို့ သိရပါတယ်။ ဒါကြောင့် ကမ္ဘာမှာ တင်မကမြန်မာသီချင်းချစ်သူတွေကြားမှာပါ လူကြိုက်များနေတဲ့ 'ဂန်းနမ်းစတိုင်လ်'ရဲ့ ဖန်တီးရှင် PSY နဲ့နယူးယောက်တိုင်းမ်မှမယ်လင်နာရိုင်ဇစ်တို့ အင်တာဗျူးကို အပြည့်အစုံပြန်လည်ဖော်ပြပေးလိုက်ရပါတယ်။

**'ဂန်းနမ်းစတိုင်လ်'သီချင်းပုံစံ အမျိုးမျိုးနဲ့ 'ပေါက်'တော့မယ်လို့ ဘယ်အချိန်မှာ အာရုံရခဲ့တာလဲ။**

ကျွန်တော် ဒီသီချင်းကို ဇူလိုင် ၁၅ မှာ ဖြန့်ချိခဲ့တာပါ။ ၁၀ ရက်လောက်ကတော့ ဘာဆိုဘာမှမမြင်ခဲ့ဘူး။ ၁၀ ရက်လည်းကျော်ရော You Tube ဝက်ဘ်ဆိုက်ပေါ်မှာတခြားဘာသာစကားတွေနဲ့ အသံထွက် ဂယက်ထလာတာလေးတွေ တွေ့မိတာပါ။ နာမည်ကြီး အနုပညာရှင်တွေ အများကြီးကလည်း Twitter ဝက်ဘ်ဆိုက်ပေါ်မှာ ကျွန်တော့်ဂီတဗီဒီယိုကို ချီးကျူးဂုဏ်ပြုလာကြပြီ။ အဲဒီအချိန်လေးမှာပဲ ဒီသီချင်းတော့ 'ပေါက်'ပြီလို့ ကျွန်တော် သိနားလည်လိုက်တာပေါ့။

**ဒီသီချင်းက လူကြိုက်များတဲ့ မင်္ဂလာဆောင်အကသီချင်းလည်း ဖြစ်လာတယ်နော်။**

(ရယ်လျက်) ဒီအကက မင်္ဂလာဆောင်တွေနဲ့သင့်တော်တယ်လို့ ကျွန်တော် မတွေးမိခဲ့ဘူးဗျ။ ဒါက သမားရိုးကျအကတစ်မျိုး မဟုတ်ဘူးလေ။ ဒါက တော်တော်ဆိုးတဲ့အကပါ။ ဒါပေမဲ့ ကျွန်တော်ကတော့ ဒါကိုကြိုက်နေတုန်းဗျ။

**(သီချင်းထဲမှာ) အက လှုပ်ရှားပုံတွေနဲ့ လိုက်ဖက်အောင် ရှင်ဘယ်လိုလုပ်ခဲ့ရလဲ။**

(ကတဲ့ပုံစံ) အသစ်တစ်မျိုးကို ရှာတွေ့ဖို့ ကျွန်တော် ခက်ခက်ခဲခဲ ကြိုးစားခဲ့ရတာပါ။ ဒီလိုမြင်းအကမျိုး ရှာတွေ့ဖို့ ကျွန်တော် တစ်လလောက် အချိန်ပေးခဲ့ရတယ်။ စတူဒီယိုထဲမှာ ကျွန်တော်ရယ်၊ ကျွန်တော့် အကဆရာတွေရယ်ပေါ့။ ကျွန်တော်တို့ ညပေါင်း ၃၀ လောက် အချိန်ပေးခဲ့ပြီး စဉ်းစားနေပါတယ်။ ကျွန်တော်ရဲ့ နောက်ထပ်(ချပြမယ့်)အက ဘယ်လိုကပြမလဲပေါ့။ ဘာကြောင့်လဲဆိုတော့ ကိုရီးယားမှာ ကျွန်တော့်အကကို ကြီးကြီးမားမား မျှော်လင့်ချက်ထားကြတာတွေ ရှိနေတယ်။ ဒါကြောင့် ဒါဟာ ဖိအားတစ်လှေကြီးနဲ့ကိစ္စပါ။

**အမေရိကန်ဂီတကိုရော ရှင်တော်တော်လေး နားထောင်ဖြစ်လား။**

ကိုရီးယားက ဂီတသမားတိုင်းပါပဲ။ ခင်ဗျားတို့ ပေါ့ပ်ဂီတကနေ ကျွန်တော်တို့ လေ့လာကြရတာပါ။ ကျွန်တော်တို့ စေ့ဆော်မှုရကြတာပါ။ လာ့စ်ဗီးဂတ်စ်က iHeart Radio ပွဲတော်ကို ကျွန်တော်ရောက်သွားခဲ့တယ်။ ကျွန်တော် ခန်းမထဲ လမ်းလျှောက်သွားတုန်း လူတစ်ယောက်က ကျွန်တော့်ကို လှမ်းတားပြီး မေးတယ်။ "ခင်ဗျား PSY လား" တဲ့။ ဒီတော့ ကျွန်တော်ကလည်း ပြောလိုက်မယ်။ "ကျွန်တော် ဂျွန်ဘွန်ဂျိုဗီပါ"လို့။ ကျွန်တော်က ဘွန်ဂျိုဗီကို You Give Love a Bad Name (မှတ်ချက် - မြန်မာလို ကော်နီက 'အတွင်းကြေ'အမည်ဖြင့် ဆိုထားသော သီချင်းဖြစ်သည်။) သီချင်းပေါ်ကတည်းက နားထောင်ရင်းကြီးလာတာဗျ။ ဒါကြောင့် ဒါဟာ စိတ်လှုပ်ရှားစရာ အခိုက်အတန့်တစ်ခုတကယ်ဖြစ်ခဲ့တာပေါ့။ ကျွန်တော်တို့ ဓာတ်ပုံတွဲရိုက်ခဲ့ကြပြီး သူ့ဖေ့စ်ဘွတ်ခ်စာမျက်နှာမှာ အဲဒီဓာတ်ပုံတင်ခဲ့တယ်။ အဲဒါ မယုံနိုင်စရာပါပဲ။

**ရှင်က ဘော်စတွန်တက္ကသိုလ်နဲ့ ဘက်ကလီဂီတကောလိပ်တို့မှာလည်း ကျောင်းနေဖူးတယ်နော်။ ဘွဲ့ရခဲ့သေးလား။**

မရပါဘူး။ လေးနှစ်လောက်ကို ကျွန်တော်က ကျောင်းသားသစ်ပဲဖြစ်နေခဲ့တယ်။ သင်တန်းက ကျွန်တော့်အတွက် သိပ်စောလွန်းနေခဲ့ပါတယ်။

**ဒါပေမဲ့ ဂီတကျောင်းက ရှင့်ရဲ့ အကြိုက်ကို လွှမ်းမိုးခဲ့တယ် မဟုတ်လား။**

အဲဒီတုန်းကကျွန်တော်က အဆိုတော်မဟုတ်ဘဲ သီချင်းရေး ဆရာတစ်ယောက်ဖြစ်ဖို့ ကြိုးစားခဲ့တာပါ။ တခြားလူတွေဆီကနေ (အနုပညာ)ဖန်တီးမှုကိုကျွန်တော်မသင်ယူနိုင်ပါဘူး။ ကျွန်တော် ကိုယ့်ဟာကိုယ်ပဲ ရအောင်လုပ်ခဲ့ရတာပါ။ အခုတော့ ရိုးရိုးသားသားပြောရရင် ကျောင်းမှာ မသင်ခဲ့ရလို့ ကျွန်တော်နောင်တရနေပါတယ်။ ဟာမိုနီအသံတွေအကြောင်း ဒါမှမဟုတ် တခြားဘာဆိုဘာမှ ကျွန်တော်မသိဘူးဗျ။ ဒါကြောင့် ကျွန်တော် သီချင်းတစ်ပုဒ် ရေးဖွဲ့ရမယ်ဆိုရင် အဲဒါတကယ်ခက်ခဲပါတယ်။

**အရွယ်ရောက်လာတဲ့အထိ ဘယ်လိုဂီတအမျိုးအစားမျိုး နားထောင်ဖြစ်ခဲ့လဲ။**

ကျွန်တော်ရဲ့ တစ်ဘဝတာစံပြပုဂ္ဂိုလ် သူရဲကောင်းကတော့ ကွင်း (Queen) အဖွဲ့က ဖရက်ဒီမာကျူရီပါ။ သူ့သီချင်းရေးတဲ့အရည်အသွေးတွေကို ကျွန်တော်မချဉ်းကပ်နိုင်ပေမယ့် သူ့ရဲ့ပွဲထွက်ပုံပေါ့လေ။ အဲဒါကို ဗီဒီယိုတွေက ကျွန်တော် လေ့လာခဲ့ရတာပါ။ ကျွန်တော်က အခုလက်ရှိ ဗြိတိန်မှာ နံပါတ်တစ်ဖြစ်နေတယ်။ ဒါကြောင့် အဲဒီကို ကျွန်တော်သွားခွင့်ရမယ်ဆို Queen အဖွဲ့ရယ်၊ ဘွန်ဂျိုဗီရယ်၊ Aerosmith ရယ်၊ Guns N Roses ရယ်။ ကျွန်တော့်မှာ ရော့ခ်ဂီတအဖွဲ့တွေကို ရူးသွပ်မှုအကြီးကြီးရှိတယ်။ ကျွန်တော်က ဒရမ်လည်း နည်းနည်းတီးတယ်လေ။

**အဲဒီကနေ အဆိုပိုင်းကို အပြောင်းအလဲ ရှင်ဘယ်လိုလုပ်ခဲ့သလဲ။**

ကျွန်တော် အမေရိကန်မှာ နေတုန်း သီချင်းတစ်ပုဒ်ရေးဖို့ ကြိုးစားဖူးတယ်။ အဲဒီအချိန် ၉၉-၂၀၀၀ ဝန်းကျင်လောက်က ဟစ်ဟော့ပ်ခေတ်စားတယ်လေ။ ကျွန်တော်လည်း ဒီဂီတကနေ စိတ်နှိုးဆွမှုရခဲ့တာပေါ့။ Tupac တို့၊ Notorious B.I.G တို့၊ Dr. Dre တို့၊ အီမီနမ်တို့၊ စနူဒေါ့ဂ်တို့ပေါ့။ ဒါပေမဲ့ ကျွန်တော့် စိတ်ဓာတ်နဲ့လုပ်ချင်တဲ့ပုံစံက ကစားထားတာမျိုးပေါ့။ လောလောဆယ်တော့ ရောမွှေထားတာပဲ။ ရော့ခ်ဆန်တဲ့အက ဒါမှမဟုတ် ကလို့ကောင်းတဲ့ ရော့ခ်ပုံစံမျိုးပေါ့။ ကျွန်တော် လုပ်နေပါတယ်။

**ဖျော်ဖြေမှုတွေ မလုပ်ဖြစ်တဲ့ အချိန်ဆို ရှင်ဘာလုပ်တတ်ပါသလဲ။**

ကျွန်တော်သောက်တယ်ဗျ။ အဲဒါ ကျွန်တော့်ရဲ့ အကြီးမားဆုံး ဝါသနာပဲ။

*—Ref: "His Style is Gangnam, and Viral Too" by Melena Ryzik. N.Y.Time: 11st October.*

7 DAY NEWS JOURNAL

# Entertainment

Vol.11, No.34 • NOVEMBER 1 , 2012



## ယုံကြည်မှု တည်ဆောက်ထားတဲ့အတွက် မဟုတ်ကဟုတ်ကသတင်းတွေ ထွက်လာရင် ကိုယ်ကတစ်ဖက်သားကို အားတောင်နာသေးတယ်


**အိန္ဒြာကျော်ဇင်နှင့်အင်တာဗျူး** အေးသူစံ

ရုပ်ရှင်လောကမှာ ဆယ့်ငါးနှစ်နီးပါးကြာတဲ့အထိ ထိပ်တန်းမင်းသမီးနေရာတစ်ခုကို ဆုပ်ကိုင်ပိုင်ဆိုင်ထားဆဲ အကယ်ဒမီအိန္ဒြာကျော်ဇင်ဟာ ၂၀၁၁ခုနှစ်မှာပဲ ဝါသနာတူ သရုပ်ဆောင်ပြေတီဦးနဲ့ လက်ထပ်ခဲ့ပြီး အခုတော့သမီး ပြေသုဒြာလေးကိုတောင် ပိုင်ဆိုင်ထားခဲ့ပြီဖြစ်ပါတယ်။ အလုပ်တွေ မရပ်မနားလုပ်တာကို သမီးမွေးပြီးတဲ့အခါမှာ လျှော့ချလိုက်ပြီး တစ်လကိုသမီးအနားမှာ လတစ်ဝက်နေပြီး ကျန်လဝက်ကို ကားရိုက်တွေအတွက် အချိန်ပေးထားတဲ့ အိန္ဒြာကျော်ဇင်က ၄င်းတို့ဇနီးမောင်နှံ ထူထောင်လုပ်ကိုင်တဲ့ ပြေတီဦးပညာရေး ဖောင်ဒေးရှင်းကြောင့် မြန်မာ့ရုပ်ရှင်နေ့မှာ ချီးမြှင့်တဲ့ ရုပ်ရှင်ဂုဏ်ထူးဆောင်ဆုကိုလည်း မကြာခင်က ရရှိထားပါတယ်။ လူမှုရေးလုပ်ငန်းကို ကိုယ်တိုင်လည်းလုပ်ကိုင်ပြီး တခြားသူတွေလုပ်ကိုင်တာကိုလည်း အားပေးကူညီလှူဒါန်းရာရောက်တဲ့ အလှူတွေကို သမီးပြေသုဒြာ တစ်နှစ်ပြည့်မွေးနေ့အဖြစ် အောက်တိုဘာ ၁၄ ရက်က ပရဟိတလုပ်ငန်းလေးခုမှာ စုစုပေါင်း နှစ်ဆယ့်ငါးသိန်း လှူဒါန်းခဲ့ပါတယ်။ လတ်တလောမှာတော့ အများကစိတ်ဝင်စားနေတဲ့ သူမရဲ့အိမ်ထောင်ရေး သတင်းအပေါ်မှာလည်း မင်းသမီးက ပွင့်ပွင့်လင်းလင်း အေးအေးဆေးဆေး ပြောကြားပေးထားပါတယ်။

စာ(၄၉)သို့

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

## တေလာဆွစ်ဖ်ရဲ့ အနီရောင်ခရီး



ပေါ့ပ်ဘုရင်မ တေလာဆွစ်ဖ်သည် သူမ၏ တစ်ကိုယ်တော် အယ်လ်ဘမ် Red ကိုဖြန့်ချိအပြီး အယ်လ်ဘမ်အသစ်ကို အရောင်းမြှင့်တင်ရန် Red Tourဟု အမည်ပေးထားသော လှည့်လည်ဖျော်ဖြေပွဲများကို အမေရိကန်နိုင်ငံတစ်ဝန်း ပြုလုပ်သွားမည်ဟု အောက်တိုဘာ ၂၆ က သတင်းထုတ်ပြန်လိုက်သည်။ သူမ၏ သီဆိုနေကျပုံစံနှင့် အနည်းငယ်ခွဲထွက်သော ခပ်မြူးမြူးသီချင်းအပုဒ်ရေ များများပါဝင်သည့် Red အယ်လ်ဘမ်မှာ ဖြန့်ချိပြီးပြီးချင်းမှာပင် အင်တာနက်မှ ဒေါင်းလော့ခ်ရယူသူအရေအတွက် အထူးပင်များပြားခဲ့သည်။

Ref: examiner

## နန်းခင်ဇေယျာက ပရဟိတလုပ်ပြီး ပြည်သူများကို ပြန်ပေးဆပ်မည်



ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

**နိုင်ချို**

**ရန်ကုန်၊ အောက်တိုဘာ-၂၆**

Miss International 2012 ပြိုင်ပွဲတွင် Miss Internet, People Choice Award နှင့် Ambassador of Beauty ဆုများရရှိခဲ့သော Miss Myanmar နန်းခင်ဇေယျာက ၎င်းအားမဲပေးခဲ့သော မြန်မာပြည်သူများအတွက် ပရဟိတလုပ်ငန်းများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောသည်။

"ညီမအနေနဲ့ ဆုရရှိတာ မြန်မာလူထုက Vote လုပ်ပေးလို့ရတာပါ။ ညီမပြည်သူလူထုအတွက် ပရဟိတလုပ်ငန်းတွေ လုပ်ဆောင်သွားမှာပါ။ ညီမတို့ ပအို့ဝ်တိုင်းရင်းသားတွေက ပညာတတ်တဲ့ သူနည်းပါးတယ်။ သူတို့အတွက် ပညာရေးနဲ့ ပတ်သက်တဲ့ ပရဟိတလုပ်ငန်း လုပ်သွားမှာပါ" ဟု နန်းခင်ဇေယျာက အောက်တိုဘာ ၂၄ ရက်တွင် ကျင်းပပြုခဲ့သော သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။

စာ(၄၉)သို့

သင့်ခရီးစဉ်အတွက် ကမ္ဘာ့အကောင်းဆုံး လေကြောင်းလိုင်းနဲ့ ပျံသန်းလိုက်ကြပါစို့။

ရန်ကုန်မြို့မှ တစ်ပတ်လျှင် (၃)ကြိမ် စတင်ပျံသန်းနေပါပြီ။

ကာတာလေကြောင်းက ရန်ကုန်မြို့မှ ကမ္ဘာအနှံ့ နေရာပေါင်း ၁၀၀ကျော်သို့ ပျံသန်းပို့ဆောင်ပေးပါမယ်။

(Skytrax World Airline Awards - Airline of the Year 2011 & 2012).




Daily flight commencing 28th October 2012.
qatarairways.com

QATAR AIRWAYS القطرية

7 DAY NEWS JOURNAL
Vol.11, No.34 · NOVEMBER 1 , 2012

# ကမ္ဘာလှည့် ဖျော်ဖြေပွဲတစ်လျှောက် ဟမ်စတာလေးတစ်ကောင် ခေါ်သွားမယ့် ဂျပ်စတင်ဘီဘာ

**လန်ဒန်၊**
**အောက်တိုဘာ-၂၇**

ကမ္ဘာကျော်လူငယ်ပေါ့ပ်အဆိုတော် ဂျပ်စတင်ဘီဘာသည် ၎င်း၏ကမ္ဘာလှည့် ဖျော်ဖြေပွဲခရီးစဉ်အတွင်း PAC ဟု အမည်ပေးထားသည့် ဟမ်စတာ အကောင်ငယ်လေးကို အဖော်အဖြစ် ခေါ်ယူသွားမည်ဟု ပရိသတ်များအား ပြောကြားလိုက်သည်။ လူမှုကွန်ရက်ဝက်ဘ်ဆိုက် တွစ်တာရှိ ၎င်း၏စာမျက်နှာ၌ ဘီဘာက ပရိသတ်များအား ထိုသို့အသိပေးခဲ့ခြင်းဖြစ်သည်။ ၎င်းက “ဒီကောင့်နာမည်လေးက PAC လို့ခေါ်ပါတယ်။ ဒီဟမ်စတာလေးကို ကျွန်တော့်ရဲ့ Believe ဖျော်ဖြေပွဲတစ်လျှောက် ရောက်တဲ့နေရာတိုင်း ယူသွားမှာပါ”ဟု ရေးသားထားသည်။ ဂျပ်စတင်ဘီဘာသည် ယခင်က ‘ဂျွန်ဆင်’ဟု အမည်ပေးထားသည့် တောင်အမေရိကမျိုးရင်း ဘိုအာကွန်စထရစ်တာမြွေကြီးတစ်ကောင်ကို မွေးထားခဲ့ဖူးပြီး ၎င်းမြွေကို ကလေးပညာရေးရန်ပုံငွေအဖွဲ့ Pencils of Prom-



ise အတွက် ရန်ပုံငွေရှာဖွေနိုင်ရန် ရောင်းချခဲ့ဖူးသည်။

—Ref: OK Magazine

# နိုဝင်ဘာမှာ ဂျပန်ဘာသာနဲ့ ပဉ္စမမြောက် အခွေထွက်မယ့် T-ara

**ဆိုးလ်၊အောက်တိုဘာ-၂၇**

ကေပေါ့ပ်ဂီတ၏ နာမည်ကျော်မိန်းကလေးအဖွဲ့ T-ara သည်၎င်းတို့အဖွဲ့၏ ပဉ္စမမြောက် ဂျပန်ဘာသာဆင်ဂယ်လ်အယ်လ်ဘမ် Sexy Love ကိုနိုဝင်ဘာ ၁၄ရက်တွင်ဖြန့်ချိရန်ပြင်ဆင်နေကြောင်း သိရသည်။ ယင်းအဖွဲ့သည် ယင်းအယ်လ်ဘမ်၏ ဂီတဗီဒီယိုကိုလည်း အချိန်မီဖြန့်ချိရန် စီစဉ်ထားသည်။ ကိုရီးယားတွင် ဖြန့်ချိမည့်ပုံစံနှင့် လုံးဝကွာခြားခြင်းမရှိဘဲ ဂျပန်အယ်လ်ဘမ်နှင့် ဗီဒီယိုတွင်လည်း ရှိဘော့အကဖြင့် တင်ဆက်မည်ဟုသိရသည်။ T-ara ၏ Sexy Love ဂျပန်ဘာသာ ဆယ်ဂယ်လ်တွင် Bye Bye, Day By Day နှင့် For The First Time သီချင်းများကိုလည်း ဂျပန်ဘာသာဖြင့် ထည့်သွင်းထားမည်ဟု သိရသည်။ —Ref: Koreaboo









7 DAY NEWS JOURNAL
Vol.11, No.34 • NOVEMBER 1 , 2012



# စာ-၄၇၊ အိန္ဒြာကျော်ဇင်နှင့်တွေ့ဆုံခြင်းမှ

**ပြေသူဒြာရဲ့တစ်နှစ်ပြည့်မွေးနေ့ အလှူကို ပရဟိတလုပ်ငန်းတွေမှာ လှူဖို့ဘယ်လိုစိတ်ကူးရခဲ့ပါသလဲ။**

ဒီနေရာတွေကိုလှူချင် နေတာကကြာပြီ။ နှစ်ယောက်လုံး မအားတာနဲ့ မရောက်ဖြစ်ဘူး။ ဒါကြောင့် သမီးမွေးနေ့မှာ ရှူတင်တစ်ရက်ခွင့်ယူပြီး မှတ်မှတ်ရရဖြစ်အောင်သွားပြီး လှူဖြစ်တာ။ ရွှေဂုံတိုင်က ကလေးပြုစုရေးဌာနမှာ အလှူငွေ ငါးသိန်းနဲ့ ကလေးပစ္စည်းတွေ သွားလှူတယ်။ ဇီဝိတဒါန သံဃာ့ဆေးရုံမှာ ငွေငါးသိန်း၊ နာရေးကူညီမှုအသင်းမှာ ငွေဆယ်သိန်း၊ မြောက်ဒဂုံမှာရှိတဲ့ သုခရိပ်မြုံဂေဟာမှာ ငါးသိန်း သွားလှူခဲ့တယ်။

**တစ်ဖက်မှာ ပြေတီဦး ပညာရေးဖောင်ဒေးရှင်းလည်း ရှိနေပြီး တခြားနေရာတွေကို ဘာကြောင့် လှူဖြစ်တာလဲ။**

ကျွန်မတို့ မင်္ဂလာဆောင်တုန်းကလည်း MRTV-4 ကပြတဲ့ အစီအစဉ်တွေကနေရတဲ့ အလှူငွေတွေကို အကုန်ပြန်လှူခဲ့တယ်။ ကြားထဲမှာ လိုအပ်ရင်လိုအပ်သလို ဖောင်ဒေးရှင်းကို အလှူငွေထည့်တယ်။ ကိုပြေတီဦးဆို သူရတဲ့ အကယ်ဒမီရုပ်က ကြယ်ကိုရောင်းပြီး ဒါနဲ့တန်ဖိုးညီမျှတဲ့ငွေကို ဖောင်ဒေးရှင်းထဲထည့်တယ်။ ဒီဘက်ကအလှူတွေက ကျတော့လည်း လိုအပ်နေတဲ့နေရာလေးတွေကို လှူချင်စိတ်ကြောင့် လှူဖြစ်တာပါ။

**အစ်မက အစ်မရဲ့ ပြင်ပမိသား စုပုဂ္ဂိုလ်ရေးဘဝကို သိပ်ပြီး အရေးပေး ဖော်ပြတာမျိုး မလုပ်ဘူးနော်။**

ကျွန်မက ကလေးကိုအပြင်သိပ်မထုတ်ဖြစ်ဘူး။ ဒီတော့ အိမ်သားတွေကလွဲလို့ ကလေးက အပြင်လူတွေနဲ့ သိပ်မထိတွေ့တော့ အပြင်လူနဲ့ဆို ဂျီကျတာတွေလုပ် ချင်တယ်။ ပွဲခေါ်သွားရင်လည်း သူစိတ်ညစ်ပြီးပွဲမှာစိတ်မသက်မသာနဲ့ စိတ်ဆင်းရဲမှာစိုးလို့ပါ။ နည်းနည်းကြီးလာလို့ သူပျော်တတ်တဲ့ အရွယ်ရောက်လာရင်တော့ လုပ်ပေးမှာပါ။

**အစ်မမှာ ခင်ပွန်းနဲ့သမီးနဲ့ အလုပ်နဲ့ အောင်မြင်မှုနဲ့ဆိုတော့ အိန္ဒြာကျော်ဇင်ဘဝ ပြည့်စုံပြီလို့ ပြောလို့ရပြီလား။**

အင်းပေ့ါ။ သိပ်အများကြီးလိုချင်တောင့်တတာမျိုး ကျွန်မမှာ မရှိပါဘူး။ ကိုယ့်ဟာကို ဒီလိုအနေအထားလေးလောက်မှာပဲ ကျေနပ်ပါတယ်။ ပြီးပြည့်စုံတယ်လို့တော့ မဟုတ်ပါဘူး။ လူဆိုတာ လိုအပ်တာလေးတွေတော့လည်း နည်းနည်းပါးပါး ရှိပါတယ်။ ကျွန်မမှာလိုအပ်တာတွေ ရှိပါသေးတယ်။ ဒါပေမဲ့ ကိုယ် ဒီလိုအနေထားလေးလောက်နဲ့ပဲ ရောင့်ရဲတင်းတိမ်နေနိုင်တဲ့ သဘောလေးပါ။

**အစ်မရဲ့မင်းသမီးဘဝမှာ သတင်းထွက်တာအရမ်းနည်းတယ်။ အင်တာနက်မှာဆိုလည်းကောလာဟလထွက်တာ အရမ်းနည်းခဲ့တော့ ဒါဟာ အစ်မရဲ့ဖြတ်သန်းမှု၊ နေထိုင်မှုနဲ့ ဆိုင်တယ်လို့ ပြောနိုင်လား။**

ဒါက ကံနဲ့လည်းဆိုင်ပါတယ်။ တချို့ကျတော့ကံမကောင်းတော့ အပြောခံရတာတွေလည်း ရှိကောင်းရှိနိုင်ပါတယ်။ ကျွန်မလည်း လုံးဝကြီးသတင်းမထွက်ဘူးလို့တော့လည်း မဟုတ်ပါဘူး။ ကောလာဟလ ပြောခံရတာတွေ နည်းနည်းပါးပါးတော့ ရှိခဲ့ပါတယ်။ ဒါကတော့ ကျော်ကြားသူတိုင်း ခံစားရတဲ့တစ်ခုပါ။ ကိုယ်ကတော့ သိက္ခာရှိရှိနေတတ်ထိုင်တတ်တယ်ဆိုရင်တော့ ပိုကောင်းတာပေ့ါ။ ကိုယ်ဘယ်လောက်ကောင်းအောင်နေနေ ပြောချင်တဲ့သူကတော့ ပြောနေမှာပါပဲ။

**အလုပ်တစ်ဖက်နဲ့ အိမ်ရှင်မတစ်ယောက်ဘဝမှာ ခင်ပွန်း အပေါ် ဖြည့်ဆည်းပေးရတဲ့ တာဝန်တွေ ကျေပွန်နိုင်ပါ့မလား။**

အဲဒါတော့ မကျေဘူးထင်တာပဲ။ (ရယ်လျက်) အရင်ခေတ်ကလို လင်ယောကျ်ားကို ချက်ပြုတ်ကျွေးမွေးပြုစု၊ ကလေးထိန်းလုပ်မှ အိမ်ရှင်မပီသမယ်ဆိုရင်တော့ ကျွန်မက မပီသဘူးလို့ပြောရမယ်။ ဘာလို့လဲဆို ထမင်းဟင်းလည်း မချက်တတ်ဘူး။ (ဟက်ဟက်ပက်ပက် ရယ်လျက်) အရာအားလုံး လစ်ဟာနေတာမျိုး မဖြစ်အောင် ကိုယ့်ဘက်ကတော့ ကြိုးစားပြီးနေပါတယ်။ အိမ်ထောင်ဘက် လိုအပ်တာလေးကိုကြိုးစားပြီး ဖြည့်ဆည်းပါတယ်။

**အစ်မက ဖက်ရှင်ပိုင်းမှာ ခုထိ တောက်လျှောက် သတိပြုခံရတဲ့သူဆိုတော့ အစ်မအမျိုးသားကို ဖက်ရှင်ဒီဇိုင်းတွေ ဆင်ပေးဖြစ်နေမှာပေ့ါနော်။**

ဖက်ရှင်ကတော့ ကိုပြေတီဦးက လုံးဝကို စိတ်မဝင်စားဘူး။ ဝါသနာကိုမပါတော့ အခုနောက်ပိုင်း သူ့အဝတ်အစား အကုန်လုံးကိုကျွန်မပဲ စီစဉ်ပေးတယ်။ သူ့ရဲ့အလုပ်၊ ကားရိုက်တာနဲ့ပတ်သက်ပြီးတော့ ဇာတ်လမ်းရွေးတာ၊ ဇာတ်လမ်းရှာတာ၊ ဒါရိုက်တာ၊ မင်းသမီးရွေးတာကတော့ ဘာမှဝင်မစွက်ဖက်ဘူး။ သူလုပ်နေကျဖြစ်တဲ့အတွက် သူစဉ်းစားဆုံးဖြတ်နိုင်တယ်။ သူသည်လည်း ကိုယ့်ဘက်ကို ဝင်မပါဘူး။ ကိုယ်တွေက ကိုယ့်ဦးနှောက်နဲ့ ကိုယ်စဉ်းစားနိုင်ကြတယ်လေ။

**အစ်မသတင်း မထွက်ပေမယ့်လည်း အိမ်ထောင်ရေးနဲ့ ပတ်သက်လို့ ဒီတလော သတင်းတွေထွက်လာတဲ့အပေါ် ကိုပြေတီဦးနဲ့ ပြောဖြစ်ကြသေးလား။**

မပြောဖြစ်ဘူး။ ဘာလို့လဲဆိုတော့ မလိုအပ်လို့ပါ။ မဟုတ်တဲ့သတင်းဖြစ်တဲ့အတွက်ကြောင့် အထူးတလည်ကို စိတ်ထဲမထည့်တာ။ ကိုယ်ကလည်း ဒီလောကသားဖြစ်တဲ့အတွက်ကြောင့် နားလည်ပေးလို့ရတယ်။ ဒီလိုသတင်းတွေက အနုပညာသမားတိုင်းခံရတာပဲလေ။ နောက်တစ်ခုက ကိုယ်က ကိုယ့်ယောကျ်ားကိုကိုယ် ယုံကြည်မှု အပြည့်ရှိပြီးသား။ အချင်းချင်း ယုံကြည်မှုတည်ဆောက်ထားတဲ့အတွက် အဲဒီလို မဟုတ်ကဟုတ်က သတင်းတွေထွက်လာရင် ကိုယ်ကတစ်ဖက်သားကို အားတောင်နာသေးတယ်။ တစ်ဖက်သားကိုထိခိုက်တယ်လေ။

**အစ်မအနုပညာလုပ်တော့လည်းအောင်မြင်တယ်။ အိမ်ထောင်ရှင် မိခင်ဘဝမှာလည်း ပြည့်စုံနေတယ်။ လူမှုရေးလုပ်တော့လည်း တိုင်းသိပြည်သိအသိအမှတ်ပြုခံရတော့အပြောင်းအလဲတိုင်းမှာအောင်မြင်နေတဲ့ အမျိုးသမီးတစ်ယောက်အနေနဲ့ ဘာလုပ်လုပ် ဖြစ်မယ်ဆိုတဲ့ ခိုင်မာတဲ့ ယုံကြည်ချက်ရှိပါသလား။**

ခိုင်မာတဲ့ ယုံကြည်ချက် ဆိုတာထက် ကိုယ်လုပ်မယ့်အလုပ်တစ်ခုကို ကောင်းအောင်၊ အကောင်းဘက်ကို ဦးတည်အောင် ဘယ်လိုလုပ်ရမလဲ ဆိုတာကိုပဲ အမြဲစဉ်းစားတယ်။ ကြိုးစားတယ်။ ငါဒီအလုပ်တစ်ခုကို လုပ်မယ်။ ဒီအလုပ်သည် ကောင်းရမယ်လို့တော့ တစ်ထစ်ချ မပြောနိုင်ဘူးပေ့ါ။ ဒါပေမဲ့ ကောင်းအောင်လုပ်မယ့် စိတ်နဲ့လုပ်လို့ ကောင်းတဲ့အကျိုးလေးတွေဖြစ်တယ်လို့ထင်တာပဲ။

**ခုနောက်ပိုင်းလာတဲ့ ဇာတ်ရုပ်တွေထဲမှာ အစ်မ စိတ်ကြိုက်ဖြစ်တဲ့ ဘယ်လိုဇာတ်ရုပ်မျိုးတွေကို ရွေးချယ်သရုပ်ဆောင်ဖြစ်ပါသလဲ။**

ခုနောက်ပိုင်း ကျွန်မဆီ လာတဲ့ ဇာတ်တွေက နင့်နင့်နဲနဲနဲ့ လေးပင်တဲ့ ဟဲဗီးဒရာမာတွေ ပိုများတယ်။ ဒါပေမဲ့ ကျွန်မဆီကိုလာတဲ့ ဇာတ်ကိုက ဇာတ်ရုပ်သိပ်ရွေးစရာ မလိုတာများတယ်။ ကိုယ်နဲ့လိုက်မယ့် ဇာတ်ကတော့ လာပြီးသားပေ့ါ။

**အစ်မတို့ လင်မယားနှစ်ယောက်ကို သရုပ်ဆောင်ဖို့ လာကမ်းလှမ်းရင် ဘယ်လို ဇာတ်ရုပ်မျိုး သရုပ်ဆောင်ချင်လဲ။**

သမီးရည်းစား ပုံစံတော့ မလုပ်ချင်ဘူး။ အပြင်မှာက တကယ်တမ်း လင်မယားဖြစ်နေတော့ ပရိသတ်လည်းကြည့်ရတာ မထူးဆန်းဘူးလို့ ကျွန်မထင်တယ်။ တကယ့်အိမ်ထောင်ရေး ဇာတ်လမ်းလေးတွေက ပိုလိုက်ဖက်မယ်လို့ ထင်ပါတယ်။

**အစ်မသမီးလေးပါ ပါဝင်မယ့် အနုပညာအလုပ် တစ်ခုခု ကမ်းလှမ်းလာရင် အစ်မနဲ့ ကိုပြေတီဦးတို့ ဘယ်လို သဘောတူထားကြပါသလဲ။**

ခုလောလောဆယ်ကတော့ ကုန်ပစ္စည်းတံဆိပ် နှစ်ခုကတော့ ကိုယ်ဝန်ရှိကတည်းက စာချုပ်ချုပ်လက်ခံထားတော့ ရိုက်လိုက်တာပေ့ါ။ ရိုက်တဲ့အခါ သူ့အဖေက သူ့သမီးကို မပင်ပန်းစေချင်ဘူး။ ကလေးပင်ပန်းမှာ စိုးလို့ဆိုပြီးလေ။ သူ့အဖေက အဖြစ်သည်းတာပါ ညီမရယ်။ ကလေးအိပ်ချိန်တွေထဲက ဖဲ့ပေးရတာတွေရှိတော့ ကလေးပင်ပန်းပါတယ်။ နောက်ဆိုရင်လက်မခံပါနဲ့ဦးဆိုလို့နောက်ပိုင်း ကြော်ငြာတွေ လက်မခံထားသေးဘူး။

**ကျေးဇူးတင်ပါတယ်။**

## စာ-၄၇၊ နန်းခင်ဇေယျာက ပရဟိတလုပ်ပြီး ပြည်သူများကို ပြန်ပေးဆပ်မည်ဟုဆို မှ

Miss International ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရာတွင် အခက်အခဲများစွာရှိခဲ့ကြောင်း၊ ကြိုတင်ပြင်ဆင်ချိန် မရရှိ၍ ထင်သလို ဆုမရရှိခဲ့ဟု သူမက ဆိုသည်။ နိုင်ငံတကာတွင် မြန်မာဆိုလျှင် မသိရှိကြဘဲ The Lady (ဒေါ်အောင်ဆန်းစုကြည်)သာ သိရှိကြောင်း နန်းခင်ဇေယျာကပြောသည်။ သူမအနေဖြင့် ထောက်ခံအားပေးမှုများရှိသလို အနှောင့်အယှက်များလည်း ရှိခဲ့ပြီး သူမ၏ ဖေ့စ်ဘွတ်ခ်အကောင့်များ သုံးကြိမ်တိုင်အောင် ဖျက်ဆီးခံခဲ့ရသည်ဟုဆိုသည်။ ယခုပြိုင်ပွဲကြောင့် မြန်မာနိုင်ငံကို ကမ္ဘာကသိရပြီး နိုင်ငံသားများ၏ စည်းလုံးညီညွတ်မှုမှာ ပိုမိုပေါ်လွင်ကြောင်း သူမကပြောသည်။

နန်းခင်ဇေယျာသည် ဧည့်လမ်းညွှန်တစ်ဦးဖြစ်၍ အနုပညာလုပ်ငန်းများသာမက ဧည့်လမ်းညွှန်တစ်ဦးအဖြစ် ဆက်လက်ရပ်တည်မည်ဖြစ်ပြီး လာမည့် ၂၀၁၃ ခုနှစ် Miss International ပြိုင်ပွဲမတိုင်ခင်အချိန်အထိ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် စာချုပ်ချုပ်ဆိုထားကာ သူမ၏ အနုပညာကိစ္စနှင့်ပတ်သက်၍ မြန်မာနိုင်ငံခရီးသွား လုပ်ငန်းအဖွဲ့ချုပ် အလုပ်အမှုဆောင် ဒေါ်တင်မာမြင့်နှင့် ဆက်သွယ်ရမည်ဖြစ်သည်။

"လာမယ့် ၂၀၁၃ ခုနှစ် Miss International ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုကို ဖေဖော်ဝါရီလကတည်းက စမှာပါ။ ဒီပြိုင်ပွဲအတွက် ဧည့်လမ်းညွှန်မှ မဟုတ်ပါဘူး။ မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါတယ်။ နန်းခင်ဇေယျာရဲ့ ကြော်ငြာကိစ္စ၊ အနုပညာကိစ္စတွေနဲ့ ပတ်သက်ရင် အန်တီကိုဆက်သွယ်ရမှာပါ။ ဒါမှမဟုတ် MTF ကိုဆက်သွယ်နိုင်ပါတယ်။ အခုကစပြီး နန်းခင်ဇေယျာက အန်တီတို့ သမီးဖြစ်သွားပြီ" ဟုမြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် အလုပ်အမှုဆောင် ဒေါ်တင်မာမြင့်က ပြောသည်။

"ညီမ ဒီပြိုင်ပွဲကိုပြိုင်လည်းပြိုင်ချင်တယ်။ ပြိုင်လည်းမပြိုင်ချင်ပါဘူး။ အထူးသဖြင့် ရေကူးဝတ်စုံနဲ့ ပြိုင်ရမယ့်အချိန်မှာ ညီမ အရမ်းမဝင့်မရဲဖြစ်ရပါတယ်။ ရှက်လည်းရှက်ပါတယ်။ ဒီဝတ်စုံကိုဝတ်လည်း မဝတ်တတ်ပါဘူး။ ညီမကို ဝိုင်းပြီးကူညီပေးကြပါတယ်" ဟု နန်းခင်ဇေယျာကပြောသည်။

| TOP 10 MOVIES IN AMERICA — ယခုတစ်ပတ်အတွင်း အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ကားများ | | | | |
|---|---|---|---|---|
| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
| ၁။ | Paranormal Activity 4 | Paramount Pic: | ၂၉,၀၀၃,၉၀၀ | ၁ |
| ၂။ | Argo | Warner Bros: Pic: | ၄၃,၀၁၂,၀၀၀ | ၂ |
| ၃။ | Taken 2 | 20th Century Fox | ၁၀၅,၈၃၂,၀၀၀ | ၃ |
| ၄။ | Hotel Transylvania | Sony Pictures | ၁၁၈,၅၂၂,၀၀၀ | ၄ |
| ၅။ | Alex Cross | Summit Entertainment,LLC | ၁၁,၃၉၆,၈၀၀ | ၁ |
| ၆။ | Sinister | Summit Entertainment,LLC | ၃၁,၇၃၅,၆၀၀ | ၂ |
| ၇။ | Here Comes the Boom | Sony Pictures | ၂၃,၁၃၁,၅၀၀ | ၂ |
| ၈။ | Pitch Perfect | Universal Pictures | ၄၅,၅၁၆,၈၀၀ | ၄ |
| ၉။ | Frankenweenie | Walt Disney Studios | ၂၈,၂၃၈,၈၀၀ | ၃ |
| ၁၀။ | Looper | TriStar Pic: & Columbia Pic: & FilmDistrict & Sony Pic: | ၅၇,၈၄၂,၈၀၀ | ၄ |

## Movie Review

## Flight




အတွေ့အကြုံရင့် လေယာဉ်မှူးဖြစ်သူ ဝှစ်တစ်ကာသည်လေယာဉ်ခရီးစဉ်တစ်ခုအတွင်း အခက်အခဲဖြစ်ပြီး ပျက်ကျလုမတတ်ဖြစ်နေသော လေယာဉ်အား အံ့သြဖွယ်ကောင်းအောင် ထိန်းသိမ်းပြီး လေယာဉ်ဝမ်းဗိုက်နှင့် ဆင်းသက်လိုက်သည်။ လေယာဉ်ပေါ်ပါလူအားလုံးနီးပါး အသက်ကို ကယ်တင်လိုက်နိုင်ခဲ့၍ ဝှစ်တစ်ကာမှာ ဟီးရိုးတစ်ဦးအဖြစ် အသိအမှတ်ပြုခံရသည်။ သို့သော်နောက်ပိုင်းတွင် ယင်းကိစ္စကိုစုံစမ်းစစ်ဆေးရာလေယာဉ်မှူးမှာ အမှန်တကယ်အပြစ်ကင်းပါရဲ့လားဆိုသည်ကို မေးခွန်းထုတ်လာကြသည်။

ဒါရိုက်တာ Robert Zemeckis ရိုက်ကူးထားသော Live Action၊ ဒရာမာဇာတ်ကားတွင် မင်းသားကြီး Denzel Washinton နှင့်အတူ Bruce Greenwook, Brian Geraghty တို့ ဦးဆောင်ပါဝင်ထားသည်။ Paromount Pic က နိုဝင်ဘာ ၂ ရက်တွင် ဖြန့်ချိမည်ဖြစ်သည်။

# Sports

7DAY NEWS JOURNAL

Vol.11, No.34 • NOVEMBER 1 , 2012


# ၂၀၁၃ ဆီးဂိမ်း ဖွင့်ပွဲ ပိတ်ပွဲ ကပြဖျော်ဖြေမှုတွင် လူအင်အား ၁၆,၀၀၀ ကျော်ပါဝင်ဆင်နွှဲမည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ အောက်တိုဘာ-၂၇**

နေပြည်တော်တွင် ပြုလုပ်မည့် ၂၀၁၃ အရှေ့တောင်အာရှအားကစားပြိုင်ပွဲ(ဆီးဂိမ်း) ဖွင့်ပွဲ ပိတ်ပွဲအခမ်းအနားများတွင် ကပြတင်ဆက်ဖျော်ဖြေမှုအပိုင်း၌စုစုပေါင်း လူအင်အား တစ်သောင်းခြောက်ထောင်ကျော် ပါဝင်ဆင်နွှဲမည်ဖြစ်ကြောင်း ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူက ပြောကြားသည်။

"လူအင်အားက တစ်သောင်းခြောက်ထောင်အထက်မှာပဲ ရှိမယ်။ ဘာကြောင့်လဲဆိုတော့ ဆီးဂိမ်း ၁၁ နိုင်ငံရဲ့ ကကွက်အားလုံးပေါင်းအတွက်က ၆၀၀၀ ကနေ ၈၀၀၀ ကြားရှိမယ်။ နောက်တိုင်းရင်းသား အကအတွက်က အင်အား ၈၀၀၀ ကနေ ၁၀၀၀၀ သုံးမယ်။ ဒီနှစ်ခုက ဆက်တိုက်ဖြစ်မယ်ဆိုတော့ လူတစ်ယောက်က အဝတ်အစား ပြန်လဲစရာ အချိန်မရှိတော့ဘူး။ ဒါကြောင့် လူအင်အားက ဒီထက် လျှော့လို့ မရပါဘူး"ဟု ပြည်ထောင်စုဝန်ကြီးက အောက်တိုဘာလ ၂၆ ရက်တွင် ပြောသည်။

လာမည့် ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလအတွင်း၌ ကျင်းပမည့် ၂၇ ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲသည် နှစ်ပေါင်း ၄၀ ကျော်အကြာတွင် မြန်မာနိုင်ငံက ပြန်လည်ကျင်းပခွင့်ရရှိခြင်း ဖြစ်သည်။ အဆိုပါပြိုင်ပွဲ၏ ဖွင့်ပွဲ ပိတ်ပွဲတွင် ဖျော်ဖြေရေး၊ တင်ဆက်မှု အစီအစဉ်များအား ယဉ်ကျေးမှုဝန်ကြီးဌာနက အဓိကတာဝန်ယူဆောင်ရွက်မည်ဖြစ်ကြောင်း အဆိုပါဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦးက ဆိုသည်။

'လူအင်အားကတော့ ယဉ်ကျေးမှုဝန်ကြီးဌာန တစ်ခုတည်းတော့ မဟုတ်ပါဘူး။ ပညာရေးဝန်ကြီးဌာနက ကျောင်းသား၊ ကျောင်းသူတွေပါမယ်။ အားကစားဝန်ကြီးဌာနကလည်း ပါမယ်။ အခြားဆက်စပ်ဌာနတွေကလည်းပါဝင်ကြမှာပါ။ ခုချိန်မှာ နေပြည်တော်အပါအဝင်သက်ဆိုင်ရာပညာရေးဝန်ကြီးဌာနအောက်မှာရှိတဲ့ အထက်တန်းကျောင်း၊ တက္ကသိုလ်တွေမှာလည်း လေ့ကျင့်နေကြပြီဖြစ်ပါတယ်"ဟု ယဉ်ကျေးမှုဝန်ကြီးဌာန၊ သမိုင်းသုတေသန ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါ်နန္ဒာမွန်းကပြောသည်။

အဆိုပါ အခမ်းအနားများတွင် ပါဝင်ဆင်နွှဲသူများ၏ ဝတ်စုံ၊ ဒီဇိုင်းများအတွက်ပြည်တွင်းမှ နာမည်ကြီးဒီဇိုင်နာကိုးယောက်ခန့်မှ တီထွင်ဖန်တီးပေးသွားမည်ဖြစ်ကာ ပြည်ပအကူအညီ ယူမည်မဟုတ်ကြောင်း ၎င်းကဆက်လက်ပြောသည်။

၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားတွင် ပုံမှန်အစီအစဉ်များ၊ မြန်မာ့ရိုးရာအကဖျော်ဖြေမှုများအပြင် ခေတ်မီကကွက်များလည်း ပါဝင်မည်ဖြစ်ကြောင်း၊ အထူးပြုလုပ်ချက်များအပါအဝင် အသက်သာဆုံးနှင့် အကောင်းဆုံးဖြစ်အောင် အစီအစဉ်များ ရေးဆွဲပြီးဖြစ်ကာ ကုန်ကျစရိတ်အတွက် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ပြီးခဲ့သည့်ဩဂုတ်လအတွင်းက ပြောကြားထားခဲ့သည်။

(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအားကစားနည်းများကို နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနှင့် ငွေဆောင်ကမ်းခြေတို့တွင် ကျင်းပသွားမည်ဖြစ်သော်လည်း ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားများကိုမူ နေပြည်တော်ရှိ အသစ်ဆောက်လုပ်နေသည့် ပရိသတ် သုံးသောင်းဆံ့ ဝဏ္ဏသိဒ္ဓိ အားကစားကွင်း၌ ပြုလုပ်ကျင်းပသွားမည် ဖြစ်သည်။

# တီမောတိုက်စစ်မှူးများ မြန်မာနေရှင်နယ်လိဂ် အသင်းအချို့ စိတ်ဝင်စား

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ အောက်တိုဘာ-၂၆**

ရန်ကုန်မြို့တွင်ပြုလုပ်ခဲ့သည့် ဆူဇူကီးဖလားခြေစစ်ပွဲ၌ ခြေစွမ်းပြကစားနိုင်ခဲ့သည့် တီမောအသင်းမှ တိုက်စစ်မှူးများကို မြန်မာနေရှင်နယ်လိဂ် ကလပ်အသင်းများက ခေါ်ယူရန်စိတ်ဝင်စားနေကြကြောင်း သတင်းရရှိသည်။

တီမောတိုက်စစ်မှူး ဘရာဇီးနွယ်ဖွားလီအန်ဒရိုအား မြန်မာနေရှင်နယ်လိဂ် ရခိုင်ယူနိုက်တက်အသင်းက ခြေစစ်ပွဲကာလအတွင်းက ကမ်းလှမ်းခဲ့ပြီး အကြိုသဘောတူညီမှု ရရှိထားပြီးဖြစ်ကြောင်း အဆိုပါအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"တီမောအသင်းက ကျောနံပါတ်(၁၁)လီအန်ဒရိုနဲ့ အကြိုသဘောတူညီမှုတော့ ရထားပါပြီ။ လာမယ့် နိုဝင်ဘာလအတွင်းမှာ သူရန်ကုန်ကိုလာဖို့ရှိပြီး နောက်ဆုံးအဆင့်ဆွေးနွေးဖို့ပဲ ရှိပါတော့တယ်"ဟု ရခိုင်ယူနိုက်တက်အသင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။ အဆိုပါ ကစားသမားသည် လက်ရှိအသင်း လက်မဲ့ဖြစ်နေသူ တစ်ဦးဖြစ်ပြီး ဆူဇူကီးဖလားခြေစစ်ပွဲပြီးနောက် ၎င်း၏ ဇာတိမြေ ဘရာဇီးနိုင်ငံသို့ ခေတ္တပြန်သွားကြောင်း အဆိုပါတာဝန်ရှိသူက ဆိုသည်။

ထို့ပြင် မကွေးအသင်းအနေဖြင့်လည်း တီမောအသင်း တိုက်စစ်မှူးတစ်ဦးဖြစ်သူ မူရီလို (ကျောနံပါတ် ၁၁) ကိုလည်း စိတ်ဝင်စားမှုရှိသည့်အတွက် ကမ်းလှမ်းခဲ့ကြောင်း အဆိုပါအသင်းနည်းပြဦးကြည်လွင်ကပြောသည်။

"တီမောအသင်းက တိုက်စစ်မှူးမူရီလိုကို စိတ်ဝင်စားလို့ ကမ်းလှမ်းခဲ့ပါတယ်။ သူ့ကို စိတ်ဝင်စားတဲ့ မြန်မာနေရှင် နယ်လိဂ်ကလပ်အသင်းများစွာ ရှိကြောင်းလည်း သူ့ဆီက အကြောင်းပြန်လာတယ်။ နောက် သူတောင်းတဲ့လစာကလည်း ကန်ဒေါ်လာ ၃၀၀၀ ကနေ ၈၀၀၀ ကြားရှိတဲ့အတွက် သူ့ကိုခေါ်ဖို့တော့ မဖြစ်နိုင်တော့ပါဘူး"ဟု မကွေးအသင်းမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

တီမောတိုက်စစ်မှူးများ ဖြစ်သည့် လီအန်ဒရိုနှင့် မူရီလိုတို့သည် ပြီးခဲ့သည့် ဆူဇူကီးဖလားခြေစစ်ပွဲတွင် အသင်းအတွက် သုံးဂိုးစီသွင်းယူပေးခဲ့သည့် ကစားသမားများ ဖြစ်ကြသည်။ သို့သော် တီမောအသင်းသည် ခြေစစ်ပွဲအဆင့်တွင် တတိယနေရာသာ ရရှိခဲ့ပြီး ခြေစစ်ပွဲအဆင့်မှ ထွက်ခဲ့ရသည်။



ဓာတ်ပုံ - ကျော်ဇင်သန်း

တွေ့မရှောင်ကို သတ္တိအောင်က မကျေပွဲနွှဲရန် စိန်ခေါ်ပြီး အောက်တိုဘာ ၂၅ ရက်က မျှော်စင်ကျွန်းတွင် ထိုးသတ်ခဲ့ရာ ဒုတိယအချီအပြီးမှာပင် သတ္တိအောင် အရှုံးပေးခဲ့ရသည်။ ၎င်းတို့နှစ်ဦး သုံးပွဲထိုးသတ်ပြီးသောအခါ နှစ်ပွဲရှုံး၊ တစ်ပွဲသရေကျ၍ သတ္တိအောင်အတွက် ရှုံးကြွေးထပ်တင်ခဲ့သည်။

# ချန်ပီယံအသစ်မြင်ရမယ့်ပွဲ

**ဗိုလ်ဗိုလ်ဝင်း**

ရန်ကုန်၊အောက်တိုဘာ-၂၈

၂၀၁၂ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ရှုံးထွက်ဖလား MFF Digicel Cup အကြိုဗိုလ်လုပွဲစဉ်များတွင် ရောဝတီယူနိုက်တက်အသင်းနှင့် ကမ္ဘောဇအသင်းများသည် ချန်ပီယံဟောင်းအသင်းများကို အနိုင်ယူကာ ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ကြသည်။

အောက်တိုဘာ ၂၈ ရက်က သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည့် ပထမအကြိုဗိုလ်လုပွဲစဉ်တွင် ရောဝတီယူနိုက်တက်အသင်းနှင့် ၂၀၁၀ ချန်ပီယံဟောင်း ဟံသာဝတီအသင်းတို့သည် အချိန်ပိုပြီးဆုံးသည်အထိ တစ်ဂိုးစီ သရေကျခဲ့သည်။ ထို့ကြောင့် ပယ်နယ်တီအဆုံးအဖြတ်ယူခဲ့ရာတွင် ရောဝတီယူနိုက်တက်အသင်းက (၄-၃)ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ရောဝတီယူနိုက်တက်အသင်းသည် ယခုပြိုင်ပွဲ၏ ရှုံးထွက်ပထမအဆင့်တွင် မြဝတီအသင်း၊ ကွာတားအဆင့်တွင် ရတနာပုံအသင်း၊ အကြိုဗိုလ်လုပွဲစဉ်တွင် ဟံသာဝတီယူနိုက်တက်အသင်းစသည်တို့အား ဆက်တိုက် ပယ်နယ်တီ အဆုံးအဖြတ်ဖြင့် သာကျော်ဖြတ်ခဲ့သည့်အသင်း ဖြစ်လာခဲ့သည်။

ဒုတိယအကြိုဗိုလ်လုပွဲစဉ်တွင် ကမ္ဘောဇအသင်းက လက်ရှိ ၂၀၁၁ ချန်ပီယံဟောင်း ရန်ကုန်ယူနိုက်တက်အသင်းကို (၂-၁)ဂိုးဖြင့် အနိုင်ယူကာ ဗိုလ်လုပွဲသို့ တက်ရောက်လာခဲ့သည်။ အဆိုပါပြိုင်ပွဲ၏ ဗိုလ်လုပွဲစဉ်ကို အောက်တိုဘာ ၃၁ ရက် ညနေ ၅ နာရီခွဲတွင် သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်ပြီး ချန်ပီယံအသင်းသစ် ပေါ်ထွက်လာတော့မည်ဖြစ်သည်။

လက်ရှိ ကမ္ဘောဇအသင်းနည်းပြဆီဇာဂျီသည် ရှုံးထွက်ပြိုင်ပွဲ ၂၀၁၀ ချန်ပီယံအသင်း ဟံသာဝတီယူနိုက်တက် (ယခင် ဥဿာအသင်း)ကို ကိုင်တွယ်ခဲ့သည့် နည်းပြဖြစ်သောကြောင့် ယခုနှစ်ရှုံးထွက်ပြိုင်ပွဲတွင် ကမ္ဘောဇအသင်းဗိုလ်စွဲခဲ့ပါက မတူညီသည့် ကလပ်နှစ်သင်းတွင် ချန်ပီယံရသည့် ပထမဆုံးနည်းပြဖြစ်လာမည်ဖြစ်သည်။




# မန်ယူ-အာဆင်နယ် ထိပ်တိုက်တွေ့မယ့်ပွဲ အပါအဝင် အကြိတ်အနယ်ကစားရမယ့် ဥရောပလိဂ်ပွဲစဉ်အချို့

**ကိုအေးမြတ်**

ဒီတစ်ပတ် ဥရောပထိပ်သီးလိဂ်ပွဲတွေထဲမှာ ပရီးမီးယားလိဂ်မှာ မန်ယူ-အာဆင်နယ်၊ လီဗာပူး-နယူးကာဆယ် ထိပ်တိုက်တွေ့မယ့်ပွဲတွေ ရှိနေပြီး အီတလီစီးရီးအေမှာလည်း ဇယားထိပ်က ဂျူဗင်တပ်၊ နိုင်ပွဲတွေဆက်လာနေတဲ့ အင်တာနဲ့ ပါးမား-ရိုးမား ထိပ်တိုက်တွေ့မယ့်ပွဲလည်း ပါဝင်နေပါတယ်။ စပိန်လာလီဂါပွဲတွေကတော့ ထုံးစံအတိုင်း ဇယားထိပ်မှာ ရှိနေတဲ့ ဘာစီလိုနာ၊ အသလက်တီကိုမက်ဒရစ်တို့အပြင် နိုင်ပွဲတချို့ပြန်ရလာနေတဲ့ ရီးရဲလ်မက်ဒရစ်ပွဲတွေကို ရွေးချယ်ပေးလိုက်ပါတယ်။



**ပရီးမီးယားလိဂ်**

**၃၊ နိုဝင်ဘာ၊ စနေ**

**မန်ယူ-အာဆင်နယ်**

(ည ၇း၁၅ နာရီ)

ယမန်နှစ်ရလဒ်- ၈-၂

ယမန်နှစ်က နှစ်ကျော့စလုံး အရှုံးကို အာဆင်နယ်တို့ မှတ်မိနေမှာပါ။ ဒီတစ်ကြိမ်လည်း မန်ယူအိမ်ကွင်းမှာ အာဆင်နယ် သရေရဖို့တောင် မလွယ်သေးပါဘူး။ မန်ယူ ဂိုးအနည်းနဲ့ နိုင်ဖို့များတယ်။

**စပါး-ဝီဂန်**

(ည ၉း၃၀ နာရီ)

ယမန်နှစ်ရလဒ်- ၃-၁

စပါးတို့ နိုင်ပွဲဆက်နေတာမို့ အိမ်ကွင်းမှာ ဝီဂန်ကို အေးဆေးကျော်ဖြတ်နိုင်မှာပါ။ နှစ်ဂိုးလောက်တော့ ရနိုင်တယ်။ သရေဖြစ်ဖို့ မ ရှိပါ။

**၄၊ နိုဝင်ဘာ၊ တနင်္ဂနွေ**

**ဝက်စ်ဟမ်း-မန်စီးတီး**

(နံနက် ဝဝးဝဝ နာရီ)

ယမန်နှစ်ရလဒ်- ၁-၃

ဝက်စ်ဟမ်းတို့ ခြေမှန်နေတာမို့ မန်စီးတီးတို့ လျှော့တွက်ဖို့ မဖြစ်နိုင်ဘူး။ ဝက်စ်ဟမ်းအိမ်ကွင်းမှာ သရေရနိုင်ခြေနည်းနည်းရှိနေပြီး ပုံမှန်ခြေအရတော့ ညှော်သည်မန်စီးတီးသာပါတယ်။ ဂိုးနည်းနိုင်ပါတယ်။

**လီဗာပူး-နယူးကာဆယ်**

(ည ၁၀း၃၀ နာရီ)

ယမန်နှစ်ရလဒ်- ၃-၁

နောက်ဆုံးတွေ့ဆုံမှုသုံးကြိမ်မှာလီဗာပူးနှစ်ကြိမ်နိုင်ထားတယ် နယူးကာဆယ်ကို လီဗာပူးအိမ်ကွင်းမှာ မရှုံးတာကြာပါပြီ။ အကြိတ်အနယ်ရှိမယ့် ပွဲဖြစ်ပြီး လီဗာပူးကပ်နိုင်ခြေရှိတယ်။

**အီတလီစီးရီးအေ**

**၁၊ နိုဝင်ဘာ၊ ကြာသပတေး**

**အင်တာမီလန်-ဆမ်ဒိုးရီးယား**

(နံနက် ၂း၁၅ နာရီ)

ယမန်နှစ်ရလဒ်- ၁-၁

အင်တာတို့အိမ်ကွင်းမှာ အကြိတ်အနယ်ကစားရမှာပါ။ ဒီရာသီအိမ်ကွင်းရှုံးပွဲ မရှိတာရယ် နိုင်ပွဲများနေတာတွေရယ်ကြောင့် အင်တာ အသာရမှာပါ။ ဒါပေမဲ့ အပြန်အလှန်သွင်းဂိုးတွေနဲ့ ကပ်နိုင်ဖို့ရှိတယ်။

**ဂျူဗင်တပ်စ်-ဘိုလော့နာ**

(နံနက် ၂း၁၅ နာရီ)

ယမန်နှစ်ရလဒ်- ၁-၁

မနှစ်က နှစ်ကျော့စလုံး သရေကျခဲ့တာမို့ ဂျူဗင်တပ်စ်တို့ သေချာကစားရမယ်။ လက်ရှိ ဇယားမှာ ရပ်တည်မှုအရ ဂျူဗီတို့ ထိန်းကစားပြီး ကပ်နိုင်ဖို့ ကြိုးစားပါမယ်။ သရေဖြစ်နိုင်ခြေနည်းတယ်။

**ပါးမား-ရိုးမား**

(နံနက် ၂း၁၅ နာရီ)

ယမန်နှစ်ရလဒ်- ဝ-၁

ရိုးမားတို့ အဝေးကွင်းမှာ အသာရနိုင်ခြေရှိတဲ့ပွဲပါ။ အိမ်ရှင်ပါးမားတို့ ခံစစ်ကစားပြီး သရေယူနိုင်တယ်။ ရိုးမားကပ်နိုင်ပြီး ဂိုးနည်းမယ့်ပွဲပါ။

**စပိန်လာလီဂါ**

**၃၊ နိုဝင်ဘာ၊ စနေ**

**ဘာစီလိုနာ-ဆဲလ်တာဗီဂို**

(ည ၁၁း၃၀ နာရီ)

ယမန်နှစ်ရလဒ်- ၃-၁

ဘာကာတို့ ဇယားကို ဆက်လက်ဦးဆောင်ဖို့ အိမ်ကွင်းနိုင်ပွဲရှာမှာပါ။ ဆဲလ်တာဗီဂိုတို့ အဝေးကွင်းမှာ ဂိုးနည်းနည်းနဲ့ ရှုံးဖို့ပဲ ကြိုးစားရမယ်။ ဘာစီလိုနာ နှစ်ဂိုးလောက် ရနိုင်ပါတယ်။

**၄၊ နိုဝင်ဘာ၊ တနင်္ဂနွေ**

**ရီးရဲလ်မက်ဒရစ်-ရီးရဲလ်ဇာရာဂိုဇာ**

(နံနက် ၁း၃၀ နာရီ)

ယမန်နှစ်ရလဒ်- ၃-၁

ရီးရဲလ်တို့ နိုင်ပွဲတွေ ပြန်ရနေပြီမို့ အိမ်ကွင်းမှာ စိတ်ပူစရာတော့ မရှိပါဘူး။ ညှော်သည် ဇာရာဂိုဇာတို့ အဝေးကွင်းမှာ ခံစစ်ကစားဖို့ပဲ ရှိပါတယ်။ ရီးရဲလ် နှစ်ဂိုးလောက်ရနိုင်တဲ့ပွဲပါ။

**ဗလင်စီယာ-အသလက်တီကိုမက် ဒရစ်**

(နံနက် ၃း၃၀ နာရီ)

ယမန်နှစ်ရလဒ်- ၁-ဝ

ဗလင်စီယာတို့ အိမ်ကွင်းခြေစွမ်းပြနေတာ သတိထားရပါမယ်။ ညှော်သည် အသလက်တီကိုတို့ ဂိုးနည်းနည်းပဲ ကပ်နိုင်ခြေရှိတယ်။ သရေပွဲလည်း ဖြစ်နိုင်ပါတယ်။

## ရှုံးထွက်ဖလား ဗိုလ်လုပွဲတွင် ဆူဇူကီးပွဲစဉ်များကြည့်ခွင့် ကံစမ်းမဲဖောက်မည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ အောက်တိုဘာလ-၂၆**

ထိုင်းနိုင်ငံတွင် ကျင်းပပြုလုပ်မည့် ၂၀၁၂ ဆူဇူကီးဖလားပွဲစဉ်များ၌ မြန်မာဘောလုံးအသင်းအား လိုက်လံအားပေးခွင့်ရရှိမည့် ကံစမ်းမဲများကို ဘောလုံးအဖွဲ့ချုပ် ရှုံးထွက်ဖလားပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် မဲဖောက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အောက်တိုဘာလ ၃၁ ရက်တွင် ကျင်းပမည့် 2012 MFF Digicel Cup ရှုံးထွက်ဖလားဗိုလ်လုပွဲစဉ်၌ လာရောက်အားပေးသည့် ပရိသတ်များထဲမှ ၂၅ ဦးကို ကံစမ်းမဲဖောက်ပေးသွားမည်ဖြစ်ကြောင်း ဘောလုံးအဖွဲ့ချုပ် တာဝန်ရှိသူတစ်ဦးက ဆိုသည်။

သုဝဏ္ဏကွင်းတွင်ကျင်းပမည့် အဆိုပါ ဗိုလ်လုပွဲစဉ် ပထမပိုင်းပြီးဆုံးချိန်၌ ကွင်းအတွင်းလာရောက်ကြည့်ရှုသည့် ပရိသတ်များထဲမှ ၂၅ ဦးအား ကံစမ်းမဲဖောက်ပေးသွားမည်ဖြစ်ပြီး ကံထူးရှင်များသည် ဆူဇူကီးဖလားပြိုင်ပွဲ၏ မြန်မာအသင်းပွဲစဉ်များကို လိုက်လံအားပေးခွင့် ရရှိမည်ဖြစ်သည်။

“ဘောလုံးပွဲ လက်မှတ်တွေမှာ နံပါတ်တွေရိုက်ထည့်ပေးလိုက်မှာပါ။ ကံစမ်းမဲဖောက်တဲ့အခါ လက်မှတ်မှာပါတဲ့ နံပါတ်တွေနဲ့ တိုက်ကြည့်ရမှာ ဖြစ်ပါတယ်။ မဲပေါက်တဲ့သူတွေအတွက် ဗီဇာ၊ အသွားအပြန်လေယာဉ်လက်မှတ်၊ ဘောလုံးပွဲကြည့်ရှုနိုင်သည်အထိ စီစဉ်ပေးမှာဖြစ်ပြီး နေထိုင်စားသောက်စရိတ်တွေပါ တာဝန်ယူမှာပါ။ ကံထူးရှင်တွေအနေနဲ့ ပတ်စ်ပို့ရှိတာနဲ့ရပါပြီ။ တကယ်လို့မဲပေါက်တဲ့သူက ပတ်စ်ပို့မရှိဘူးဆိုရင်လည်း ရှိတဲ့သူကို လွှဲပေးလို့ရပါတယ်”ဟု ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူက ပြောသည်။

အောက်တိုဘာလ ၂၈ ရက်တွင် ကျင်းပသည့် ရှုံးထွက်ဖလား အကြိုဗိုလ်လုပွဲစဉ်များတွင်လည်း ပရိသတ် ၂၅ ဦးအား မဲဖောက်ပေးခဲ့ပြီး စုစုပေါင်းပရိသတ် ၅၀ ဦးသည် ထိုင်းနိုင်ငံသို့ မြန်မာအသင်းပွဲစဉ်များကို လိုက်လံအားပေးခွင့်ရရှိမည်ဖြစ်သည်။ မြန်မာအသင်းကို အားပေးနိုင်ရန် ပရိသတ်များကို ခေါ်ဆောင်ရာတွင် ကမ္ဘောဇဘဏ်က ပရိသတ် ၂၀ ဦး၊ Sky Net ရုပ်သံလိုင်းနှင့် Max Energy တို့က ပရိသတ် ၁၅ ဦးစီ တာဝန်ယူအကုန်အကျခံခြင်းဖြစ်ကြောင်း အဆိုပါတာဝန်ရှိသူက ဆိုသည်။

ရှုံးထွက်ဖလား ဗိုလ်လုပွဲစဉ်ကို ညနေ ၅ နာရီ မိနစ် ၃၀ အချိန်တွင် စတင်မည်ဖြစ်ပြီး လက်မှတ်နှုန်းထားများမှာ အထူးတန်း ကျပ်တစ်ထောင်နှင့် ရိုးရိုးတန်း ကျပ်ငါးရာဖြစ်သည်။ ပရိသတ်များသည် မည်သည့်နေရာမှ ကြည့်ရှုသည်ဖြစ်စေ အဆိုပါ ကံစမ်းမဲများအတွက် အခွင့်အရေးရရှိမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းသည် ဆူဇူကီးဖလား အုပ်စု(က)ပွဲစဉ်များအဖြစ် နိုဝင်ဘာ ၂၄ တွင် ဗီယက်နမ်၊ နိုဝင်ဘာ ၂၇ တွင် ထိုင်း၊ နိုဝင်ဘာ ၃၀ တွင် ဖိလစ်ပိုင်အသင်းများနှင့် ထိုင်းနိုင်ငံ၊ဘန်ကောက်မြို့၌ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။



7DAY NEWS JOURNAL
Vol.11, No.34 • NOVEMBER 1 , 2012

# ဆူဇူကီးဖလားအကြို မြန်မာဘောလုံးအသင်း ဂျပန်ကလပ်နှင့် ခြေစမ်းမည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ အောက်တိုဘာ-၂၆**

ဆူဇူကီးဖလားပြိုင်ပွဲ မတိုင်မီ မြန်မာ့ လက်ရွေးစင်ဘောလုံးအသင်းသည် ဂျပန်ကလပ်အသင်းများနှင့် ခြေစမ်းပွဲနှစ်ပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ပြောသည်။

ဘောလုံးအဖွဲ့ချုပ်သည် ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက အာဖရိကမှ ကင်မရွန်းအသင်းကို ဖိတ်ကြားခဲ့သော်လည်း ပြည်တွင်းကစားသမားများသာ ပါဝင်မည့် ကင်မရွန်းအသင်းသာ လာရောက်နိုင်မည်ဟု အကြောင်းပြန်ကြားခဲ့သည်။

"ကင်မရွန်းဘောလုံး အဖွဲ့ချုပ်က စာပြန်ပါတယ်။ ပြည်တွင်းကလပ်တွေမှာပဲ ကစားနေတဲ့ ကစားသမားတွေစုစည်းထားတဲ့ အသင်းပဲ လာနိုင်မယ်ပေါ့ (အေ) အသင်းမဟုတ်ဘူးပေါ့။ အဲဒါကြောင့် ကျွန်တော်တို့အနေနဲ့ပြန်သုံးသပ်နေတယ်။ တကယ်လို့နည်းပြကြီးက (အေ)အသင်းမဟုတ်လည်း ကန်မယ်ဆိုရင်ခေါ်မယ်။ ဒါပေမဲ့ လက်ရှိသေချာတာကတော့ ဂျပန်က ဂျေ ၂ မှာ ချန်ပီယံရပြီး ဂျေလိဂ်ကိုတက်မယ့်အသင်းပေါ့။ အဲဒီအသင်းလာမယ်။ ရန်ကုန်မှာနှစ်ပွဲကစားဖို့စီစဉ်နေပါတယ်။ အဲဒီအသင်းမဖြစ်ရင်လည်း တက္ကသိုလ်ချန်ပီယံအသင်း လာမှာပါ။ ဂျပန်ကတော့ သေချာပေါက် လာဖို့ရှိပါတယ်"ဟု ဦးဇော်ဇော်က အောက်တိုဘာလ ၂၆ တွင် ပြောသည်။




ဆူဇူကီးဖလားခြေစစ်ပွဲတွင် မြန်မာနှင့် လာအိုအသင်း ယှဉ်ပြိုင်ကစားစဉ် ဓာတ်ပုံ - ကိုဇေ

ဆူဇူကီးဖလားမတိုင်မီမြန်မာအသင်းနည်းပြပတ်ဆောင်ဟွာက ခြေစမ်းပွဲနှစ်ပွဲ ကစားရန်တောင်းဆိုထားပြီးလာမည့်နိုဝင်ဘာလ ၁၃ နှင့် ၁၆ ရက်ကြားတွင် ခြေစမ်းပွဲများဖြစ်မြောက်ရန် စီစဉ်နေကြောင်း အဖွဲ့ချုပ်ဥက္ကဋ္ဌက ဆက်လက်ပြောသည်။

ပြည်တွင်းရှုံးထွက်ဖလားပြိုင်ပွဲရှိနေသည့်အတွက် ပဏာမမြန်မာ့လက်ရွေးစင်အသင်းကို နိုဝင်ဘာလ ၁ ရက်တွင် စတင်စခန်းသွင်း လေ့ကျင့်မည်ဖြစ်ပြီး လူအပြောင်းအလဲများ ရှိမည်ဖြစ်ကြောင်း မြန်မာအသင်း နည်းပြဦးတင်မြင့်အောင်က ဆိုသည်။ ခြေစစ်ပွဲဝင်အသင်းအား လူအပြောင်းအလဲ ရှိမည်ဖြစ်သော်လည်း အာဆီယံဘောလုံးအဖွဲ့ချုပ်သို့ စာရင်းပေးပို့ထားသည့် ပဏာမလူစာရင်း ၃၅ ဦးထဲမှသာ ရွေးချယ်ခွင့်ရှိမည်ဖြစ်ကြောင်း ၄င်းကဆက်လက်ပြောသည်။

ဆူဇူကီးဖလား အုပ်စု(က)တွင် မြန်မာအသင်းနှင့် တစ်အုပ်စုတည်း ကျရောက်နေသည့် ထိုင်းအသင်းသည် နိုဝင်ဘာလ ၇ ရက်တွင် လက်ရှိချန်ပီယံ မလေးရှားအသင်းနှင့်လည်းကောင်း၊ ဖိလစ်ပိုင်အသင်းသည် နိုဝင်ဘာလ ၁၅ ရက်တွင် စင်ကာပူအသင်းများနှင့် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ထို့ပြင် ဗီယက်နမ်အသင်းသည် ပြည်တွင်း၌ VFF Cup ဖိတ်ခေါ်ပြိုင်ပွဲအဖြစ် တက်ခ်မင်နစ္စတန်၊ တောင်ကိုရီးယားတက္ကသိုလ်လက်ရွေးစင်နှင့် လာအိုအသင်းတို့နှင့် ယှဉ်ပြိုင်ကစားလျက်ရှိသည်။







7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.11, No.34 • NOVEMBER 1 , 2012



# အီတလီဝန်ကြီးချုပ်ဟောင်း ဘာလူစကိုနီ ထောင်ဒဏ်လေးနှစ် ချမှတ်ခံရ

**မီလန်၊အောက်တိုဘာ-၂၇**
အီတလီဝန်ကြီးချုပ်ဟောင်း ဆီဗီယိုဘာလူစကိုနီသည် အခွန်လိမ်လည်ခဲ့ကြောင်း အီတလီတရားရုံးတစ်ရုံးက တွေ့ရှိခဲ့ပြီးနောက် ထောင်ဒဏ်လေးနှစ် ချမှတ်လိုက်ကြောင်း သိရသည်။

အီတလီနိုင်ငံတွင် အယူခံတရားရုံးအဆင့်နှစ်ဆင့်ကို ကျော်ဖြတ်ပြီးမှသာ တရားရုံးဆုံးဖြတ်ချက်များ အတည်ဖြစ်လေ့ရှိသည်။ ဘာလူစကိုနီအနေဖြင့်လည်း အယူခံဝင်မည်ဟု မျှော်လင့်ကြသည်။

ယင်းမှာ အီတလီနိုင်ငံ၏ မီဒီယာလုပ်ငန်းပိုင်ရှင်ကြီး ဘာလူစကိုနီအပေါ် ပထမဆုံးပြစ်မှုထင်ရှားကြောင်း တွေ့ရှိခဲ့သော အမှုတစ်ခုဖြစ်ပြီး အခြားရာဇဝတ်မှုစုံစမ်းစစ်ဆေးခြင်းများနှင့် အမှုအများစုတွင်မူ ဘာလူစကိုနီအနေဖြင့် ကွင်းလုံးကျွတ်လွတ်မြောက်ခဲ့သည်။

ယခုသီတင်းပတ် အစောပိုင်းကပင် ၎င်းအနေဖြင့် စတုတ္ထအကြိမ် ဝန်ကြီးချုပ်လုပ်ရန် ရွေးကောက်ပွဲဝင်မည်မဟုတ်ကြောင်း ကြေညာခဲ့သည်။ ယခုပြစ်မှုစစ်ဆေးချိန်တွင်လည်း ဘာလူစကိုနီမှာ တရားရုံး၌ ရှိမနေခဲ့ပေ။

အခွန်တိမ်းရှောင်မှုများမှာ Mediaset ဟုခေါ်သော ၎င်း၏ စီးပွားရေးလုပ်ငန်းအင်ပါယာနှင့် ဆက်စပ်ထွက်ပေါ်လာခြင်းဖြစ်သည်။ *—Ref: AP*



Photo - AFP




# ဝန်ကြီးချုပ်ဝမ်ကြားပေါင်၏ ဇနီးနှင့်သား လုပ်ကိုင်သော စီးပွားရေးလုပ်ငန်းများသတင်းကို တရုတ်နိုင်ငံတွင် ဆင်ဆာဖြတ်



**ဘေဂျင်း၊အောက်တိုဘာ-၂၇**
တရုတ်နိုင်ငံ၏ ဆင်ဆာအဖွဲ့ အာဏာပိုင်များသည် ဝန်ကြီးချုပ်ဝမ်ကြားပေါင်၏ သား၊ ဇနီးနှင့် အခြားနီးစပ်သူများ၏ ကြွယ်ဝချမ်းသာမှုနှင့် စီးပွားရေးလုပ်ငန်းများကို အသေးစိတ်လေ့လာစူးစမ်းထားသော နယူးယောက်တိုင်းမ်သတင်းစာ၏ သတင်းဖော်ပြချက်ကို ပိတ်ပင်ခဲ့ကြောင်း သိရသည်။ အောက်တိုဘာ ၂၆ ရက်က ဖော်ပြခဲ့သောသတင်းတွင် နယူးယောက်တိုင်းမ်က ဝန်ကြီးချုပ်ဝမ်၏ သား၊ ဇနီးနှင့် အခြားသူများသည် အနည်းဆုံးတန်ဖိုး ဒေါ်လာ ၂ ဒသမ ၇ ဘီလီယံရှိသော ဘဏ်လုပ်ငန်း၊ ကျောက်မျက်ရတနာနှင့် တယ်လီဖုန်းဆက်သွယ်ရေးကဏ္ဍတို့တွင် ဝင်ရောက်လုပ်ကိုင်နေကြကြောင်း ဆန်းစစ်ဖော်ပြထားသည်။

တရုတ်နိုင်ငံပိုင် သတင်းစာများတွင် ထိုကိစ္စနှင့်ပတ်သက်၍ မည်သို့မျှ မှတ်ချက်ပေးခြင်းမရှိခဲ့ဘဲ တရုတ်ဆင်ဆာအာဏာပိုင်များကမူ လူမှုကွန်ရက်များ၊ ရှာဖွေရေးအင်ဂျင်များ၌နယူးယောက်တိုင်းမ်သတင်းစာနှင့် အခြားဆက်နွယ်သည့်သတင်းများကိုစိစစ်ဖြတ်တောက်ခဲ့ကြသည်။ အင်္ဂလိပ်ဘာသာဖြင့်ထုတ်ဝေပြီးတရုတ်ဘာသာနှင့်လည်း ဝက်ဘ်ဆိုက်လွှင့်တင်ထားသော ထိုနယူးယောက်တိုင်းမ်သတင်းစာကို တရုတ်နိုင်ငံတွင် ဆင်ဆာပိတ်ပင်ခဲ့ပြီး နိုင်ငံတကာရုပ်သံလိုင်းများဖြစ်သော စီအင်န်အင်န်နှင့် ဘီဘီစီတို့ကိုလည်း ပိတ်ပင်ခဲ့သည်။ နယူးယောက်တိုင်းမ်သတင်းစာကမူ ၎င်းဘလော့ဂ်၌ထုတ်ဝေသူအာသာဆူလ်ဘာဂါ၏ပြောစကားဖြစ်သော "ကျွန်တော်တို့အလုပ်ကို ကျွန်တော်တို့အရမ်းဂုဏ်ယူပါတယ်။ ကျွန်တော်တို့အလုပ်က ခမ်းနားတဲ့ စာနယ်ဇင်းလက်ရာတွေကို ပုံနှိပ်ဖော်ပြဖို့ပါပဲ"ဟူ သောစကားကို ဖော်ပြခဲ့သည်။ နယူးယောက်တိုင်းမ်သည် ဝန်ကြီးချုပ်ဝမ်၏ ဆွေမျိုးများအကြောင်း ဖော်ပြရန် အချိန်တစ်နှစ်ခန့် စုံစမ်းခဲ့ပြီး တရုတ်နိုင်ငံတွင် ဆောင်းပါးကြောင့်၎င်း၏လုပ်ငန်းများထိခိုက်နိုင်ကြောင်း ထုတ်ပြောထားသည်။ တရုတ်နိုင်ငံခြားရေးဌာနပြောခွင့်ရပုဂ္ဂိုလ်ကမူ နယူးယောက်တိုင်းမ်သတင်းနှင့် ပတ်သက်၍ အချို့သတင်းများမှာတရုတ်ပြည်ကို တိုက်ခိုက်ရန် ရည်ရွယ်ကြောင်းနှင့်အစွန်းရောက်သဘောထားများပါဝင်ကြောင်း မှတ်ချက်ပေးခဲ့သည်။ *—Ref: Asiaone*

7DAY NEWS JOURNAL
Vol.11, No.34 • NOVEMBER 1 , 2012

# တရုတ်နိုင်ငံ နင်ဘိုမြို့တွင် ဆန္ဒပြမှုများဖြစ်ပွားပြီးနောက် ဓာတုပစ္စည်းစက်ရုံစီမံကိန်း ရပ်ဆိုင်းမည်ဟု အာဏာပိုင်များ ကတိပြု

**နင်ဘို(တရုတ်)၊ အောက်တိုဘာ-၂၉**

တရုတ်နိုင်ငံအရှေ့ပိုင်းမြို့တော်တစ်မြို့ဖြစ်သည့် နင်ဘိုတွင် ဆန္ဒပြသူ ထောင်ပေါင်းများစွာသည် ဓာတ်ဆီဓာတုပစ္စည်း စက်ရုံတစ်ရုံ၏ မြေနေရာတိုးချဲ့မှုအား ကန့်ကွက်ချီတက်ဆန္ဒပြခဲ့ပြီးနောက် အဆိုပါစီမံကိန်းကို ရပ်ဆိုင်းမည့်အကြောင်း ဒေသခံအစိုးရထံမှ ကတိကဝတ်ကို ရရှိသွားသည်။

ဆန္ဒပြမှုများ ဖြစ်ပွားပြီးနောက် နင်ဘိုမြို့တော်အစိုးရက ကြေညာချက် ထုတ်ပြန်ရာတွင် ၎င်းတို့နှင့်စီမံကိန်းရင်းနှီးမြှုပ်နှံသူကုမ္ပဏီတို့သည် ယင်းစက်ရုံတိုးချဲ့ခြင်းမပြုတော့ရန် သဘောတူညီမှု အပြည့်အဝရခဲ့သည်ဟုဆိုသည်။ မြို့နယ်အာဏာပိုင်ရုံးများ၏ အပြင်ဘက်တွင် ဆန္ဒပြသူ လူအများက ကြေညာချက်ကို တာဝန်ရှိသူတို့ ဖတ်ပြနေစဉ်မှာပင်



အော်ဟစ်ကန့်ကွက်ခဲ့ကြပြီး ရုံးအတွင်း၌ ထိန်းသိမ်းထားသူများကို ပြန်လွှတ်ပေးရန် တောင်းဆိုခဲ့ကြသည်။ နင်ဘိုဒေသခံတစ်ဦးကမူ ၎င်းတို့သည် ဒေသခံအစိုးရ၏ ကြေညာချက်ကို မယုံကြည်ကြောင်း ဆိုသည်။

ယခုဆန္ဒပြမှုသည် တရုတ်ပြည်၏ ကြွယ်ဝချမ်းသာသော ရှီကျန်းပြည်နယ်တွင်စက်မှုစီမံကိန်းများကြောင့် ကျန်းမာရေးထိခိုက်မည်ကိုစိုးရိမ်ကာ ယခုနှစ်အတွင်း နောက်ဆုံးဖြစ်ပေါ်သည့် ဆန္ဒပြမှုဖြစ်သည်။ ဆန္ဒပြမှုများမှာ ပြီးခဲ့သည့် ရက်အနည်းငယ်ကပင် ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ ကန့်ကွက်ခံရသော ဓာတ်ဆီဓာတုပစ္စည်းစက်ရုံမှာ နင်ဘိုမြို့တော်၏ ကျန်ဟိုင်းခရိုင်တွင် တည်ရှိသည်ဟု သိရသည်။ *—Ref: Chinapost*

# အာရှနှင့် ဆက်ဆံရေး တိုးမြှင့်မည့် မူဝါဒကြေညာစာတမ်း ဩစတြေးလျဝန်ကြီးချုပ် ထုတ်ပြန်

**ဆစ်ဒနီ၊အောက်တိုဘာ-၂၉**

ဩစတြေးလျဝန်ကြီးချုပ် မစ္စက်ဂျူလီယာဂီးလာ့ဒ်သည် အာရှဒေသနှင့် ဆက်ဆံရေးတိုးတက်ကောင်းမွန်ရန် ရည်ရွယ်သည့် အရေးကြီးသော နိုင်ငံခြားရေးပေါ်လစီတစ်ရပ် ထုတ်ပြန်လိုက်ကြောင်း သိရသည်။

အစိုးရစက္ကူဖြူစာတမ်း၌ ၂၀၂၅ အရောက်တွင် အကောင်အထည်ဖော်ပြီးသားဖြစ်ရန် လျာထားသည့် ရည်မှန်းချက် ၂၅ ချက်ပါဝင်သည်။ တရုတ်ဘာသာစကား မန်ဒရင်းနှင့် အိန္ဒိယဘာသာစကားဟိန္ဒီအားကျောင်းများတွင်သင်ကြားရေးအပါအဝင်ကုန်သွယ်ရေးတိုးတက်ရန် ရည်မှန်းချက်များလည်း ပါဝင်သည်။

ဩစတြေးလျနိုင်ငံအားဥရောပ၏နိုင်ငံဟောင်းများမှဖယ်ခွာ၍ ၎င်း၏အိမ်နီးချင်းနိုင်ငံများ အထူးသဖြင့် တရုတ်၊ အိန္ဒိယနိုင်ငံတို့နှင့် ဆက်ဆံရေးအပေါ် ပြန်လည်အာရုံစိုက်စေလိုကြောင်း မစ္စက်ဂီးလာ့ဒ်ကပြောကြားသည်။

အဆိုပါ အစီအစဉ်ကို စာမျက်နှာ ၃၁၂ မျက်နှာဖြင့် ရေးသားဖော်ပြထားပြီး ‘အာရှရာစုနှစ်အတွင်းမှဩစတြေးလျနိုင်ငံ’ဟု အမည်ပေးထားကြောင်း သိရသည်။

အာရှတိုက်သည် လာမည့်နှစ် ၂၀ အတွင်း ကမ္ဘာ့လူလတ်တန်းစားအများစုနေထိုင်ရာဒေသဖြစ်လာမည်ဖြစ်၍ ယခုအချိန်မှာသမိုင်းတွင် ဆုပ်ကိုင်ရမည့် အချိန်ဖြစ်သည်ဟု ဆစ်ဒနီမြို့ရှိLowy အင်စတီကျုဒ်၌ စက္ကူဖြူစာတမ်းထုတ်ပြန်သည့် အခမ်းအနားတွင် မစ္စက်ဂျူလီယာဂီးလော့ဒ်က ပြောကြားသည်။

“အာရှတိုက်တိုးတက်လာပုံဟာကြောက်စရာ၊လန့်စရာကောင်းပါတယ်။ ဒါနဲ့အတူ ဩစတြေးလျနိုင်ငံသားအားလုံးအတွက် အခွင့်အရေးတွေရော၊ စိန်ခေါ်မှုတွေရော ရှိနေပါတယ်” ဟု မစ္စက်ဂျူလီယာကပြောကြားပြီး “ကျွန်မတို့ဟာ ကံကိုပဲ အားကိုးနေလို့ မရပါဘူး။ ကျွန်မတို့ရဲ့ အနာဂတ်ကို ကျွန်မတို့ရဲ့ ရွေးချယ်မှုတွေနဲ့ ကျွန်မတို့ နေထိုင်ရာဒေသနဲ့ ဘယ်လိုထိတွေ့ဆက်ဆံသလဲဆိုတာတွေက အဆုံးအဖြတ်ပေးသွားပါလိမ့်မယ်”ဟု ၎င်းက ဆက်လက်ပြောကြားသည်။ *—Ref: BBC*

# အင်ဒိုနီးရှားတွင် အကြမ်းဖက်သမားဟု မသင်္ကာသူ ၁၁ ဦးအား ဖမ်းဆီး



**ဂျကာတာ၊အောက်တိုဘာ-၂၉**

အင်ဒိုနီးရှားနိုင်ငံရှိ အမေရိကန်သံရုံးနှင့် သံတမန်ရုံးများ အပါအဝင် ပစ်မှတ်များစွာအား အကြမ်းဖက်တိုက်ခိုက်ရန် စီစဉ်နေသော အကြမ်းဖက်သမားဟုမသင်္ကာသူ ၁၁ ဦးအား အင်ဒိုနီးရှားရဲတပ်ဖွဲ့က ဖမ်းဆီးလိုက်ကြောင်း သိရသည်။

Detachment 88 ဟုခေါ်သော အကြမ်းဖက်နှိမ်နင်းရေး အထူးတပ်ဖွဲ့သည် ယင်းမသင်္ကာသူများအား မြို့တော်ဂျကာတာ၊ ဘိုဂေါ်ဆိုလိုနှင့် မာဒီယန်မြို့များ၌ ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ဆူဟာဒီအာလီယက်စ်ကပြောကြားသည်။

ယင်းအုပ်စုသည် ဂျကာတာမြို့ရှိ အမေရိကန်သံရုံး၊ ဆူရာဘာယားကျွန်းရှိ အမေရိကန်သံကိုယ်စားလှယ်ရုံးနှင့် ဩစတြေးလျသံရုံးအနီးရှိ အဆောက်အအုံတစ်ခုကို တိုက်ခိုက်ရန် စီစဉ်နေကြောင်း၊ ထို့အပြင် အမေရိကန် သတ္တုတွင်းလုပ်ငန်း Freeport-McMoRan Copper & Gold ၏ အင်ဒိုနီးရှားရုံးခွဲကိုလည်း တိုက်ခိုက်ရန် စီစဉ်ခဲ့ကြောင်း ရဲတပ်ဖွဲ့ပြောခွင့်ရပုဂ္ဂိုလ်ကပြောသည်။

“ဖောက်ခွဲရေးပစ္စည်းတွေ၊ ဗုံးလုပ်နည်းစာအုပ်တစ်အုပ်နဲ့ လက်နက်တွေ၊ စနက်တံတွေကို ကျွန်တော်တို့ ရှာဖွေတွေ့ရှိခဲ့ပါတယ်”ဟု သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင်မစ္စတာအေလီယက်စ်က သတင်းထောက်များအား ပြောကြားသည်။

ယခုဖမ်းဆီးရမိသော မသင်္ကာသူအကြမ်းဖက်သမားများမှာ ယခင်က မကြားဖူးသည့် နာမည်နှင့် အသစ်ဖွဲ့စည်းထားသောအဖွဲ့တစ်ဖွဲ့ဖြစ်ကြောင်း ရဲတပ်ဖွဲ့ပြောခွင့်ရပုဂ္ဂိုလ်ကပင် ဆက်လက်ပြောသည်။

အင်ဒိုနီးရှားလူဦးရေ သန်း ၂၅၀ ၏ ၈၅ ရာခိုင်နှုန်းမှာ အစ္စလာမ်ဘာသာဝင်များဖြစ်ပြီး အများစုက ဘာသာရေးနှင့် နိုင်ငံရေးရောယှက်အုပ်ချုပ်ခြင်း မရှိသော အစိုးရကို ထောက်ခံကြ ကြောင်း သိရသည်။ *—Ref: WSJ*






7 DAY NEWS JOURNAL
Vol.11, No.34 • NOVEMBER 1 , 2012

# ဒမတ်စကပ်စ်တွင် ကားပုံးပေါက်ကွဲရာမှ တိုက်ပွဲများဖြစ်ပွားပြီး အပစ်အခတ်ရပ်စဲခြင်းပျက်ယွင်း



Photo - AFP

**ဘေရွတ်၊အောက်တိုဘာ-၂၇**

ဆီးရီးယားနိုင်ငံ ဒမတ်စကပ်စ်မြို့တွင် အင်အားပြင်း ကားဗုံးတစ်လုံးပေါက်ကွဲခဲ့ပြီး သမ္မတအာဆက်၏ တပ်ဖွဲ့များနှင့် သူပုန်တပ်ဖွဲ့များအကြား တိုက်ခိုက်မှုများလည်း ဖြစ်ပေါ်ခဲ့ရာ မွတ်ဆလင်ဘာသာရေး အားလပ်ရက်အတွင်း အပစ်အခတ်ရပ်စဲထားရေး အစီအစဉ်လည်းပျက်ယွင်းသွားခဲ့သည်။ အနည်းဆုံး လူပေါင်း ၇၀ သေဆုံးခဲ့ကြောင်း တက်ကြွလှုပ်ရှားသူများကလည်း ပြောသည်။

အစိုးရရုပ်မြင်သံကြားကလည်း အကြမ်းဖက်သမားများ၏ ကားဗုံးဖောက်ခွဲမှုကြောင့် လူငါးဦးသေဆုံးပြီး ၃၂ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ပြောကြားသည်။

ဒမတ်စကပ်စ်မြို့တောင်ဘက် ဒက်ဖ်အာရှော့ခရိုင်ရှိ အားလပ်ရက်အတွင်း ကလေးများ ဆော့ကစားနိုင်ရန် ယာယီရှင်းလင်းထားသည့် ကွင်းပြင်အနီး၌ ကားဗုံးပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း အတိုက်အခံလှုပ်ရှားသူများက ပြောသည်။

အစ်အယ်လ်အက်ဟာ ကာလအတွင်းအပစ်အခတ်ရပ်စဲထားရေး နိုင်ငံတကာငြိမ်းချမ်းရေးကိုယ်စားလှယ် မစ္စတာလက်ဒါဘရာဟီမီ ညှိနှိုင်းပေးထားသည့် အစီအစဉ်ကို နှစ်ဖက်စလုံးက ချိုးဖောက်ခဲ့သောကြောင့် အစိုးရနှင့် သူပုန်တပ်ဖွဲ့များ တိုက်ပွဲများဖြစ်ပွားခဲ့သည်။

တိုက်ခိုက်မှုများမှာပုံမှန်ရက်များလောက် မပြင်းထန်ကြောင်းနှင့် လေကြောင်းမှ တိုက်ခိုက်မှုများလည်း မရှိကြောင်း တက်ကြွလှုပ်ရှားသူများက ပြောကြားသော်လည်း တပ်ဖွဲ့ဝင် ၂၆ ဦး အပါအဝင် လူပေါင်းဒါဇင်နှင့်ချီ၍ သေဆုံးခဲ့သည်ဟု ဆီးရီးယားနိုင်ငံ၌ လူအသေအပျောက်နှင့် ထိခိုက်ဒဏ်ရာရရှိမှုများကို စောင့်ကြည့်သည့် ဆီးရီးယားလူ့အခွင့်အရေးအဖွဲ့ကပြောကြားသည်။

သူပုန်တပ်ဖွဲ့များက အစိုးရတပ်စခန်းများကို ဦးစွာတိုက်ခိုက်ခဲ့၍ အစိုးရတပ်ဖွဲ့များက လက်တုံ့ပြန်ခဲ့ခြင်းဖြစ်သည်ဟု ဆီးရီးယားစစ်ဘက်က ပြောကြားသည်။ အစ်အယ်လ်အက်ဟာ အားလပ်ရက်လေးရက်တာကာလအတွင်း အပစ်အခတ်ရပ်စဲထားမည်ဖြစ်သော်လည်း သူပုန်တပ်ဖွဲ့များက တိုက်ခိုက်လာလျှင်မူ တုံ့ပြန်သွားမည်ဟု ဆီးရီးယားစစ်ဘက်က ယခင်ကတည်းက ပြောကြားထားသည်။

—Ref: Reuters

# ဂျာမနီအဓိပတိ မစ္စမာကယ်လ်၏ ညွန့်ပေါင်းအစိုးရအဖွဲ့အပေါ် လူထုထောက်ခံမှု မြင့်တက်လာ

**ဘာလင်၊အောက်တိုဘာ-၂၇**

အောက်တိုဘာ ၂၆ ရက်က ထုတ်ပြန်ခဲ့သော ထိပ်တန်းလူထုထင်မြင်ချက် စစ်တမ်းတစ်ရပ်တွင် ဂျာမနီအဓိပတိ အန်ဂျလာမာကယ်လ်၏ ကွန်ဆာဗေးတစ် ညွန့်ပေါင်းအစိုးရသည် သုံးနှစ်အတွင်း လူထုထောက်ခံမှုအမြင့်ဆုံးရောက်ရှိနေကြောင်း သိရှိရသည်။ သို့သော် လာမည့်နှစ်စက်တင်ဘာလ ရွေးကောက်ပွဲတွင်လွတ်လွတ်ကျွတ်ကျွတ် အောင်ပွဲခံနိုင်မည့်သူမရှိနိုင်ကြောင်း စစ်တမ်းကပြသနေသည်။

ZDF TV အတွက် ကောက်ယူသည့်စစ်တမ်းအရ မစ္စမာကယ်လ်၏ ဗဟိုနှင့် လက်ယာယိမ်း ညွန့်ပေါင်းသည်လည်းကောင်း (သို့မဟုတ်) ဗဟိုနှင့် လက်ဝဲယိမ်းညွန့်ပေါင်းသည်လည်းကောင်း လူများစုနေရာ (Majority) မရနိုင်ဟု စစ်တမ်းကပြဆိုနေသည်။

ယင်းစစ်တမ်းအရ မစ္စမာကယ်လ်၏ ခရစ်ယာန်ဒီမိုကရက်ပါတီနှင့် ၎င်း၏မဟာမိတ် ခရစ်ယာန်ဆိုရှယ်သမဂ္ဂ(CSU)ပါတီအပေါ် ထောက်ခံမှုမှာ ၃၉ ရာ ခိုင်နှုန်းသို့ရောက်ရှိလာပြီး ယင်းမှာ ၂၀၀၉ စက်တင်ဘာလက ထောက်ခံမှု ၄၀ ရာခိုင်နှုန်း ရောက်ရှိပြီးနောက်ပိုင်း အမြင့်ဆုံးဖြစ်သည်။

အတိုက်အခံအဖွဲ့များဖြစ်သော ဆိုရှယ်ဒီမိုကရက် (SPD) အဖွဲ့အပေါ် ထောက်ခံမှု ၂၉ ရာ ခိုင်နှုန်းနှင့် အစိမ်းရောင်အဖွဲ့ (The Greens) အပေါ် ထောက်ခံမှုမှာ ၁၃ ရာခိုင်နှုန်းသာရှိသည်။

ထို့အပြင် ဂျာမနီနိုင်ငံသား ၄၈ ရာခိုင်နှုန်းမှ ၄၄ ရာခိုင်နှုန်းမှာ ဂရိနိုင်ငံအား ယူရိုဇုန်တွင် ဆက်လက်ရှိနေစေချင်သည်ဟု ပြန်ကြားကြသည်။ ယခင်က ကောက်ယူခဲ့သော စစ်တမ်းများတွင်မူ ဂရိနိုင်ငံအား ယူရိုဇုန်မှ ထွက်ခွာသွားစေလိုသည်ဟု ဂျာမနီနိုင်ငံသားအများစုက ပြောကြားကြသည်။

*—Ref: Reuters*



7 DAY NEWS JOURNAL
# International
Vol.11, No.34 • NOVEMBER 1 , 2012

# ဝမ်ကြားပေါင် မိသားစုရှေ့နေများ နယူးယောက်တိုင်းမ်သတင်းကို မဟုတ်မှန်ဟု တုံ့ပြန်ကြေညာ



Photo - AFP

**ဟောင်ကောင်၊ အောက်တိုဘာ- ၂၉**

တရုတ်ဝန်ကြီးချုပ်ဝမ်ကြားပေါင်၏ ဆွေမျိုးများအတွက် ဆောင်ရွက်နေသော ရှေ့နေများက မကြာသေးမီက နယူးယောက်တိုင်းမ်သတင်းစာတွင်ဖော်ပြခဲ့သော မစ္စတာဝမ်နှင့် ဆွေမျိုးများ၏ ချမ်းသာမှုနှင့် စီးပွားရေးလုပ်ငန်းများအကြောင်းမှာ မှန်ကန်ခြင်းမရှိကြောင်း တုံ့ပြန်ပြောဆိုလိုက်သည်။

ဟောင်ကောင်ထုတ် ဆောက်သ်ချိုင်းနားမောနင်းပို့စ်သတင်းစာတွင် ဖော်ပြခဲ့သော ထိုရှေ့နေများ၏ ကြေညာချက်၌ ယခုကဲ့သို့ငြင်းဆိုခဲ့ခြင်းဖြစ်သည်။ ယခုတစ်ကြိမ်မှာ ယင်းထိပ်တန်းတရုတ်ခေါင်းဆောင်၏မိသားစုများအနေဖြင့် ပြည်ပမီဒီယာတစ်ခုကို သတင်းစာမှ ပထမဆုံးအကြိမ်ပြန်လည်တုံ့ပြန်မှုလည်းဖြစ်သည်။ **စာ(၄၅)သို့**

## အိန္ဒိယအစိုးရအဖွဲ့အတွင်း ဝန်ကြီးသစ် ၂၂ ဦး ခန့်အပ်ကာ အပြောင်းအလဲပြုလုပ်

**နယူးဒေလီ၊အောက်တိုဘာ- ၂၉**

အိန္ဒိယဝန်ကြီးချုပ်မန်မိုဟန်ဆင်းသည် အစိုးရအဖွဲ့အတွင်း အဓိကအပြောင်းအလဲအဖြစ် ဝန်ကြီးသစ် ၂၂ ဦးအား ရွေးချယ်ခန့်အပ်လိုက်ကြောင်း သိရသည်။ ယခုကဲ့သို့ အစိုးရအဖွဲ့အတွင်း အဓိကပြောင်းလဲမှုလုပ်ခြင်းမှာ ၂၀၁၄ အထွေထွေရွေးကောက်ပွဲအကြို ကွန်ဂရက်ပါတီခေါင်းဆောင်သော အစိုးရအဖွဲ့တွင် ငယ်ရွယ်သော နိုင်ငံရေးသမားများဖြင့် သွေးသစ်လောင်းရန် အားထုတ်ချက်လည်းဖြစ်သည်။ ယခု ခန့်အပ်လိုက်သော ဝန်ကြီးသစ်များစာရင်းတွင် အိန္ဒိယ၏ ဩဇာကြီးသော နိုင်ငံရေးမျိုးဆက်ဖြစ်သည့် နေရူး-ဂန္ဒီမိသားစုမှ ကွန်ဂရက်ပါတီ၏ အနာဂတ်ခေါင်းဆောင်ဖြစ်လာဖွယ်ရှိသူဟု ထင်ကြေးပေးခံရသူ ရာဟူးလ်ဂန္ဒီ ပါဝင်ခြင်းမရှိပေ။ ပြီးခဲ့သည့်နှစ်အနည်းငယ်အတွင်း အိန္ဒိယအစိုးရသည် အကျင့်ပျက်ခြစားမှု ပြဿနာပေါင်းစုံနှင့် ရင်ဆိုင်ခဲ့ရသည်။ ယခုခန့်အပ်လိုက်သော ဝန်ကြီး ၂၂ ဦးတွင် ဝန်ကြီးသစ်ခုနစ်ဦးနှင့် အငယ်တန်းအဆင့်မှ တက်လာသော ဝန်ကြီး ၁၅ ဦး ပါဝင်သည်။ အိန္ဒိယအစိုးရအဖွဲ့ ဝန်ကြီးနေရာများ အပြောင်းအလဲတွင် အဓိကကျသော **စာ(၄၅)သို့**

## ယူကရိန်းရွေးကောက်ပွဲတွင် သမ္မတယာနူကိုဗစ်၏ပါတီ အနိုင်ရဟု ကြွေးကြော်

**ကိဗ်၊အောက်တိုဘာ- ၂၉**

မဲအပြတ်အသတ်မဟုတ်ဘဲ သူတင်ကိုယ်တင် ယှဉ်ပြိုင်ခဲ့သော ယူကရိန်းပါလီမန် ရွေးကောက်ပွဲတွင် ယူကရိန်းသမ္မတ ဗစ်တာယာနူကိုဗစ်၏ပါတီက အနိုင်ရကြောင်း ပြောကြားသည်။

'Party of Regions' ပါတီအရာရှိများကလည်း ယခုရလဒ်မှနေ၍ ယူကရိန်းနိုင်ငံသားများသည် ၎င်းတို့ခေါင်းဆောင်အပေါ် ယုံကြည်မှုရှိသည်ကို ပြသနေကြောင်း ပြောကြားသည်။

မဲရုံအတွက် စစ်တမ်းအချို့အရ ယာနူကိုဗစ်ပါတီက မဲအများစု ရရှိသော်လည်း အတိုက်အခံများမှာ မျှော်လင့်ထားသည်ထက် အခြေအနေကောင်းခဲ့ကြောင်း သိရသည်။ **စာ(၄၅)သို့**

## ဟာရီကိန်းမုန်တိုင်းကြောင့် အမေရိကန်တွင် အရေးပေါ်အခြေအနေထုတ်ပြန်

**နယူးဂျာစီ၊ အောက်တိုဘာ- ၂၉**


Photo - AFP

ကာရေဘီယံဒေသမှမြောက်ဘက်သို့ ဦးတည်နေသော ဟာရီကိန်းမုန်တိုင်း 'ဆန်ဒီ'သည် အမေရိကန်နိုင်ငံအရှေ့ဘက်ကမ်းရိုးတန်းပြည်နယ်များတွင် မိုးဆက်တိုက်ရွာသွန်းခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ ထူထပ်စွာနှင်းကျခြင်းများ ဖြစ်ပေါ်စေခဲ့ရာ မြောက်ကယ်ရိုလိုင်းနားမှ ကွန်နက်တီကတ်ပြည်နယ်များအထိ အရေးပေါ်အခြေအနေများ ကြေညာထားသည်။ အဆိုပါ မုန်တိုင်းကြောင့် ကာရေဘီယံဒေသတွင် လူပေါင်း ၆၀ ခန့် သေဆုံးခဲ့ရသည်။

ကမ်းရိုးတန်းဒေသများတွင် နေထိုင်သော လူသန်းပေါင်းများစွာကိုလည်း မုန်တိုင်းလမ်းကြောင်းမှ ရှောင်ရှားနေကြရန် တာဝန်ရှိသူများက သတိပေးချက်များ ထုတ်ပြန်ထားသည်။

ကာရေဘီယံမှလာသော မုန်တိုင်း 'ဆန်ဒီ'နှင့် အခြားအင်အားပြင်း ဆောင်းမုန်တိုင်းနှစ်ခု ဆုံတွေ့သွားပါက လူပေါင်းသန်း ၆၀ အပေါ် သက်ရောက်မှုရှိနိုင်ကြောင်း သိရသည်။ ကုန်းတွင်းသို့ ဝင်ရောက်လာသော ဆန်ဒီမုန်တိုင်းမှာ အင်အားမည်မျှပင်ရှိစေ ဆောင်းမုန်တိုင်းများနှင့် ပေါင်းစည်းသွားမည်ဖြစ်၍ အရှေ့ဘက်ကမ်းရိုးတန်းမှ Great Lakes ဒေသအထိ မိုင်ပေါင်း ၈၀၀ ဧရိယာအား ပျက်စီးဆုံးရှုံးနိုင်ကြောင်း ကျွမ်းကျင်ပညာရှင်များက ပြောကြားသည်။ **စာ(၄၅)သို့**

## INTERVIEW

### ခင်ဗျား PSY လားမေးတော့ ကျွန်တော် ဂျွန်ဘွန်ဂျိုဗီပါလို့ ဖြေလိုက်တယ်



ဂန်နမ်းစတိုင်လ်နဲ့ ကမ္ဘာကျော်လာတဲ့ ကေပေါ့ပ်အဆိုတော် PSY နှင့် တွေ့ဆုံခြင်း

စာ(၄၆)သို့



၇ ရက် သတင်းဂျာနယ်

7 DAY NEWS JOURNAL အချပ်ပို

Vol.11, No.34 • NOVEMBER 1 , 2012

# မြေသိမ်းမှုများတွင် ဥပဒေပလုပ်ဆောင်သူများကို ကာကွယ်ပေးသူများအား အရေးယူမည်

**သန်းဌေး**

**ရန်ကုန်၊ အောက်တိုဘာ-၂၈**

ဌာနဆိုင်ရာ အသီးသီးမှ သိမ်းယူခဲ့သော လယ်ယာမြေကိစ္စအား စုံစမ်းစစ်ဆေးနေစဉ်အတွင်း ဥပဒေဘောင်ကျော်၍ ကာကွယ်ပေးနေသူများအား ဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း လယ်ယာမြေစုံစမ်း စစ်ဆေးရေးကော်မရှင်အဖွဲ့ဝင်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်မောင်ရည်ကပြောသည်။

"အခု ကျွန်တော်တို့ စုံစမ်းစစ်ဆေးနေတဲ့အချိန်မှာ မညီမျှမှုတွေ တွေ့တယ်။ ဥပဒေဘောင်ကျော်နေတာတွေကိုလည်း တွေ့တယ်။ ဥပဒေဘောင်ကျော်ပြီး လုပ်နေသူတွေကို မသိကျိုးကျွံလုပ်ပြီး အကာအကွယ်ပေးနေသူတွေကိုလည်း ကျွန်တော်တို့က ဥပဒေအရ အရေးယူမယ်"ဟု ရွှေပြည်သာမြို့နယ်ရှိ လယ်ယာမြေအသိမ်းခံလယ်သမား ငါးရာခန့်နှင့် တွေ့ဆုံစဉ် ၎င်းကပြောသည်။

စက်မှုဇုန်များအတွင်းသို့ လယ်ယာမြေစုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့ဝင်များက ကွင်းဆင်းစစ်ဆေးသောအခါ ယခင်က စက်ရုံတည်ဆောက်မှု မရှိခဲ့ဘဲ လက်ဆင့်ကမ်းရောင်းထားသော မြေကွက်များအား အာဏာပိုင်များနှင့် ပူးပေါင်း၍ အယောင်ပြခြံခတ်ခြင်းနှင့် အုတ်တံတိုင်းကာခြင်းများ ပြုလုပ်နေကြကြောင်း လယ် ၅၅ ဧက သိမ်းခံရသော လယ်သမားကြီးတစ်ဦးက ပြောသည်။

"ဝါးတစ်ရာစက်မှုဇုန်မှာ ကုမ္ပဏီတွေက ခြံဝင်းတွေ ခတ်ပြီး စက်ရုံတစ်ရုံမှလည်း မရှိပါဘူး။ သူတို့က စက်ရုံဆောက်ဖို့ မဟုတ်ဘဲ မြေကစားသူတွေပဲ ဖြစ်တယ်။ ဒါကြောင့် လယ်သမားတွေ လုပ်ပိုင်ခွင့် ဆုံးရှုံးမှုကြောင့် နစ်နာပြီး၊ သိမ်းယူထားတဲ့ လယ်ယာမြေတွေကို ပြန်လုပ်ပိုင်ခွင့်ပေးဖို့ တောင်းဆိုပါတယ်။ တကယ်လို့ လုပ်ပိုင်ခွင့် မရတော့ဘူးဆိုရင်လည်း သက်ဆိုင်ရာ အဖွဲ့အစည်းတွေက သင့်တော်သလိုစီမံဆောင်ရွက်ပေးပါ" ဟု ၎င်းက ပြောသည်။

လယ်ယာမြေ သိမ်းဆည်းမှုများတွင် တပ်မတော်၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးမှုဦးစီးဌာန၊ စည်ပင်သာယာရေးကော်မတီ၊ ရဲတပ်ရင်း၊ ပြည်ခိုင်ဖြိုးပါတီနှင့် အခြားသော ဌာနများမှ သိမ်းယူခဲ့၍ ကာလပေါက်ဈေးနှုန်း၏ တစ်ဆယ်ရာခိုင်နှုန်းအောက် မနည်းသော လျော်ကြေးငွေပေးဆောင်စေလိုကြောင်း ရွှေပြည်သာမြို့နယ် တောင်သူလယ်သမား အစည်းအရုံးဥက္ကဋ္ဌ ဦးကျော်ငြိမ်းက ပြောသည်။ လယ်သမားများပိုင် လယ်ယာမြေများအား သိမ်းခံရသည့်အပြင် ၎င်းတို့စိုက်ပျိုးထားသော ဓနိ၊ အုန်းနှင့် အခြား စိုက်ပျိုးသီးနှံများလည်း ဖျက်ဆီးခံရကာ လယ်မဲ့ယာမဲ့ အလုပ်လက်မဲ့ အောက်တန်းစားများ ဘဝသို့ရောက်သွားရကြောင်း အမှတ် ၂၀ သံဒင်းရပ်ကွက်မှ လယ်သမားကြီးဦးသန်းအုန်းက ပြောသည်။

"ဥပဒေပြဋ္ဌာန်းထားတာ ရှိပါတယ်။ ဒီဥပဒေကို ထိပါးလာတယ်ဆိုရင်တော့ ဥပဒေကို ကာကွယ်တဲ့အနေနဲ့ ထိပါးတဲ့ လူတွေကို အရေးယူရမှာပေါ့။ တစ်ဖက်သားကို နစ်နာအောင်လုပ်တယ်ဆိုရင် နစ်နာအောင်လုပ်တဲ့လူကို တရားစွဲလို့ ရပါတယ်" ဟု လယ်ယာမြေစုံစမ်းစစ်ဆေးရေး ကော်မရှင်အဖွဲ့ဝင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်းလင်းက ပြောသည်။

ထိုသို့ဥပဒေချိုးဖောက်သူများအား အကာအကွယ်ပေးသူများကို သေချာပေါက် အရေးယူပေးမည်ဆိုသော်လည်း တိုင်ကြားသူများဘက်မှ မမှန်ပါက အတိုင်ခံရသူကလည်း ပြန်လည်တရားစွဲနိုင်ကြောင်း ၎င်းကပြောသည်။

"လယ်သမားနဲ့ လုပ်ငန်းရှင်နဲ့ ယှဉ်ရင် လုပ်ငန်းရှင်က နစ်နာစရာ အကြောင်းမရှိဘူး။ နစ်နာစရာရှိရင် လယ်သမားပဲနစ်နာတာပါ။ ကျွန်တော်တို့က နစ်နာသူဘက်က လာရှင်းပေးတာပါ" ဟု ဦးအောင်သိန်းလင်းကပြောသည်။

"လယ်မြေဧက ထောင်သောင်းသိန်းချီ ယူထားကြပြီး ဘာမှ မလုပ်ဘဲ ရောင်းစားနေတဲ့ ကုမ္ပဏီများကို စိစစ်ပြီး သတ်မှတ်စည်းကမ်းဖောက်ဖျက်မှုနဲ့ ပြန်လည်သိမ်းယူပြီး အမှန်တကယ် လုပ်ကိုင်မယ့် လယ်သမားတွေကို လုပ်ကိုင်ခွင့်ပြန်ချပေးသင့်ပါတယ်" ဟု လူငယ်အမျိုးသားတစ်ဦးက ပြောသည်။

အကယ်၍ လယ်ယာမြေ စုံစမ်းစစ်ဆေးရေး ကော်မရှင်ကိုယ်တိုင်က တရားဥပဒေအတိုင်း ညီညွတ်မျှတစွာ ဆောင်ရွက်ပေးနိုင်စွမ်းမရှိပါက ဆန္ဒပြခြင်းနည်းလမ်းအပြင် အခြားနည်းလမ်းများကိုလည်း အသုံးပြုကာ မိမိတို့ရပိုင်ခွင့်ကို ဆောင်ရွက်ရတော့မည်ဖြစ်ကြောင်း ရွှေပြည်သာမြို့နယ်၊ သံဒင်းနှင့် လယ်သမားကြီးတစ်ဦးကပြောသည်။



မြေသိမ်းခံရသော လယ်သမားများ ရန်ကုန်တွင်ဆန္ဒပြစဉ် ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

# အစားထိုးတင်သွင်းလာသောတက္ကစီများ စီအင်န်ဂျီပြန်တပ်ဆင်ခွင့်ရရန် ကြန့်ကြာနေဟုဆို

**မိုးညို**

**ရန်ကုန်၊**

**အောက်တိုဘာ-၂၇**

စီအင်န်ဂျီတက္ကစီယာဉ်များမှာ အပ်နှံပြီး ပြည်ပမှ အစားထိုးတင်သွင်းလာသည့် ယာဉ်များအား စီအင်န်ဂျီပြောင်းလဲတပ်ဆင်ခွင့်ပြုချက် တောင်းခံထားသည်များကို သက်ဆိုင်ရာကဆောင်ရွက်ပေးရာတွင် ကြန့်ကြာနေကြောင်း အငှားယာဉ်ပိုင်ရှင်အချို့ကပြောသည်။

"စီအင်န်ဂျီပြောင်းဖို့ တင်ထားတာ တစ်လကျော်ကြာနေပြီ။ ဘာအကြောင်းမှမပြန်သေးဘူး" ဟုသာကေတမြို့နယ်မှအငှားယာဉ် ငါးစီးပိုင်သည့် ယာဉ်ပိုင်ရှင်တစ်ဦးကပြောသည်။ အိမ်စီးကားအချို့နှင့် လုပ်ငန်းသုံး ကားများတွင် လတ်တလောကြန့်ကြာမှုမရှိသော်လည်း စီအင်န်ဂျီအငှားယာဉ်များ၌ အဓိကကြန့်ကြာနေခြင်းဖြစ်ကြောင်း အထက်ပါယာဉ်ပိုင်ရှင်ကဆိုသည်။

စီအင်န်ဂျီ မပြောင်းလဲမီ လတ်တလော ပြေးဆွဲရန်အတွက် ဓာတ်ဆီဝယ်ယူသုံးစွဲ၍ ပြေးဆွဲနေရပြီး တစ်ရက်ယာဉ်တစ်စီးလျှင် ငွေကျပ် ၁၀၀၀၀ ကျော်ပိုမိုကုန်ကျနေကြောင်း တက္ကစီယာဉ်ပိုင်ရှင်တစ်ဦးက ပြောသည်။

သို့သော် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ သာကေတမြို့နယ် စီအင်န်ဂျီပြောင်းလဲတပ်ဆင်ရေးမှ တာဝန်ရှိသူတစ်ဦး၏ ပြောပြချက်အရဌာနသို့လက်ရှိအငှားယာဉ်များမှ စီအင်န်ဂျီပြောင်းလဲရန် တင်ပြထားသည့် အစီးရေပေါင်း ၃၀၀၀ ကျော်ရှိရာမှ ၁၀၀၀ ကျော်ကို ပြောင်းလဲတပ်ဆင်ပေးခဲ့ပြီးဖြစ်ကြောင်း ပြောသည်။

"အခုကြန့်ကြာတယ်လို့ ပြောနေတာ စက်တင်ဘာလကုန်ပိုင်းလောက်က ရပ်သွားတာ။ အခုအောက်တိုဘာအထိပေါ့။ ဌာနရဲ့ မူအပြောင်းအလဲအရ ခရီးသည်တင်ယာဉ်ဘတ်စ်ကားတွေကို ဦးစားပေးအဆင့်နဲ့ ဆောင်ရွက်နေရတာ"ဟု မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ရန်ကုန်တိုင်းဒေသကြီးတွင်း၌ စီအင်န်ဂျီဆိုင်ပေါင်း ၄၀ ရှိကာ နေ့စဉ်ဖြည့်သွင်းကားစီးရေ ၂၀၀၀ ကျော်ရှိသည်။ နေ့စဉ်ပျမ်းမျှရောင်းချမှုပမာဏ ၁၆ ဒသမ ၆၈၃၂ ကုဗပေသန်းရှိကြောင်းမြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့က ထုတ်ပြန်ထားသည်။

ပြည်ပမှ ပြန်လည်တင်သွင်းလာသည့် ယာဉ်များအား အငှားယာဉ်အဖြစ် ပြေးဆွဲရာတွင် စီအင်န်ဂျီယာဉ်အဖြစ် ပြောင်းလဲတပ်ဆင်ရန် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့သို့တင်ပြထားခြင်းလည်း ဖြစ်သည်။ အငှားယာဉ်ပိုင်ရှင်များ၏အဆိုအရစီအင်န်ဂျီပြောင်းလဲရန် ကြန့်ကြာနေသည့် အငှားယာဉ်ပေါင်း ၄၀၀၀ ကျော်ခန့်ရှိနိုင်သည်ဟု ဆိုသည်။

ထပ်မံရရှိသော သတင်းများအရ တရားမဝင်စီအင်န်ဂျီပြောင်းလဲတပ်ဆင်ထားသည့် ယာဉ်များအား ၂၀၀၉ မှ ယခု ၂၀၁၂ ခုနှစ်အထိ ဖမ်းဆီးခဲ့သည့် ယာဉ်ပေါင်း ၁၀၀ ကျော်ရှိသွားပြီဖြစ်ကြောင်း မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့မှ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။

ယာဉ်တစ်စီးချင်းစီအလိုက် သတ်မှတ်ထားသည့် ဂက်စ်အိုးအလုံးရေထက် ပိုမိုတပ်ဆင်ခြင်း၊ နံပါတ်အတုစာအုပ်အတုများဖြင့် ဓာတ်ငွေ့ဖြည့်တင်းဝယ်ယူခြင်း၊ ဓာတ်ငွေ့ဝယ်ယူခွင့်စာအုပ်ဖြင့် စတစ်ကာနံပါတ်အတုပြောင်းကာ တရားမဝင်စီအင်န်ဂျီလာရောက်ထုတ်ယူခြင်းတို့ကြောင့် ဖမ်းဆီး၍ သုံးလသိမ်းဆည်းထားပြီး သုံးလပြည့်မှ ပြန်ထုတ်ပေးသည်ဟု ဆိုသည်။

# လယ်ယာမြေပြဿနာကို ဖြေရှင်းနိုင်မှ လက်ခမောင်းခတ်နိုင်သည့်အစိုးရသတ်မှတ်နိုင်မည်ဟုဆို

**သန်းထူး** **နေပြည်တော်၊ အောက်တိုဘာ-၂၆**

မြန်မာနိုင်ငံ ဒေသအနှံ့အပြားတွင် ဖြစ်ပေါ်လျက်ရှိသော လယ်ယာမြေပြဿနာများကို အောင်မြင်စွာ ဖြေရှင်းနိုင်သည့် အစိုးရသည် လက်ခမောင်းခတ်နိုင်သည့် အစိုးရဟုသတ်မှတ်နိုင်မည်ဖြစ်ကြောင်း NLD ပါတီမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးသိန်းဆွေက ပြောကြားသည်။

ပုဂ္ဂလိကပိုင်ထူထောင်ခြင်း၊ မြို့ပြတည်ထောင်ခြင်း၊ လယ်ယာမြေအသုံးချမှုပုံစံ အသွင်ပြောင်းခြင်း စသည့်ခေါင်းစဉ်များကြောင့် ဒေသအနှံ့အပြားတွင် ဖြစ်ပွားလျက်ရှိနေသော အဆိုပါပြဿနာနှင့်ပတ်သက်၍ "ဒီလိုရှုပ်ထွေးနက်နဲတဲ့ လယ်ယာမြေပြဿနာကို ပြေလည်အောင်ဖြေရှင်းနိုင်တဲ့ အစိုးရဟာ လက်ခမောင်းခတ်လို့ရတယ်လို့တောင် ပြောလို့ရပါတယ်"ဟူ၍ ဦးသိန်းဆွေက အောက်တိုဘာ ၂၆ ရက်တွင်ကျင်းပသော အမျိုးသားလွှတ်တော်အစည်းအဝေး၌ ပြောကြားခဲ့သည်။

၎င်း၏မဲဆန္ဒနယ်ဖြစ်သော ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်တွင် ၁၉၉၈ ခုနှစ်က လယ်ယာမြေသစ်ဖော်ထုတ်ရေးစီမံချက်ဖြင့် မြေလွတ်၊ မြေရိုင်းဧကတစ်သောင်းခန့်ကို ဒေသခံများ၏ လုပ်အားဖြင့် ဖော်ထုတ်ပြုပြင်ခဲ့ကြောင်း၊ ကနဦးလယ်ရိုင်းများအား သုံးနှစ်အထိ သီးစားခပေးဆောင်စေကာ ဒေသခံများအား လုပ်ကိုင်ခွင့်ပြုခဲ့ကြောင်း၊ ဒေသခံလယ်သမားများ ဆက်လက်ပြုပြင်စိုက်ပျိုးကာ လယ်ယဉ်ဖြစ်လာသော သုံးနှစ်ပြည့်ချိန်တွင် ခရိုင်အာဏာပိုင်အဖွဲ့က ပြန်လည်သိမ်းယူပြီး ရင်းနှီးပတ်သက်ရာ ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများသို့ ခွဲတမ်းချခဲ့ကြောင်းလွှတ်တော်တွင် ၎င်းကတင်ပြဆွေးနွေးခဲ့သည်။

"လယ်ယာမြေခွဲတမ်း ရရှိသူတွေဟာ ယခင်မြေရိုင်းမှမြေယဉ်ဖြစ်လာအောင်ပြုပြင်လုပ်ကိုင်ခဲ့ကြတဲ့လယ်သမားစစ်စစ် တွေကို သီးစားစနစ်နဲ့ပြန်ချထားတာကို လုပ်ခဲ့ကြပါတယ်"ဟု ၎င်းကဆိုသည်။ သီးစားခမကျေ၍ အခြားတစ်ဦးသို့ လွှဲပြောင်းပေးခြင်း၊ တရားစွဲဆိုခြင်းများကိုပါ လယ်သမားများ ရင်ဆိုင်နေရကြောင်းလည်း ၎င်းက ဆက်လက်ပြောသည်။

ဦးသိန်းဆွေ၏ မေးခွန်းအားလာရောက်ရှင်းလင်းသော လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးဦးအုန်းသန်းကမူ ဖျာပုံခရိုင်တွင် စိုက်ပျိုးမြေတိုးချဲ့ဖော်ထုတ်ရေး စီမံကိန်းအရ ကုမ္ပဏီသုံးခုက ၁၂,၆၃၂ ဧက၊ ဌာနအဖွဲ့အစည်း ၁၃ ခုက ၂၁၅၈ ဧက၊ တပ်ရင်းတပ်ဖွဲ့သုံးခုက ၂၄၂၀ ဧကနှင့် ဒေသခံတောင်သူများက ၇၅၃၇၂ ဧကရယူဆောင်ရွက်ခဲ့ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့အပြင် တိုင်းဒေသကြီးအစိုးရ အနေဖြင့် အထက်ပါကုမ္ပဏီ၊ တပ်ရင်းတပ်ဖွဲ့၊ ဌာနဆိုင်ရာများအား မလုပ်ကိုင်သောမြေများပြန်အပ်ရစေရန်၊ ပြဿနာ မရှိပါက တောင်သူများနှင့် အကျိုးတူဆက်လက် လုပ်ကိုင်စေရန်၊ အနည်းဆုံးသုံးနှစ်ဆက်တိုက် လုပ်ကိုင်နေသော တောင်သူများအား ဆက်လက်ခွင့်ပြုရန်၊ အထောက်အပံ့မရှိဘဲ သီးစားခပေးဆောင်နေရသော လယ်သမားများ အဆိုပါသီးစားခ ပေးဆောင်ခြင်းမှ ကင်းလွတ်စေရန် ဆောင်ရွက်လျက်ရှိကြောင်းလည်း ဦးအုန်းသန်းက ထပ်မံရှင်းလင်းပြောကြားသည်။

7DAY NEWS JOURNAL
Vol.11, No.34 • NOVEMBER 1 , 2012

# ရခိုင်ပြည်နယ်ရှိ ဒုက္ခသည်များ အရေးပေါ်အကူအညီ လိုအပ်နေ


**အောင်ခိုင်၊ ထွန်းခိုင်**
**စစ်တွေ၊အောက်တိုဘာ-၃၀**

လတ်တလောဖြစ်ပွားနေသည့် ရခိုင်ပြည်နယ်တွင်း မတည်ငြိမ်မှုများကြောင့် ထွက်ပြေးတိမ်းရှောင်နေရသူများအတွက် အရေးပေါ်အကူအညီများ လိုအပ်လျက်ရှိကြောင်း ဒုက္ခသည်များနှင့် အကူအညီပေးရေးအဖွဲ့အစည်းများက ပြောသည်။

အထူးသဖြင့် ကလေးသူငယ်များနှင့် အမျိုးသမီးများအတွက် အကူအညီများ လိုအပ်လျက်ရှိကြောင်း ၎င်းတို့ကပြောသည်။ ပဋိပက္ခဖြစ်စဉ်များအတွင်း နေအိမ်များ မီးလောင်ဆုံးရှုံးမှုများကြောင့် မည်သည့်ပစ္စည်းမှ မကျန်အောင် ဆုံးရှုံးမှုများ ဖြစ်ပွားခဲ့ကြောင်း ထွက်ပြေးတိမ်းရှောင်လာခဲ့သူများကပြောသည်။

"အဝတ်တစ်ထည်၊ ကိုယ်တစ်ခုနဲ့ ပြေးလာရတာဆိုတော့ လိုတာကအားလုံးပဲ။ လောလောဆယ်တော့ ဆန်လှူတဲ့သူရှိပေမယ့် ဟင်းစားအတွက် အခက်အခဲရှိတယ်။ အဝတ်အစားလည်းလိုတယ်"ဟု မြောက်ဦးမြို့ အလိုတော်ပြည့်ကျောင်းဆရာတော်က မိန့်ကြားသည်။

မြောက်ဦးမြို့တွင် မတည်ငြိမ်မှုများကြောင့် အောက်တိုဘာ ၂၂ ရက်က ထွက်ပြေးတိမ်းရှောင်လာသည့်ရခိုင်တိုင်းရင်းသား ၈၀၀ ခန့်ကို အလိုတော်ပြည့် ကျောင်းအတွင်း စောင့်ရှောက်ထားသည်။ ၎င်းတို့ထဲမှ အများစုမှာ ကလေးသူငယ်များနှင့် အမျိုးသမီးများ ဖြစ်ကြောင်း စာရင်းများအရ သိရသည်။



စစ်တွေမြို့ရှိ ဘောဒူဗဘင်္ဂါလီဒုက္ခသည်စခန်းကို အောက်တိုဘာ၃၀ရက်က တွေ့ရစဉ် ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

ရခိုင်ပြည်နယ်တွင် ၂၀၁၂ ခုနှစ် မေလနှင့် ဇွန်လများအတွင်း ပထမတစ်ကြိမ် ဖြစ်ပွားခဲ့သည့် မတည်ငြိမ်မှုများကြောင့် ပြောင်းရွှေ့နေထိုင်ရသည့် ဒုက္ခသည်များအားလည်း ပြန်လည်နေရာချထားမှုများ မပြုလုပ်နိုင်သေးဘဲ ဒုက္ခသည်စခန်းများအတွင်းတွင်သာ နေထိုင်လျက်ရှိသည်။ အဆိုပါ ဒုက္ခသည်စခန်းများတွင်လည်း အစိုးရအစီအစဉ် အကူအညီဖြင့် ထောက်ပံ့မှုများကို အဓိကထားပြီး ရပ်တည်နေရသည်။

"အခုက စပါးရိတ်ချိန်လေ။ စိုက်တဲ့အချိန်မှာလည်း ပြဿနာဖြစ်လို့ ဒုက္ခရောက်တယ်။ ရိတ်တဲ့အချိန်ကျတော့လည်း ပြဿနာဖြစ်တယ်။ ဝမ်းစာတောင်စိုးရိမ်နေရတယ်"ဟု ကျောက်တော်မြို့နယ်အတွင်းမှ ဒေသခံတောင်သူကပြောသည်။

ဒုက္ခသည်များက လတ်တလောတွင် စေတနာရှင်များနှင့် အစိုးရ၏အစီအစဉ်ဖြင့် ထောက်ပံ့မှုများဖြင့် ရပ်တည်နေရသော်လည်း ရေရှည်တွင် အခက်အခဲကြုံတွေ့နိုင်ကြောင်းပြောသည်။

"သောက်ရေသန့်တွေ အဓိကလိုတယ်။ စားဖို့အတွက် ဝေပေမယ့် ခြိုးခြံပြီးစားရတယ်"ဟု ဘောဒူဗဒုက္ခသည်စခန်းမှ ဦးမောင်အေးမောင်ကပြောသည်။

ဒုက္ခသည်စခန်းများအတွင်း အညစ်အကြေးစွန့်ရန် အတွက် အိမ်သာများ ထားရှိပေးထားသော်လည်း အိမ်သာဖြင့် အညစ်အကြေးစွန့်ပစ်လေ့မရှိသည့် ဓလေ့များကြောင့် ဝမ်းပျက်ဝမ်းလျှောရောဂါများဖြစ်ပွားမည်ကို စိုးရိမ်လျက်ရှိကြသည်။

ဒုက္ခသည်များအား အကူအညီပေးနေသော ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၏အဆို အရ နေရာပေါင်းစုံမှ ဒုက္ခ သည်များထံ အကူအညီများ ရောက်ရန် အခက်အခဲများစွာရှိကြောင်းလည်း သတင်းရရှိသည်။

မတည်ငြိမ်မှုများကြောင့် မီးလောင်မှုများအတွင်း ဆုံးရှုံးခဲ့ရာတွင် ပစ္စည်းဥစ္စာအားလုံးနီးပါး ဆုံးရှုံးခဲ့ရကြောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် နေအိမ်အဆောက်အအုံများအပြင် အားလုံးလိုအပ်လျက်ရှိကြောင်း ဒုက္ခသည်များက ပြောသည်။



စစ်တွေမြို့ဒုက္ခသည်စခန်းတစ်ခုမြင်ကွင်း



စစ်တွေမြို့ဘင်္ဂါလီဒုက္ခသည်စခန်းတစ်ခုမြင်ကွင်း



ဘင်္ဂါလီနှစ်ဦးအား တပ်မတော်သားများကဆေးဝါးကုသပေးနေ

## ကျောက်နီမော်ကျေးရွာတွင် ပဋိပက္ခဖြစ်ပွား

**အောင်ခိုင်၊ထွန်းခိုင်**
**စစ်တွေ၊အောက်တိုဘာ-၃၀**

ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားနေသော ပဋိပက္ခအခြေအနေများကို တည်ငြိမ်အောင် ထိန်းသိမ်းနိုင်ပြီဟု ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ပြောကြားသော်လည်း ရမ်းဗြဲမြို့နယ် ကျောက်နီမော်ကျေးရွာတွင်အောက်တိုဘာ၃၀ရက်နံနက်ပိုင်းကပြဿနာထပ်မံဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသည်။

"ရခိုင်တစ်ဦးသေပြီးတစ်ဦး ဒဏ်ရာရတယ်ကြားတယ်။ အခု ဒဏ်ရာရတဲ့သူကို ရမ်းဗြဲဆေးရုံကို ပို့နေပြီ"ဟု စစ်တွေမြို့မိမြို့ဖ ဦးသန်းထွန်းက 7Day News သို့ ပြောသည်။

နှစ်ဖက်လူစုများအကြား ထိပ်တိုက်တွေ့ဆုံရာတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ထိန်းသိမ်းရန် ကြိုးပမ်းစဉ် ထိခိုက်ဒဏ်ရာရမှုအချို့ရှိခဲ့ကြောင်း ဒေသခံများက ပြောသည်။

အဆိုပါကိစ္စနှင့် ပတ်သက်၍ ပြည်နယ်အစိုးရသို့ ဆက်သွယ်မေးမြန်းရာ အခင်းဖြစ်ပွားသည်ကို အတည်ပြုခဲ့သော်လည်း ဒဏ်ရာရသူနှင့်အသေအပျောက်စာရင်းကိုမသိရှိရသေးကြောင်း သတင်းထုတ်ပြန်ရေးအဖွဲ့ အတွင်းရေးမှူးဦးဝင်းမြိုင်ကပြောသည်။ "ဖြစ်တာတော့မှန်ပါတယ်။ ထိခိုက်ဒဏ်ရာရတဲ့စာရင်းတော့ မသိရသေးပါဘူး"ဟု ၎င်းကပြောသည်။ သို့သော် အခြေအနေများကို ထိန်းထားနိုင်ပြီဖြစ်ကြောင်းလည်း ဒေသခံများကပြောသည်။

အောက်တိုဘာ ၂၈ ရက် ညနေ ၅ နာရီခန့်တွင်လည်း ပေါက်တောမြို့နယ် ကြိမ်နီပြင်ရွာတွင် မီးလောင်ကျွမ်းမှုများ ဖြစ်ပွားခဲ့ကြောင်းကိုယ်တွေ့ကြုံခဲ့ရသူများကပြောသည်။ အောက်တိုဘာ ၂၉ရက်တွင်မူ ပဋိပက္ခဖြစ်ပွားခဲ့ခြင်းမရှိပေ။

## ပြည်ပကြွေးမြီဆယ်လအတွင်းဒေါ်လာလေးဘီလီယံတိုး

**အားမာန်**
**ရန်ကုန်၊အောက်တိုဘာ-၂၅**

မြန်မာနိုင်ငံမှ ပြည်ပသို့ ပေးဆပ်ရန်ရှိသည့် ကြွေးမြီစုစုပေါင်းမှာ အမေရိကန်ဒေါ်လာသန်း၁၅,၀၀၀ ကျော်(၁၅ဘီလီယံကျော်)ရှိကြောင်း ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနမှဒုဝန်ကြီးဒေါက်တာမောင်မောင်သိမ်းကပြောသည်။

ပြည်သူ့လွှတ်တော်တွင် အောက်တိုဘာ ၂၄ ရက်က ဒုဝန်ကြီးက မြန်မာနိုင်ငံ၏ ကြွေးမြီတိုးရင်းစုစုပေါင်းမှာ ဒေါ်လာ ၁၅၀၈၉ဒသမ၄၃၄သန်းရှိကြောင်း လွှတ်တော်ကိုယ်စားလှယ် ဦးမောင်တိုး၏မေးခွန်းကို ဖြေကြားစဉ် ထည့်သွင်းပြောကြားခဲ့သည်။ ဇန်နဝါရီ ၃၁ ရက်က ကျင်းပခဲ့သော အမျိုးသားလွှတ်တော်တွင် မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ ပေးဆပ်ရန်ရှိသော ကန်ဒေါ်လာ ၁၁၀၂၃ ဒသမ ၂၈၉ သန်း (ဒေါ်လာ ၁၁ ဘီလီယံကျော်)ရှိကြောင်း ဘဏ္ဍာအခွန်ပြည်ထောင်စုဝန်ကြီး ကဖြေကြားခဲ့သည်။

ထို့ကြောင့် ပြည်ပသို့ ပေးဆပ်ရမည့် ကြွေးမြီတိုးရင်း စုစုပေါင်းမှာ ဆယ်လအတွင်း ဒေါ်လာသန်း ၄၀၀၀ ကျော် (၄ ဘီလီယံကျော်)တိုးလာခြင်းဖြစ်သည်။

ထို့အပြင် အစိုးရအနေဖြင့် ပြည်တွင်းကြွေးမြီ စုစုပေါင်း ကျပ်သန်းပေါင်း ၉,၉၈၈,၈၅၇ လည်း ပေးဆပ်ရန်ရှိသည်။

မြန်မာတစ်နိုင်ငံလုံးတွင် ၂၀၁၂ စက်တင်ဘာလကုန်အထိ လည်ပတ်သုံးစွဲနေသော ငွေပမာဏစုစုပေါင်းမှာ ကျပ်သန်းပေါင်း ၆,၁၉၉,၁၂၂ ဒသမ ၉၅ (ကျပ်ငွေ ၆ဒသမ၂ ထရီလီယံခန့်)ရှိကြောင်း ဒုဝန်ကြီးကပြောကြားသည်။ ဦးမောင်တိုး၏ မေးခွန်းတွင်ပါဝင်သောနိုင်ငံခြားအရန်ငွေနှင့်ရွှေတန်ဖိုးမည်မျှရှိကြောင်း မေးခွန်းကို စိစစ်ဆောင်ရွက်ဆဲဖြစ်ပြီး သီးခြားတင်ပြသွားမည်ဟု ဦးမောင်မောင်သိမ်းက ဖြေကြားခဲ့သည်။

၂၀၁၂ ဇန်နဝါရီအထိ တစ်နိုင်ငံလုံး လည်ပတ်သုံးစွဲငွေ ကျပ် ၅,၆၀၀ဘီလျံ(၅ဒသမ၆ထရီလီယံ) ကျော်ရှိခဲ့သည်။ ထို့ကြောင့် ကိုးလဝန်းကျင်အတွင်း ၆၀၀ဘီလျံနီးပါး တိုးလာခြင်းလည်းဖြစ်သည်။

## စာ-၂၉၊ ရခိုင်ပြည်နယ်တွင် စစ်အုပ်ချုပ်ရေး မလိုလားဟုဆို မှ

"တကယ်တော့ စစ်အုပ်ချုပ်ရေးကြေညာဖို့ထက်လုံခြုံရေးအခြေအနေကို တဖြည်းဖြည်း တိုးမြှင့်ဖို့ လုပ်ဆောင်ဖို့က အဓိကပဲ" ဟု ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာအေးမောင်ကပြောသည်။

ပြည်ထဲရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုက လက်ရှိအချိန်တွင် အခြေခံဥပဒေပုဒ်မ၄၁၃(က)အရ ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ်စဉ် ၁/၂၀၁၂ အရေးပေါ်အခြေအနေကို ထုတ်ပြန်ကြေညာထားပြီး လုံခြုံရေးအခြေအနေကို တိုးမြှင့်ဆောင်ရွက်လျက်ရှိသော အနေအထားသို့ ရောက်ရှိနေပြီး ယခုထက်ပိုမို ဆိုးရွားသော အခြေအနေကြုံတွေ့လာပါက အခြေခံဥပဒေ အခန်း ၁၁ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယခုလ ၂၆ ရက်တွင် ပြုလုပ်သည့် ပြည်သူ့လွှတ်တော်အစည်းအဝေး၌ ပြောကြားခဲ့သည်။

ပြည်ထဲရေးဝန်ကြီး၏ ပြောဆိုချက်အရ အခြေခံဥပဒေ အခန်း ၁၁ ကိုသာ ရည်ညွှန်းခြင်းဖြစ်ပြီး၊ စစ်အုပ်ချုပ်ရေးပြုလုပ်မည်ဟု ပြောဆိုသွားခြင်း မရှိကြောင်း၊ သို့သော် အခြေအနေများ အမြန်ဆုံးတည်ငြိမ်နိုင်ရန်အတွက် စစ်အုပ်ချုပ်ရေးကို အသုံးပြုနိုင်ဖွယ်ရှိပြီး စစ်အုပ်ချုပ်ရေး အခြေအနေထုတ်ပြန်ရန်လိုအပ်မှု ရှိမရှိစဉ်းစားရန်လိုကြောင်းဒေါက်တာအေးမောင်ကပြောသည်။

ယခုဖြစ်စဉ်များတွင် ဥပဒေစိုးမိုးရေးနှင့် ပွင့်လင်းမြင်သာမှု အရေးကြီးကြောင်း၊ အရေးပေါ်အခြေအနေဆိုင်ရာ ပြဋ္ဌာန်းချက်များ၊ ဥပဒေများကို မကြာခဏထုတ်ပြန်ရန် မလိုအပ်ဘဲ ဥပဒေနည်းလမ်းတကျဖြင့် ပွင့်လင်းမြင်သာမှုရှိစွာ အရေးယူမှုများပြုလုပ်နိုင်လျှင် ယခုကဲ့သို့ ရန်မီးပွားမှုများ မဖြစ်နိုင်ကြောင်း ပြည်သူ့လွှတ်တော်တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီ ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်က ပြောသည်။

"စစ်အုပ်ချုပ်ရေးသွားဖို့ဆိုတာ ဒီမိုကရေစီအရ ပြောရရင် မသင့်တော်ပါဘူး။ ဒါပေမဲ့ လုံခြုံရေးအတွက် လုပ်သင့်ရင် လုပ်ရမှာပေါ့"ဟု ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်မှ ဦးသာဘန်းကပြောသည်။

လက်ရှိ အချိန်တွင် ရခိုင်ပြည်နယ်အတွင်း တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းမှု ရရှိနိုင်ရန်အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အင်အား ၅၀၀၀ ကျော်၊ နစက တပ်ဖွဲ့မှ အင်အား ၁၀၀၀ ကျော်နှင့် တပ်မတော် တပ်ရင်း ၅၁ ရင်းဖြင့် အင်အား တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း၊ ဆူပူအကြမ်းဖက်မှုနှိမ်နင်းရာတွင် အသုံးပြုသည့် မျက်ရည်ယိုဗုံးများ အပါအဝင် အဓိကရုဏ်းနှိမ်နင်းရေး လက်နက်ကိရိယာများ လုံလောက်စွာ ဖြန့်ဖြူးပေးထားပြီးဖြစ်ကြောင်း နိုင်ငံတော်သမ္မတရုံး ညွှန်ကြားရေးမှူးဦးဇော်ဌေးက ၎င်း၏ ကိုယ်ပိုင်ဖေ့စ်ဘွတ်ခ်တွင် သတင်းထုတ်ပြန်ထားသည်။

ရခိုင်ပြည်နယ်တွင် မတည်ငြိမ်မှုများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် နိုင်ငံတော်သမ္မတရုံးက ဇွန်လ ၁၀ ရက်တွင် ရခိုင်ပြည်နယ်အား အရေးပေါ်အခြေအနေ ထုတ်ပြန်ကြေညာခဲ့သည်။



ရွှေလီမြို့ ကျောက်စိမ်းဟိုတယ်တွင် ငြိမ်းချမ်းရေးဆွေးနွေးစဉ်

ဓာတ်ပုံ-အောင်သူရ

# အစိုးရနှင့် ကေအိုင်အို နိုင်ငံရေးအရဆွေးနွေးရန်သဘောတူ

**အောင်သူရ**

**ရွှေလီ၊အောက်တိုဘာ-၃၀**

ရွှေလီမြို့တွင် ပြုလုပ်သော ငြိမ်းချမ်းရေးဆွေးနွေးပွဲ၌ ကေအိုင်အို၊ ကေအိုင်အေက တစိုက်စိုက်မတ်မတ် တောင်းဆိုခဲ့သော နိုင်ငံရေးအရ ဆွေးနွေးမှုကို အစိုးရဘက်မှ သဘောတူခဲ့သည်။

"ပျော်ပျော်ပါးပါးနဲ့တွေ့ဖို့ ရှိတယ်။ နိုင်ငံရေးဆွေးနွေးဖို့ကို သဘောတူလိုက်တာပြည်တွင်းမှာ လုပ်မယ်။ တစ်လအတွင်းလုပ်မယ်"ဟု မြန်မာအစိုးရငြိမ်းချမ်းရေး အဖွဲ့ခေါင်းဆောင် ဦးအောင်မင်းကပြောသည်။

ကေအိုင်အိုဘက်မှငြိမ်းချမ်းရေးကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် ဦးဆွမ်လွတ်ဂမ်က "ဇဟိုမှာတင်ပြပြီးတော့မှ အားလုံးပြန်ဆွေးနွေးရမှာပေါ့။ ဘယ်နေရာမှာ လုပ်နိုင်မလဲဆိုတာ"ဟု ပြောကြားသည်။ မြန်မာအစိုးရဘက်မှ မူဆယ်နှင့်ရွှေလီမြို့များတွင်တွေ့ဆုံရန် တောင်းဆိုခဲ့သည်။

ထို့အပြင်မြန်မာအစိုးရဘက်မှ စားနပ်ရိက္ခာအခက်အခဲ ဖြစ်နေသော ပူတာအိုမြို့သို့ သွားသည့်လမ်းကိုငြိမ်းချမ်းစွာသွားနိုင်ရန်၊ တာပိန်ရေအားလျှပ်စစ်ဓာတ်အားလိုင်းအား ပြန်လည်ပြုပြင်နိုင်ရန်နှင့် ဒုက္ခသည်များကို ပူးပေါင်းကူညီဆောင်ရွက်ခွင့်ပြုရန်တို့ကို ဆွေးနွေးသည်။

ဆွေးနွေးပွဲနှင့်ပတ်သက်၍ တစ်စိတ်တစ်ပိုင်းအောင်မြင်ပြီး တပ်ပိုင်းဆိုင်ရာကိစ္စများကိုမူ တပ်ကိုကိုင်ထားသူများ ဆွေးနွေးမှသာ ရရှိလိမ့်မည်ဟု အဖွဲ့ခေါင်းဆောင် ကေအိုင်အိုဗဟိုအမြဲတမ်းကော်မတီဝင် ဦးဆွမ်လွတ်ဂမ်က ပြောသည်။

"တိုင်းရင်းသားတွေအတွက် အခြေခံဥပဒေက အာမခံပေးဖို့ လိုတယ်။ နောက်တိုင်းရင်းသားအားလုံးကို အသိအမှတ်ပြုဖို့ လိုတယ်"ဟု ကေအိုင်အိုငြိမ်းချမ်းရေးကိုယ်စားလှယ်များက တောင်းဆိုခဲ့သည်။ တွေ့ဆုံဆွေးနွေးပွဲများကို ဆက်လက်ပြုလုပ်သွားပါက ငြိမ်းချမ်းရေးရရန် မျှော်လင့်ကြောင်း ကေအိုင်အိုငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်ကပြောကြားသည်။

ယခုဆွေးနွေးပွဲတွင် အစိုးရဘက်မှ တပ်ပိုင်းဆိုင်ရာ နေရာချထားရေးအတွက် ဆွေးနွေးရန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ အထူးအာဏာကုန်လွှဲအပ်ပေးခဲ့သော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုးသည် မူဆယ်မြို့အထိ လိုက်ပါလာခဲ့သော်လည်း ကေအိုင်အေဘက်မှ ဒုတိယစစ်ဦးစီးချုပ် ဗိုလ်ချုပ်ဂွမ်မော် မတက်ရောက်သဖြင့် ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုးမှာ ဆွေးနွေးပွဲကိုမတက်ရောက်ခဲ့ပေ။

ဗိုလ်ချုပ်ဂွမ်မော် မတက်ရောက်ခြင်းနှင့် ပတ်သက်၍ "သူက အလုပ်တာဝန်တွေ သိပ်များနေလို့ တိုက်ပွဲတွေလည်း ဖြစ်နေတယ်လေ"ဟု အဖွဲ့ခေါင်းဆောင် ဦးဆွမ်လွတ်ဂမ်ကပြောသည်။

ငြိမ်းချမ်းရေးဆွေးနွေးရန် ချိန်းဆိုပြီး အောက်တိုဘာ ၂၄ ရက်မှ ၂၈ ရက်အတွင်း အစိုးရစစ်တပ်က ၁၀၅မမ အမြောက် ၁၄ လုံးကို ဌာနချုပ်နှင့်ကပ်နေသော တပ်မဟာ (၅)ဝန်းကျင်သို့ ပစ်ခတ်ခဲ့ကြောင်း ကေအိုင်အေဗိုလ်မှူးကြီးဂျီးနောင်ကပြောသည်။

"ကျေးရွာတွေနားကျတယ်။ ရာဘာခြံတွေထဲက အဆောက်အအုံတွေထိတယ်။ ငါးကန်တွေထိတယ်။ ၁၂၀ စိန်ပြောင်းနဲ့လည်း ပစ်တယ်"ဟု ဗိုလ်မှူးကြီးဂျီးနောင်ကဆိုသည်။

ဆွေးနွေးပွဲသို့ အစိုးရဘက်မှ ငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ၊ သမ္မတရုံးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း ခေါင်းဆောင်ပြီး ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း၊ ဦးအုန်းမြင့်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းထွန်းနောင်၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်အောင်စိုး၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် ကချင်ပြည်နယ်ဝန်ကြီးချုပ်နှင့် ငြိမ်းချမ်းရေးကိုယ်စားလှယ်များတက်ရောက်ခဲ့ကြသည်။

ကေအိုင်အိုငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့တွင် ကေအိုင်အိုမှဦးဆွမ်လွတ်ဂမ်ခေါင်းဆောင်၍ ဦးဇော်ရော်၊ဦးဂျီးနောင်၊ဦးနော်ထွယ်၊ ဦးဆိုင်းခေါ၊ ဦးလဖိုင်လ၊ ဦးခွန်ဆိုင်းတို့ တက်ရောက်ဆွေးနွေးခဲ့သည်။

ယနေ့ဆွေးနွေးပွဲကို နံနက် ၁၀နာရီခန့်ကစတင်ပြီးမွန်းတည့် ၁၂ နာရီခန့်တွင် ရပ်နားကာ နေ့လယ် ၂ နာရီခန့်တွင်ပြန်လည်စတင်ပြီး ၃ နာရီခန့်တွင် ပြီးဆုံးသွားခဲ့သည်။

## စမ်းချောင်းသမဝါယမအသင်းသားများဆန္ဒပြ

**မိုးညို**

**ရန်ကုန်၊အောက်တိုဘာ-၃၀**

စမ်းချောင်းမြို့နယ်ရှိသမဝါယမအဆောက်အအုံနှင့်အသင်း၏ဝင်ငွေအလွဲသုံးစားမှုများအတွက်ဟုဆိုကာ အသင်းသူ၊ အသင်းသားများက အောက်တိုဘာ ၂၈ ရက် နံနက်တွင် ကန်ထရိုက်တိုက်ဆောက်လုပ်ထားသည့် အသင်းပိုင်သမဝါယမအဆောက်အအုံရှေ့၌ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

ဆန္ဒဖော်ထုတ်ခဲ့သည့် အသင်းသူအသင်းသားများက အသင်းပိုင် အဆောက်အအုံအား အသင်းဝင်များ၏ သဘောဆန္ဒမပါဘဲ ကန်ထရိုက်တိုက်ဆောက်လုပ်ခြင်းနှင့် အဆောက်အအုံဆောက်လုပ်ရာတွင်ပါဝင်ပတ်သက်သူများကို အရေးယူဖော်ထုတ်ပေးရန် တောင်းဆိုခဲ့ကြသည်။ သမဝါယမအသင်းသား ၃၅ ဦးဖြင့် ငြိမ်းချမ်းစွာ စုဝေးဆန္ဒဖော်ထုတ်ခွင့်ရရှိရန် စမ်းချောင်းမြို့နယ် ရဲစခန်းသို့ အောက်တိုဘာ ၁၇ရက်က လျှောက်ထားခဲ့ရာတွင် ပယ်ချခံရသော်လည်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးသို့ အယူခံဝင်ရောက်ရာတွင် ခွင့်ပြုမိန့် ၁/၂၀၁၂ဖြင့် ဆန္ဒဖော်ထုတ်ခွင့်ပြုခဲ့ခြင်းဖြစ်သည်။

"စမ်းချောင်းမှာ အခုဖြစ်နေတဲ့ကိစ္စနဲ့ ပတ်သက်ပြီး နေပြည်တော်ထိ တင်ပြလာတဲ့အတွက် ဒီကိစ္စကိုဖြေရှင်းဖို့ သက်ဆိုင်ရာ တိုင်းဒေသကြီးနဲ့ မြို့နယ်အဆင့်ဆင့်ကို ဆောင်ရွက်ပေးဖို့ ပြန်ညွှန်ကြားထားတာမျိုးတွေရှိပါတယ်။ လုပ်ထုံးလုပ်နည်းနဲ့ ဆောင်ရွက်တဲ့အပေါ်မှာ အသင်းသားတွေရဲ့ ဆန္ဒပြည့်ခြင်း၊ မပြည့်ခြင်းက သူတို့အပေါ်မှာ မူတည်တယ်။ ဌာနအနေနဲ့ညွှန်ကြားထားတဲ့အပိုင်းမှာ အသင်းဝင်တွေရဲ့ဆန္ဒပါမှ အကောင်အထည်ဖော်ပါလို့ ညွှန်ကြားထားတာမျိုးတွေရှိပါတယ်"ဟု နေပြည်တော်ရှိသမဝါယမဝန်ကြီးဌာန စီမံရေးရာမှ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်အောင်က ပြောသည်။

## မြန်မာ့သစ်တောထွက်ပစ္စည်းများ ဥရောပတင်ပို့ နိုင်ရေး ဆွေးနွေး

**အေးမြကျော်**

**ရန်ကုန်၊အောက်တိုဘာ-၃၀**

မြန်မာနိုင်ငံမှ သစ်တောထွက်ပစ္စည်းများ ဥရောပဈေးကွက်သို့တင်ပို့နိုင်ရေး ကနဦးအစအနေဖြင့် ဥရောပသစ်လုပ်ငန်းရှင်များနှင့် မြန်မာသစ်လုပ်ငန်းရှင်များ ပါဝင်သော ဆွေးနွေးပွဲတစ်ရပ်ကို အောက်တိုဘာ ၂၆ ရက်က အပြည်ပြည်ဆိုင်ရာစီးပွားရေးစင်တာတွင် ကျင်းပပြုလုပ်ခဲ့သည်။

ကမ္ဘာကျော်ကျွန်းသစ်များထွက်ရှိရာ မြန်မာနိုင်ငံမှ သစ်တောထွက်ပစ္စည်းများကို ဥရောပဈေးကွက်မှ ဝယ်လိုကြောင်း ပြောကြားပြီး ဥရောပသို့တင်ပို့လိုပါက လိုက်နာရမည့်အချက်များနှင့် လိုအပ်သောသစ်တောထောက်ခံချက်များနှင့်ပတ်သက်ပြီးဥရောပ သစ်လုပ်ငန်းရှင်များအသင်းမှ အဖွဲ့ဝင်များက တင်ပြဆွေးနွေးခဲ့ကြသည်။

လက်ရှိမြန်မာနိုင်ငံ၏ သစ်ပြည်ပသို့တင်ပို့မှုတွင် ထောက်ခံချက်ရယူတင်ပို့သည့် စနစ်များမှာမူ အမျိုးမျိုးကွဲနေပြီး မည်သည့်စနစ်နှင့် သင့်လျော်နိုင်သလဲဆိုသည်ကိုဆွေးနွေးပွဲတွင်မြန်မာလုပ်ငန်းရှင်များက ဥရောပလုပ်ငန်းရှင်နှင့် ကျွမ်းကျင်သူများကို အများဆုံးမေးမြန်းခဲ့သည်။ မြန်မာနိုင်ငံမှ သစ်ထွက်ပစ္စည်းများ ဥရောပသို့တင်ပို့ရာတွင် အဓိက အရေးကြီးဆုံးအချက်မှာ ခုတ်လှဲထားသော ကုန်ကြမ်းသစ်များ တရားဝင်ဖြစ်ရန် လိုအပ်သည့်အချက်မှာ အရေးကြီးဆုံးဖြစ်ကြောင်း ပြောကြားသွားသည်။

## အပြည်ပြည်ဆိုင်ရာ မာရသွန်ပြိုင်ပွဲ ကျင်းပမည်

**အိဖြူလွင်**

**ရန်ကုန်၊**

**အောက်တိုဘာ-၂၉**

ပထမဆုံးအကြိမ် မြန်မာနိုင်ငံ၌ ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ မာရသွန်ပြိုင်ပွဲကို ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၂၇ ရက်တွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ FMI holding ကုမ္ပဏီနှင့် Yoma Strategic ကုမ္ပဏီတို့ ပူးပေါင်းကျင်းပမည်ဖြစ်သည်။

အဓိကပြိုင်ပွဲအဖြစ် ၄၂ မီတာမာရသွန်နှင့် တာတိုပြေးပွဲအဖြစ် ၁၀ ကီလိုမီတာနှင့် ၃ ကီလိုမီတာ ပြေးပွဲများပါဝင်သည်။

၄၂ မီတာမာရသွန်ပြိုင်ပွဲတွင်ပထမဆုရရှိသူသည်ဒေါ်လာ ၂၅၀၀ ရရှိမည်ဖြစ်ပြီး ၁၀ ကီလိုမီတာအတွက်ပထမဆုသည်အမေရိကန်ဒေါ်လာ ၈၀၀ချီးမြှင့်မည်ဟုဆိုသည်။ ပြိုင်ပွဲများအတွက် ဆုချီးမြှင့်မှုကို ပထမဆုမှ ပဥ္စမဆုအထိ ချီးမြှင့်မည်ဖြစ်ပြီး အမျိုးသား၊ အမျိုးသမီး သီးသန့်ခွဲ၍ ဆုချီးမြှင့်မည်ဖြစ်ရာ ပြိုင်ပွဲတစ်ခုစီအတွက် ဆုရရှိသူသည် အမျိုးသားနှင့် အမျိုးသမီးများအတွက် စုစုပေါင်း ဆုဆယ်ခု ချီးမြှင့်မည်ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ မာရသွန်ပြိုင်ပွဲဖြစ်သည့်အတွက် ပြည်တွင်းပြည်ပမှ အပြေးသမား ၁၀၀၀ ကျော်ခန့် ဝင်ရောက်ယှဉ်ပြိုင်မည်ဟု ခန့်မှန်းထားကြောင်း FMI holding ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။

ပြိုင်ပွဲဝင်ကြေးအဖြစ်မြန်မာနိုင်ငံသားများအတွက် ၅၀၀၀ ကျပ်၊ နိုင်ငံခြားသားများဆိုပါက ၄၂ဒေါ်လာနှင့် ၂၂ဒေါ်လာ သတ်မှတ်ထားသည်။

ပြည်သူ့ရင်ပြင်မှ တာစလွှတ်မည်ဖြစ်ပြီး ပြည်လမ်း၊ ဓမ္မစေတီလမ်း၊ အင်းလျားလမ်း၊ ပါရမီလမ်း၊ သမိုင်းလမ်းဆုံ၊ ဘုရင့်နောင်လမ်းဆုံ၊ပန်းလှိုင်ဂေါက်ကွင်း၊ကမ္ဘာအေးဘုရားလမ်း၊ တက္ကသိုလ်ရိပ်သာလမ်း စသည့်လမ်းကြောင်းများ အတိုင်းပြိုင်ပွဲဝင်ရန် သတ်မှတ်ထားသည်။

အဆိုပါမာရသွန်ပြိုင်ပွဲကို နှစ်စဉ် ကျင်းပနိုင်ရန် မျှော်မှန်းထားကြောင်း သိရသည်။

ပြိုင်ပွဲမှ ရရှိသော ဝင်ကြေးများကို မြန်မာနိုင်ငံတွင်းရှိ ပရဟိတလုပ်ငန်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများသို့ လှူဒါန်းသွားမည်ဟုဆိုသည်။

## သက်ကြီးနိုင်ငံရေးအကျဉ်းသားဟောင်းများကို ကန်တော့ပြီး ကျန်ရှိနေသော နိုင်ငံရေးအကျဉ်းသားများ လွှတ်ပေးရန်တောင်းဆို



ဓာတ်ပုံ-ရန်မျိုးနိုင်

**ရန်မျိုးနိုင်**

**ရန်ကုန်၊အောက်တိုဘာ-၃၀**

နိုင်ငံရေးအကျဉ်းသားဟောင်းများအဖွဲ့က ဦးစီး၍ သက်ကြီးနိုင်ငံရေး အကျဉ်းသားဟောင်းများကို ဂါရဝပြုကန်တော့ပွဲနှင့်နိုင်ငံရေး အကျဉ်းသားများ လွတ်မြောက်ရေးတောင်းဆိုပွဲကို အောက်တိုဘာ ၃၀ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ တော်ဝင်နှင်းဆီခန်းမ၌ ပြုလုပ်ခဲ့သည်။

ဂါရဝပြုခံရန်အတွက် သက်ကြီးနိုင်ငံရေးအကျဉ်းသားဟောင်း ၁၅ဦးကိုဖိတ်ကြားခဲ့သော်လည်း အကြောင်းကြောင်းကြောင့်ရှစ်ဦးသာ တက်ရောက်နိုင်ခဲ့သည်။

ဂါရဝပြုခံပွဲသို့ တက်ရောက်ခဲ့သော ဝါရင့်နိုင်ငံရေးသမားများမှာ ဦးတင်ဦး၊ ဦးဝင်းတင်၊ သခင်ချန်ထွန်း၊ ဦးညွန့်သိန်း၊ ဘဏ်ဦးအုံး မောင်၊ ရွှေတောင်ဦးအုံးမောင်၊ ဦးသုဝေ၊ ဦးသာဘန်းတို့ ဖြစ်ကြသည်။

အဆိုပါဂါရဝပြုခံပွဲသို့ ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်များဖြစ်သော ကိုမင်းကိုနိုင်၊ ကိုဌေးကြွယ်တို့အပါအဝင် နိုင်ငံရေးအကျဉ်းသားဟောင်း ၃၀၀ကျော် တက်ရောက်ဂါရဝပြုခဲ့ပြီး တစ်နိုင်ငံလုံးရှိ အကျဉ်းထောင်များတွင် ကျန်ရှိနေသေးသော နိုင်ငံရေးအကျဉ်းသားများအား လွှတ်ပေးရန် တောင်းဆိုခဲ့ကြသည်။

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.11, No.34 • NOVEMBER 1 , 2012

# အရှုံးများ၍ အစိုးရသင်္ဘောလိုင်းအချို့ ပုဂ္ဂလိကနှင့် ပူးပေါင်းလုပ်မည်

**မိုးညို**

**ရန်ကုန်၊**
**အောက်တိုဘာ-၂၉**

အစိုးရပိုင် သင်္ဘောလိုင်း အများစုမှာ နှစ်စဉ်အရှုံးပေါ်နေသဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပူးတွဲ၍ လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပို့ဆောင်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်က ပြောသည်။

အောက်တိုဘာ ၂၈ ရက်က အလုံသင်္ဘောကျင်း၌ ပြုလုပ်သော ပြည်တွင်းရေကြောင်းပိုင် သင်္ဘောများနှင့်ပတ်သက်သည့် တွေ့ဆုံရှင်းလင်းပွဲတွင် ပြောကြားသွားခြင်းလည်း ဖြစ်သည်။ အထူးသဖြင့် နှစ်စဉ်အရှုံးပေါ်မှု အများဆုံးဖြစ်နေသော ရောဝတီဌာနခွဲနှင့် မြစ်ဝကျွန်းပေါ်ဌာနခွဲနှစ်ခုအား စတင်၍ ပုဂ္ဂလိကနှင့် ပူးတွဲလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးမှ ဦးဆောင်ညွှန်ကြားရေးမှူးက ပြောသည်။

နှစ်စဉ်အစိုးရပိုင် သင်္ဘောလိုင်း အများစုမှာ သန်း ၂၀၀ ကျော် အရှုံးပေါ်နေသောကြောင့် ယခုလို ပုဂ္ဂလိကနှင့် ပူးပေါင်းလုပ်ဆောင်စေခြင်းလည်းဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ဦးဆောင်ညွှန်ကြားရေးမှူးဦးချိုသန်းမောင်က ပြောသည်။

အစိုးရပိုင် သင်္ဘောလိုင်းအများစု နှစ်စဉ် အရှုံးပေါ်နေရခြင်းမှာ ၁၈၅၂ ခုနှစ် အင်္ဂလိပ်လက်ထက်ကာလကတည်းက စတင်၍ သုံးစွဲလာသော သင်္ဘောများ၏ အင်ဂျင်စွမ်းဆောင်ရည်များ ကျဆင်းလာခြင်း၊ စက်သုံးဆီသုံးစွဲမှုပိုမိုလာခြင်း၊ လမ်းပန်းဆက်သွယ်ရေးများ ယခင်ကထက် ပိုမိုကောင်းမွန်လာသောကြောင့် ရေလမ်းထက် ကုန်းလမ်းကို ခရီးသည်များ ပိုမိုအသုံးပြုလာခြင်း၊ သယ်ဆောင်ခနှုန်းထားသည် ပုဂ္ဂလိကထက် များစွာလျော့နည်းနေခြင်းတို့ကြောင့်လည်း ယခုလို နှစ်စဉ်အရှုံးပေါ်နေခြင်းလည်းဖြစ်သည်။

ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးလက်အောက်တွင် ပြေးဆွဲနေသော ဌာနခွဲ ငါးခုရှိပြီး ပိတ်သိမ်းခဲ့ရသည့် ကူတို့လိုင်းပေါင်း ၂၂ လိုင်းအထိ ရှိလာပြီဖြစ်ကြောင်း ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ ထုတ်ပြန်ချက်များမှ သိရသည်။ ပထမဆုံးအနေဖြင့် ဌာနခွဲနှစ်ခုအား ပုဂ္ဂလိကနှင့် စတင်တွဲဖက်လုပ်ကိုင်စေပြီး နောက်ပိုင်းတွင် ကျန်ဌာနခွဲများကိုလည်း လိုအပ်လျှင် လိုအပ်သလိုပူးတွဲလုပ်ဆောင်မည်ဖြစ်ပြီး၊ ဆိပ်ကမ်းများ အနီးရှိဌာနပိုင်မြေများ ကုန်လှောင်ရုံနှင့်ဂိုဒေါင်များ၊ သင်္ဘောကျင်းလုပ်ငန်းများတွင်ပါ ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် ပူးတွဲလုပ်ဆောင်စေမည်လည်းဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ဦးဆောင်ညွှန်ကြားရေးမှူးက ပြောသည်။

ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးမှာ ၁၈၅၂ အင်္ဂလိပ်လက်ထက်မှ စတင်ကာ စက်တပ်ရေယာဉ်လေးစီး၊ စက်မဲ့တွဲယာဉ်သုံးစီးတို့ဖြင့် စတင်ခဲ့ပြီး ၁၈၆၅ ခုနှစ်တွင် အင်္ဂလိပ်ပိုင် ရောဝတီဖလော်တီလာကုမ္ပဏီမှ လွှဲပြောင်းရယူ၍ ဆောင်ရွက်ခဲ့သည်။ ထို့နောက် လွတ်လပ်ရေးရပြီးနောက် ပြည်သူပိုင်ပြုလုပ်ပြီး ရေကြောင်းပို့ဆောင်ရေးကော်ပိုရေးရှင်း အမည်ပြောင်း၍ ဆောင်ရွက်ကာ ၁၉၈၉ ခုနှစ်တွင် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး အမည်ဖြင့် သင်္ဘောသယ်ယူပို့ဆောင်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

# ပြည်ပမှ အဝင်ဖုန်းခေါ်ဆိုမှုများကြောင့် တစ်လဝင်ငွေ ဒေါ်လာငါးသန်းခန့်ရ

**ယုဇနကိုကို**

**ရန်ကုန်၊အောက်တိုဘာ-၂၉**

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ပြည်ပမှပြည်တွင်းသို့ အဝင်တယ်လီဖုန်းခေါ်ဆိုမှုများမှတစ်ဆင့် ရရှိသော နိုင်ငံခြားငွေပမာဏသည် ပြီးခဲ့သည့်နှစ် အောက်တိုဘာလကုန်မှစတင်ကာ ဆက်တိုက်တိုးလာသည်ဟု ယင်းလုပ်ငန်း၏ပြည်ပဆက်သွယ်ရေးဌာနမှ အင်ဂျင်နီယာချုပ် ဦးကျော်စိုးဝင်းက ပြောသည်။

ပြီးခဲ့သည့် ၂၀၁၁ ခုနှစ် စက်တင်ဘာမတိုင်မီက နိုင်ငံတကာမှ တယ်လီဖုန်းအဝင်ခေါ်ဆိုမှုသည် တစ်လလျှင် အများဆုံး မိနစ် ၁၇ သန်းဝန်းကျင်သာရှိပြီး ရရှိသော ဝင်ငွေသည် အမေရိကန်ဒေါ်လာ သုံးသန်းခြောက်သိန်းသာ ရရှိခဲ့သည်။ သို့သော် ၂၀၁၂ အောက်တိုဘာလကုန်မှစတင်ကာ တစ်လလျှင် ပြည်ပမှ ဖုန်းခေါ်ဆိုမှု မိနစ်ပေါင်း ပျမ်းမျှ ၂၄ သန်းကျော်အထိ သုံးစွဲလာကြပြီး ယင်းတိုးတက်လာသော မိနစ်များအတွက် အစိုးရမှ ရရှိလာသည့် နိုင်ငံခြားငွေပမာဏသည် အမေရိကန် ဒေါ်လာ ၄ ဒသမ ၆ သန်းကျော်အထိ ဖြစ်လာသည်ဟု ယမန်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင်ဖော်ပြပါရှိသည်။

နိုင်ငံခြားအဝင်ခေါ်ဆိုမှုများအတွက် ယခင်က လစဉ်ကန်ဒေါ်လာ ၃ ဒသမ ၆ သန်းပမာဏသာရရှိခဲ့ရာမှ ယခုကဲ့သို့ ကန်ဒေါ်လာငါးသန်းနီးပါးအထိ တိုးတက်လာခြင်းသည် အစိုးရက ဆက်သွယ်ရေးကဏ္ဍကို ပြုပြင်ပြောင်းလဲမှုများပြုလုပ်လာပြီး နောက်ပိုင်းတွင် သိသာလာခြင်းဖြစ်သည်ဟုမြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက သုံးသပ်သည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် အပြည်ပြည်ဆိုင်ရာ တယ်လီဖုန်းခေါ်ဆိုမှုများမှတစ်ဆင့် နိုင်ငံခြားဝင်ငွေ ပိုမိုရရှိရေးအတွက် နိုင်ငံတကာဆက်သွယ်ရေးကုမ္ပဏီလေးခုနှင့်လည်း တစ်နှစ်သက်တမ်းရှိ စာချုပ်ကိုချုပ်ဆိုထားကြောင်း သိရသည်။

PCCW, HGC, NTT (Nippon Telegraph and Telephone) နှင့် DTAC အစရှိသည့် အထက်ပါနိုင်ငံတကာဆက်သွယ်ရေးကုမ္ပဏီလေးခုနှင့် စာချုပ်ချုပ်ဆို ဆောင်ရွက်ထားပြီး ယင်းကုမ္ပဏီတစ်ခုလျှင် လစဉ်အမေရိကန်ဒေါ်လာ နှစ်သန်းနှင့် အဝင်ပေးပို့မှု မိနစ်ဆယ်သန်းကို မဖြစ်မနေ အစိုးရသို့ ပေးသွင်းရမည်ဖြစ်သည်။

ထို့အတွက် အစိုးရအနေဖြင့် ယင်းကုမ္ပဏီလေးခုထံမှ တစ်နှစ်လျှင်အမေရိကန်ဒေါ်လာ၉၆သန်း အနည်းဆုံးရရှိမည်ဖြစ်ကြောင်း အထက်ပါလုပ်ငန်း၏ပြည်ပဆက်သွယ်ရေးဌာန အင်ဂျင်နီယာချုပ် ဦးကျော်စိုးဝင်းက ပြောသည်။

အထက်ပါနိုင်ငံတကာဆက်သွယ်ရေးကုမ္ပဏီလေးခုနှင့် စာချုပ်ချုပ်ဆိုမှုမှာ ၂၀၁၁ အောက်တိုဘာ ၁ ရက်မှစတင်ခဲ့ပြီး လက်ရှိစာချုပ်ချုပ်ဆိုထားခြင်းတွင် တစ်နှစ်ပြည့်ပါက အစိုးရနှင့် ကုမ္ပဏီများမှ အပြန်အလှန်ညှိနှိုင်းပြီး စာချုပ်သက်တမ်းများကို ထပ်မံတိုးချဲ့နိုင်ကြောင်း သိရသည်။

တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်လာသည့် ပြည်ပမှခေါ်ဆိုမှုများသည် တစ်လလျှင်မိနစ်ပေါင်းခုနစ်သန်းခန့်ရှိနေပြီး ယင်းသို့ တရားမဝင်ဝင်ရောက်လာသည့်ခေါ်ဆိုမှုများကို တားဆီးနိုင်ရန်အတွက် နိုင်ငံတကာကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်ရခြင်းဖြစ်ကြောင်း သိရသည်။

# တရားလွှတ်တော်ချုပ်အဆောက်အအုံကိုထိန်းသိမ်းရန် ရွှေနေကွန်ရက်သို့ လွှဲပြောင်းပေးမည်

**ပြည်သိမ်း၊အောင်သူရ**

**ရန်ကုန်၊**
**အောက်တိုဘာ-၂၉**



ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

နှစ်ပေါင်း ၁၀၇ နှစ် သက်တမ်းရှိသော တိုင်းတရားလွှတ်တော်ချုပ် အဆောက်အအုံအား ရွှေနေကွန်ရက်အနေဖြင့် ထိန်းသိမ်းလိုပါက လွှဲပြောင်းပေးမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC)ဥက္ကဋ္ဌ သမ္မတရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းကပြောကြားသည်။

"တရားလွှတ်တော်ရုံးနဲ့ပတ်သက်လို့ဝန်ကြီးရဲ့ စေတနာကို သိရလို့ကျေးဇူးတင်ပါတယ်။ စုပေါင်းရုံးက ဟိုတယ်လုပ်ဖို့ မသင့်တော်ဘူး။ တိုင်းပြည်ရဲ့ ဂုဏ်သိက္ခာအတွက် ပြောတာပါ" ဟု ရွှေနေကွန်ရက်မှ ဦးကိုနီကပြောကြားသည်။

စုပေါင်းရုံးကို နှစ်သုံးဆယ် ပုဂ္ဂလိကသို့ ဟိုတယ်ဖွင့်လှစ်ရန် ငှားရမ်းပါက အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၄ သန်းရမည့် အပြင် နှစ်စဉ်အမြတ်ငွေမှ ၇ ရာခိုင်နှုန်း ရမည်ဖြစ်သည့်အတွက် စဉ်းစားစေလိုကြောင်းလည်း ဦးစိုးသိန်းက ပြောကြားသည်။

"သမိုင်းဝင်အဆောက်အအုံတွေက အများကြီးပဲ။ ချမ်းသာတဲ့ အစိုးရဆိုရင်တော့ ကိစ္စမရှိဘူး။ ကျွန်တော်တို့က ပြည်သူထမင်းစားဖို့က နံပါတ်တစ်ဖြစ်နေတာကိုး"ဟုပြည်ထောင်စုဝန်ကြီးကဆိုသည်။

တရားလွှတ်တော်ချုပ်ကို MGS ကုမ္ပဏီမှ ဦးသိန်းထွန်းအား ပြတိုက် အဖြစ်လုပ်ကိုင်ရန် လုပ်ကိုင်ခွင့် မူလက ပေးထားသော်လည်း ရွှေနေကွန်ရက်က တာဝန်ယူမည်ဆိုလျှင် လွှဲပြောင်းပေးမည်ဖြစ်သည်။ သို့သော် စုပေါင်းရုံးမှာ ပြင်ဆင် ထိန်းသိမ်းစရိတ် ကြီးမားသည့်အတွက်စင်ကာပူ၊မလေးရှားနိုင်ငံများကဲ့သို့ပင် ဟိုတယ်ဖွင့်လှစ်ရန် ပုဂ္ဂလိကသို့ လွှဲပြောင်းရခြင်းဖြစ်ကြောင်း ဦးစိုးသိန်းက ပြောကြားသည်။

"နိုင်ငံပိုင် အဆောက်အအုံမှန်သမျှ သူ့ပြင်ဆင်စရိတ်က ရှိပြီးသားပဲ။ တရားရုံးက တပ်တဲ့ ဒဏ်ငွေတွေ၊ သိမ်းထားတဲ့ကားတွေရောင်းပြီး လုပ်မလား ရပါတယ်" ဟု ဦးကိုနီက ပြောကြားသည်။

ရန်ကုန်မြို့တွင် ရှေးဟောင်းအဆောက်အအုံ ၁၈၇ ခုရှိပြီး ထိန်းသိမ်းရန်မှာ အစိုးရ၌ ငွေကြေးအခက်အခဲရှိသောကြောင့် ပုဂ္ဂလိကကိုပေးပြီး မူလလက်ရာမပျက်ရန် စီစဉ်ရခြင်းဖြစ်ကြောင်း ဦးစိုးသိန်းကပြောကြားသည်။

တရားလွှတ်တော်ချုပ် အဆောက်အအုံကို ဦးသိန်းထွန်းကို လွှဲပြောင်းပေးရာတွင်လည်း အခန်းအချို့ကို ပြတိုက်ပြုလုပ်ရန် ဖြစ်ပြီး ကျန်အစိတ်အပိုင်းများကို မူလတရားခွင်အတိုင်းထားမည်ဖြစ်ကြောင်း ဦးစိုးသိန်းကပြောသည်။

ထိုသို့ပြုလုပ်ရခြင်းမှာ အဆောက်အအုံက ယိုယွင်းလာပြီး ပျက်စီးမည်ကိုစိုးရိမ်၍ဖြစ်ပြီး ယင်းအဆောက်အအုံကို ဆေးသုတ်ခြင်းပင် ကျပ်သိန်း ၈၀၀ မှ ၉၀၀ ကြား အနည်းဆုံး ကုန်ကျမည်ဟုင်းက ဆိုသည်။

**မွန်မြတ်ဆေးခန်း** ဗိသုကာစုဘဝ၊ ကျန်းမာသုခ၊ မွန်မြတ်ဆေးခန်း၊ အမှန်ယုံကြည်ရ

**ဆေးခန်းသုံး တိုင်းရင်းဆေးများသာ**

**ရန်ကုန်/မော်လမြိုင်**

**လိပ်ခေါင်းရောဂါကုသခြင်း**

- ဆေးကုသချိန်(၁၅)မိနစ်သာကြာပြီး နာကျင်မှုမရှိပါ။
- ဆေးရုံတက်ရန်နှင့် ခွဲစိတ်ရန်မလိုသည့် နောက်ဆုံးပေါ်ဆေးကို အသုံးပြုကုသမှုဖြစ်ပါသည်။

**သွေးတိုးနှင့်ဆက်နွယ်သော နှလုံးရောဂါနှင့်သွေးထဲအဆီများသူများကုသခြင်း**

-(၁)ရက်တစ်ကြိမ်သောက်သုံးခြင်းဖြင့် သွေးဖိအားကို (၂၄)နာရီ တည်ငြိမ်အောင် ထိန်းထားပေးနိုင်သည်။
-(၇)ရက်သောက်သုံးပါက ခေါင်းမူး၊ခေါင်းကိုက်ခြင်း၊နားအူခြင်း၊နားလေထွက်ခြင်း၊မူးမော်ခြင်း၊စိတ်ဆိုးလွယ်ခြင်း စသည့်ရောဂါလက္ခဏာများကို ဖယ်ရှားပေးသည်။
-(၆)လသောက်သုံးပါက နှလုံးနှင့်ဦးနှောက်သွေးကြောရောဂါပြဿနာများကို ဖြေရှင်းတားဆီးကာကွယ်ပေးပါသည်။

**ဆီးချို၊ သွေးချိုရောဂါကုသခြင်း**

- တစ်ကြိမ်လျှင် (တစ်လုံးမှ သုံးလုံး) တစ်နေ့တစ်ကြိမ်မှ နှစ်ကြိမ်သာသောက်သုံးရန်လိုအပ်ပြီး၊ အစားအသောက်အထူးရှောင်ရန်မလို၊ ပုံမှန်စားသောက်နိုင်ပါသည်။
- ဝေဒနာရှင်များသည် အခြေခံအားဖြင့် ဆေးကို (၆)လခန့်သောက်ပြီး လိုအပ်လျှင်အနိမ့်ဆုံးပမာဏကို သာသောက်၍ ဆီးချို၊ သွေးချိုနှင့် နောက်ဆက်တွဲရောဂါများကိုကာကွယ်နိုင်ပါသည်။

လိပ်စာ-အမှတ်(၅၅)၊ဘုန်းကြီးလမ်း(အလယ်)၊လမ်းမတော်မြို့နယ် ၊ ရန်ကုန်မြို့ ဖုန်း-၀၁ ၂၂၅၅၃၂၊ ၀၉ ၇၃၁ ၇၁၀၃၃
အမှတ်-၁၈၇(A)၊ အောက်လမ်းမကြီး၊ ရွှေတောင်ရပ်၊ မော်လမြိုင်။ ဖုန်း-၀၉ ၄၀၁ ၅၈၅၉၆၅

**TRADEMARK CAUTION**
Google Inc., a company incorporated in Delaware, USA at 1600 Amphitheatre Parkway, Mountain View, CA 94043 USA is the Owner and Sole Proprietor of the following Trademark:-

GOOGLE

Reg:No.4/5752/2006
In respect of : Int'l Class 36:charitable fundraising; providing grants to charitable organizations; financial services; financial transaction processing services; payment and billing services.
Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.
U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
myint-ip-law@myanmar.com.mm
www.mipadvocate.com
Ph : 371990 1.Nov.2012

7 DAY NEWS JOURNAL
Vol.11, No.34 ▪ NOVEMBER 1 , 2012

## စပါးဈေးမကျစေရန် အရန်ဆန် ပြည်ပတင်ပို့မည်

**အောင်သူရ**

**ရန်ကုန်၊ အောက်တိုဘာ- ၂၉**

မိုးစပါးပေါ်ချိန်တွင် စပါးဈေးကျမည်စိုး၍ ကျန်ရှိနေသော အရန်ဆန်များအား ပြည်တွင်း၌မရောင်းဘဲ နိုင်ငံခြားသို့ရောင်းချတော့မည်ဟု မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌဦးချစ်ခိုင်က ပြောသည်။

"ပြည်တွင်းမှာ ရောင်းရင်တော့ ဈေးပိုရတော့ Exporter (တင်ပို့သူ)တွေကတော့ပြည်တွင်းမှာ ရောင်းစေချင်တာပေါ့။ ဒါပေမဲ့ ဒီအချိန်မှာပြည်တွင်းကို ရောင်းလိုက်ရင် စပါးပေါ်ချိန်မှာ စပါးဈေးထိုးကျသွားမယ်"ဟု ဦးချစ်ခိုင်က ပြောသည်။

လက်ရှိ ပြည်ပဈေးကွက်တွင် ဆန်မှာယူမှု လျော့ကျသွားပြီး ၂၅ မှတ် ဆန်တစ်တန်လျှင် ကန်ဒေါ်လာ ၃၅၀ ဈေးသာရှိကာပြည်တွင်းဈေးကွက်တွင် ရောင်းချပါက တစ်တန်လျှင် ဒေါ်လာ ၂၀ ခန့် ပိုရကြောင်း ပြည်ပသို့ ဆန်တင်ပို့နေသူ ဆန်ကုန်သည်ကိုမျိုးသူရအေးက ပြောသည်။

"ဒီနှစ်က မနှစ်ကလိုတော့ ဖြစ်မှာ မဟုတ်ဘူး။ တရုတ်ဈေးကွက်ရှိနေတဲ့အတွက်ပါ"ဟု ကိုမျိုးသူရအေးက သုံးသပ်သည်။

သို့သော် ယခုရက်ပိုင်းတွင် တရုတ်နိုင်ငံဘက်မှ အဖမ်းအဆီးရှိနေသဖြင့် အနည်းငယ်ဈေးကျသွားကြောင်း မူဆယ်ဒေသခံကုန်သည်တစ်ဦးက ပြောသည်။

မြန်မာနိုင်ငံမှ တင်ပို့လျက်ရှိသော ဆန်နှင့်ပြောင်းများကိုတရားဝင်ဝယ်ယူရန် တရုတ်အစိုးရနှင့် သဘောတူညီခဲ့ပြီး နိုဝင်ဘာလအတွင်း နှစ်နိုင်ငံကုန်သွယ်မှု စာချုပ်ချုပ်ဆိုနိုင်လိမ့်မည်ဖြစ်ကြောင်း စီးပွားကူးသန်းဝန်ကြီးက အောက်တိုဘာလဆန်းတွင် ပြောကြားခဲ့သည်။

လက်ရှိပြည်တွင်းဈေးကွက်တွင် စပါးသစ်ပေါ်ခါနီး၍ စပါးဈေးအနည်းငယ်ကျလာပြီး ဧည့်မထအုပ်စုဝင် စပါးတင်းတစ်ရာလျှင် ၃၅၀၀၀ နှင့် ၄၀၀၀၀ ကျပ်ဈေးခန့်သာရှိကာ နှစ်စဉ် စပါးပေါ်ချိန်တွင် စပါးဈေးကျလျက်ရှိသည်။

ထို့အပြင် ယခုနှစ်စပါးပေါ်ချိန်တွင် စပါးဈေး မကျစေရန်အတွက် နိုဝင်ဘာလမှစ၍ အရန်ဆန်ဝယ်ယူနိုင်ရန် စီစဉ်ထားကြောင်း စီးပွားကူးသန်းဝန်ကြီး ဦးဝင်းမြင့်က ပြောသည်။

## မြို့နယ် ၂၀တွင် ရှေ့ပြေး သန်းခေါင်စာရင်းကောက်မည်

**ရန်မျိုးနိုင်**

**ရန်ကုန်၊ အောက်တိုဘာ- ၂၇**

၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူခြင်းအတွက် ရှေ့ပြေးသန်းခေါင်စာရင်း ကောက်ယူခြင်းကို မြို့နယ် ၂၀ တွင် စမ်းသပ်ကောက်ယူသွားမည်ဖြစ်ကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးခင်ရီကပြောသည်။

"ကွင်းဆင်းပြီး ကောက်မှာက ၂၀၁၃ မတ်လ ၃၀ ရက်ကနေ ဧပြီလ ၁၀ရက်အထိ ၁၂ရက်လောက် ကောက်မယ်"ဟု ပြည်ထောင်စုဝန်ကြီးဦးခင်ရီက အောက်တိုဘာ ၂၇ရက်တွင်ရွှေပြည်သာမြို့နယ်လူဝင်မှုကြီးကြပ်ရေးရုံး၌ ပြုလုပ်ခဲ့သော ၂၀၁၃ခုနှစ် စမ်းသပ်သန်းခေါင်စာရင်းကောက်ယူနိုင်ရေး လုပ်ငန်းဆိုင်ရာ လမ်းညွှန်ခြင်း အခမ်းအနားတွင် ပြောကြားသည်။

စမ်းသပ်သန်းခေါင်စာရင်း ကောက်ယူမည့် မြို့နယ် ၂၀ မှာ ရန်ကုန်တိုင်းဒေသကြီးတွင် ရွှေပြည်သာမြို့နယ်၊ လမ်းမတော်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီးတွင် ချမ်းအေးသာစံမြို့နယ်၊ မိုးကုတ်မြို့၊ ပဲခူးတိုင်းဒေသကြီးတွင် ရွှေကျင်မြို့၊ ရောဝတီတိုင်းဒေသကြီးတွင် မြောင်းမြမြို့၊ ငပုတောမြို့၊ မကွေးတိုင်းဒေသကြီးတွင် မကွေးမြို့၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် တမူးမြို့၊ တနင်္သာရီတိုင်းဒေသကြီးတွင် ထားဝယ်မြို့၊ ကချင်ပြည်နယ်တွင် မြစ်ကြီးနားမြို့၊ ကယားပြည်နယ်တွင် လွိုင်ကော်မြို့၊ ကရင်ပြည်နယ်တွင် မြဝတီမြို့၊ ချင်းပြည်နယ်တွင် ဟားခါးမြို့၊ ရခိုင်ပြည်နယ်တွင် စစ်တွေမြို့၊ မွန်ပြည်နယ်တွင် ကျိုက်ထိုမြို့၊ မော်လမြိုင်မြို့၊ ရှမ်းပြည်နယ်တွင် တာချီလိတ်မြို့၊ ညောင်ရွှေမြို့၊ မူဆယ်မြို့တို့ ဖြစ်သည်။

မြန်မာနိုင်ငံတွင် ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူခြင်းကို ၁၉၇၃ နှင့် ၁၉၈၃ ခုနှစ်များတွင်သာ ကောက်ယူခဲ့ပြီး ယခုအချိန်ထိ နှစ်ပေါင်းသုံးဆယ်ကြာ ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူခဲ့ခြင်းမရှိပေ။




**ရမည်းသင်းမြို့နယ် မိုးထိမိုးမိဒေသမှ ရွှေလုပ်သား ၄၅ဦးခန့်သည် အောက်တိုဘာ ၂၉ရက် နံနက်၉နာရီမှစတင်၍ တက္ကသိုလ်ရိပ်သာလမ်းရှိ အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီရုံးချုပ်ရှေ့တွင် သုံးနာရီကြာ ဆန္ဒဖော်ထုတ်ခဲ့သည်။**

ဓာတ်ပုံ-ထက်ပိုင်ဖြိုး(ဇဝန)



## 2012 Taiwan Trade Mission to Myanmar

The Taiwan External Trade Development Council (TAITRA) will be leading a trade delegation of 31 well-established Taiwanese suppliers representing various industries to visit Myanmar from Nov 13 to 17. The purpose of this visit is to explore the market opportunity there and to boost trade relations with the local businesses. The participating enterprises are expected to present their best products and services and also to discuss cooperation with the domestic buyers through a series of trade meetings to be held in both Mandalay and Yangon.

The Taiwanese delegates are noted for supplying various high-quality and state-of-the-art products. Since they represent different industries, the local buyers will be presented with a wide range of products to choose from. Products on display include:

**Auto Parts & Components**: C.V. joints, ATV joint axles, engine products and fans, lubricants, air conditioning parts, water and fuel pumps, vehicle power suppliers and inverters, auto repair equipment and automotive interior parts.

**Machinery**: Machine tooling; welding, grinding and canned seafood processing equipment, and concrete block making production line.

**Industrial Products**: Blowers, LED lighting products, air diffusers, dampers, insulation materials, and more.

**Textiles & Accessories**: Various kinds of yarn, fabric dyes, nylon and polyester fabrics, fishing nets and garments,

**Hand Tools & Metal Hardware**: Car repair tools, air and hand tools, sockets, air compressors, door/window locks and accessories and special former screw, nuts, washers and fasteners.

**Household Appliances**: Gas stoves, built-in hobs, water heaters, dish dryers, water filters, R.O. water system, flip flops, electronics, home appliances, green construction materials and LED bike lights, LED headlamps and solar torches.

**Power & Electrical Devices**: Molded case circuit breakers, automatic transfer switches, miniature circuit breakers, residual current devices, electric wires and cables, enameled wires, UPS, diesel-powered generators, gas-powered generators, bay lights, solar streetlights, etc.

**Foods & Cosmetics**: Dietary supplements, bio-tech skin care products and color cosmetics.

The dates, locations and events for the 2012 Taiwan Trade Mission are as follows:

| Country | Myanmar | Myanmar |
|---|---|---|
| City | Mandalay | Yangon |
| Date | Wed. Nov. 14 | Fri.Nov. 16 |
| Time | 09:30-12:30 | 13:00-17:00 |
| Venue | Sedona Hotel | Chatrium Hotel |
| Address | Junction of 26th &66th Street, Mandalay | Yangon 40, Natmauk Rd. Tamwe, Yangon |

All interested parties are encouraged to contact the following office and local coordinator for further information:

| Taiwan Trade Center, Bangkok | Local coordinators: |
|---|---|
| Unit 1204, 12th Fl., GPF Witthayu Tower A,<br>93/1 Wireless Road, Pathumwan,<br>Bangkok 10330, Thailand<br>Tel: 66-2–6514470<br>Fax: 66-2-6514472<br>Email: Bangkok@taitra.org.tw | **Mandalay:**<br>Miss Shirlynn<br>02-77953<br>09-2045866<br>**Yangon**<br>Mr. Michael Yeh<br>HP: 901546652 |

Organized by The Bureau of Foreign Trade, MOEA

Implemented by Taiwan External Trade Development Council (TAITRA)



Ovaltine
2012 ပစ္စည်းခင်းကျင်းမှုပြိုင်ပွဲ
ဩဂုတ်လအတွက် ဆုရရှိသောဆိုင်ကြီးများ
ပထမဆု
ဆိုင်အမည် မြို့နယ်
၁။ စုပါဝမ်း ပန်းပဲတန်း
၂။ အောင်စည် လှိုင်သာယာ
၃။ ဒေါ်နီ လှိုင်
၄။ ပိတိ မြောက်ဥက္ကလာ
၅။ ရွှေဧကရီ အောင်လံ
၆။ ရွှေသမင် မန္တလေး
၇။ ဦးတင်မြင့် သယ်န်းကျွန်း
ဒုတိယဆု
ဆိုင်အမည် မြို့နယ်
၁။ စုပါဝမ်း ကျိုက္ကဆံ
၂။ ကျော် မြောက်ဒဂုံ
၃။ လင်း မန္တလေး
၄။ နန်းနွယ် မန္တလေး
၅။ ပန်းဘုရင် သယ်န်းကျွန်း
၆။ စိန်မြမြ ကြို့ပင်ကောက်
၇။ ဒေါ်အေးရီ တာမွေ
တတိယဆု
ဆိုင်အမည် မြို့နယ်
၁။ Victoria shooping mall လှိုင်သာယာ
၂။ မယဉ်သိန်း သထုံ
၃။ နန်းထိပ်တင် မန္တလေး
၄။ ဆု မြောက်ဥက္ကလာ
၅။ ဦးကြင်စိန် မန္တလေး
၆။ ဇိမ်ညီမုံညီမုံ လမ်းမတော်
၇။ ကိုကိုကြီး မန္တလေး
စက်တင်ဘာလအတွက် ဆုရရှိသောဆိုင်ကြီးများ
ပထမဆု
ဆိုင်အမည် မြို့နယ်
၁။ Victoria shooping mall လှိုင်သာယာ
၂။ ကျော် မြောက်ဒဂုံ
၃။ ပိတိ မြောက်ဥက္ကလာ
၄။ ထွန်းသိန်း လက်ပံတန်း
၅။ ဦးတင်မြင့် သယ်န်းကျွန်း
၆။ ယဉ်မွန် မန္တလေး
၇။ ဒို့ခေတ် ရန်ကုန်
ဒုတိယဆု
ဆိုင်အမည် မြို့နယ်
၁။ စုပါဝမ်း ပန်းပဲတန်း
၂။ ဒေါ်နီ လှိုင်
၃။ နန်းထိပ်တင် မန္တလေး
၄။ စိန်မြမြ ကြို့ပင်ကောက်
၅။ ရွှေသမင် မန္တလေး
၆။ ဇိမ်ညီမုံညီမုံ လမ်းမတော်
၇။ အောင်စည် လှိုင်သာယာ
တတိယဆု
ဆိုင်အမည် မြို့နယ်
၁။ 333 ထားဝယ်
၂။ 993 ရန်ကုန်
၃။ စုပါဝမ်း ကျိုက္ကဆံ
၄။ ဒေါ်ကြင်ကြူ အလုံ
၅။ မြို့မ စစ်ကိုင်း
၆။ သူရိန် အလုံ
၇။ ဇေယျာစိုး ပဲခူး
ပါဝင်ယှဉ်ပြိုင်သော ဆိုင်ကြီးများအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါသည်။



သီတင်းကျွတ်ဂါရဝ . . . ဗိုတ်တာကတ်(ပ်) နဲ့မှ
ပြီးပြည့်စုံတော့တယ် . . .
ကျေးဇူးမွေးမပျက်၊ ဆောင်ရွက်စီမံ၊ မွေ့ခံထိုက်စေ၊
လှူဖွယ်ဝေ၍ စောင့်လေမျိုးနွယ်၊ ဝတ်ပြီးသွယ်၊
ကျင့်ဖွယ်သားတို့တာ ။ ။
နေ့ရက်တိုင်းအတွက် ပြီးပြည့်စုံတဲ့အားဆေး ...
VITACAP
ဗိုတ်တာကတ်(ပ်)
VITAMIN & MINERAL SUPPLEMENT
MEGA
We care




NIBBAN®
Makes Life Great !
သီတင်းကျွတ်၊ တန်ဆောင်တိုင်
အထူးအရောင်းမြှင့်တင်ရေး အစီအစဉ်
32" LED TV 3202
PAS - 930
AS - LJ6
MSS - 9068
RF - 132RH
CF - 176LFB
WD - HC53L
WM - FLFA701
AC - 5G
TF - 1602
EK - 807
EKSS - 1702
EJP - 38D
EB - 001
DRC - DT181
EFP - 32
CC - 02
"Super Market ဆိုင်များနှင့် အောက်ပါ အရောင်းပြခန်း များတွင် ဆက်သွယ်ဝယ်ယူနိုင်ပါသည်။"
SHOWROOM & SERVICE CENTERS
စမ်းချောင်းအရောင်းပြခန်း – အမှတ်(၈၈)မြေညီထပ်၊ဗဟိုလမ်း(၁) ရှမ်းလမ်း၊ မုန့်လက်ဆောင်းတောင်ရပ်ကွက်။ စမ်းချောင်းမြို့နယ်။ ၀၉ – ၄၂၁၁ ၂၇၇၁၀၊ ၄၂၁၁ ၁၁၄၁၃
သမိုင်းအရောင်းပြခန်း – အမှတ်(၁၁၀)၊အခန်း(၆)၊ မြေညီထပ်၊ ဈေးဘူတာ မှတ်တိုင် အနီး သမိုင်းဘူတာရုံလမ်း၊ မရမ်းကုန်းမြို့နယ်။ ဖုန်း – ၀၉ ၄၂၀၀ ၉၃၅၉၄၊ ၄၂၀၀ ၉၃၅၉၅
တာမွေအရောင်းပြခန်း – အမှတ်(၃၀၄)၊ ဗညားဒလလမ်း၊ သီတာလမ်းမှတ်တိုင်နှင့် အောင်မင်္ဂလာမှတ်တိုင်ကြား၊ တာမွေမြို့နယ်။ ဖုန်း (၀၁) ၅၄ ၂၀၀၂၊ (၀၉) ၇၃၁၇၆၄၀၀
ဗဟန်းအရောင်းပြခန်း – အမှတ်(၈၂)၊ ဆရာစံလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၉ – ၇၃၁ ၇၆၃၉၉၊ ၄၃၁ ၂၄၂၆၃
လသာအရောင်းပြခန်း – အမှတ်(၁၆၄)၊ ဗိုလ်ရှုံလမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း(၀၁) ၂၅၁၇၉၂၊ ၃၈၄၇၃၀
တောင်ဒဂုံအရောင်းပြခန်း – အမှတ်(၃–၅)၊ နှင်းဆီဆောင်၊ ပြည်ထောင်စုလမ်းမ၊ ဒဂုံတောင်/မြောက်လမ်းဆုံအနီး၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း(၀၁)၅၉၀၁၄၅၊ ၅၉၁၄၀၃
မန္တလေးအရောင်းပြခန်း – အမှတ်(၂၉၄)၊ ၈၃လမ်း၊ ၂၉လမ်းနှင့် ၃၀လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း(၀၂)၃၀၃၂၂၊ (၀၉)၉၁၀၀ ၈၃၉၆




# "ရန်ကုန် APOLLO အထူးကုဆေးခန်းဖွင့်လှစ်ခြင်းအထိမ်းအမှတ်"

ကျွန်တော်များ အပိုလိုအထူးကုဆေးခန်းသည်ခေတ်သစ်ဆေးကုသရေးအဖွဲ့အစည်းတစ်ခုဖြစ်ပြီး၊ရန်ကုန်မြို့လယ်တွင်တည်ရှိ၍ပတ်ဝန်းကျင်သန့်ရှင်းပြီး သွားလာမှုလွယ်ကူသောအထူးကုဆေးခန်းဖြစ်ပါသည်။အမေရိကန်၊ကိုရီးယား၊ဂျပန်နှင့်တရုတ်နိုင်ငံတို့မှခေတ်မီရောဂါစစ်ဆေးကုသရေး ကိရိယာအသစ်များကိုတင်သွင်း၍အတွေ့အကြုံများပြားသောအထူးကုပါရဂူကြီးများကိုယ်တိုင်ဆေးခန်းထိုင်၍ သင့်အတွက်ကြာရှည်စွာကုသ၍ မပျောက်နိုင်သောရောဂါဝေဒနာများကိုအထူးစစ်ဆေးကုသပေးလျက်ရှိသည်။



**ဆေးခန်းဖွင့်ချိန် – နံနက် (၈:၀၀) မှ ည (၈:၀၀) အထိ**

၁။ ပါရဂူစစ်ဆေးကြည့်ရှုခနင့်ပြသရန်စာရင်းပေးသွင်းခြင်း၊ အချက်အလက်မေးမြန်းစုံစမ်းခြင်း (30%Discount)
၂။ အမေရိကန်ရောင်စုံ Ultra Sound (30%Discount)
၃။ ဂျာမနီနိုင်ငံမှနောက်ဆုံးပေါ်လျှပ်စစ်သားအိမ်လမ်းကြောင်းမှန်ပြောင်းစစ်ဆေးခြင်း (30%Discount)
၄။ ကိုရီးယားနိုင်ငံ၏လျှပ်စစ်အူ/စအိုကြည့်မှန်ပြောင်းဖြင့် (30%Discount)
၅။ နား/နှာခေါင်း/လည်ချောင်းစစ်ဆေးကြည့်ရှုသည့်မှန်ပြောင်း (30%Discount)
၆။ ကွန်ပျူတာဖြင့်သားဆက်မြုံရောဂါစစ်ဆေးခြင်း (30%Discount)

ရန်ကုန်အပိုလိုအထူးကုဆေးခန်းမှ
အောက်ပါကမ္ဘာ့ထိပ်တန်းကုသရေးပစ္စည်းကုမ္ပဏီမှနည်းပညာဖြင့်ပံ့ပိုးကူညီထားသည်။

SONY

## အထူးကုသပေးသောရောဂါဝေဒနာများမှာ . . . . .

- အမျိုးသမီးမီးယပ်ရောဂါအမျိုးမျိုး၊သားအိမ်လည်တံရောဂါအမျိုးမျိုး၊အဖြူဆင်းများခြင်း၊ ရာသီမမှန်ခြင်း၊ကာလသားရောဂါ၊(HPV) ပိုးကြောင့်ဖြစ်ပွားသောကူးစက်ရောဂါများ၊
- အမျိုးသမီး 'မိန်းမကိုယ်တွင်ကြွက်နို့အမျိုးမျိုးထွက်ခြင်း'၊ရေယုန်ပေါက်ခြင်း၊ဆီးခုံရောင်ယမ်းခြင်းစသည်များ....... သားဆက်မြုံရောဂါ၊သားဥပြွန်ပိတ်ဆို့ခြင်း၊သားဥအိမ်ရောင်ယမ်းခြင်း၊ 'မ' မျိုးအောင်ဥမဖွံ့ဖြိုးခြင်းစသည်များ...... ဝမ်းသွားလျှင်သွေးပါခြင်း၊စအိုဝနာကျင်ကိုက်ခဲခြင်း၊ယားယံခြင်း၊စအို အတ်ကွဲခြင်း၊
- လိပ်ခေါင်းရောဂါအမျိုးမျိုး၊ဂရင်ဂျီနာစသည့်အူ/စအိုရောဂါများ..... နား/နှာခေါင်း/လည်ချောင်းရောဂါများ.......နှာခေါင်းရောင်ခြင်း၊အာသီးရောင်ခြင်း၊အလယ်နားရောင်ခြင်း၊
- နားအူခြင်း၊နားပင်းခြင်း၊နှာခေါင်းအသားပိုထွက်ခြင်း၊ပါးကျိတ်ရောင်ယမ်းခြင်းစသည်များ...... အမျိုးသားအင်္ဂါအရေပြားဖုံးအုပ်ရှည်လွန်းခြင်း၊လက်ပတ်နံ့နံခြင်း၊ဝန်းညှိုးခြင်း၊သုပ်လွှတ်မြန်ခြင်း၊ဆီးကျိတ်ရောင်ယမ်းခြင်းနှင့်
- လိင်အင်္ဂါပိုင်းဆိုင်ရာကူးဆက်ရောဂါများ...

**APOLLO Medical Service Center**

*Contact:* ✆ 01-2301171,09-421155967

အမှတ် (၅၁၅)၊အောက်ကြည့်မြင်တိုင်လမ်း၊ကရင်အမျိုးသားရပ်ကွက်၊ကြည့်မြင်တိုင်မြို့နယ်၊ရန်ကုန်မြို့။